ချစ်နိုင်
(စိတ်ပညာ)

ရသဒနု ခံစားမှု

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- ☆ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

• • • • • • • • • • • • • • • • • •

နိုင်ငံတော်ဖွံ့ဖြိုးစည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

- ☆ တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ။
- ☆ တပ်မတော်ပြိုကွဲမည့်အကြံ ဒို့လက်မခံ။
- ☆ ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်။

စာအုပ်စာတမ်း စာနယ်ဇင်း
ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် (၁၂၇/၉၉/၂)

စာအုပ်စာတမ်း မျက်နှာဖုံး
ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် (၄၈၂/၉၉/၈)

မျက်နှာဖုံးပန်းချီ
ကိုကိုမြင့်

ပုံနှိပ်ခြင်း
ပထမအကြိမ်
အုပ်ရေ (၅၀၀)

ကွန်ပျူတာစာစီ
မိုးမော်ကွန်ပျူတာ၊ အမှတ် ၃၀၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း - ၂၅၃၃၅၂။

ထုတ်ဝေခြင်း
၁၉၉၉ - ခုနှစ်၊ စက်တင်ဘာ
ရွှေပုရပိုက်စာပေ (၀၉၈၆)
အမှတ်(၅)၊ တင့်ဆန်းလမ်း၊ ဥတ္တလစ်၊ ဗဟန်း။
ဒေါ်စိန်နွဲ့ (၀၂၇၈၅) ရွှေပြည့်စုံအော့ဖ်ဆက်
၃၄-၃၈-၁၅၇ လမ်း၊ တာမွေ၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။

ဖြန့်ချိရေး
ရွှေတံတားစာပေ
အမှတ်(၉၁၈)၊ ဥသျှာမြို့သစ်၊ ၂၄-ရပ်ကွက်၊ ပဲခူးမြို့။
တန်ဖိုး (၂၀၀)ကျပ်

ချစ်နိုင် (စိတ်ပညာ)

ရသအနု
ခံစားမှု

စီစဉ်ထုတ်လုပ်သူ—ကိုတင်ရှိန်

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
စာရေးသူ၏	
အမှာစာ	
• နွေဦး တေးသံ	၁
• ပြောစရာရှိရင် ပြောရမှာပဲ မောင်ရေ	၆
• မသိသူ၊ သိသူနှင့် ရှိသူ	၁၀
• ပီတိနှင့်သာ ကျေနပ်ပါ	၁၅
• ကဗျာနှင့် အတွေးထောင့်	၂၀
• ပန်းချီ၊ ဂီတနှင့် အမျိုးသားရနံ့	၂၅
• အရိုးနှင့် အရွက်	၂၉
• ပုဆိုးမဝတ်သော အဆိုကျော်များနှင့် ထဘီမဝတ်သော အဆိုကျော်များ	၃၃
• ပတ်မသံ၏ လှုံ့ဆော်ချက်မှသည်	၃၇
• စောင့်ကြည့်ရမည့်အရာ	၄၃
• သူ့ကျွန်မခံပြီ ရိုက်ကွင်းသို့ သွားရောက်လေ့လာခြင်း	၄၇
• ဖတ်ဖြစ်အောင် ဖတ်စေလို	၅၂
• လိုရင်းတိုရှင်း	၅၇
• အပြန်အလှန်	၆၁
• စွမ်းအားပြင်းထန်သောအရာ	၆၆
• ရွှေဒေါင်း၏ စာနမူနာ	၇၀
• အလင်းနှင့်အမှောင်	၇၆
• ဆေးကုတဲ့ ဆေးဆရာ	၈၃
• အရသာမသိသည့် ယောင်းမတစ်ချောင်း	၉၀
• မိုးသောက်ရောင်နီ လာချေပြီ	၉၅
• လူသန်မပြော	၉၈

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
• ဆုံးဖြတ်ချက်ဆိုင်ရာ စာအုပ်တစ်အုပ်	၁၀၃
• စာပေ၏ ဆွဲဆောင်အား	၁၀၆
• လွှမ်းမောတသ ကရုဏာရသ	၁၁၀
• ပြည်သူ၊ အစိုးရနှင့် အငြိမ့်အနုပညာ	၁၁၄
• နိုင်မြဲမေတ္တာ	၁၂၀
• မြေးတို့ခေတ် တက္ကသိုလ်မှာ	၁၂၄
• ယဉ်ကျေးမှု လက်ဆင့်ကမ်းတာဝန်	၁၂၉
• အံ့လောက်ပါပေသည်	၁၃၁
• ချီးမြှောက်ထိုက်သူများကို ကြိုဆို	၁၃၆
• ဝတ္ထုတို ရွှေခေတ် ရောက်ပြီလား	၁၄၅
• မုဒိတာဖြင့် ကြိုဆိုပါ၏	၁၄၈
• ကျေးရွာစာကြည့်တိုက်များ ထွန်းကားပြန့်ပွားလာရေး	၁၅၂
• အပျော်ဆုံး လူတစ်ယောက်	၁၅၈
• ကံ ကံ၏အကျိုး	၁၆၄
• စာဖတ်သူ၏ ပီတိအရသာ	၁၆၉
• ချစ်သောအနုပညာ	၁၇၃
• ဇော်ဂျီ၏ ကဗျာရသ	၁၇၇
• ဗေဒါလမ်းကို ဖြတ်သန်းခဲ့သူတစ်ဦး	၁၈၁
• ဗေဒါနှင့် ကျွန်တော်	၁၈၅
• နှစ်ဆယ်ရာစု စာဆိုတစ်ဦး	၁၉၀
• အချက်ပေးသံ	၁၉၄
• အသံဝီဇ္ဇာ အာစရိယနှစ်ဦး	၂၀၀
• နှစ်နှစ်ခွဲခရီးတို	၂၀၄
• ကြော်ငြာအလှ တော်ရှာကြ	၂၀၈

ချစ်နိုင် (စိတ်ပညာ)

မကွေးတိုင်း၊ ချောက်မြို့နယ်၊ ကြီးနီရွာ၌ အဖ ကျောင်းဆရာဦးမာတင်၊ အမိ ဒေါ်အေးသ တို့မှ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွားမြင်သည်။ ငယ်မည် မောင်ချစ်နိုင်။ မွေးချင်း ညီအစ်ကိုသုံးယောက်တွင် အကြီးဆုံး ဖြစ်သည်။ ကြီးနီရွာ အလယ်တန်းကျောင်းနှင့် ချောက်မြို့ အမှတ်(၁) အထက်တန်းကျောင်းတို့မှာ အခြေခံပညာ သင်ယူခဲ့သည်။

မန္တလေးတက္ကသိုလ် (၁၉၆၆–၇၀)မှ ဝိဇ္ဇာဘွဲ့(စိတ်ပညာအထူးပြု) ရရှိပြီး ရန်ကုန်တက္ကသိုလ် (၁၉၈၂–၈၃)မှ အသုံးချ စိတ်ပညာဘွဲ့လွန် သင်တန်း အောင်မြင်ခဲ့သည်။ သင်တန်းနှစ်ခုစလုံးမှာ ဂုဏ်ထူးများနှင့် **"ပထမ"**ရခဲ့သည်။

ကြည်းတပ်မတော်မှာ တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရေးဗိုလ်ကြီး၊ ထောက်လှမ်းရေးအရာရှိ၊ ဦးစီးအရာရှိ၊ စိတ်စစ်ဆေးရေးအရာရှိ၊ ဌာနချုပ်တပ်ခွဲမှူး၊ စစ်ဦးစီးတက္ကသိုလ် နည်းပြမှူး၊ စာတည်းမှူးချုပ် စသည့် တာဝန်များ (၂၇)နှစ် ထမ်းဆောင်ခဲ့သည်။ **"စစ်မှုထမ်းကောင်း"** အပါအဝင် တံဆိပ် (၁၁)ခု ချီးမြှင့်ခြင်းခံခဲ့ရသည်။

၁၉၈၄ ခုနှစ်မှစ၍ မိုးဝေ၊ ရှုမဝ၊ သောင်းပြောင်းထွေလာ၊ ရုပ်ရှင်အောင်လံ၊ စံပယ်ဖြူ၊ လုံမလေး...စသည့် မဂ္ဂဇင်းများမှာ ဆောင်းပါးများ ရေးသားခဲ့သည်။

ချစ်လို့ပြောတာမှတ်ပါ၊ လက်တစ်ကမ်းရှိ တက်လမ်း၊ အောင်မြင်မှုနှင့် စိတ်စွမ်းအား၊ လောကကို အလှမြင်ပါ၊ ပညာသည် တန်ခိုးကို ဖန်ဆင်း၏၊ မိမိကိုယ်ကို တည်ဆောက်ခြင်း၊ လျှပ်တစ်ပြက်အတွေးများ၊ သားအတွက် စာတစ်လက်၊ ဘာဖြစ်ချင်သလဲ ဖြစ်ရမယ်၊ အမေ့အတွက်လက်ဆောင် ...စသော စာအုပ်များ ရေးသားသည်။

ချစ်လို့ပြောတာမှတ်ပါ စာအုပ်အတွက် ၁၉၉၆ ခုနှစ် လူငယ်ဆိုင်ရာ **"အမျိုးသားစာပေဆု"** ချီးမြှင့်ခြင်းခံရသည်။ စာနယ်ဇင်းအမျိုးမျိုး၌ ဆောင်းပါးများ ရေးသားသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တာဝန် ထမ်းဆောင်နေသည်။

ရသအနု ခံစားမှု

စာရေးသူ ချစ်နိုင်(မိတ်ပညာ)၏ အမှာစာ

လွန်ခဲ့သော ၁၅ နှစ်အထိ ကျွန်တော်သည် စာဖတ်သူ ဖြစ်၏။ လွန်ခဲ့သော ၁၅ နှစ်ကာလမှစ၍ ကျွန်တော်သည် စာရေးသူတစ်ယောက် ဖြစ်လာခဲ့၏။ သို့သော် စာဖတ်သူဘဝကမူ မပျောက်ချေ။ ရေးလည်းရေး၍ ဖတ်လည်းဖတ်နေသည်။ စာပေမြတ်နိုးသူဟု ရာသက်ပန် ခံယူသွားမည့်သူ ဖြစ်ပါသည်။ ရေးသူ၊ ဖတ်သူ၊ စာပေမြတ်နိုးသူ။

လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်၊ ကျွန်တော် အထက်တန်းကျောင်းသား ဘဝကပင် စာရေးသူ ဖြစ်ချင်သည်။ စာရေးဆရာတွေကို အားကျသည်။ စာရေးဆရာတွေ ရေးပုံ၊ ဟောပြောပုံ၊ ဆောင်ရွက်ပုံတွေကို အလွန်တရာ နှစ်သက်သဘောကျသည်။ စာရေးဆရာ ဖြစ်ချင်သည်။ စာရေးသူကတော့ ဖြစ်နေပြီ၊ စာရေးဆရာကား မဖြစ်သေး။

ဤစကား အနည်းငယ် ရှုပ်ထွေးစရာ ဖြစ်မည်။ ရှင်းပြပါရစေ။

စာရေးဆရာဆိုသည့် ဂုဏ်တုဆိုဏ်မှာ ကဗျာဆရာ၊ ဝတ္ထုရေးဆရာ စသည့် FICTION စိတ်ကူးကွန့်မြူး ဖန်တီးရသော ကဗျာ၊ ဝတ္ထု၊ ဇာတ်လမ်း၊ ပြဇာတ် စသည်တို့ကို ထည့်သွင်းထားသည်။ ဟင်းချက်နည်း၊ မော်တော်ကားစက်ပြင်နည်း၊ စာထိုးပန်းထိုး အတတ်ပညာ စသည့် စာအုပ်မျိုးကို ရေးသူတို့အား စာရေးဆရာ စာရင်းမသွင်းလိုကြချေ။ ဖန်တီးမှုနှင့် စိတ်ကူးစိတ်သန်း ထုတ်ရသော စာမျိုးကိုသာ ရသစာပေဟု သတ်မှတ်၍ ရသ,မပါသော သုတစာပေ ရေးသားသူများကို စာရေးဆရာဟု မခေါ်ပေ။

ဤအချက်ကို နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ ရသအနုပညာ ဖန်တီးသူ စာပေပညာရှင်ကြီးများက သတ်မှတ်သည့် ဂုဏ်တုဆိုဏ် ဖြစ်သည်။ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းတို့ကို နောက်ထား၍ ထို'စံ'အရ မိမိကိုယ်ကို ဆန်းစစ်သည့်အခါ ထိုအင်္ဂါရပ်တို့နှင့် မညီ။

ကဗျာ။ ။ မိမိ မရေးတတ်ပေ။

ဝတ္ထု။ ။ မရေးတတ်ပါ။

ဝတ္ထုတိုလည်း မရေးတတ်၊ ဝတ္ထုရှည်လည်း မရေးတတ်။

ပြဇာတ်။ ။ ပို၍ ဝေးပါသေး၏။

ဖန်တီးရသော ရသ,စာပေဟူ၍ ဘာတစ်ခုမှ မိမိ မပြုစုတတ်ချေ။ ကျွန်တော်၏ လက်ရေးဖြင့် ရေးထားသော လွန်ခဲ့သည့် အနှစ် ၃၀ ကျော်က ကဗျာများကို ယခုတိုင် ပြသနိုင်ပါသေး၏။ ကဗျာတွေ ကြိုးစား၍ ရေးခဲ့ဖူးပါ၏။ မဖြစ်မြောက်ပေ။ ဝတ္ထုနှင့် ပြဇာတ်များလည်း လက်ရေးဖြင့် ရေးထားသည်။ ယခုထိ အမြတ်တနိုး သိမ်းဆည်းထားသည်။ ရှိပါသေး၏။ သို့ရာတွင် စာဖတ်ပရိသတ် အသိအမှတ်ပြုလောက်အောင် ကား မဟုတ်။

တောရွာတစ်ရွာ၊ သိတင်းကျွတ်ဘုရားပွဲမှာ စင်ပေါ်တက်ပြီး ပြဇာတ် မင်းသား ၂ ခါ, ၃ ခါ လုပ်ဖူးရုံမျှဖြင့် သဘင်သည် မခေါ်နိုင်ပေ။ ကျွန်တော်သည် အပျော်တမ်း ဝါသနာရှင်အဆင့်မျှသာ ဖြစ်၍ အနုပညာရှင် မဖြစ်။ အမှန်အတိုင်း လက်ခံရပေမည်။

ကျွန်တော်သည် စာရေးဆရာ မဖြစ်သေးပါ။ ကြိုးစားဆဲတော့ မှန်ပါသည်။ တစ်နေ့နေ့မှာတော့ ဖြစ်လာလောက်ပါသည်။

စာရေးသူကမူ ဖြစ်နေပြီဟုပင် ဆိုနိုင်ပါသည်။ ဆောင်းပါးပေါင်း ၅၀၀ ကျော် ရေးသားခဲ့ပြီးပြီ။ လုံးချင်းစာအုပ်လည်း ၁၀ အုပ်လောက် ရေးသားခဲ့ပြီ။ နောက်ထပ်လည်း ရေးပြီးသား ၅ အုပ်, ၆ အုပ် ထုတ်ဝေရန် စီစဉ်ထားသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် စာပေမြတ်နိုးသူတစ်ယောက် ဖြစ်သည်ဟူသော အချက်ကား အငြင်းပွားနိုင်စရာ မရှိပေ။ စာဖတ်သူ သည်လည်း သာမန်စာဖတ်သူမျှသာမက စာပေမြတ်နိုးသူ ဖြစ်၍သာ ဤစာအုပ်မျိုးကို လှန်လှောကြည့်ရှုခြင်း ဖြစ်၏။ ကျွန်တော်တို့နှစ်ဦး ဆုံတွေ့ခြင်းကား "စာပေမြတ်နိုးသူ အချင်းချင်း" တွေ့ဆုံသည့်သဘော ဖြစ်ပါသည်။

စာရေးဆရာနှင့် စာဖတ်သူ မဟုတ်ပါ။

စာပေမြတ်နိုးသူ အချင်းချင်းမှာ ကျွန်တော်လည်း စာဖတ်သူတစ်ဦး အမြင်ဖြင့် ဆွေးနွေးတင်ပြမှာ ဖြစ်ပါသည်။ ရွှေဥဒေါင်း၊ ဇော်ဂျီ၊ မြသန်းတင့် စသည့် စာရေးဆရာကြီးများ၏ စာပေလက်ရာနှင့် ပုံရိပ်လွှာတို့ကို ကျွန်တော်မြင်သမျှ ထုတ်ဖော်တင်ပြမည်။ ချစ်မိတ်ဆွေ ဝေဖန်သုံးသပ်ကြည့်စေလိုပါသည်။

ဂီတ၊ ပန်းချီ စသည်တို့ကိုလည်း ကျွန်တော်တို့ အနုပညာ မြတ်နိုးသူချင်း ရင်တွင်းမှာ ဖြစ်ပေါ်လာသည့် ခံစားချက်တို့ကို မျှဝေသည့်သဘော ပြောဆိုခြင်း ဖြစ်ပါသည်။ ဒါရိုက်တာမောင်ဝဏ္ဏကို ချီးမွမ်းထားသော်လည်း သူနှင့် လူချင်း စကားလေးလုံးပြည့်အောင် မပြောခဲ့ဖူးပါ။ ရိုးသားဖြူစင်စွာပင် သူ၏ရုပ်ရှင် အနုပညာကို လေးစားဂုဏ်ပြုခြင်း ဖြစ်ပါ၏။

စာပေ၊ ပန်းချီ၊ ဂီတ စသည့် ရသအနုပညာတို့ကို ကျွန်တော် ခံစားနားလည်သမျှ ရေးသားဖော်ပြထားပါသည်။ အားလုံး ကျွန်တော်မမှန်နိုင်။ မှားသည့်အချက်တွေလည်း ပါနိုင်သည်။ ချို့ယွင်းသောအရာတွေလည်း ရှိနိုင်ပါသည်။ ပြုပြင်ရန် ဝန်မလေးပါ။

လွတ်လပ်စွာပင် ထင်မြင်ယူဆနိုင်ကြသဖြင့် အချို့နေရာတွင် သင်နှင့်ကျွန်တော် သဘောထား ကွဲလွဲမှုများလည်း ရှိချင် ရှိနိုင်ပါသည်။ နှစ်သက်သလို ယူဆပါ။ သင်က ခေါင်းဟု မြင်သော်လည်း ကျွန်တော်က ပန်းဟု ထင်ချင် ထင်မိပါလိမ့်မည်။ အရေးမကြီးပါ။ ဖြတ်သန်းရသော အတွေ့အကြုံချင်း၊ ဘဝအခြေအနေချင်း မတူကြသဖြင့် ကွဲလွဲနိုင်ပါသည်။ သင်ကြိုက်သလို မြင်ပါ။ ကျွန်တော် နှစ်သက်ရာ ယူပါရစေ။ လွတ်လပ်ကျယ်ပြန့်စွာ ခံယူပြီး စာပေမြတ်နိုးသူချင်း မေတ္တာဆက်နွှယ်ကြပါမည်။

ကျွန်တော် မသိသေးသော အရာတွေ များစွာရှိနေသည်။ လောကသည်ကျယ်ဝန်းလှသည်။

TEACH ME. ကျွန်တော့်ကို သင်ပါ။

ကျွန်တော် ချွတ်ချော် တိမ်းစောင်းမှုတွေ ရှိနိုင်ပါသည်။ ကျွန်တော်အလုံးစုံ နားမလည်နိုင်။

CORRECT ME. ကျွန်တော့်ကို ပြင်ပါ။

ရသအနုပညာ ခံစားမှုအရာတွင် ကျွန်တော်က ဆရာကြီးလုပ်၍ ပို့ချဆွေးနွေးမှာ မဟုတ်။ ရင်းနှီးသော စာပေမြတ်နိုးသူအချင်းချင်း ရင်ဘတ်ချင်းထိပြီး ဆွေးနွေးချစ်ခင်စွာ တင်ပြခြင်းမျှသာ ဖြစ်သည်။ ဖြူဖွေးသန့်စင်သော ကျွန်တော်၏ စေတနာကို ထင်ဟပ်နိုင်ပါလိမ့်မည်။

ချစ်နိုင် (စိတ်ပညာ)

၂၀–၃–၉၈

ချစ်နိုင် (စိတ်ပညာ) ရေးသားသော စာအုပ်များ

ထွက်ရှိပြီး

၁။ ချစ်လို့ပြောတာမှတ်ပါ	မြဝတီစာပေတိုက် (၃သမအကြိမ်)
၂။ လက်တစ်ကမ်းရှိ တက်လမ်း	ပတ္တမြားငမောက်စာပေ
၃။ အောင်မြင်မှုနှင့် စိတ်ခွန်အား	ရွှေတံတားစာပေ
၄။ လောကကို အလှမြင်ပါ	မြဝတီစာပေတိုက်
၅။ ပညာသည် တန်ခိုးကိုဖန်ဆင်း၏	ဝါမိုးအောင်စာပေ
၆။ မိမိကိုယ်ကို တည်ဆောက်ခြင်း	စာပေလောက
၇။ လျှပ်တစ်ပြက်အတွေးများ	မြဝတီစာပေတိုက်
၈။ သားအတွက် စားတစ်လက်	အားမာန်သစ်စာပေ
၉။ ဘာဖြစ်ချင်သလဲ ဖြစ်ရမယ်	ရွှေအောင်လံစာပေ
၁၀။ ကံအဟုန်သတ္တိ	ယောစာပေ
၁၁။ အမေ့အတွက် လက်ဆောင်	ပါရမီစာပေ

ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

၁။ ပြိုင်သမျှ နိုင်ရမှ	အားမာန်သစ်စာပေ
၂။ လုပ်ငန်းခွင် အောင်မြင်လိုသော်	– စိစဉ်ဆဲ
၃။ ချစ်သမီး မေလေးသို့	– စိစဉ်ဆဲ
၄။ ထူထောင်ကြပါ တူမောင်တို့ရာ	– စိစဉ်ဆဲ

ရုံလှသား+(၁၁၉၆)
၂- ရပ် ကွက်၊ ဗ န္ဓု လ လမ်း
အ ဖျာပုံ မြို့

နွေဦးတေးသံ

မြန်မာပြည်မှာ သုံးရာသီရှိရာတွင် ကျွန်တော်သည် နွေရာသီ၌ ရင်အခုန်ဆုံး ဖြစ်ပါသည်။ အချို့တိုင်းပြည်များမှာတော့ နွေရယ်၊ မိုးရယ်၊ ဆောင်းရယ်အပြင် ဆောင်းဦးပေါက်ရာသီဆိုတာ ရှိသေးသည်ဆို၏။

မနွေရာသီကို နှစ်သက်သဘောကျသည်ဟုတော့ မပြောလိုပါ။ ကျွန်တော်တို့အညာမှာ နွေအခါ နေအလွန်ပူပြင်းလွန်းသဖြင့် လူတွေမှာ အနေရအထိုင်ရ ခက်လှအောင် ဒုက္ခရောက်ပါ၏။ ထို့ကြောင့် နွေကိုကြိုက်သည်ဟုပြောလျှင် ကျွန်တော်တို့ရွာက ငယ်သူငယ်ချင်းတွေက မိုက်ပါ့ကွာ ဒါလောက်ကျောပူအောင် ပူလောင်တဲ့ ရာသီကို မင်းမို့လို့ မဲပေးနေရသေးသည်ဟု ဆူကြပူကြပါလိမ့်မည်။ ကျွန်တော်ချစ်သည်က ဆောင်းအကုန်နွေအကူး လေရူးကလေးမွှေစ နွေဦး အခါသမယ ဖြစ်သည်။

နွေဦးကို ဘယ်လိုက ဘယ်လို ချစ်ခင်သွားသနည်းဆိုသော် အလယ်တန်း ကျောင်းသားဘဝ လွန်မြောက် ခုနစ်တန်းအောင်ပြီး အထက်တန်း ကျောင်းသားဘဝ, ရှစ်တန်းတက်သောအခါကဟု မှတ်မိပါသည်။ ထိုအချိန်မှာ ကျွန်တော်သည် လူပျိုပေါက် ဖြစ်လေသည်။

စွန်လွှတ်၊ ဂျင်ပေါက်၊ ဘောလုံးကန်၊ ရေကူး ကလေးပီပီ ဆော့ကစားရာမှ အေးအေးဆေးဆေး စာတွေထိုင်ဖတ်ပြီး အချိန်ကုန်သော စာကြမ်းပိုးအဖြစ်သို့ ပြောင်းလဲသော အဆစ်အပိုင်းဟုလည်း ခေါ်ဆိုနိုင်ပါသည်။ နွေဦးကို မှတ်မှတ်ထင်ထင် စတင်တွေ့ရှိရသည်မှာ ပြင်ပတွင် မဟုတ်ပါ။ စာအုပ်ထဲမှာ ဖြစ်ပါသည်။

အောင်သျှန်၏ မြန်မာစာ စာအုပ်(မှတ်စု)။

ကိုရင်ဂျမ်း၏ အစမ်းစာများ။

ကိုသိန်းနိုင်၏ ဝှက်ထူးစာစီစာကုံးများ။

ကျောင်းစာ စာစီစာကုံး လေ့ကျင့်ခန်းအတွက် စာအုပ်တွေ ဖတ်ရင်းနှင့် နွေရာသီသရုပ်ဖော် စာစီစာကုံးတွေက ကျွန်တော့်စိတ်နှလုံးကို ဆွဲဆောင်ဖမ်းစားပါသည်။ ထို့ကြောင့် ဖတ်ရင်းဖတ်ရင်းနှင့် ကဗျာများကိုလည်း အလွတ်ရလာသည်။ ကြည့်ရင်းကြည့်ရင်းနှင့် စကားပြေများကိုလည်း မှတ်မိလာသည်။ စာအုပ်ထဲရှိ ကဗျာများနှင့် စကားပြေက ဖော်ပြသော သရုပ်ဖော် အခြေအနေများသည် ပြင်ပတွင် မြင်ရသောအခါ ကျွန်တော့်မှာ ရင်ခုန်ရတော့သည်။

လေရူး---။

လေပွေရူးသည် အခြားရာသီမှာ မတိုက်ခတ်ပါ။ ရွက်ကြင်ဖွဲ့ဖွဲ့ကြွေသော ဤကဲ့သို့ နွေဦးရာသီမှာမှ လေရူးကလေး ဝေ့ကာဝိုက်ကာနှင့် မြင်သာထင်သာအောင် တိုက်ခတ်ပါလေသည်။ မြောက်ပြန်ဆောင်းလေဆုတ်ခွါစ တောင်ပြန်လေညင်း ဆော်လေသွင်းစ လေရူးကလေးဝေ့ပြီဆိုလျှင် လွမ်းချင်း၊ ဆွေးချင်း ဘာဟု မဖော်ပြတတ်သည့် ဆွတ်ပျံ့လွမ်းမောမှုကလေးက ရင်ထဲသို့ ရောက်လာသည်။

မြူမင်းလွင်---။

ပတ်ဝန်းကျင်တစ်ခွင်လုံးကို ကြည့်လိုက်ပါ။ ဆောင်းနှင်းလည်း မဟုတ်တော့။ မိုးရွာသောအခါ မိုးမှောင်ကျပုံမျိုးလည်း မဟုတ်။ ရှုခင်းကို စာပဝါပါးပါးကလေး လွှမ်းခြုံထားသကဲ့သို့သော မြူ။

တောတောင်ရေမြေသည် ပီပီသသ ထင်ထင်ရှားရှားကြီးဆိုလည်း ဤမျှဆွဲဆောင်နိုင်မည်မထင်။ တောက်တောက်ပပ ရှင်းရှင်းလင်းလင်းကြီးဆိုပါလျှင်လည်း ဤကဲ့သို့ တမ်မက်ဖွယ် ဖြစ်မည်မဟုတ်။ မပီဝိုးဝါး မြူလွှာလေးပါးပါး ခြယ်ထားသောအခါ တမင်ရေးထားသည့် အလှရှုခင်းလေးဖြစ်နေတတ်သည်။ အဝေးမြင်ကွင်းသည် ဝေဝေဝါးဝါး မှုန်မှုန်ရီရီ။ ဤသည်ကလည်း နွေဦးရာသီ၏ သဘာဝအလှ ဖြစ်သည်။ မြန်မာ့ရုပ်မြင်ရှုခင်းအချို့တွင် မန္တလေးတောင်ပေါ်မှ နွေဦးရာသီမြင်ကွင်းကို မြင်ဖူးပါလိမ့်မည်။ တစ်မျိုးတစ်ဖုံ ဆွဲဆောင်ကြောင်း စာဖတ်သူကိုယ်တွေ့ပင် ဖြစ်ပါလိမ့်မည်။

ရှေးစာဆိုအမျိုးမျိုးတို့သည် နွေဦးရာသီ အလှပန်းချီတို့က ရင်ကို လှိုက်ခုန်စေသကဲ့သို့ နွေတေးရှင် ဥဩငှက်ကလေးများကလည်း လွမ်းတေးကို သီဆိုစေသည်။ အခြားရာသီတွေမှာ ဘယ်ဆီရောက်၍ ပျောက်လေသည် မသိရ။ နွေဦးကာလ မြူထချိန် ရောက်လာလျှင်တော့ တောအနံ့ တောင်အနံ့ ဆွတ်ပျံ့ဖွယ်တေးကို သူ လာ၍ ဆိုချေပြီ။ ဥဩ–ဥဩ။ အဖော်မဲ့သော ငှက်ကလေးတစ်ကောင်။

လေအဝှေ့တွင် တဖွေ့ဖွေ့ကြွေသော ရွှေရောင်ရွက်ဝါတို့ကလည်း ဆော့မြူးပြေးလွှား။

သစ်ရွက်ရော်ရှိ ဣန္ဒနီဝယ်
သိင်္ဂီတစ်ဝက် ဖက်၍ဆေးရုံ
ခြယ်ယှာပုံသို့
ရဂုံမြိုင်တွင်း တောလုံးလင်းသား။

ရှင်ဥတ္တမကျော်။

နွေဦးအလှမှာ မြင်စရာ၊ ကြားစရာတို့ကသာ စိတ်ကို ညှတ်နှုးစေသည် မဟုတ်။ ရနံ့ကလည်း ဆွတ်ပျံ့အောင် လှုံ့ဆော်ပြန်သေးသည်။ ဤရာသီတွင် တောပန်းတောင်ပန်းတို့ ဖူးငုံပွင့်လန်းကြစမြဲ။ ပန်းမျိုးစုံ၏ သင်းရနံ့ကို ရလိမ့်မည်။

ပေါက်ပင်၊ လဲပင်၊ စိန်ပန်း စသည်တို့လည်း ပွင့်ကြသည်။ စကားဝါ၊ စကားမိမ်း၊ တလုပ်စကား၊ ပိတောက်၊ ဆိတ်ဖူးစသော မွှေးမြသော ပန်းများလည်း ဖူးပွင့်ကြသည်။ လေယူရာသွေး တသင်းသင်းမွှေး။

ရွက်ဟောင်းကြွေလွင့် ရွက်နုဖူးပုရစ်တို့ နုသစ်ကြသော နွေဦးရာသီ။ အဟောင်းတွေကြွေ၍ အသစ်ဝေသည့် ဤရာသီ။

နွေဦးသည် မမြဲသော သင်္ခါရကိုလည်း လှစ်ဟဖော်ထုတ်လျက်ရှိသည်။ မြေခသွားသော သစ်ရွက်ကြွေတို့နေရာတွင် သစ်ပင် ဟူသမျှသည် အသစ် အသစ်သော စိမ်းနုဖန့်ဖန့် အဖူးအညွှန့်တို့ဖြင့် ဝေကြပြန်လေသည်။ မျက်စိ အောက်က ရိုးတံထီးထီး သစ်ကိုင်းခြောက်ကြီးများသည် ပူပြင်းလှသော နေရောင်အောက်မှာပင် ရွက်သစ်တို့ တစ်စတစ်စ ပေါ်ထွက်လာကြသည်။ အဟောင်းအဟောင်းတို့ ချုပ်ငြိမ်း၍ အသစ်အသစ်တို့ အစားထိုး နေရာ ယူလာကြမြဲ ဓမ္မတာကို လှစ်ဟဖော်ပြနေကြသည်။

နတ်သျှင်နောင်၊ မယ်ခွေမှအစ ယခုကာလ ကဗျာစာဆိုများအထိ နွေဘွဲ့ကား ရေး၍မကုန်။

မကြာမီသောကာလအထိတော့ နွေရာသီဆိုလျှင် ရိုးပြတ်လယ်ကွင်းပြင်သည် ဖုန်းရိုညည်းငွေ့စရာ ပြောင်တလင်း တစ်မျှော်တစ်ခေါ်ကြီး ဖြစ်ခဲ့သည်။ ဟော–ယခုကာလ နွေစပါးတွေ စိုက်ပျိုးလာကြသောအခါမှာတော့ ဆည်ရေ၊ ချောင်းရေ၊ ရေစုပ်စက်၊ ရေတင်စက်တို့ဖြင့် လယ်ကွင်းများသည် နွေဦးကောက်နံ့တို့ဖြင့် စိမ်းစိုကြလေပြီ။

လွန်ခဲ့သော ငါးနှစ်ခန့်က ကျွန်တော်သည် ထိုင်းနိုင်ငံ တောင်ပိုင်း၊ မလေးရှားနိုင်ငံ မြောက်ပိုင်း စသည့် နေရာဒေသရှိ ကျေးလက်တောရွာများသို့ ရောက်ခဲ့ဖူးသည်။ နွေစပါးတွေ စိုက်ပျိုးနေကြသည်။ ထိုအချိန်က ကျွန်တော်တို့တိုင်းပြည်မှာမူ အနည်းငယ်မျှသော အချို့ဒေသမှာပဲ (အတင်းအကြပ် တိုက်တွန်းအားပေးလွန်းသဖြင့် စိတ်မပါ့တပါနှင့်) စိုက်ကြပါသေးသည်။ မှန်သည့်အတိုင်းဆိုရလျှင် စိတ်အားထက်သန်မှု မရှိကြသေး။ သူများ တိုင်းပြည်မှာ အားကျစရာ၊ လေ့လာတွေ့ရှိခဲ့ရသည်။

နီးစပ်ရာ သူငယ်ချင်း လယ်မားအချို့ကိုသာ အားကျအတုယူချင်အောင် ပြောပြဖူးပါ၏။

"ဟာ– တို့လယ်သမားဘဝက ဒီနွေရာသီလေးပဲ ခဏနားရတာကွ သူတို့လို စက်နဲ့လုပ်နိုင်တာ မဟုတ်ဘူး မောင်ရ၊ နွားနဲ့ ရုန်းရတာ၊ နေပူပူထဲ ကျောက်ခွဲမှာပေါ့ကွ"

ဘယ်သူကမှ မထောက်ခံကြသဖြင့် ကျွန်တော်သည် ဘယ်မှာမှ ဤအကြောင်းကို မရေးသားဖြစ်ခဲ့ပါ။ ဟော–အခုတော့ ပြောစရာ မလိုတော့ပါ။ စပါးရှေးကောင်းလာသော ခေတ်ကြီးထဲမှာ နွေစပါးကြောင့် ကားတွေ၊ တိုက်တွေ၊ ထွန်စက်၊ တီဗွီ၊ မီးစက်၊ သွပ်မိုးအိမ်ကြီးတွေနှင့် သီသီသာသာ ကြွယ်ဝလာကြသည်မှာ အားလုံး လက်တွေ့။

နရီနေးသော ရှေးကာလမှာတော့ ကဗျာများ၊ တေးများသည် အေးအေးနွဲ့နွဲ့ အလွမ်းနယ်ချဲ့ချင်စရာ။ နွေဦးအခါ အေးအေးဆေးဆေး အနားယူကြချိန် မှန်ပါ၏။ ပြည်ပနိုင်ငံများက အပြေးအလွှား အလုအယက်ဖြင့် ဈေးကွက်စီးပွားရေးကို အပြိုင်အဆိုင်အလုပ်လုပ်နေကြသည်ကို ကျွန်တော်တို့ အမီလိုက်ကြရသည် ဖြစ်သဖြင့် လဲလျောင်းငိုက်မြည်း မနေသာ။ အထူးသဖြင့်

ထိုင်း၊ ဗီယက်နမ်စသော စိုက်ပျိုးရေးနိုင်ငံတွေ၏ ပို့ကုန်ထွက်ကုန်မျိုးတွေ မိမိတို့ စိုက်ပျိုးထုတ်လုပ်နိုင်အောင် ကြိုးစားကြရမည်။

နွေဦးအလွမ်းတေးကို အိပ်ရင်း ထိုက်ရင်း ညည်းညူနေရမည့် အချိန်အခါ မဟုတ်တော့။ လယ်ကွင်း ယာခင်းထဲ အလုပ်ခွင်ထဲ၌ တေးတကြော်ကြော် အော်ဟစ်သီဆိုရင်း အလုပ်ကြိုးစားရမည့်ခေတ်ကို ရောက်လာပါပေါ့လား။ လက်တွေ့ဘဝလေ။

ရေစုတ်စက်၊ ရေတင်စက်၊ မြောင်းရေ၊ ဆည်ရေတို့ဖြင့် မြေကြီးက ရွှေသီးအောင် လုပ်ဆောင်နေကြသူတွေကိုကြည့်၍ ကြည်နူးမိသည်။ သူတို့မှာ ပို၍ ပင်ပမ်းကြသည်တော့ ဟုတ်ပါ၏။ မိုးစပါး၊ နွေစပါး ထုတ်လုပ်မှု အရေအတွက်က နှစ်ဆထွက်၊ စပါးရောင်းဈေးက နှစ်ဆတက်။ ဩဘ် ဝင်ငွေ လေးဆမျှ ရကြလေရကား၊ ကျေးလက်တောရွာနေ လူများစု တောင်သူလယ်သမားတွေ ချောင်လည်ကြသဖြင့် လူ့နိုင်တန်းနိုင်ကြလေပြီ။

စက်ခုတ်သံများကို ကြားရသည်။ နွေဦးလွမ်းတေးသည် ခေတ်နှင့်အမီ နရီမြန်သည်။ လွမ်းသံထက် ရွှင်မြူး ပျော်မွေ့စရာ ဖြစ်လာသည်။ အသစ် အသစ်သော (၂၁)ရာစုနှစ်များကို ထွန်စက်၊ ရိတ်စက်၊ ခြွေလှေ့စက်၊ စက်မောင်းသံများဖြင့် ကြိုကြရပေသည်။

ချစ်နိုင် (စိတ်ပညာ)
တိုင်းဓေယျာမဂ္ဂဇင်း
၁၉၉၇ ခုနှစ်၊ အမှတ်(၇)။

☆ ☆ ☆

ပြောစရာရှိရင် ပြောရမှာပဲ မောင်ရေ

စာဆိုသည်မှာ စိတ်ကိုဖော်ပြရခြင်း ဖြစ်၏။

စာဟူသောစကားလုံး ကိုယ်တိုင်က ဝါစာ ဟူသော ပါဠိဝေါဟာရမှ ဆင်းသက်လာခြင်းဖြစ်သည်ဟု မှတ်ဖူး၏။ ဝါစာ = နှုတ်အပြုအမူ၊ စကား။

စကားပြောလိုသောအနက်ကို စာဖြင့် ဖော်ပြခြင်းဖြစ်သည်။ ကဗျာ ဖြစ်ချင်ဖြစ်မည်။ စကားပြေ ဖြစ်လျှင်လည်းဖြစ်မည်။ ကာရန်နသော ပါချင်ပါမည်။ မပါချင် မပါပေ။

လူတစ်ယောက် စကားပြောသည့်အခါ အသံမာသလား၊ အသံချိုသလား၊ စကားလုံး ပြေပြစ်သလား၊ စကားလုံး ခက်ထန်ကြမ်းတမ်းသလား၊ သူ၏ စိတ်နေစိတ်ထားကို အကဲခတ်နိုင်၏။ ဘယ်လိုစကားလုံး သူ ရွေးသလဲ။

စာကိုကြည့်ခြင်းဖြင့်လည်း သူရေးသည့် စာမှတဆင့် ထိုစာရေးသူသည် ဒေါသဖြစ်နေသည်။ လောဘ တက်နေသည်။ ဝန်တိုငြူစူသော သဘောထား ရှိနေသည်။ သို့မဟုတ် စိတ်တည်ငြိမ် အေးချမ်းနေသည်။ ဖြူစင်ကြည်လင်သော မေတ္တာ၊ စေတနာဖြင့် အကြံပြုပေးခြင်းဖြစ်သည် စသည်တို့ကို တိုးလျှိုပေါက် ဖောက်ထွင်းမြင်နိုင်ကြပါ၏။ ထို့ကြောင့် စာဆိုသည်မှာ စိတ်ကိုရေးခြင်းပင် ဖြစ်သည်ဟု အချို့ပညာရှိတို့က ဆိုမိန့်ခဲ့ကြလေသည်။

မြဝတီဂျာနယ်မှာ နေ့စဉ်သတင်းစာလို "အော်သံ" ထည့်ဖို့ မရည်ရွယ် ပေ။ ဆူညံသော အော်သံများကို မြဝတီလို တည်တည်ခန့်ခန့် ဂျာနယ်ကြီး၏ စာမျက်နှာပေါ်၌ တင်ပေးရန်မသင့်။ အမြင်မတော် ဆင်တော်နှင့်ခလောက်ဆွဲရန် မဖြစ်နိုင်။

သို့သော် ပြောစရာတွေတော့ ပရိတ်သတ်ရင်ထဲမှာ ရှိတတ်သည်။

စာဖတ်ပရိတ်သတ်ဟူသော ပုဂ္ဂိုလ်များထဲမှာ လေးတန်းကျောင်းသားလည်း ပါ၏။ ပီအိပ်ချ်ဒီဒေါက်တာ ပါရဂူ၊ ပညာရှိ၊ ပါမောက္ခ စသည်တို့လည်း ပါ၏။ အိမ်ဖော်မိန်းကလေးလည်း မြဝတီဂျာနယ်ကို ဖတ်၏။ သန်းပေါင်းများစွာ တန်သော ကုမ္ပဏီကြီးကိုပိုင်ဆိုင်သည့် ပုဂ္ဂိုလ်များလည်း ဖတ်ကြ၏။ စစ်သားလည်း ဖတ်၊ စာရေးမလည်း ဖတ်၊ ဈေးသည်လည်း ဖတ်၊ စာရေးဆရာ အချင်းချင်းလည်း ဖတ်ရှုလေ့လာနေကြ။

တောင်ပေါ်မြေပြန့် ဒေသအနှံ့က ပြည်သူအားလုံး အပါအဝင် ပြည်တွင်းပြည်ပ ကမ္ဘာအနှံ့အပြားပင်။

ပြောစရာရှိလျှင် ပြောချင်သည်။

ပြောခွင့်ပေးမည်လား၊ စဉ်းစားရမည်။

တွေ့တာတွေ၊ မြင်တာတွေထဲက အချိုးမကျတာတွေ၊ အားမရစရာတွေ၊ ပွပြင်စရာ၊ ဆင်ခြင်စရာ၊ ကြည်နူးဝမ်းသာမှုတွေ၊ ပြောစရာတွေ အများကြီး ရှိပေမှာပေါ့။ ပြောချင်တာပေါ့။

ပြောပါ။

"ပြောစရာရှိရင် ပြောရမှာပဲ မောင်ရေ" ဟူသော စာဖတ်သူတို့၏ ဆန္ဒ ဖော်ထုတ်ပွဲကို စတင်ဖွင့်လှစ်၍ တင်ဆက်လိုက်ပါပြီ။ မည်သူမဆို ပါဝင်တက်ရောက်ပြီး ပြောစရာရှိလျှင် ပြောခွင့်ရှိသည်။

ကောင်းကြောင်းတွေ ပြောချင်သလား၊ ပြောပါစေ။

တော်ကြောင်းတွေ ပြောပြမည်လား၊ ပြောကြပါလေ။

အများနားဝင်ချိုမည်ဆိုလျှင် ကောင်းပါ၏။

အပြစ်ဆိုစရာ ၊ထောက်ပြဝေဖန်စရာ ရှိသလား။

နည်းနည်းတော့ ဒေါသ လျှော့ခဲ့ပါဦး။

ရှူးရှူးဝါးဝါး ချဉ်ချဉ်ခါးခါးကြီးတော့ မဆော်လိုက်ပါနှင့်။ မေတ္တာ ဓါတ်ကလေးပါအောင် အလျှင်မွေးယူပြီးမှ စေတနာကောင်းဖြင့် ရေးပေးပါ။ အပြုသဘောလေး ပါပါစေ။ အတိုက်အခိုက် အဖျက်အဆီးတွေ မည်သူ့ကိုမျှ ပြုလုပ်ခွင့် မပေးနိုင်။

မြဝတီဂျာနယ်သည် လက်ဝှေ့ကြိုးဝိုင်း မဟုတ်ပါ။ ထိုးမှ၊ ကြိတ်မှ ကြည့်ချင်ကြသော သဘာဝကို အကြောင်းပြု၍ စတန့်ထွင်ပြီး လုရသော မဂ္ဂဇင်းမျိုးတွေ အချို့နိုင်ငံတွေမှာ ရှိတတ်ကြပါသည်။ အပြန်အလှန် ကလော်ကြ၊

တီးကြ၊ ပရိသတ်က အဟုတ်မှတ်ပြီး ဝင်ငြင်းကြ။ စာဖတ်ပရိသတ်ကို မျက်လှည့်ပြပြီး စားတတ်သော အတင်းအဖျင်း မဂ္ဂဇင်းမျိုးလည်း မြဝတီ မဟုတ်ခဲ့။ နောက်နောင်လည်း လုပ်မည်မဟုတ်။

စာဖတ်ပရိသတ်ကို လေးစားယုံကြည်သဖြင့် ဤအခန်းကို ဖွင့်လှစ်တင်ဆက်ပါသည်။

အခါအားလျော်စွာ ဖော်ပြသင့်သည်များကို ရွေးချယ် ဖော်ပြပါမည်။ မဖော်ပြသင့်သည်များကို မဖော်ပြနိုင်ပါ။ ပြန်ပို့စေလိုလျှင် တံဆိပ်ခေါင်းအပို ထည့်ပေးစေလိုပါသည်။ (ပယ် စာမူများကို ၁–လလွန်လျှင် ဖျက်ဆီးပါသည်။) အမည်ရင်း၊ နိုင်ငံသားမှတ်ပုံတင်၊ နေရပ်လိပ်စာ အပြည့်အစုံပါရှိရပါမည်။

ပထမဦးဆုံး ဖော်ပြခွင့် ပေးလိုက်သူကား အမည်မဖော်လိုသူ တစ်ဦးဖြစ်ပါ၏။ သူက ဤသို့ဆိုသည်။

ဘုးကြီးကြောင့် စက်သည်။

"ချစ်ခဲ့ဖူးပါသည်" ဟူသော ရုပ်ရှင်ကားတစ်ခု၏ အမည်ကို တွေ့ခဲ့ရပါသည်။ ရုပ်ရှင်ဒါရိုက်တာသည် သတ်ပုံစာလုံးပေါင်းကိုပင် မှန်အောင် မသိလေသလား၊ မပြင်လေသလား မသိပါ။ ဝတ္ထုမူရင်းကို ရေးသော ဝတ္ထုရေးဆရာကလည်း မူလကတည်းက ဤသတ်ပုံအလွဲနှင့် ရေးခဲ့လေသလား၊ သို့မဟုတ် ပန်းချီဒီဇိုင်း ကြော်ငြာပုံဆွဲသော ပန်းချီဆရာပဲ လွဲမှားမိလေသလား။

ဘုးကြီးကတော့ မှားနေ၏။

ချစ်ဖူးသည်၊ မုန်းဖူးသည်၊ စားဖူးသည်၊ အိပ်ဖူးသည်။ ဒါပဲ ရှိသည်။

မချစ်ဘူး၊ မလုပ်ဘူးဟု ဘကုန်းဘုးက ဤသို့ သုံးရပါသည်။ ဖဦးထုပ်နေရာမှာ ဘကုန်းနှင့် ဘုးရှ်ထားသည့် ဘုးမှားကြီးကြောင့် ထိုရုပ်ရှင်ထုတ်လုပ်သူတို့မှာ ဘီအေ၊ အမ်အေ အောင်ပြီးသားတွေ ဖြစ်စေဦးတော့ အထင်ကြီးချင်စရာ မရှိတော့။

မစင်တစ်စက်က နတ်သုဒ္ဓါ ထမင်းပွဲကို ဖျက်တတ်သည်။ သတိပြုဆင်ခြင်စရာ။

ခေတ်ကို မှီနိုသူ ဆံပင်အလှ။

နောက်တစ်ဦးက ဤသို့ ရေးပို့ပါသည်။

"ခေတ်မှီ ဆံပင်အလှ ပြုပြင်ရေး"တဲ့။

ခေတ်မီဟုရေးရမည့်စာလုံး အမှန်။

ခေတ်မှီ သံဂယောဆိုင် လည်း တွေ့ဖူးသည်။

ဆိုင်းဘုတ်ဆရာက အရေးမှားခြင်းလည်း ဖြစ်နိုင်ပါသည်။ သို့တစေ မိမိအခန်းဝမှာ စာလုံးအမှားကြီးကို ချိတ်ထားလေတော့ ဆံပင်အလှပြုပြင်သူမှာ ပညာအခြေခံ နိမ့်ပုံရသည်ဟု ထင်ကြဖွယ်ရှိ၏။

ရေတွင်းကြီးက လာခဲ့ပါ (WELLCOME) တဲ့။

ရေတွင်းကြီးက လာသည်ဟု ဆိုချင်သလား။ ကြိုဆိုပါ၏ဟု ရေးချင်ပုံရပါသည်။ WELCOME ကိုပင် သတ်ပုံ မှန်ကန်အောင် စာလုံး မပေါင်းတတ်ပါဘဲနှင့် ဘာဖြစ်၍ အင်္ဂလိပ်လို ဆိုင်းဘုတ် ချိတ်ချင်ရတာလဲ။ အရှက်ကွဲစရာ။

- မြင်သူတိုင်းက ပြုံးစိစိလှောင်နေကြသည်ကို ယခုထိ မရိပ်မိ။

"နွတ်တစ်ရာ စာတစ်လုံး " ဟု ရှေးလူကြီးသူမတို့ ဆုံးမခဲ့သည့် အချက်ရှိပါ၏။ အင်္ဂလိပ်စာလုံးအမှားဖြင့် ရေးသားထားသည့်ဆိုင်းဘုတ်တွေ၊ အမည်တွေ၊ အစိပ္ပါယ် လွဲချော်နေတာတွေ အမှန်တကယ် နားလည်တတ်ကျွမ်းသော ဆရာသမားများကို ခေါ်ယူပြသပြီး အတည်ပြုစေသင့်ပါကြောင်း စေတနာကောင်းဖြင့် မောင်းခတ်နှိုးဆော်အပ်ပါကြောင်း တဲ့။ သာဓုခေါ်ရပါ၏။ မြင်ကြပါဘိ။

ချစ်နိုင် (စိတ်ပညာ)
မြဝတီဂျာနယ်
(၁–၁၁–၉၅)

☆ ☆ ☆

မသိသူ၊ သိသူ နှင့် ရှိသူ

သံဝေဂဟူသော ဝေါဟာရသည် လူအများ ပြောဆို သုံးနှုန်းနေသော စကားလုံးဖြစ်၍ အားလုံးနားလည်မည်ဟု ထင်ပါသည်။ ပါဠိစကားဖြစ်ပြီး မြန်မာလို ထိတ်လန့်ကြောက်ရွံ့ခြင်းဟု အနက်ရပါသည်။ သံဝေဂရသည် ဆိုခြင်းမှာ မမြဲခြင်းသဘော၊ ဆင်းရဲခြင်းသဘောနှင့် အတ္တမဟုတ်။ အတ္တမရှိ ဟူသော သဘောတို့ကို ဆင်ခြင်သတိပြုမိလျှင် ခံစားရမည် ထင်ပါသည်။

မဟာသံသာရ၊ အဏ္ဏဝဟု
အစမထင်၊ ဆုံးမမြင်သည်
ယာဉ်ရှင်နက်ကျယ်၊ ပင်လယ်ယက်သဲ
လှိုင်းမထဲ၌---။

(မဟာစနေဣဿပျို့မှ)

တွင်းသင်းရာဇဝင်သစ်ကို ပြုစုရေးသားခဲ့သူ တွင်းသင်းမင်းကြီး မဟာစည်သူ(၁၇၂၆–၁၈၀၉) သည် ရှေးအဆက်ဆက်က ပုံပြင် ဒဏ္ဍာရီဆန်ဆန် ရေးသားခဲ့ကြသော မြန်မာရာဇဝင် အချက်အလက်အချို့ကို ခမ္ဘမိဌာန်ကျစွာ တည်းဖြတ်အတ်သင်၍ ကျောက်စာအထောက်အထားများစွာကို ကိုးကား ဆင်ခြင်ပြီး ဆယ့်ရှစ်ရာစုဦးကာလမှာပင် ခေတ်မီဆန်းသစ်သော ရာဇဝင်ကို စီရင်ခဲ့ခြင်း ဖြစ်လေသည်။ အလောင်းမင်းတရား လက်ထက်မှသည် ဘိုးတော်ဘုရားလက်ထက်အထိ ကျီဝန်၊ တိုက်ဝန်၊ ဝန်ကြီး၊ ပုခန်းဝန်ကြီး စသည်ဖြင့် အဆင့်ဆင့် မင်းချီးမြှောက်သဖြင့် အထင်ကြီးလေးစားခံရခြင်း မဟုတ်။ သူပြုစုရေးသားခဲ့သော စာပေမှတစ်ဆင့် သူ၏ အသိပညာ ကျယ်ပြန့်မှုနှင့် စိတ်နှလုံး မြင့်မြတ်မှုတို့ကို တွေ့ရှိနားလည်ကာ ကြည်ညိုအားကျရခြင်းသာ ဖြစ်လေသည်။

ရာထူးအာဏာ ကြီးမြင့်ခဲ့ပါသော်လည်း ဝင့်ဝါမောက်မာခြင်း မရှိ။ ဘဝင် မမြင့်ခဲ့။ ရာဇဝင်ကျမ်း ပြုစုရန် ခေတ်အဆက်ဆက် ရာဇဝင်မှတ်တမ်းတို့ကို ဖတ်ရှုလေ့လာခဲ့ရာ၌ သံဝေဂ ရခဲ့ပုံ ပေါ်ပါသည်။ သူ၏ စာပေတို့၌ မာန်တက်သော၊ မာနယစ်သော သဘောလက္ခဏာတို့ကို မတွေ့ရ။

"မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်၊ သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ၊ ရေစီးတစ်ခါ ရေသာတစ်လှည့်၊ ငါးပျံတစ်လှည့် ဖုံလုံတစ်လှည့်" စသော အနိမ့်အမြင့်၊ အတက်အကျ၊ သင်္ခါရတို့ကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရဖူးပေလိမ့်မည်။ မြင့်တုန်းအခါ၊ ဝင့်ဝါမာန၊ မောက်မိုစရာ မရှိပါတကား။ သာတုန်းအခါ ထောင်လွှားမော်ကြွားစရာ မဟုတ်ပါတကား။ ဘာများ အားကျစရာ ရှိသနည်းဟု ဆင်ခြင်မိပုံ ရပါသည်။

ကမ္ဘာ့သတင်းများ အဖြစ်အပျက်များကလည်း ကျွန်ုပ်တို့ကို သင်ကြားပြသ,နေပါသည်။

အန်ဝါဆာဒတ် လုပ်ကြံခံရခြင်း၊ ရှားဘုရင် အာဏာစွန့်ရခြင်း၊ ယူရီအင်ဒရိုပေါ့ ကွယ်လွန်ခြင်း၊ အင်ဒီရာဂန္ဒီ လုပ်ကြံခံရခြင်း၊ ဖာဒီနန်မားကို့စ် ဖိလစ်ပိုင်မှ ထွက်ပြေးရခြင်း စသည်---။

လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ထောင့်လေးရာကျော်ကာလတစ်ခု၌ စည်းစိမ်ဥစ္စာ၏ သင်္ခါရသဘောကို နားလည်သဘောပေါက်သည့် မင်း တစ်ပါးလည်း ရှိဖူး၏။ နားလည်သဘောပေါက်ခြင်း မရှိသည့် မင်းမှူထမ်းတစ်ဦးလည်း ရှိဖူး၏။

ဒမော်ကလိ (Damocles) ဆိုသူသည် ဘီစီ လေးရာစုခေတ် ဆိုက်ရာကျူ (Syracuse) နိုင်ငံကို အုပ်စိုးသော ဂရိတ်ဘုရင် ဒိုင်အိုနီရှပ် (Dionysious) ၏ နန်းတွင်းအမှုထမ်းတစ်ဦးဖြစ်ရာ သူသည် ဘုရင်၏ စည်းစိမ်ချမ်းသာကို မြှောက်ပင့်ချီးကျူးလွန်းသောကြောင့် မင်းစည်းစိမ်၏ အချိန်မရွေး ပျက်စီးတတ်သောသဘောကို သိစေလိုသဖြင့် ဘုရင်ဒိုင်အိုနီရှပ်က ဤသို့ ပြသ,ခဲ့ဖူးလေသည်။ ဒမော်ကလိအား အလွန်ကောင်းမွန်မြိုင်ဆိုင်လှသော ညစာစားပွဲ၌ ထိုင်၍ အရသာရှိစွာ စားသောက်စေပြီး သူ၏ ဦးခေါင်းပေါ်တွင် ဓါးတစ်ချောင်းကို ဆံချည်တစ်မျှင်တည်းဖြင့် ချိတ်ဆွဲထားစေလေ၏။ ဆံခြည်မျှင်သည် ဓါးကို နိုင်မာစွာ ဆွဲထားနိုင်အားရှိသည်ဟု ဆိုစေကာမူ မိမိကိုယ်ပေါ်သို့ ပြတ်ကျလာလျှင် ဓါးဦးက ထိုးစိုက်လိုက်မည်က သေချာလေသည်။ မော့ကြည့်လျှင် မြင်နေရသော

သေးသေးမျှင်မျှင် ဆံခြည်တစ်မျှင်နှင့် အရောင်တစ်လက်လက် ဖြာထွက်နေသော ဓါးသွားကို မေ့ထားပြီး ရသာအားရုံကို စိတ်ဖြောင့်ဖြောင့် စားရန် ဒမော်ကလီ မတတ်နိုင်ချေ။

တံငါသည်သည် အစာတပ်သော ငါးမျှားချိတ်ကို ရေအိုင်ထဲသို့ ပစ်ချလိုက်သောအခါ အစာကိုမြင်သော ငါးသည် ထိုငါးမျှားချိတ်ကို အစာနှင့်အတူ မျိုမိ၏။ ထိုငါးသည် ဆင်းရဲပျက်စီးခြင်းသို့ ရောက်လေသည်။

"ဖြစ်ပေါ်လာသော လာဘ်ပူဇော်သကာ အကျော်အစော၌ သာယာ နှစ်သက်ခွဲမက်သူသည် ကိလေသာမာရ်၏ ငါးမျှားချိတ်ကို မျိုသည်ဖြစ်၍ ဆင်းရဲပျက်စီးခြင်းသို့ ရောက်ရ၏။"

(သံယုတ္တနိကာယ်၊ လောဘကဏ္ဍာရသံယုတ်၊ ဗဠိသသုတ်)

လွယ်အိတ်အိုတစ်လုံးလွယ်လျက် ပုံနှိပ်စက်နှင့် စာအုပ်တိုက်များသို့ ဝင်ထွက်လှုပ်ရှားနေသူ စာပေဝါသနာအိုး လူငယ်တစ်ယောက် ရှိခဲ့ဖူးသည်။ ငွေကြေးအရင်းအနှီး မရှိသော်လည်း ဝါသနာအလျောက် စာပေလေ့လာ ဆည်းပူးမှုနှင့် လက်တွေ့ကျိုးပမ်းအားထုတ်မှုတို့ကြောင့် ခြောက်နှစ်ကျော် ခုနစ်နှစ်ကာလအတွင်း ကိုယ်ပိုင်ပုံနှိပ်စက်နှင့် ကားနှင့်တိုက်နှင့် တင့်တယ် ထည်ဝါစွာ နေနိုင်ခဲ့လေသည်။ သူ့တိုက်မှ ထုတ်ဝေသောစာအုပ်များသည် တစ်မူထူးခြား၍ သားနားခန့်ထည်ခဲ့လေသည်။

နေ့မနား ညမအိပ် လှုပ်ရှားကြိုးစား၍ စာပေနယ်မှာ အလုပ်လုပ်ခဲ့ရစဉ်က နေ့စဉ် အရက်မသောက်နိုင်။ မသောက်ဖြစ်သော်လည်း ချမ်းသာလာပြီဆိုတော့ အရက်ပွဲတွေက ဆက်တိုက်ဖြစ်လာသည်။ အရက်သည် သူ့၏ ကျန်းမာရေးကို ထိပါးဖျက်ဆီးရာမှ နောက်ဆုံး၌ ဝါးမျိုသတ်ဖြတ်သွားလေတော့၏။ ဖွဲလုံ့လရှိ၍ ခွန်အားထုတ်လုပ်မှုကောင်းသော လူငယ်တစ်ဦး စာပေနယ်မှ ဆုံးရှုံးခဲ့ရလေသည်။

ဘာမျှ အတည်မကျ၊ သခၤါရ ဓမ္မလောကမှာ မိမိပိုင်ဆိုင်တာဆို၍ တစ်ခုသာရှိသည်။

အဘယ်အရာနည်း။

ကံဟူသော အပြုအမူသာ အချိန်ဟူသော ကာလသုံးပါးမှ အဟုန် သဲသော တစ်ဆက်တည်း လိုက်ပါနိုင်သည်။

အလုပ်ကောင်းမှ ကံကောင်းသံည်။ အလုပ်ဆိုးလျှင် ကံဆိုးမည်။ အလုပ် သို့မဟုတ် အပြုအမူသည် လူ၏ထုတ်လုပ်မှုဖြစ်၏။ စိတ်နှင့်ကိုယ်က

လွှင့်ထုတ်ခြင်းဖြစ်၏။

စိတ်ဖြင့် ကြံစည်စဉ်းစားခြင်း၊ နှုတ်ဖြင့် ပြောဆိုခြင်း၊ ကိုယ်ဖြင့် ပြုလုပ်ခြင်း။

စိတ်သဘောသည် ရုပ်ကိုယ်ခန္ဓာထက် အဆပေါင်းများစွာ ပေါ့ပါး မြန်ဆန်သည်။ ဗိုးခနဲ ဒိုင်းခနဲ အရှိန်အဟုန်ပြင်းစွာ ပြေးလွှားတတ်သည်။ ပေါက်ကွဲတတ်သည်။

ငယ်ရွယ်တက်ကြွစဉ်အခါ လက်ထဲမှာ ထိရောက်ထက်မြက်သော အာဏာကို ကိုင်စွဲရလျှင် သူသူငါငါ မာနတံခွန် ထူမိတတ်သည်ပင်။ စစ်သေနာပတိ မင်းရဲကျော်စွာသည် စွမ်းပါလျက် အသက်စွန့်သွားရခြင်းသည် ဒေါသမာနကို မထိန်းသိမ်းနိုင်ဘဲ စိတ်လိုက်မာန်ပါ ပြုမိခြင်းကြောင့်ဖြစ်ကြောင်း သမိုင်းက သင်ခန်းစာ ပေးခဲ့ပြီ။

စိတ်ဆောင်ရာ ပြုမူတတ်ခြင်းသည် မှားယွင်းကြောင်း သမိုင်းစာမျက်နှာပေါင်းများစွာက သင်ပြခဲ့လှပါပြီ။ သမိုင်းကို အသုံးမချသော လူသားမှာ အခြားသော တိရစ္ဆာန်များနှင့်မခြား မျိုးဆက်တစ်ခုမှ တစ်ခုသို့ ဉာဏ်ပညာများ အမွေဆက်ခံနိုင်ခြင်း မရှိ။ မှားပြီးရင်း မှားရင်းဖြင့် အမှားသံသရာဝဲက မထွက်နိုင်ဘဲ ရှိတတ်ပါ၏။

အောင်မြင်မှုများ၊ ချီးကျူးဂုဏ်ပြုခံရခြင်းများ၊ ခြွေရံသင်းပင်း လာဘ်လာဘပေါများခြင်းများကို ခံစားရသောအခါ သူတစ်ပါးကို ငုံ့ကြည့်မိတတ်သည်။ စိတ်ကြီး ဝင်ချင်လာသည်။ စာပေဖတ်အရှုနည်းသော အချို့အနုပညာရှင်တွေမှာ တွေ့ရတတ်သည်။ ငယ်ရွယ်တက်ကြွခိုက် အောင်မြင်ကျော်ကြားမှု ရသူတို့၌ တွေ့ရတတ်သည်။ ထင်ရှားကျော်ကြားမှု လေဟုန်ပေါ်မှာ ရိဝေယာစ်မူး နေတတ်သည်။

စာပေလေ့လာဖတ်ရှုမှု အားကောင်းသူသည် အမြော်အမြင် ကျယ်လေ့ ရှိသဖြင့် လောက၏ အနိမ့်အမြင့် အတက်အကျ သဘာဝကို သိတတ်သည်။ အနာဂတ်သည် ကြိုမမြင်ရ။ လောက မျက်လှည့်။ မျှော်မှန်းတွက်ဆ၍ မရ။ အထက်ကလူ အောက်ရောက်၊ အောက်ကလူ အထက်ရောက်။ ဘာမှ လမ်းရိုးဥပဒေက စည်းချထားခြင်း မရှိ။ ထို့ကြောင့် မောက်မာ၊ မာန သိပ်မပြင်းထန်။ အတော်အတန် မာန်ရှိသော်လည်း မလွန်ကဲ။

တရားကို သိလည်းသိသူ၊ ရှိလည်းရှိသူက ပြည့်ဝသူအဖြစ် လူများက အသိအမှတ်ပြု လေးစားကြရပါတော့သည်။ မာန်မာန မထား။ အပေါ်စီး အထက်စီး ဝင့်ဝါဟိန်းဟောက်ခြင်း မပြု။ ဦးချိုကျိုးသော နွားကဲ့သို့။ ဟိုလူ ပုတ်ခတ်၊ ဒီလူ ချိုးနှိမ်၊ သူမှ တော်၊ သူမှ ကောင်း၊ လေဖောင်းနေကြသော လူတွေကြားမှာ သူသည် ပါးစပ်မပါသူကဲ့သို့ မည်သူတို့မျှ လျှာစောင်းမထိုး။

ခဏမစဲ တစ်ဖြစ်တည်းဖြစ်လျက် တစ်ပျက်တည်းပျက်နေသော သဘောမတည်မြဲသောကြောင့် နှစ်သက်သာယာဖွယ်မဟုတ်ခြင်းသဘော၊ မိမိအလိုအတိုင်း မဖြစ်။ ဤအချက်တို့ကို သိသည်။ သိသည့်အလျောက် အောက်ပါ မီးဟုန်းဟုန်း တောက်လောင်မှုများကို နည်းနိုင်သမျှ နည်းအောင် ကြိုးစားသည်။

ထိုမီးတို့ကား လိုချင်တပ်မက်ခြင်း၊ စိတ်ပျက် စိတ်ဆိုးခြင်း၊ စိုးရိမ် ပူပန်ရခြင်းနှင့် စိတ်ဆင်းရဲရခြင်း စသည်တို့ဖြစ်၏။

"လူဟုဆိုလျှင်၊ လူလိုပင်သာ
လူတွင်တွေ့ရိုး၊ ကြောင်းအကျိုးနှင့်
ကောင်းဆိုးနှစ်တန်၊ လောကဒဏ်ကို
အမှန်တွေ့မြဲ၊ စိတ်ဝယ်စွဲ၍
ဝမ်းနည်းဝမ်းသာ၊ မများပါ။

(တဘဝသံသရာ စာ-၁၀၅)

မှိုင်းခိုးပြည့်အန်လျက်ရှိသော မီးပုံးပျံကြီးကဲ့သို့ ဖောင်းကားလျက်ရှိသော အတ္တ၌ လိုချင်တပ်မက်ခြင်းများ၊ မောက်မာခက်ထန်ခြင်းများအတည့် ပြည့်ဝ နေသော လူတို့ကို ကျွန်ုပ်တို့ ရှုံရှာမုန်းတီးကြမည့်အစား သနားကြင်နာကြရ ပါမည်။ သည်းခံခွင့်လွှတ်ကြရပါမည်။

မသိသူတွေ သိပါစေ။ သိသူတွေ ကိုယ်တိုင်ဆင်ခြင်သုံးသပ် ကျင့်ကြံ ခြင်းအားဖြင့် တရားရှိပါစေ ဟုသာ ဆုတောင်းရပါသည်။ တစ်ဦးချင်း တစ်ဦးချင်း၏ ကောင်းမြတ်ပြည့်ဝသော စိတ်ထားများဖြင့် ဖွဲ့စည်းသော လူ့ဘောင်လောကသည်သာ လူပသာယာနေပေလိမ့်မည်တည်း။

ချမ်းနိုင် (စိတ်ပညာ)

ပန်ရပ်စုံမဂ္ဂဇင်း၊ ၁၉၈၇၊ ဇွန်။

☆ ☆ ☆

ပီတိနှင့်သာ ကျေနပ်ပါ

ယခုနှစ် မတ်လထုတ် မဂ္ဂဇင်းတစ်အုပ်တွင် စာရေးဆရာကြီးတစ်ဦးသည် သူ၏ စာပေခရီးကို ကိုယ်တိုင်ရေးသား ဖော်ပြသည်။ စာရေးကောင်းသူတစ်ဦး ဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓါတ်နှင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ရေး ဦးတည်ချက်ဖြင့် (ပြည်သူ့အကျိုးပြု ရည်ရွယ်ချက်ဖြင့်) စာရေးနေသည့် ပုဂ္ဂိုလ်လည်း ဖြစ်ပါသည်။ ငွေကြေးရလိုမှုအတွက်သော် လည်းကောင်း၊ ထင်ပေါ်ကျော်ကြားလိုမှုအတွက်သော် လည်းကောင်း၊ ရေးသားခြင်းပြုသူ မဟုတ်ပါ။ စာဖတ်သူအများစုကလည်း သိရှိနားလည်ထားပြီး သူ့ကို လေးစားကြပါသည်။

စာပေရေးရာထဲမှာ မထည့်မဖြစ်သော ကိုယ်ရေးကိုယ်တာလေးများ အကယ်၍ ပါသွားခဲ့လျှင် ခွင့်လွှတ်စေလိုပါသည်ဟု သူက ပဏာမ ချီသော်လည်း သူ၏စာပေခရီးသည် စေတနာအရင်းခံနှင့် တင်ပြထားသဖြင့် ကိုယ်ရည်ကိုယ်သွေးခြင်း၊ ဝင့်ဝါခြင်း မပါရှိပါ။ အလွန်ဖတ်၍ ကောင်းပါသည်။ ဓါတ်ပုံတွေ ဝေဝေဆာဆာနှင့် ရုပ်ရည်လည်း ခန့်ညားလှပသူ ဖြစ်ပါသည်။

ယခုအခါ အရွယ်ရလာပြီမို့လား မသိ။ "ကဗျာကြောင့် ပိုပြီးဆွေးရသည် အတွက် မရေးချင်တော့ပြီ၊ မနုချင်တော့ပြီ"ဟု ဆိုလေသည်။ "ဝတ္ထုဆိုလျှင်ကား တော်ပါပြီ။ စိတ်ကူး မယဉ်ချင်တော့ပြီ။ ကိုယ်တွေ့လက်တွေ့များကိုပဲ ရေးချင်တော့သည်။ ရေးမိသည့် ဝတ္ထုဆိုလျှင်လည်း အလွမ်းအဆွေး၊ အကွဲအပျက်ချည်းသာဖြစ်၍ နိမိတ်မရှိ၊ ကျက်သရေတုံးသည်"ဟု ဆိုလေသည်။

သူသည် ကလေးစာပေ၊ လူငယ်စာပေကို လူများစုက သိပ်စိတ် မဝင်စားကြသေးဘဲ ဝတ္ထုကိုသာ စိတ်ထက်သန်နေကြစဉ်မှာပင် ကလေးစာပေ၊

လှုငယ်စာပေတွေကို ပြုစုခဲ့သူဖြစ်၏။ ၁၉၆၃ ခုနှစ် ကလေးသူငယ်စာပေဆု ရခဲ့ဖူးသည်။ သို့ရာတွင် ကလေးစာပေစာတမ်းများ ဖတ်ကြားတင်သွင်းကြသောအခါ သူ၏အမည် မပါလာခဲ့။ စာတမ်းရှင်က မေ့သွားလို့ပါ တဲ့။ "ရေးနေကျ မရေးဘဲ ခဏငြိမ်သွားလျှင် နာမည်ကို မေ့ပစ်တတ်ကြသည့်အတွက် လူ့သဘာဝကို အံ့ဩမိပါ၏" ဟုရေးထားလေသည်။

စိတ်ထိခိုက်ရှာပေလိမ့်မည်။

"ယခုခေတ်က စာပေသမား၏ အရည်အချင်းကို စာအုပ် အရေအတွက်နှင့်သာ တိုင်းထွာလေ့ရှိကြသဖြင့် စာအုပ်မထုတ်နိုင်သူများမှာ မှုကြိုအဆင့်သာ ရှိပါသည်။ ကြိုးစားပမ်းစား ရေးသားခဲ့ရသော ယဉ်ကျေးမှုနှင့် နိုင်ငံအကျိုးပြု ရည်ရွယ်ချက်စာအုပ်များမှာ ရုပ်ပြလောက်မှ မစွံ။ တစ်ချို့ကြားပင် မကြားဖူးကြ"စသဖြင့် ရေးသာထားသည်ကို ဖတ်ရသောအခါ စာဖတ်သူတို့မှာ သူ့အတွက်ထပ်၍ စိတ်မကောင်းဖြစ်ကြရပါသည်။ တွေ့ကြုံနေရသည့် ပကတိအခြေအနေကြောင့် ထိုစာရေးဆရာ စိတ်ဓါတ်ကျနေရှာသည်ကို သတိပြုမိပါသည်။

လူဆိုသည်မှာ သူ့သူ့ကိုယ်ကိုယ် အသိအမှတ်ပြု ခံရလိုသူချည်းသာ ဖြစ်ပါသည်။ မိမိက စေတနာကြီးမားစွာ အနစ်နာခံ ဆောင်ရွက်ခဲ့ရသလောက် တုံ့ပြန်မှု မရလျှင်တောင် အထိုက်အလျောက်တော့ အသိအမှတ်ပြုခံချင်သည်မှာ လူ့စိတ်၏ သဘာဝတစ်ခု ဖြစ်ပါသည်။ ငွေကြေးအမြတ် ရရှိရေးကို ဦးစားပေး ရေ့ရှကာ ရေးသားနေကြသူအချို့မှာ အမည်နာမ ထင်ရှားကြီးမားလာပြီး စိတ်ကောင်းစေတနာ အရင်းခံသော စာရေးဆရာများ၏ အမည်တို့မှာ မထင်ရှားသလို ဖြစ်နေရရှာခြင်းကို စာဖတ်သူတို့လည်း စိတ်မကောင်းပါ။

ကျွန်တော်သည် သာမန် စာဖတ်ပရိသတ်တစ်ဦးသာ ဖြစ်ပါသည်။ အကျိုးပြု ရည်ရွယ်ချက်ဖြင့် စာကောင်းပေကောင်းများ ရေးသားနိုင်ကြသည့် စာရေးဆရာကြီးများ အထက်ပါကဲ့သို့ နေရာမရဟု ထင်ကာ ကလောင်ကို လက်မှချ၍ ဘေးထွက် အနားယူသွားကြမည်ကို များစွာစိုးရိမ်မိပါသည်။ ထို့ကြောင့် ဤဆောင်းပါးဖြင့် စာဖတ်သူတစ်ဦးအမြင်မှ ပြန်လည်တင်ပြအားပေးလိုပါသည်။

ကျွန်တော်လေးစား ခင်မင်သော စာရေးဆရာ လူလတ်ပိုင်း ပုဂ္ဂိုလ်တစ်ဦးရှိပါသည်။ (အထက်ပါ စာရေးဆရာကြီးနှင့်လည်း သူတို့ချင်း ရင်းနှီး

ခင်မင်ကြပါသည်။ စာပေဟောပြောပွဲများ အတူသွားလာခဲ့ကြဖူးကြကြောင်း မှတ်မိနေပါသည်။) ဤစာရေးဆရာ ပြောပြဖူးသည့် အတွေ့အကြုံတစ်ခုကို သတိရလိုက်မိပါသည်။

တစ်ခါက သူ့ကို နယ်မြို့တစ်မြို့မှ စာပေဟောပြောပွဲအတွက် ဖိတ်ကြားသည်။ ဆုလက်ဆောင် တစ်ထောင်ဖိုးလည်း ပေးပါမည်ဟု ဂတိခံကြသည်။ လေယာဉ်ဖြင့် သွားရပြန်ရမည်။ ဟိုက စားစရိတ်အားလုံး ကျခံပေးမည်ဖြစ်၏။ အကြောင်းမညီညွတ်သဖြင့် မသွားဖြစ်ခဲ့။

ထိုရက်များနှင့် တိုက်ဆိုင်လျက် သူ့ကို ရန်ကုန်မှ မနီးမဝေး ကျေးရွာတစ်ရွာမှ အလယ်တန်းကျောင်းတစ်ကျောင်းက ဟောပြောပေးဖို့ ဖိတ်ခေါ်သည်။ ကားလမ်း မပေါက်၊ ကားလမ်းမ,မှ ရွာသို့ ငါးမိုင်ခန့် လှည်းစီးရသည်။ ဤစာရေးဆရာ လိုက်ပါဟောပြောဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူလေးများ ကျောင်းတံခါးဝမှ ကျောင်းဆောင်အထိ ဝဲယာက ပန်းစည်းကမ်း၍ ကြိုဆိုကြသည်။ စာရေးဆရာလာသည်ဟု ဝမ်းသာအားရှိကြသည်။ "မင်္ဂလာပါဆရာ" ဟု သံပြိုင်အော်၍ နှုတ်ဆက်လိုက်သည်။ ရုပ်ဝတ္ထုလက်ဆောင်ပစ္စည်းတစ်ခုတစ်လေမှ မရခဲ့သော်လည်း ဆရာသည် လွန်စွာ ကျေနပ်ဝမ်းသာခဲ့သည်။ "ရက်မရလို့ ခရီးဝေး မလိုက်သွားနိုင်ဘဲ နီးရာနေရာလေး လိုက်ခဲ့မိတာ အရွေးမှန်သွားတယ်ဗျို့"ဟု ကြည်နူးအားရမှုကို နားထောင်နေသူ ကျွန်တော်ပါ ကူးစက် နှစ်သက်အောင် ပြောပြနိုင်လေသည်။ သူ့ရင်မှာ လှိုက်လှိုက်လှဲလှဲ ကျေကျေနပ်နပ် ခံစားခဲ့ရပုံကို ကျွန်တော် ကူးစက်နားလည်မိပါသည်။ တစ်ထောင်နှစ်ထောင်တန် လက်ဆောင်များကို သူ သွားရည်ကျခဲ့မိမည်မှန်သော်လည်း "မင်္ဂလာပါဆရာ" ဟု ဖော်ရွေပျူငှာစွာ ကြိုဆိုခဲ့ကြသည်ကို ပို၍ မြတ်နိုးတန်ဖိုးထားတတ်ခြင်းကို အလွန်လေးစားမိပါသည်။ မည်သို့ဖြစ်စေ လူတစ်ဦးနှင့်တစ်ဦး တစ်ဦးတည်း၌ပင် တစ်ချိန်နှင့်တစ်ချိန် တန်ဖိုးထားမှုခြင်း မတူညီကြသည်ကတော့ သေချာပါသည်။

ထို့ကြောင့် အသက်အရွယ်ကလည်း ကြီးလာ၊ ကဗျာဝတ္ထုတိုလည်း ရေးချင်စိတ် ကုန်ခန်းနေသည်။ အကျိုးပြု စာပေလေးတွေ အပင်ပမ်းခံပြီး ရေးသားချင်သော်လည်း အသိအမှတ်ပြုပေးမည့် စာဖတ်ပရိသတ်များ ရှားပါးသွားမည်လား။ မထင်မှတ်သင့်ပါကြောင်း စာပေခရီးမှတ်တမ်း ရေးသားသည့် စာရေးဆရာကြီးနှင့် ဝါရင့်စာရေးဆရာကြီးများအား တင်ပြလိုပါသည်။

ဆုလက်ဆောင် တစ်ထောင်ကျော်တန်တွေ မပေးနိုင်သော ကျွန်တော်တို့ဘဝမှာ ပန်းစည်းကလေးတွေ ကိုင်ကာ ရယ်လျက် "မင်္ဂလာပါဆရာ"ဟု လှိုက်လှဲစွာ အော်ဟစ်နေကြသည့် ကလေးများနှင့် ပမာတူပါသည်။

နှစ်ဆယ်အစိတ်တန် လုံးချင်းစာအုပ်များကို ဝယ်မဖတ်နိုင် မသိမ်းနိုင်သည်မှာ ဝန်ခံရမည့် အမှန်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ လေးစားကြည်ညိုသော စာရေးဆရာကြီးများ၏ စာကောင်းပေကောင်းများသည် စာအုပ်ဈေးကွက်၌ အရောင်းမသွက်သဖြင့် ထုတ်ဝေသူ ရှားပါးပြီး (မရှိသလောက်ဖြစ်နေပြီး) ဆရာကြီးတို့ မျက်နှာငယ်ကြမည်မှာလည်း အမှန်ပင် ဖြစ်ပါလိမ့်မည်။ သို့ရာတွင် မဂ္ဂဇင်းများတွင် တတ်နိုင်သမျှ ရေးပေးစေချင်ပါသည်။ စာတည်းဆရာများကိုလည်း ထိုထိုဆရာကြီးများ၏ စာကောင်းပေကောင်းများကို စေတနာရှေ့ထားပြီး ထည့်သွင်း ဖော်ပြပေးကြပါရန် အနူးအညွတ် ပန်ကြားပါရစေ။

ကျွန်တော်တို့လို ဝင်ငွေလစာ နည်းပါးပြီး တစ်လတစ်လ စာရင်းချ၍ စိစစ်စွာ သုံးနေကြရသူ အများစုမှာ လစဉ်ထုတ် မဂ္ဂဇင်းတွေကလည်း များသဖြင့် တတ်နိုင်သမျှလည်း စုံစုံလင်လင် ဖတ်ချင်မိသည်ကြောင့် တစ်လတစ်လ နောက်ကျခံပြီး အငှားဆိုင်မှ ငှားဖတ်ရပါသည်။ ယခုလထုတ် မဂ္ဂဇင်းအသစ်တစ်အုပ်ငှားခ တစ်ကျပ် (သို့မဟုတ်) ပြားရှစ်ဆယ်ဖြစ်ပြီး နောက်လ၌ အဟောင်းအဖြစ် ပြားငါးဆယ်၊ ပြားလေးဆယ်နှင့် ရပါသည်။ တစ်အုပ် ငှားဖတ်မည့်အစား တစ်လစောင့်စားပြီး နှစ်အုပ်ဖတ်ပါသည်။ စာဖတ်ပရိသတ်၊ စာပေမြတ်နိုးသူကျွန်တော်တို့ဖက်မှာလည်း အကန့်အသတ် အခက်အခဲတွေ ရှိပါသည်။ ဥပမာတစ်ခု တင်ပြခြင်းမျှသာ ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ အကျိုးပြုရည်ရွယ်ချက်ဖြင့် ရေးသားကြသည့် ဆရာကြီးများ အခက်အခဲ တစ်စုံတစ်ရာကြောင့် စိတ်ဓာတ်မကျဆင်းစေလိုပါ။ အားငယ်သိမ်ငယ်ခြင်းလည်း မဖြစ်ကြစေလိုပါ။ စာရေးသူ အမျိုးမျိုးရှိသကဲ့သို့ စာဖတ်သူ အစားစား ရှိပါသည်။ အသိအမှတ်ပြုမည့် ပရိသတ် မရှိတော့ဟု အထင်မမှားစေလိုပါ။

ဆရာကြီးတို့၏ အကျိုးပြုစာပေများကို လေးစားစွာစောင့်ဖတ်၍ ဂရုတစ်စိုက် မှတ်သားနာယူနေကြသူတွေလည်း များစွာရှိပါသည်။ စာဖတ်သူများမှာ ဤစာရေးဆရာသည် စိတ်ကောင်းစေတနာရှိသည်။ ဤစာရေး

ဆရာကား အမျိုးသားစိတ်ဓာတ် အခြေခံကောင်းသည်။ ဤစာရေးဆရာကား ယဉ်ကျေးမှုအမွေအနှစ်ဟောင်းများကို ဖော်ထုတ်ပေးထတ်သည်ဟု ယေဘုယျ အမှတ်သညာတစ်ခုရတော့ ကျန်ရစ်ပါသည်။

အထက်ပါ စာရေးဆရာကြီး၏ စိတ်မချမ်းမသာဖြစ်မှုကို နှစ်သိမ့်ရန် စဉ်းစားရှာဖွေသောအခါ အမှတ်မထင် ဖျဉ်းမနား ဖမောင်နီသင်း၏(၈၅/ မတ်လ ၊လုံမလေးမှ) ကဗျာတစ်ပုဒ်ကို တွေ့လိုက်ရပါသည်။ ကဗျာအဆုံးပိုင်း၌

"ပန်းခင်းပျိုးသူ
မေ့ကြမှုလည်း
ကြည်ဖြူချမ်းသာ
ခွင့်လွတ်ပါ၏
ငါ၏ဘဝ
ငါ့လော...ပ၌
အလှဖန်ဆင်း
ပြုစုခြင်းဖြင့်
ရင်တွင်းအပြည့်
ငါ့ပီတိ
လရောင်အောက်က
နှင်းပေါက်အိ။

လရောင်အောက်က နှင်းပေါက်အိ ကဲ့သို့ အေးမြရပါဘိ တဲ့။ မိုးပြာနရောင် နောက်ခံကား ညာ၊ မှုန်ဝါးဝါးအဝေး ရှုခင်းရှေ့မှ မှန်ဘီလူးနှင့် အနီးကပ်မြင်ရသည့် ကြည်လင်သန့်စင်သော စိန်ကဲ့သို့ ဝင်းလက်နေသည့် နှင်းပေါက်အိ။ ဆရာမောင်နီသင်းကိုလည်း အထူးရှီးကျူးချင်မိ၏။ ဥယျာဉ်မှူး၏ ပီတိကို သူ ဖွဲ့ဆိုရာတွင်--။

ပင်မြင့်ပန်းငုံ ရွှေဝတ်မှုန်ကို အရုဏ်မှသည် မိုးချုပ်သည်ထိ သူ စောင့်ရှောက်ခဲ့၏။ မှန်လို ကြည့်၏။ ပန်းများ ပွင့်လာသောအခါ သူသည် ခူးလိုသူ မဟုတ်။ ပန်လိုသူလည်း မဟုတ်။ ပန်းပွင့်သည်ကို မြင်လိုသူမျှသာ။

ပန်းတို့ပွင့်ပြီး တင့်တယ်သည်ကို သူသည် ပီတိဖြင့် ကျေနပ်နေလေသည်။

ချွေးစက်ရေစက် သူ ဖြန်းပက်ခဲ့ရသဖြင့် ဘာမျှ မယူ၊ ဘာမျှ မရ။ သူက ပေးသူ သက်သက်။ ထို့ကြောင့် အေးမြရပါဘိ။ သူက ဘာမျှ မရယူ လိုသော်ငြားလည်း အလျှံအပယ် အပြည့်အဝ သူ ရရှိသွားလေပြီ။

ဘာလဲ---။

လရောင်အောက်က နှင်းပေါက်အိပါ။

အေးမြသည့် ပီတိအရသာ။

လုံလောက်နိုင်ကောင်းပါပြီ။ ပီတိနှင့် ဘာ ကျေနပ်ပါဟု အခြား ဘာမျှ မတတ်နိုင်သေးသည့် စာဖတ်ပရိသတ်တစ်ဦးအနေနှင့် အားပေးရပါတော့သည်။

ချစ်နိုင် (စိတ်ပညာ)
သောင်းပြောင်းတွေလာ၊ ၁၉၈၈၊ ဩဂုတ်လ။

☆ ☆ ☆

ကဗျာနှင့် အတွေးထောင့်

၁၉၉၇ ခုနှစ်၊ ခွန်လထုတ် ငွေတာရီ အဖွင့်ကဗျာတစ်ပုဒ်ကို ကျွန်တော်၏ သူငယ်ချင်း တစ်ယောက်က သဘောမကျပါဟု ဆို၏။ ကျွန်တော်၏ သူငယ်ချင်းကို ကျွန်တော်က ဘာမျှ စောဒက မတက်လို။ အနုပညာ ပစ္စည်းတစ်ခုကို သူသည် သဘောကျချင်လည်း ကျမည်။ သဘောကျချင်မှလည်း ကျမည်။ ကျွန်တော်ကတော့ ဒီကဗျာလေးကို ဖတ်၍ အားတက်မိသည် အမှန်ပင်။ ဤသည်ကား ကျွန်တော်၏ ခံစားချက်။

၁၉၉၀ ပြည့်နှစ်လွန်သောအခါ ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ ချိန်ခွင်လျှာသည် ပျက်ပြားသွားသည်။ ၁၉၆၀ လွန်နှစ်များဆီမှစ၍ ဆိုဗီယက်နှင့် တရုတ်တို့သည် ကွန်မြူနစ်ဝါဒချင်း တူပါလျက်နှင့် အငြင်းအခုန်ဖြစ်ကာ ဘယ်သူက ပြန်လည်ပြင်ဆင်ရေးသမား၊ ဘယ်သူက လက်ဝဲစွန်းရောက်သမား ဟု စွပ်စွဲကြရင်း ခွာပြဲခဲ့ကြသည်။ ဤအကွဲကို သပ်လျှိုကာ ဟိုဖက်တစ်မျိုးပြော၊ ဒီဖက်ကို တစ်ဖုံဆို၍ ပို၍ သွေးခွဲပြီး အနောက်နိုင်ငံကြီးတစ်ခုသည် အင်အား အကြီးဆုံး ဖြစ်လာခဲ့သည်။

ဆိုဗီယက်နိုင်ငံကြီး ထိန်းမနိုင် သိမ်းမရ ဖရိုဖရဲ ပြိုကွဲသွားခဲ့ပြီဆိုတော့ အရင်းရှင်နိုင်ငံကြီးတစ်ခုကို ဩဇာယှဉ်နိုင်သူ မရှိ။ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးရာထူး ခန့်ထားရေးကိစ္စ၌ပင် အာရှ၊ အာဖရိက နိုင်ငံများနှင့် အာရပ်နိုင်ငံအချို့က ဘူးထရို့စ် ဘူးထရို့စ်ဂါလီကို အားပေး ထောက်ခံနေသည့်ကြားက မဟာအင်အားကြီးနိုင်ငံ (အာဏာရ ပါတီ ခေါင်းဆောင်အစု)မှ အလိုမကျသဖြင့် တင်းတင်းမာမာ ပယ်ချလိုက်၏။ ရုရှားလည်း မကာယ်နိုင်။ တရုတ်လည်း မကူနိုင်။ သူ၏ ဩဇာအရှိန်အဝါက

ပစ္စုပ္ပန်မှာ လျှမ်းလျှမ်းတောက် ဖြစ်နေချိန်။ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် သူ့ဩဇာကို လွှမ်းဆန်ဖို့ရာ ခက်ပေလိမ့်မည်။

မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ သူသည် ဓနအင်အားအရလည်းကောင်း၊ သိပ္ပံနှင့် နည်းပညာ အဆင့်အတန်း အရလည်းကောင်း၊ ရေတပ်၊ လေတပ် အပါအဝင် သမုဒ္ဒရာ အစင်းစင်းမှာ ဖြန့်ချထားသော လက်နက်ကိုင် စစ်အင်အားအရလည်းကောင်း၊ တီဗွီ၊ ဗွီဒီယို၊ စာစောင်၊ ဂျာနယ် စသည့် လူထု ဆက်သွယ်ရေး မီဒီယာအများစုကို ချုပ်ကိုင်နိုင်စွမ်း ပါဝါအရလည်းကောင်း အင်အားကြီး၏။

ထိုအင်အားတို့ကို အသုံးပြု၍ တစ်ခုသော အရေးအရာမှာ ကျွန်ုပ်တို့နိုင်ငံ၊ ကျွန်ုပ်တို့လူမျိုးအပေါ် လွှမ်းမိုးဖိနှိပ်သည့် လက္ခဏာ ကျရောက်လာသည်။

စကားဥပမာ-

✳ <u>သစ်ပင်တစ်ပင်၏ ဝဏ္ဏသဏ္ဌာန်</u>

မောင်စိန်ဝင်း (ပုတီးကုန်း)

ရေသောက်မြစ်ကို ဖြတ်
ပင်စည်အကိုင်းအားလုံးကို
နန်းကြိုးနဲ့ပတ်စေ
ရေ၊ လေ၊ အလင်း မသေရုံပေး
ကြီးထွားမှု နှေးအောင်ထိန်းချုပ်
သက်ကြီးပု လုပ်ထားတဲ့ သစ်ပင်။

ကဗျာက တိုတိုပင်။ ၂-ပိုဒ်မျှသာ ပါသည်။ မြန်မာပြည်ကို မဖွံ့ဖြိုးအောင်၊ မတိုးတက်အောင်၊ ဆုပ္ပအုံကြွမှု၊ မငြိမ်သက်မှုတွေဖြင့် စီးပွားရေး၊ လူမှုရေး၊ နိမ့်ကျနေရစ်ခဲ့အောင် နည်းမျိုးစုံဖြင့် နောက်ယှက်ဖျက်စီးပြီး ပိတ်ဆို့တားဆီးခြင်း ခံနေရသည်။ ကဲ-ကျွန်ုပ်တော်တို့ဘက်က ကြည့်။ နောက်တစ်ပိုဒ်မှာ ဤသို့ တွေ့ရသည်။

ဗွန်ဆိုင်း---တဲ့
အကိုင်းအရွက် အရွယ်သေးစေ
အပွင့်ဝေတော့
ခရေဆို ခရေနံ့
ကံ့ကော်ဆို ကံ့ကော်နံ့သင်း

မွေးပျံ့ခြင်းက ပင်ကိုယ်အတိုင်း။

ကိုင်းဗျာ။ ဘယ်လိုပဲ ထိန်းချုပ်ထားစေကာမူ သူကတော့ မူလ အရည်အချင်းမှ တစ်ပြားသားမှ မလျှော့ပါဘူးတဲ့။ ဒါဟာ မြန်မာရဲ့ ဇာတိမာန် ပေါ့။

ကျွန်တော်တို့က မည်သူ့အကျိုးကိုမှလည်း မဖျက်ဆီး၊ ဖျက်ဆီး နှောက်ယှက်ရန် မဆိုထားပါဘိ။ ထိခိုက်ပါစေဟုပင် စိတ်ထဲက မကြံရွယ်ခဲ့ပါ။ ရန်သူဟူ၍ မည်သူ့ကိုမှ မသတ်မှတ်။ မိမိ၏ အချုပ်အခြာ အာဏာနှင့် လွတ်လပ်ရေး တည်တံ့ခိုင်မြဲဖို့ရာတော့ အလေးအနက်ထားသည်။ ကျွန်ဘဝဖြင့် နှံနှစ်ခဲ့ရသဖြင့် ခုချိန်အထိ လူလုံးမလှ ဖြစ်နေရသည်။ ဗြိတိသျှအစိုးရ၏ ကိုလိုနီ လက်အောက်ခံနယ်မြေအဖြစ် နှစ်ပေါင်း (၆၀) လောက် အတွင်းကြေ ကြေနေခဲ့ရသဖြင့် လူစဉ်မမှီအောင် ချိနဲ့ခဲ့ရသည်။ သွေးခွဲမှုဒဏ်ချက်တွေကြောင့် နှစ်ပေါင်း (၄၀)လောက် ပြည်တွင်းစစ်မီး လောင်မြိုက်နေခဲ့ရသေးသည်။

ဩဇာခံဘဝ၊ လက်အောက်ခံဘဝကိုတော့ နာကျင်ခါးသီးလွန်းလှသဖြင့် မရောက်လိုတော့ပေ။ ကိုယ့်အမျိုးသား တိုင်းပြည်ကို ကိုယ့်တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး ချစ်ချစ်ကြည်ကြည်နှင့် စုပေါင်းညီညာ ယူဆောင်ကြဖို့ စီမံနေပြီ။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေသစ်သည် ပန္နက်ရိုက်ခြင်းပင်ဖြစ်သည်။

အရွယ်သေးစေ၊ အပွင့်ဝေတော့

ခရေဆို ခရေနံ့

ကံ့ကော်ဆိုတော့ ကံ့ကော်နံ့သင်း

မွေးပျံ့ခြင်းက ပင်ကိုယ်အတိုင်း။

ခရေ၊ ကံ့ကော်တို့သည် တစ်စုံတစ်ရာသော နိမိတ်ပုံကို တင်စားခြင်းသာ ဖြစ်ပါသည်။ ကွက်လပ်နေရာမှာ မိမိစိတ်ကူးရှိရာကို ထည့်နိုင်သည်။ ခရေ ဆိုသည်မှာ အတတ်ပညာရှင်များဟုလည်းကောင်း၊ ကံ့ကော်ဆိုသည်ကား အသိပညာရှင်များဟုလည်းကောင်း ယူလိုက ယူနိုင်ကြပါ၏။ ကျောင်းသားတို့ သဘာဝ အေအခန်းနှင့် ဘီအခန်း ဘောလုံးကန်ကြရာ၌ အဆင်မသင့်လျှင် ရန်ဖြစ်ချင်ကြသည်။ သို့သော် တစ်ခြားကျောင်းနှင့် မိမိတို့ကျောင်း ကန်ကြပြီဆိုတော့ ဘီအခန်းက လူ၊ စီအခန်းက လူတွေနှင့်ပင် အပေးအယူမျှမျှ စည်းစည်းလုံးလုံး ကစားမှသာ နိုင်ပေလိမ့်မည်။ တိုင်းနှင့်ပြည်နယ်အဆင့်၊ နိုင်ငံကိုယ်စားပြုအဆင့်၊ အဆင့်ဆင့်မြင့်သွားလေလေ မိမိကျောင်းစွဲ၊ အတန်းစွဲ

သေးငယ်သော အုပ်စုစိတ်ဖြင့် သွေးကွဲမှုတွေကို ပယ်ဖျောက်ကြရလေလေ ဖြစ်သည်။ ညီညွတ်ကြရပေမည်။

သူက ခရေ၊ ငါက ကံ့ကော် ပွက်စီပွက်စီ ပြောဆိုနေရမည့်အချိန် ကာလ မဟုတ်တော့ချေ။ လေယာဉ်တင်သင်္ဘောပေါ်မှ ခလုတ်တစ်ခု နှိပ်ရုံမျှနှင့် ပြာကျစေလောက်သော စကြွောမ အတတ်ပညာနှင့် စွမ်းအားရှိသူတို့က မထိတထိ၊ ကလိတိတိ စ, နေသည့် အခြေအနေ။ သတိလည်း ရှိရမည်။ သတ္တိလည်း ရှိရမည်။ သည်းခံနိုင်စွမ်းသော စိတ်ဓာတ်ခွန်အားလည်း (ရှေးရှေးသော မြန်မာကြီးများ၏ အစဉ်အလာအတိုင်း) ပြည့်ဝရပေမည်။ အဓိကမှာမူ စိတ်တူ၊ သဘောတူဖြင့် အမျိုး၊ ဘာသာ၊ သာသနာကို ကာကွယ်စောင့်ရှောက် ကြမည် ဟူသော ခိုင်မာသည့်သန္နိဋ္ဌာန်ရှိကြဖို့ပင်ဖြစ်၏။ ငါးစာကိုသာမြင်ပြီး ငါးမျှားချိတ် မမြင်သူတို့ကတော့ ဓားသွားပေါ်က ပျားရည်စက်ကို မက်မောစွာ လျက်ခဲ့မိပြီ။

မည်သို့ပင်ဖြစ်စေ၊ အရေးကြီးပြီ၊ သွေးစည်းညီညွတ်ကြရမည် ဟူသော အသိနှင့် သတိကို မွေးဖွားပေးသဖြင့် မောင်စိန်ဝင်း (ပုတီးကုန်း) ၏ကဗျာလေးကို ကျွန်တော် ကြိုက်သည်။ ကျွန်တော့်သူငယ်ချင်းကို ကျွန်တော် ဘာ့ကြောင့် ကြိုက်သည်ကို ရှင်းပြလိုက်လျှင်တော့ သူကလည်း ဟုတ်ပါ့ဗျာဟု သဘောတူမှာ သေချာပါ၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်၏ သူငယ်ချင်းသည် စိတ်ရင်းဖြောင့်ဖြူး၍ ပွင့်လင်းစွာ ဝန်ခံရဲသူဖြစ်ခြင်းကြောင့်ပင်။ ကျွန်တော်တို့မှာ အခြေခံ အယူအဆ မကွဲကြပါ။ မြန်မာဟူသော လူမျိုး၏ ဂုဏ်သတ္တိကို စမ်းသပ်သော စိမ်ခေါ်ပွဲကိုတော့ ကျွန်တော်တို့ ဖြတ်သန်းကြရပေပြီ။ အမိမြန်မာနိုင်ငံတော် လွတ်လပ်ရေး၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မည်မျှ တာဝန်ကျေကြပါသလဲ။ မိမိသမိုင်းကို မိမိတို့ကိုယ်တိုင် ရေးနေကြလေသည်။

ဒါးတည်
ရန်ကုန်သံမဏ္ဍစင်း၊ ၉/၉၇။

☆ ☆ ☆

ပန်းချီ၊ ဂီတ နှင့် အမျိုးသားရန့်

လွန်ခဲ့သော (၅)နှစ်ခန့်က ကျွန်တော်သည် မလေးရှားနိုင်ငံသို့ ပညာသင်ယူရန် တစ်နှစ်တာမျှ သွားရောက်နေထိုင်ခဲ့ရလေသည်။ သင်ယူရသော ပညာရပ်များမှာ ကျေးလက်တောရွာနှင့် တောင်ပေါ်တောတွင်း၊ မြစ်ချောင်း အင်းအိုင်များအထိ လက်တွေ့လေ့ကျင့်ခန်းများ ကွင်းဆင်းရလေ့ရှိသဖြင့် မလေးကျွန်းဆွယ်အနောက်ခြမ်းသာမက အရှေ့ဘက်ခြမ်းသို့လည်း ရောက်ခဲ့ရပါ၏။ အရှေ့မလေးရှားဟုခေါ်သော ဆာရာဝပ်နှင့်ဘာဘားပြည်နယ်များသို့လည်း ရောက်ခဲ့ရပါ၏။

တာဝန်အရ ကား၊ ရထား၊ လေယာဉ်ပျံ၊ လှေ၊ သင်္ဘော စသည်တို့ဖြင့် မလေးရှားပြည်တွင်းသာမက အင်ဒိုနီးရှား၊ ထိုင်း စသည့် နိုင်ငံများသို့လည်း လေ့လာရေးခရီးတွေ သွားခဲ့ရ၏။ ၁၀–ရက် ခရီး၊ (၂)ပတ် ခရီး စသည်တို့ဖြစ်၏။ ကျွန်းဆွယ်ဒေသရှိ မြို့ပြရော၊ တောရွာတွေပါ ကျွန်တော် ရောက်ရှိခဲ့ရာတွင် ထိုင်း၊ မလေး၊ စင်္ကာပူ၊ အင်ဒိုနီးရှားတို့သည် မြန်မာကျေးလက်ဒေသထက် ပိုမိုတိုးတက်နေပြီကို ဝန်ခံရပါလိမ့်မည်။

ကျွဲ၊ နွားတို့ဖြင့် လယ်ယာ မထွန်ယက်ကြတော့ပါ။ အားလုံးလိုလို ထွန်စက်တွေ တဖုံးဖုံးဖြင့် ထွန်ယက်နေကြပြီ။ အကြိုအကြား တောင်ထိပ်များက ရွာကလေးအထိ ကတ္တရာကားလမ်းတွေ ပေါက်ပြီ။ ရွာသိမ်ရွာငယ်များအထိ ရွာလယ်ခေါင်၌ လူထုအများသုံး တယ်လီဖုန်းတွေ ရှိနေပြီ။ ညနေမှာ တံငါ လုပ်သူက တံငါလှေပေါ်က ဆင်းခဲ့ပြီးသောအခါ အုန်းပင်အခြေမှာ ရပ်ထားသော မော်တော်ဆိုင်ကယ်ကို တက်ခွစီးပြီး အိမ်ပြန်လာလေသည်။ လျှပ်စစ်မီးတွေ ကလည်း တောထဲတောင်ထဲ ချောင်ကျပေ့ဆိုသော ရွာကလေးအထိ ရောက်နေ

၏။ ပြည်တွင်းသောင်းကျန်းဆူပူမှု စောစောချုပ်ငြိမ်းခဲ့သဖြင့် ကျေးလက်အထိ ဖွံ့ဖြိုးရေး အစီအမံတွေ ကျွန်တော်တို့ထက် အနှစ် (၃၀)လောက်စော၍ ခရီး ရောက်ခဲ့ခြင်းပါ။ ဘာမျှ မဆန်းပါ။

ကျေးလက်တောရွာတွေမှာ ထောင်ကပ်ထားသည့် ကြော်ငြာပန်းချီကား အမျိုးမျိုးမှအစ မြို့တော်တွေ၏ ဟိုတယ်ကြီးတွေမှာ ပြသ,ထားသော ပြခန်းကြီးများတွင်ဖြစ်စေ၊ ယဉ်ကျေးမှုပြတိုက်၊ ပြခန်းကြီးများတွင် ရေးဆွဲထားသော ပန်းချီများတွင်ဖြစ်စေ (ကျွန်တော့်အမြင်) မြန်မာပန်းချီ ဆရာတွေလောက်တော့ အချိုးမကျ။ ကောက်ကြောင်းလက်ရာပဲ ကြည့်ကြည့်၊ အရောင်အစပ်အဟပ်ပဲ ကြည့်ကြည့်၊ အနေအထား အချိုးအဆပဲ ကြည့်ကြည့်၊ စုတ်ချက်လက်ရာပဲ ကြည့်ကြည့် ပန်းချီဆရာ၏ စိတ်ကူးစိတ်သန်းပဲ ကြည့်ကြည့် အားမရ။ အများအားဖြင့် စိတ်ကြိုက် မတွေ့။ အရှေ့တိုင်းရနံ့ ခန်းခြောက်နေသည်။

မြန်မာပန်းချီမှာ ဦးငွေကိုင်၊ ဦးအုန်းလွင်၊ ဦးဘကြည်၊ ဦးစိန်၊ ဦးအောင်စိုး၊ ဦးပေါ်ဦးသက်၊ ဦးခင်မောင် (ဘဏ်) စသည့် ပုဂ္ဂိုလ်များသည် မြန်မာ့ရိုးရာ ကောက်ကြောင်းကိုလည်း ကောင်းစွာနိုင်နင်းသည်။ အနောက်တိုင်း ပန်းချီစနစ်များကိုလည်း နားလည်ကျွမ်းကျင်ကြသည်။ ထို့ပြင် မြန်မာ့နား၊ မြန်မာ့မျက်စေ့ဖြင့် အမျိုးသား ပင်ကိုယ်အတွေးအခေါ် (National Identity) ရှိသည်။

စင်္ကာပူပန်းချီဆရာတွေ တော်ပါ၏။

မလေးရှားပန်းချီဆရာတွေလည်း တော်ကြပါ၏။

ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင် စသည်တို့သည် အလားတူပင်။

သူတို့ပန်းချီဆရာများထက် မြန်မာပန်းချီဆရာတွေ ရေးဆွဲသော ပန်းချီကားများကို ကမ္ဘာတစ်ဝှမ်းမှ ဝယ်ယူစုဆောင်းသူတွေက ဈေးပိုပေး၍ သိမ်းကြလေသည်။ မြန်မာ့လက်ရာကို ပိုမိုနှစ်သက်ကြသည်။ မြန်မာပန်းချီဆရာ ဆွဲတာကိုမှ ကြိုက်နေကြသည်။ မြန်မာပန်းချီကား စန်းပွင့်လှသည်။ ဘာ့ကြောင့်ပါလဲ။

အရောင် သဘာဝကျလို့။

အချိုးအစပ် ပိုမိုလှပ အချိုးကျလို့။

စုတ်ချက်လက်ရာ အံ့ညြဖွယ်ကောင်း ... သေသပ်ထူးချွန်လွန်းလို့။

အတွေးအခေါ် စိတ်ကူးစိတ်သန်း လုပဆန်းကြယ်လွန်းလို့---စသည်စသည် အကြောင်း အရင်းအမြစ် တွေ့ရှိကောင်း တွေ့ရှိနိုင်ပါသည်။ ဒါတွေ၏ အကျိုးအကြောင်း ခိုင်လုံမှု ရှိ၊ မရှိ ကျွန်တော် မသိပါ။ ကျွန်တော်က ပန်းချီပညာ ကကြီး ခခွေးပင် မတတ်။

ကျွန်တော်၏ရှုထောင့်မှ ခံစားနားလည်မှု တစ်ချက်ရှိသည်။ မြန်မာပန်းချီဆရာတွေက အခြေခံစနစ်ကောင်းခဲ့ကြသည်။ မျက်မှောက်ကာလ ပန်းချီတစ်ကားကို ငါးသိန်းမှ ဆယ်သိန်းအထိ ရရှိနေကြသော ပန်းချီဆရာလူငယ်အားလုံး (၈၀ ရာခိုင်နှုန်းကျော်)သည် ပန်တျာပန်းချီကျောင်းဆင်းများ အခြေခံကောင်းနှင့် ပင်ကိုယ်စွမ်းရည်ပေါင်းပြီး သူတို့၏ ဝိသေသတန်ဖိုးမှာ "မြန်မာမှု"ဟန် အသီးသီး ရှိနေခဲ့ကြခြင်းဖြစ်၏။ ဆရာကောင်းထံ နည်းနာခံခဲ့ကြသည့်ပြင် သူတို့က စာလည်း ဖတ်ကြ၏။

မြန်မာပန်းချီကားတွေ စင်္ကာပူ၊ ဟောင်ကောင်တို့မှာ လွန်ခဲ့သော ၃-၄ နှစ်မှစ၍ အံ့ဩလောက်အောင် ရောင်းကောင်းခဲ့သည်။ အံ့အားသင့်ရလောက်အောင် ဈေးကောင်းတွေ ရခဲ့ကြသည်။ ယခုမှ အစပင် ရှိပါသေးသည်။ မြန်မာပန်းချီဆရာများ စန်းပွင့်ဖို့ ဖူးငုံစ ကာလမျှသာ ရှိပါသေး၏။ မြန်မာ့ပန်းချီကို ကမ္ဘာ့ဈေးကွက်အထိ ရှေ့ဆက်ပြီး အကျယ်ပြန့်ဆုံး အနက်ရှိုင်းဆုံး ထိုးဖောက်နိုင်မည့် အလားအလာ ရှိပါသည်။ ပန်းချီသည် မြန်မာ့အနုပညာအဖြစ် တင်ပို့ကုန် Export ဖြစ်လာပါတော့မည်။

အဘယ့်ကြောင့်ပါနည်း။

မြန်မာ့မှုဟန် ပါရှိသောကြောင့်ဖြစ်၏။

သားကြီးကို ချီးမွမ်းသောအခါ အလိုလိုပင် သားငယ်ကို ခြေနင့်ကျောက်ရာ ရောက်ရပါတော့သည်။ မြန်မာ့ဂီတအချို့ အစိတ်အပိုင်းကတော့ သာယာသံ မဖန်တီးနိုင်ရုံမျှသာမက Export ထုတ်လုပ်နိုင်ဖို့ရာ သိပ်မမြင်။ နိုင်ငံခြားသားတွေ ကြားလျှင် "ဟင်--ဒါလားကွ မြန်မာဂီတ" ဆိုပြီး ဟားတိုက်လှောင်ပြောင်ရယ်မောစရာကောင်းသဖြင့် ကက်ဆက်ကို သူများနိုင်ငံသားရှေ့မှာ ကျယ်ကျယ်မဖွင့်ရဲ။

မြန်မာ့ရိုးရာ အခြေခံဂီတနှင့် ကင်းဝေးလှစွာ ပြည်ပဂီတကို ထပ်တူပုံတူကူး၍ အဟုတ်ကြီး ထင်သူတွေလည်း စင်ပေါ်တက်အော်နေကြ၏။ ကမ္ဘာအနံ့က တန်ဖိုးထား အလေးအမြတ် နှစ်သက်နေကြသည့် မြန်မာ

ပန်းချီဆရာလေးများ၏ ၅ သိန်းတန်၊ ၁၀ သိန်းတန် ပန်းချီကားကြီးများကို တစ်လလျှင် (၁၄)ကား၊ (၁၅) ကား ရေးဆွဲနေကြချိန်တွင် ဂီတလောက တစ်စိတ်တစ်ဒေသမှာမူကား နိုင်ငံခြားကို ပုံတူထပ်တူကူးယူမှု အဆင့်မြင့်သည်ဟု ထင်သူတို့က ထင်မြင်ယူဆနေဆဲပင်။

မြို့မငြိမ်း၊ ကိုစောငြိမ်း၊ စိုင်းခမ်းလိတ်တို့၏ ဂီတမျိုးကို အမွေဆက်ခံ ထိန်းသိမ်းရကောင်းမှန်း မသိကြသူတို့လည်း ရှိလေသည်။ အမျိုးသား ပင်ကိုယ်ရနံ့ကင်း၍ တန်ဖိုးမြင့်မားသော ဂီတ သို့မဟုတ် ယဉ်ကျေးမှုကို မထုထောင်နိုင်ပါ။

ကမ္ဘာ့ဂီတကို လေ့လာနံ့စပ်ခြင်းသည် ကောင်းပါသည်။ အားလည်း ပေးသင့်ပါသည်။ နားလည်တတ်ကျွမ်းကြခြင်းကို ဂုဏ်ပြုရပါမည်။ သို့ရာတွင် အမျိုးသားဟန်ကို အခြေခံမှ အဖိုးတန်ပါသည်။ မြန်မာလူငယ်တို့၏ ပန်းချီသည် အမျိုးသားအားမာန်ဖြင့် ဂုဏ်တင့်စွာ ကျယ်ပြန့်လာနေချိန်တွင် မြန်မာ့ဂီတသည် "ခိုးချ နောက်လိုက်ဘဝ" ဖြင့် ကျုံ့ဝင်နေမည်ကိုတော့ မလိုလားပေ။

ယိုးဒယားဂီတ၊ မွန်ဂီတ၊ ကရင်ဒိန်းသံ စသည်တို့အပြင် ဘရင်ဂျီ ဘုရားရှိခိုးကျောင်း ဆုတောင်းဝတ်ပြုတေးသံတို့ကိုပင် မြန်မာ့ဂီတ ကိုယ်ပိုင် သီချင်းကြီး၊ သီချင်းခံဖြစ်အောင် ချဲ့ထွင်၍ စုတ်ယူနိုင်ခဲ့သော မြဝတီမင်းကြီးဦးစ၊ ပြင်စည်မင်းသားကြီး အစရှိသည့် ဂီတပညာရှင်များ၏ ဉာဏ်ပညာပါရမီတို့ကို အတုယူစေလိုပါသည်။ ရှေးရိုးသမားစဉ်သက်သက် တစ်ဖက်သတ်ယူ၍ ရပ်တန့်နေရန်လည်း မဟုတ်ပါ။

ခေတ်အလျောက် ဆန်းသစ်တီထွင်ခြင်းများ၊ စမ်းသပ်ထိုးဖောက်ခြင်းများ ပြုလုပ်ကြသည်ကို အားပေးကြိုဆိုပါသည်။ သို့သော် အရိုးကို အရွက်မဖုံးဖို့ ရာတော့ လိုပါမည်။

ဆောင်းပါးရှင်၏ စေတနာကို ဖော်ပြ၍ နိဂုံးချုပ်ပါရစေ။ ပန်းချီဖြစ်စေ၊ ဂီတဖြစ်စေ၊ ယဉ်ကျေးမှု အနုသုခုမတို့မည်သည် အမျိုးသားပင်ကိုယ်ဟန်ပါရှိမှ အဖိုးတန်အဆင့်ကို ရရှိနိုင်ကြပါလိမ့်မည်။

ချစ်နိုင် (စိတ်ပညာ)
မဟာမဂ္ဂဇင်း
အတွဲ(၁)၊ အမှတ်(၁၅)

☆ ☆ ☆

အရိုးနှင့်အရွက်

ကျွဲနဲ့ ယုန်သူငယ်
ဂျိဒရယ် ပျော်ဖွယ်ဖိုမ
မြူးကြတဲ့ စုံတောမြိုင်---။

သိန်းတန်(မြန်မာပြည်) ဆိုသည်ကို ကြားဖူးကြပါလိမ့်မည်။ ရေဒီယိုမှ စုံတောမြိုင်သီချင်းကိုတော့ ခင်ခင်ညွန့်က ဆိုထားပါ၏။ ဓာတ်ပြားဟောင်း သီချင်းတစ်ပုဒ်။ လွမ်းလွမ်းဆွေးဆွေး ခံစားနေရစဉ်မှာ စုံတောမြိုင်လို သီချင်းမျိုးကို ကြားရလို့ကတော့ မျက်ရည်ဝိုင်းလောက်၏။ တောတောင်မြစ်ချောင်းအင်းအိုင် သဘာဝအလှပန်းချီတို့ကို ဆွတ်ပျံ့ဖွယ် ဂီတဖြင့် ဖွဲ့ဆိုခြင်းများသည် များစွာ ရှိပါသည်။ ရှေးခေတ် တောဘွဲ့ တောင်ဘွဲ့ တေးကဗျာများလည်းရှိခဲ့သည်။ မကြာသေးသောကာလအထိ ကဗျာနှင့် တေးဂီတတို့မှာလည်း ရှိခဲ့ကြသည်။

မျက်မှောက်ကာလ ထွက်နေကြသည့် ဂီတသီချင်းတွေထဲမှာတော့ တောတောင်ရေမြေသဘာဝ ပတ်ဝန်းကျင်၏ လှပပုံ၊ သာယာပုံ၊ ကြည်နူး မြတ်နိုးစရာကောင်းပုံများကို ရေးဖွဲ့သီဆိုမှုများ ရှိမှရှိပါလေရဲ့လား။ ကျွန်တော် မသိ။

Aurora
Aces
Iron Cross
Emperor
Wild One
Oasis
Summer Rose
L.A. Boys (U.S.A.)

Play Boy

Love, Peace and Joy စသည့်-

မြန်မာလို မှည့်ခေါ်ထားခြင်း မရှိသော ဂီတဝိုင်းနှင့် တေးထုတ်လုပ်ရေး ဌာနများစွာသည် မြန်မာပြည်၏ ရနံ့မပါသော အင်တာနေရှင်နယ် ဒုံဒုံ ဝွမ်ဝွမ်များကို လွတ်လပ်စွာ ဖန်တီး ထုတ်လုပ်ခဲ့ကြပါ၏။ မည်သူကမှ မတားကြ။ လွတ်လပ်ခွင့် ရ၏။ ဂီတသည် ဖန်ဆင်းရသောအရာ ဖြစ်၏။

အသံအဖွဲ့အနွဲ့သည် အသစ်။

စာသားသည် အသစ်။ ကဗျာစိတ်ကူးမှ မိုးယူခြင်းလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

တေးသွားသည် အသစ် သို့မဟုတ် မိုငြမ်းပြုထားခြင်းလည်း ဖြစ်ချင် ဖြစ်နိုင်ပါ၏။ မြန်မာဆန်လျှင်လည်း ဘာမှမဖြစ်။ မြန်မာမဆန်ဘဲ ဘိုသံတွေ ဖြစ်နေလျှင်လည်း ဘယ်သူကမှ ဘာမှ မပြော။ ရေးချင်ရာရေး၍ ဆိုချင်ရာ ဆိုခွင့် ရနေကြပါ၏။ အနုပညာသမားက လွတ်လပ်မှုကို ကြိုက်သည်။

အနုပညာသမားသည် ချုပ်ချယ်သည်ကို မလိုလား။ ကန့်သတ်မှုကို သဘောမကျ။ ဖိနှိပ်လာလျှင်တော့ ဝေးရော့။ ပြဒါးတစ်လမ်း သံတစ်လမ်း။ ဒုံးဒုံးဝွမ်းဝွမ်းတွေ နားညီးလာတော့ သန်းထွန်းလေးဆိုခဲ့ဖူးသည့် မမေ့သော အညာလို ရွှေခင်းမြင်ကွင်းကို (ဂီတစာဆို ကိုလေးလွင်) ရေးဖွဲ့ပုံမျိုးသို့ နားဆင်သူ ပရိသတ်က တောင့်တ,လာသည်။

"မွေးဌာနီ အညာရပ်ဆီသို့ ရော်ရည်မျှော်မှန်း စိတ်ဝယ်တမ်းတ"။

ထို့ကြောင့် ပိုးအိစံတို့ တွံတေးစိုးအောင်တို့၏ တေးများ လူထု၏ အားပေးမှုကို ရခဲ့ကြလေသည်။ ထင်မှတ် မှန်းဆထားသည်ထက် အဆပေါင်း များစွာ အောင်မြင်ကြလေသည်။

တွံတေးသိန်းတန်၊ ဟသ်ာတထွန်းရင်တို့၏ တေးများ ခေတ်စားသော လွန်ခဲ့သော ၃၅ နှစ်ကာလမှသည် ယနေ့အထိ မြန်မာဆန်သောအတွေများ၊ မြန်မာ့ဟန်ပါသောအဖွဲ့များ၊ မြန်မာပီသသော ဟန်ဖြင့် တေးများသည် အဆက်မပြတ် ပြည်သူလူထု၏ အားပေးမြှောက်စားမှုကို ရကြပါ၏။

စကားလုံး မပီမသ ဗလုံးဗထွေးနှင့် စကားလုံးတစ်ခုခုကို အကြိမ်ကြိမ် နားညီးလောက်အောင် ထပ်ခါထပ်ခါ အသံကုန်ဟစ်၍ အော်သော ဂီတသည် သာယာသံ မဖြစ်လှပါ။ ကော်ပီများသည် ကြာကြာမခံ။

ကဗျာလည်း မဆန်။

အတွေးကလည်း မလှပသည့်အပြင် ကြမ်းကြမ်းရှရှ ရှိလှသည်။

သံစဉ်ကလည်း နားဝင်ပီယံ မဖြစ် ။ချိုသာနွဲ့နှောင်းခြင်း သို့မဟုတ် နူးညံ့ပျော့ပြောင်းခြင်း မရှိ။ ထိုကဲ့သို့သော တေးများသည် နှစ်ပေါင်း ၂၀ ကျော်မျှ ပေါ်ထွန်းလာသော်လည်း တိုးတက်ဖွံ့ဖြိုးမှုတော့ များစွာမရှိလာဟု ထင်မိသည်။

ဘာ့ကြောင့်ပါနည်း။

ပြည်သူလူထု၏ ထောက်ခံမှု မရ၍။

ဘာ့ကြောင့် ပြည်သူနှင့် ဝေးရသနည်း။

အနောက်နိုင်ငံက ဘီတဲလ်၊ အက်ဘာ၊ ရောစတီးဝပ်၊ ဘရုစတင်းစတန်း၊ မိုက်ကယ်ဂျက်ဆင် စသည်စသည်တို့၏ ဂီတကို ခပ်လွယ်လွယ် ပုံတူကူးချခြင်း ကိုက "ပင်ကိုယ် ပင်မ ရေစီးကြောင်း"နှင့် ကင်းကွာသောကြောင့် ခမ်းခြောက် သည့်သဘော ဖြစ်ပါ၏။

မည်သူ့ကိုမှ အပြစ်မပြောပါ။

အမျိုးသားရေး ပင်ကိုယ်ဟာန် အငွေ့အသက်ကလေးတော့ နည်းနည်း ကလေးဖြစ်စေ ပါမှ မြန်မာက ဖန်တီးသည့် မြန်မာ့ဂီတ ဖြစ်ပေမည်။ အမျိုးသားရေး အခြေခံ အောက်ခြေလွတ်သော ဂီတသည် အဘယ်မှာ တည်တံ့နိုင်ပါအံ့နည်း။

အားမပေးသော ပြည်သူလူထုကို နားဝေးရန်ကောဟု အပြစ်မပြောပါနှင့်။ မိမိ၏ အမှားကိုသာ မိမိ ဝေဖန်သုံးသပ်သင့်ပါ၏။

ဂီတရေစီးကြောင်းမှာ ရှေ့လူတို့ဆီက စနစ်တကျ တပည့်မခံဘဲနှင့် ထိုးဖောက်ထွက်ပြီး တစ်စင်ခွဲ၍ ထောင်သူများ ပေါ်ပေါက်လာကြပါသည်။ ဉာဏ်ရည်ရင့်သန်၍ ပါရမီရှိသူများလည်း တွေ့ရပါ၏။ အမိဝမ်းကို ဖောက်၍ ထွက်သောမြွေကဲ့သို့ မိခင်ကို သေစေ၏။ မိမိကိုယ်လည်း မိမိ၏ သားသမီး မြွေတို့က ထိုသို့ပင် သတ်မည်သေချာ၏။ နောက်လူတို့သည် မိမိဖန်တီးခဲ့သော ဂီတကို ရွံ့ချစွန့်ပယ်ကြမည်မှာ မလွဲဧကန်။ အဖကိုသတ်သော အဇာတသတ် သည် အဖသတ်သောသားဖြင့်သာ ဝဋ်လည်ရတတ်သည် အမှန်။

ဆန်းသစ်ခြင်းကို ကြိုဆိုပါ၏။ တီထွင်ခြင်းကို အားပေးပါ၏။ သစ်လွင်ခြင်းကို နှစ်လိုပါ၏။ ထို့ကြောင့် လွတ်လပ်စွာ ဉာဏ်ကျက်စားခွင့်

ရှိစေချင်ပါ၏။ ယဉ်ကျေးမှု လက်ဆင့်ကမ်း တာဝန်ကိုတော့ မပျက်ကွက်စေချင်ပါ။

ဤသည်ကား ကျွန်တော်တို့၏ ဖြူစင်သော စေတနာ မေတ္တာ စကားဖြစ်ပါ၏။

ချစ်နိုင် (စိတ်ပညာ)

☆ ☆ ☆

ပုဆိုးမဝတ်သော အဆိုကျော်များ နှင့် ထဘီမဝတ်သော အဆိုကျော်များ

ခေတ်ရေစီးကြောင်းသည် ပြောင်းလဲနေမည် မမှတ်ပေ။ အချိန်သည် ရပ်တန့်မနေသကဲ့သို့ ခေတ်ကာလအခြေအနေတို့သည်လည်း တစ်ရံမလပ် ဒရစပ်ပင် ပြောင်းလဲနေလေသည်။ ထိုသို့ ဖြစ်ပျက်ပြောင်းလဲ ဖြစ်ပေါ်နေသမျှသည် သူ့အလိုအလျောက် ပေါ်ပေါက်လာကြခြင်းတော့ မဟုတ်ချေ။ သက်ရှိလူသားတွေ၏ စိတ်ကူးစိတ်သန်း၊ မျှော်မှန်းချက်၊ ထင်မြင်ချက်များ၏ စေ့ဆော်မှုကြောင့် ပြုလုပ်ဖန်တီးမှုကြောင့် ဖြစ်ပေါ်လာကြခြင်းပေတည်း။

ကျွန်တော်တို့သည် ဂီတ၌ မွေ့လျော်သဖြင့် ဂီတကို စိတ်ဝင်စားလေသည်။ ဂီတသည် ဘာသာစကားဖြင့် စာသားထည့် ဖွဲ့ဆိုထားရသည် မှန်သော်လည်း သံစဉ်တေးသွားများမှာမူ ဘာသာစကားနှင့် ယဉ်ကျေးမှု နယ်နိမိတ်ကို ဖြတ်ကျော်နိုင်သည်ဟု ကျွန်တော် ယူဆမိသည်။ အနောက်နိုင်ငံမှာတော့ တေးသွားတီးလုံးသက်သက်တွေ များစွာရှိသည်။

အလွမ်းသီချင်း တေးသွားကို ကုလား၏ အလွမ်းသည်လည်း ကျွန်တော်တို့ကို လွမ်းစေ၏။ သူ၏ နဲ့သံ၊ ပုလွေသံသည် ကြေကွဲမှုကို ဖော်ပြနေမှန်း ကျွန်တော်တို့ ခံစားနားလည်နိုင်သည်။ အဆွေးသီချင်း သံစဉ်များကို တရုတ် လွမ်းလျှင်လည်း ကျွန်တော်တို့ တရုတ်စကား နားမလည်သော်လည်း ခံစား၍ ရပါသည်။ အလွမ်းအဆွေးမျှသာ မဟုတ်။ အပျော်အမြူး၊ အလှုအကွန့်၊ အကွန့်အတက်တို့ကို အနီးစပ်ဆုံးတော့ ခန့်မှန်း၍ရသည်။ ဂီတနှင့် ပန်းချီကားသည် ဘာသာစကားနှင့် စာပေမပါဘဲ ဖြတ်သန်းစီးဝင်နိုင်စွမ်း သတ္တိရှိသည်။ စွမ်းအား ထူးခြားသည်။

အနောက်တိုင်းဂီတသံများသည် လွတ်လပ်ရေးမရမီကာလ၌ပင် ကြိုကြားကြိုကြား ဝင်ရောက်လာခဲ့သည်။ ဓာတ်ပြားခေတ်၌ပင် သံသေး သံကြောင်ဖြင့် မပီမသ ဝဲတဲတဲဆိုသော ဘိုသံတွေ ရှိခဲ့လေသည်။ သို့ရာတွင် နားထောင်ကြသူ ပရိသတ်က နားစိမ်းသဖြင့် လက်မခံ။ လွန်ခဲ့သော နှစ်ပေါင်း (၅၀)ကျော် အတိတ်ဂီတခရီးမှာ မြန်မာမှု သက်သက်ချည်း မဟုတ်ခဲ့သည်ကိုတော့ ရဲရဲပင် ဝန်ခံရပေလိမ့်မည်။ ဆိုင်း၊ နှဲ၊ ကြေး စသော မြန်မာ့ရိုးရာဂီတအပြင် စန္ဒယား၊ မယ်ဒလင်၊ ဂီတာ၊ ဆက်ဆိုဖုန်း၊ ကလယ်ရီနက် စသည်တို့ ခေတ်မီသော တေးသွားများ၊ အသံများ ရောစပ်တွဲဖက်လာခဲ့ပြီး ကြားသံ၊ စပ်သံ၊ ရှပ်သံ၊ သုံးပေါက်ခွဲ၊ ခြောက်ပေါက်ခွဲဝေ့ ထည့်လာကြပြီကို တွေ့ရမည်။

မောင်မောင်ကြီး၊ မောင်မောင်ညွန့်၊ တွံတေးသိန်းတန် တို့က မြန်မာလို ဝတ်ပြီး သီချင်းသီဆိုနေချိန်တွင် ဝင်းဦးက ဘောင်းဘီဖင်ကျပ်ဖြင့် စင်ပေါ်တက်၍ သီချင်းစ၍ ဆိုပါပြီ။ မီးပုံပွဲ၊ မမမိုး၊ ပီတောက်ရိပ်ဝယ် စသော တေးများသည် ပုဆိုးဝတ်ဆို၍ မကောင်းသော ကော်ပီသံစဉ်များ ဖြစ်နေ၍ သူတို့ကိုလည်း အပြစ် မဆိုသာ။

အနောက်တိုင်း တေးသွား အတော်များများကို မြန်မာစာသား ထည့်သွင်းပြီး သီဆိုအောင်မြင်ထင်ရှားခဲ့ပါသော်လည်း ဉာဏ်ရည် မနိမ့်လှသော ကိုဝင်းဦးသည် ဆရာမြို့မငြိမ်းစသည့် ပါရမီရှင် တေးပြုပုဂ္ဂိုလ်များ၏ "မြန်မာ ပင်ကိုယ်ဟန်" ပါသော တေးပေါင်းများစွာဖက်သို့ ဆက်၍ မျက်နှာမူခဲ့သည်။ တိုက်ပုံနှင့် ပိုးပုဆိုးကို ဝတ်စားဆင်ယင်၍ မြန်မာ့အသံကို ကြိုးစား၍ သီဆိုသွားလေသည်။ မသေမီ အထိ။

ဦးစိန်ကတုံး၏ နှစ်ပါးသွား သီချင်းအပါအဝင် မြန်မာအသံ- မြန်မာအတွေး- မြန်မာဆန်၍ မြန်မာဟန်ရှိသော တေးအတော်များများကို ကိုဝင်းဦးသည် ဆရာရွှေပြည်အေး၊ မောင်ကိုကို၊ ကိုလှထွဋ် စသော ပညာရှင် များ၏ အကူအညီဖြင့် ပြန်လည်ဖော်ထုတ်သွားခဲ့ပါသေးသည်။ အနောက် တိုင်း တေးသွားများကိုချည်း တစိုက်မတ်မတ် လိုက်စားသွားခဲ့လျှင် ကိုဝင်းဦး၏ နေရာသည် ဂီတသမိုင်းမှာ အတော်ကလေး ကျဉ်းမြောင်းရှာမည် ဖြစ်၏။ ယခုမူကိုဝင်းဦးသည် ဂီတာကို လွယ်ပြီး ကြာမျက်လုံးဖြင့် ညုတုတုသီချင်း ဆိုရုံမျှသာမက မြန်မာ့ရိုးရာ ဂီတအမွေကို ရိုသေလေးစားရမည်၊ ထိန်းသိမ်း

မြင့်တင်ရမည်ဟု နားလည်ခံယူထားသူလည်း ဖြစ်သည်။ ကြိုးပမ်းအားထုတ်မှုများကိုလည်း တွေ့ခဲ့ရ၏။ သူ့သမိုင်းကို သူရေးရာမှာ အရုပ်မဆိုးလှပါ။

၁၉၈၀။

၁၉၉၀။

မကြာသေးမီကာလ ဂီတအနှစ် (၂၀) ရေစီးကြောင်းတွင်မှ ဒေါက်တာစိုင်းခမ်းလိတ်၊ စိုင်းထီးဆိုင်၊ မင်းအောင်၊ ကိုင်ဇာ၊ ခင်မောင်တိုး၊ တွံတေးစိုးအောင် စသည့်စသည့် မြန်မာသံ၊ မြန်မာဆန်သည့် တေးရေးသူဆိုသူ အနည်းငယ်မှအပ မြန်မာ့နား၊ မြန်မာ့မျက်စေ့ဖြင့် အတော်ကွာဟလွန်းသော ဒုံဒုံဗွမ်ဗွမ်တွေ သိသိသာသာ လွှမ်းမိုးလာခဲ့သည်။

စာသားကလည်း မပီ။

စကားလုံးကလည်း ထပ်လွန်းသည်။

အတွေးအခေါ်ကလည်း တိမ်သည်။

လှပမှု အနည်းငယ် တွေ့ရသော်လည်း အများစုကမူ ကြမ်းရှရိုင်းစိုင်းကြသည်။ ချစ်ခင်တွယ်တာချင်စရာ မရှိပါ။ တာရှည်လည်း မခံပါ။ နေ့မြင်ညပျောက်။ လျှင်မြန်စွာ ပစ်ပယ်ခံကြရရှာသည်။ တစ်ခါက ဘောင်းဘီဖင်ကျပ်နှင့် အင်္ကျီကွက်တိကွက်ကျားကို ရင်ဘတ်ကြယ်သီး ဖြုတ်ပြီး ဝတ်ခဲ့သော မြို့ပေါ်မှ (ထိုစဉ်ကာလအခေါ် လမ်းသူရဲ) လူငယ်တို့၏ သားသမီးများသည် ယခုအခါ ဂျင်းဘောင်းဘီအစုတ်ကို ဝတ်ပြီး စင်ပေါ်မှာ ခုန်ကာပေါက်ကာ မျောက်တစ်ကောင်လို မျက်စေ့ရှုပ်အောင် ခုန်ဆွခုန်ဆွ လုပ်ပြနေလေပြီ။ ဒါဟာ ဘာလူမျိုးလဲ။

အင်ဒိုနီးရှား ဂီတဖျော်ဖြေပွဲတွေကိုလည်း ကြည့်ခဲ့ဖူးပါသည်။ ရိုးရာဂီတ တိမ်ကောပပျောက်၍ အနောက်တိုင်းဩဇာကြီးမားပြင်းထန်စွာ လွှမ်းမိုးခံနေရသဖြင့် အမျိုးသားရေး ရင်မအေးသူတွေ စိတ်ညစ်နေကြသည်ကို တွေ့ခဲ့ရ၏။ အမျိုးသား ပင်ကိုယ်လက္ခဏာ (National Identity) မပျောက်ပျက်အောင် ကာကွယ်ထိန်းသိမ်းကြဖို့ အရေးကြီးကြောင်း ကြားရ ဖတ်ခဲ့ရ၏။ သူတို့ပြဿနာမျိုးသည် ကိုယ်ဆီသို့ တံခါးလာခေါက်နေချေပြီ။

အမျိုးသားရေးလက္ခဏာများ ပပျောက်ညှိုးခြောက်သွားပြီး အနောက်တိုင်းဂီတနှင့် ယဉ်ကျေးမှုများ ဖွံ့ထွားရှင်သန်လာစေရန် အကြံအစည် စီမံကိန်းကြီးများ စနစ်တကျ ရေးဆွဲအကောင်အထည်ဖော်နေသော နယ်ချဲ့ လက်မည်းမည်းကြီးကို

ထွင်းဖောက်၍မြင်သူ နည်းနေလေသည်။ နယ်ချဲ့ဆန့်ကျင်ရေး သမိုင်းစဉ် တစ်လျှောက်မှာ ဂုဏ်ရောင်ပြောင်ခဲ့သော မျိုးဆက်တို့သည်လည်း အိုမင်းကြလေပြီ။ နယ်ချဲ့ကို ဆန့်ကျင်ရကောင်းမှန်းပင် မသိ။ နယ်ချဲ့ဩဇာဟာ ကျွန်တော်ကကို နှစ်နှစ်ခြိုက်ခြိုက် လက်ခံနာယူချင်တာပါ ဆိုသော လူငယ်မျိုးဆက်သစ်တွေ ပေါ်လုလုကာလ ဖြစ်နေသည်။

အရှေ့တောင်အာရှ ဂီတရေစီးကြောင်း ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ကမ္ဘာအဝှမ်း လွှမ်းမိုးကြီးစိုးရန် မီဒီယာများ (ငွေကြေး သန်း ထောင်ပေါင်းများစွာ သုံးစွဲကုန်အကျခံ၍) ပိုမိုတိုးချဲ့လှုပ်ရှားလာသော ခြေလှမ်းတို့ကို မဟာဗျူဟာ အမြင်ဖြင့် ပေါ်လွင်အောင် သုံးသပ်ဆင်ခြင်နိုင်ကြစေလိုပါသည်။ ကောင်းကင်က ငုံ့ကြည့်ရသလို မြင်သင့်သည်။

မင်းသားခေါင်း ဆောင်းထားသော အနောက်တိုင်း ယဉ်ကျေးမှု နယ်ချဲ့ဘီလူးကတော့ (၂၁) ရာစုမှာ စားစရာ အစားအစာများကို ယစ်မူးတွေဝေအောင် မှိုင်းတိုက်၍ အိပ်မွေ့ချနေချေပြီ။ ရိုဝေအိပ်ငိုက်နေမည်လော။ ဖြတ်လတ်နိုးထ သတိဝီရိယ ရှိသူလော။ ဂြိုလ်တုစလောင်းမှ ချင်နယ်ဆိုလျှင် ဘိန်းလိုပင် စွဲလောက်သည်။ ဂီတတွေ (၂၄)နာရီ လွှင့်ပေးနေသည်။

ပုဆိုးမဝတ်သော မြန်မာအမျိုးသား အဆိုတော်၊ ထဘီမဝတ်သော မြန်မာအမျိုးသမီး အဆိုကျော်များ ခေတ်ရေစီးကြောင်းဟု အကြောင်းပြကာ အမျိုးသား ပင်ကိုယ်ဟန်ရှိမှုကို စွန့်ပယ်သွားကြပါက အင်အား ချိန်ခွင်လျှာ ပျက်ပြားသွားအောင် အနိုင်ယူခဲ့ပြီးဖြစ်သော အနောက်အုပ်စုမှ ဗိုလ်ကျစိုးမိုးရေး ထီးရိပ်အောက်သို့ တစ်စတစ်စ ခြေကျွံကာ ကျရောက်ဖို့ရာပဲ ရှိပါကြောင်းနှင့် အမြင်ကျယ်သော နောင်လာနောက်သား တို့က အပြစ်ဆိုဖွယ် ခံရနိုင်ပါကြောင်း သတိပေး ရေးသားအပ်ပါသည်။

ချစ်နိုင် (စိတ်ပညာ)
မြက်ခင်းသစ်မဂ္ဂဇင်း
၁၉၉၇၊ ဇွန်။

☆ ☆ ☆

ပတ်မသံ၏ လှုံ့ဆော်ချက်မှုသည်

ဆရာချစ်ဦးညိုရေးသည့်" ညနေ၊ ညနေ၊ စည်တယ်လေ၊ စည်တယ်လေ" (၈၅၊ စက်တင်ဘာလထုတ်၊ သဘင်မဂ္ဂဇင်း ဝတ္ထုရှည်)ကို ဖတ်ရပြီး ထိုအထဲမှ အဓိကဇာတ်ဆောင် မဖွားခင်သည် ရန်ကုန်တက္ကသိုလ် အနုပညာအသင်းမှ နတ်ကတော်ယိမ်းကို ကြည့်ပြီးသော် မိမိငယ်ရွယ်စဉ်က ဇာတ်ထဲမှာ ကခဲ့ခုန်ခဲ့ပုံများကို ကွမ်းယာရောင်းရင်း မြင်ယောင်ကာ စိတ်လှုပ်ရှားလျက် မရိုးမရွ ခံစားရပုံအား ပီပြင်စွာ မြင်တွေ့လိုက်ရသောအခါ ဇာတ်သမား၊ သဘင်သမားကို မဆိုထားပါဘိ။ သာမန်အရပ်သူ၊ အရပ်သားတို့ကိုမင်လျှင် ပတ်မသံ၊ လင်ကွင်းသံများက ထူးခြားသည့် စိတ်အနေတစ်ရပ်ဆီသို့ လှုံ့ဆော် ထိပါးစေနိုင်ကြောင်း စဉ်းစားမိလာ၏။

"ဂျိ ဂျိုး ဗေ ပေး "ဟူသော နတ်ဆိုင်းမှ ပတ်မကြီး၏ ထိကနဲ ထိကနဲ မြည်ဟိန်း၍ ထွက်လာသောအသံသည် ခန္ဓာကိုယ်တစ်ခုလုံးရှိ သွေးလှည့်ပတ်လမ်းကြောင်းအားလုံးဆီသို့ ရိုက်ခတ်တုန်ခါစေပြီး မရိုးမရွ ဖြစ်စေကာ ထ,က,ချင်လာလောက်အောင် ဆွဲဆောင်နိုင်ပါပေ၏။

အာရုံသိမှု နယ်ပယ်တွင် အသံဆိုင်ရာ အာရုံသိမှုအကြောင်းသည် အမြင်ဆိုင်ရာ အာရုံသိမှုလောက် စာရေးသူတို့ ပြည့်ပြည့်စုံစုံ မသိရသေးပါ။ အနောက်တိုင်း စိတ်ပညာရှင်ကြီးများလည်း ဇီဝကမ္မဗေဒနှင့် အီလက်ထရွန်နစ်၊ ကွန်ပျူတာ အတတ်ပညာရပ်များ အသုံးချလျက် ကျယ်ပြန့်စွာ လေ့လာသုတေသနပြုနေကြဆဲ ရှိပါ၏။ အီလက်ထရွန်နစ် ဂီတတူရိယာများ တစ်မျိုးပြီးတစ်မျိုး စမ်းသပ်တီထွင် ပေါ်ပေါက်လာကြဆဲ မျက်မှောက်ကာလမှာ ကျွန်ုပ်တို့ မသိရှိသေးသော အချက်အလက်တွေ မြောက်များစွာ ကျန်ရှိနေ

ပါသေး၏။ စာရေးသူသည် ထိုမျှအထိ လက်လှမ်းမမီ။

ဂီတ၏စွမ်းအားသည် အလွန်တရာ ကြီးမားလှသည်မှာကား စာရှုသူ အပါအဝင် အားလုံး လက်ခံနားလည်ထားကြပြီးဖြစ်ပါသည်။ အကြားအာရုံသည် လူ၏စိတ်နှလုံးကို အထူးလှုံ့ဆော်နိုင်စွမ်းသတ္တိ ရှိပါ၏။

ဝီပဿနာ အလုပ်အား ကြီးမားစွာ ဖျက်ဆီးနှောက်ယှက်တတ်သည့် အရာကား အသံဖြစ်သည်ဟု ကြားနာမှတ်သားဖူးပါသည်။ စကျွမ်ချေကို ထိန်းရန်ထက် အသံအာရုံနောက်သို့ စိတ်က လိုက်ပါမသွားမိစေရန် အကြားအာရုံ တံခါးပေါက်ကို ပိတ်နိုင်ရန် ပို၍ ခက်တတ်၏။ ဆူညံသံသည် နူးညံ့စွာ ဖွဲ့စည်းစုစည်းရသည့် စိတ်၏ တည်ကြည်မှုကို ထိခိုက်ဖျက်ဆီးတတ်ပေသည်။ ထို့ကြောင့် သူတော်စင်တို့သည် ဆိတ်ငြိမ်ရာအရပ်သို့ ဦးစွာ ချဉ်းကပ်ကြရ၏။

"အိုး အိုး အေး အေး" သားချော့တေးသံများသည် ကလေးငယ်ကို အိပ်လွယ်စေနိုင်ကြောင်းမှာ မည်သူမျှ အငြင်းပွားဖွယ် မရှိပါ။ ဘာသာစကား၊ ယဉ်ကျေးမှု ကွဲပြားစေကာမူ ဤဂီတသံမဉ်ကို လူကလေးတိုင်း နားဝင်ချိုသည်။ ယခုအခါ၌ သံစဉ် နရီသဘောကို အသုံးချလျက် နာရီဝက်အတွင်း အိပ်ပျော်သွားစေနိုင်သော "အိပ်ပျော်စက်" တို့ကို အနောက်နိုင်ငံအချို့တွင် တီထွင်အသုံးပြုနေကြလေပြီ။

သကြိန်သံချပ်သီချင်းများ၌ ဒိုးဆစ်နှင့် စည်တို့၏ "ဗေပေါင်းတူးပေါင်–တူးပေါင်တူး" ဟူသော အသံ၌ တူး ဟူသော စည်တို ရိုက်ချက်သည် နားမှတစ်ဆင့် နှလုံးသားအထိ ဒုန်းကနဲဒုန်းကနဲ လှိုက်ခတ်ဆွဲခေါ်လိုက်နိုင်ကြောင်း တွေ့ရပါသည်။ အဘယ်သူမှာ မမြူးဘဲ မရွှင်ဘဲရှိပါမည်လဲ။

လူတိုင်း၏ ခန္ဓာကိုယ်အတွင်း၌ ပုံမှန် သွေးလည်ပတ်မှု စီးနှုန်းသည် ရှိလေသည်။ နှလုံးရောဂါ၊ သွေးတိုးရောဂါကြောင့်လည်းကောင်း၊ စိတ်လှုပ်ရှားမှု တစ်စုံတစ်ခုကြောင့်လည်းကောင်း တစ်ခါတစ်ရံ အနှေးအမြန် ရှိနိုင်သော်လည်း နရီစည်းဝါးတော့ ရှိနေပေသေးသည်။ စာဖတ်သူချစ်မိတ်ဆွေ လက်ကောက်ဝတ်ဖြစ်စေ၊ ခြေကျင်းဝတ် သွေးကြောဖြစ်စေ လက်နှင့် စမ်းကြည့်စေလိုပါသည်။ ထုတ်–ထုတ်, ထုတ် –ထုတ် နှင့် နရီစည်းသဘော အချက်ကျကျ တိုးနေသည်ကို တွေ့ရပေလိမ့်မည်။ တအား မောအောင် ပြေးဖူးပါသလား။

မနားတမ်း ပြေး၍ နားထဲမှ လေထွက်သလို အူသွားအောင် ပြေးစမ်းကြည့်လိုက်ပါက နားအတွင်း၌ပင် သွေးလှည့်ပတ်သော ခုန်သံကို စည်းချက်

ကျကျ ကြားနေရပါလိမ့်မည်။

လူမှာ သဘာဝ စည်းချက်နရီ ရှိနေပြီးဖြစ်သည်ကား ထင်ရှားပါပြီ။

လူ၏ဦးနှောက်လှိုင်းမှာ လျှပ်စစ်နှင့်ဆက်နွယ်၍ ဂရပ်ဖ်မှန်ချပ်ပေါ်၌ ပုံပေါ်သော လှိုင်းနှစ်ခုရှိသည်။ အယ်လ်ဖာ Alpha နှင့် ဘီတာ Beta လှိုင်းတို့ဖြစ်ကြ၏။ တစ်ခုနှင့်တစ်ခု လှိုင်းချင်း မတူ။ အယ်လ်ဖာလှိုင်း၏ အတက်အကျ လှိုင်းနှုန်းသည် တစ်စက္ကန့်လျှင် လှိုင်းအတက်အကျ ၁၂ ကြိမ်နှုန်းရှိသည်ဟု ထင်ပါသည်။ အကြမ်းဖျင်းအားဖြင့်သာ မှတ်ယူစေလိုပါသည်။ သူ့မှာ စကေးယူနစ်တစ်ရပ် ရှိနေသည်ဆိုလျှင် လုံလောက်ပါပြီ။

ထိုလှိုင်းနှုန်းနှင့် ပုံမှန်အလိုက်သင့်ကျသော စည်းချက်ဝါးချက် အသံသည် ကျွန်ုပ်တို့ ခန္ဓာကိုယ်အား အကြားအာရုံသိမှုမှတစ်ဆင့် လှုံ့ဆော်မှု ထူးထူးခြားခြား ပေးနိုင်လေတော့သည်။ စည်းချက်ကျသော နှေးသော တေးသံထက် စည်းသုတ်နှင့် စုံစည်းတို့ဖြင့် တီးသည့်တေးများက စိတ်ကိုပိုမို ထကြွသန် ရွှင်မြူးစေကြောင်း သိသာပါသည်။

"ချွင်–တောက်" ဟူသောအသံထက် ဒရမ်ခေါက်သံ၊ ဒိုးသံ၊ ပတ်မ,စခွန့်သံမျိုး (အသံလှိုင်းတာ ကျယ်သော ဘယ်သံ) က နားအာရုံကို အသံလုံးကြီးကြီးဖြင့် တုန်ခါနှုန်းတာ ပိုကျယ်ကျယ် ရိုက်ခါသကဲ့သို့ အကြားအာရုံခံသိမှုတစ်ဆင့် ဦးနှောက်အာရုံသိမှုကို ပိုမိုပြင်းထန်စွာ သွေးနှိုးလှုံ့ဆော်ပေးပါသည်။

ဇာတိအညာမှာ မိုးခေါင်သောအခါ မိုးရာသီအတွင်း၌ လွန်ဆွဲပွဲများကျင်းပလေ့ရှိကြသည်။ ညအခါ လသာသာ တိမ်ခြေကလည်း ရှင်းသည်။ ရွာလယ်ခေါင် ကွင်းပြင်မှာ ကာလသား ကာလသမီးတွေ ချွေးရွှဲရွှဲ သဲတဖေဖေ လွန်ဆွဲကြသည်။ ရွာဘုံထောင် ခြောက်လုံးပတ်ဝိုင်းက (ပတ်မကြီး မရှိလျှင် ရှာငှားကြရပြီး) ဗိန်းမောင်းသံ တီးပေးကြ၏။

ထီ၊ ထီ၊ ထီ၊ ထီ၊ နှင့် အဆက်မပြတ် တီးခတ်နေသော ပတ်မနှင့် လင်းကွင်းကြီးသံသည် လွန်ဆွဲသူရော လွန်ပွဲကြည့်နေသူပါ ရင်ခုန်နှုန်းမြန်လာစေလျက် သွေးလှည့်ပတ်နှုန်းကို မြင့်ပေးလျက်ရှိ၏။ လွန်ဆွဲသူများ မျက်နှာများ နီရဲကာ ကြွက်သားများကို မာခဲတောင့်တင်းစေနိုင်သည်မှာ အမှန်ပင်။ အားပေးအော်ဟစ်သံများ ဆူညံပွက်ထ လာစေ၏။

ကြည့်ဦးလေ။

နေဝင်ရီတရောမှ ညမှောင်စပျိုးပြီဆိုလျှင် ဓာတ်စင်ဆီမှ "ဟေးလား ဟေးလား" နှင့် အရိုင်ခေါက်သံကို ကွင်းတစ်မျှော်တစ်ခေါ် ကျော်ဖြတ်ပြီး ကြားရပြီ။ တွန်းကနဲ တွန်းကနဲ နားထဲသို့ ပစ်ဝင်လာသော စည်တိုသံကြောင့် ကလေးတွေ မနေနိုင် မထိုင်နိုင် ဖြစ်နေကြပြီ။ ပွဲဈေးခင်းသို့ မုန့်ဝယ်စားဖို့ သွားချင်တတ်သည့် ဆက်စပ်သင်ယူမှု သဘောလည်း ပါကောင်းပါပေလိမ့်မည်။ လူစည်စည်အုပ်အုပ်သဲသဲ ရှိရာ၌ မိမိလည်း စုဝေးပါဝင်ချင်တတ်သည့် လူ့ပင်ကိုယ်သဘာဝလည်း ရှိကောင်းရှိပါမည်။

စာရေးသူက ထိုအသံလှိုင်း၏ စိတ်ကို လှုပ်ရှားစေအောင် နှိုးဆွ လှုံ့ဆော်နိုင်စွမ်းကို အထူးသတိပြုမိစေလိုခြင်း ဖြစ်ပါသည်။ ဂီတဝါသနာ၊ အနုပညာ ဝါသနာဟု ခေါ်ရမည့် စိတ်ဝင်စားမှု ထက်သန်ခြင်းနှင့် အလေ့အထ ခွဲမြဲမှု အားသန်သော သူများအဖို့ ပိုမိုပြင်းထန်သော ခံစားမှုကို (လှုံ့ဆော်မှု ဒီဂရီ ရရှိပုံခြင်း အတုတုပင် ဖြစ်စေကာမူ) ထူးထူးကဲကဲ ထွက်ပေါ်စေနိုင်ပါသည်။

တစ်နေ့မှာ စာရေးသူသည် မိမိ၏ဆရာ စိတ်ပညာပါမောက္ခတို့အဖွဲ့နှင့် လိုက်ပါ၍ တောင်ပြုံးပွဲတော်သို့ ရောက်ရှိခဲ့ပါသည်။ ဆရာ ဦးခင်မောင်သန်း ဦးဆောင်သော စိတ်ပညာ သုတေသနအဖွဲ့မှာ လေ့လာမှုတစ်ခုကို ၅-နှစ် ကျော်ကြာ အချိန်ယူ ပြုစုသွားရန် ဒီနိုင်းချထားကြောင်း သိရပါသည်။

ဝါခေါင်လဆုတ် ၁၄ ရက်နေ့ ဤ "ယုန်ထိုးပွဲ" တွင် အဆဲမျိုးစုံ သံချပ်များကို အံ့အားသင့်စွာ မှတ်တမ်းတင်ခဲ့ကြသည်။ "ထိန်ခုတ်ပွဲ" ၌ တိုးဝှေ့လုယက်ကြပုံများကို လေ့လာခဲ့ကြ၏။

နတ်နန်းအသီးသီးရှိ တီးကြ၊ ဆိုကြ၊ ရွတ်ဖတ်ကြသော တေးစာသားများ နတ်ပင့်ပုံ၊ နတ်ပူးပုံ၊ မခုန်ကြသော အပြုအမူများကိုလည်း မှတ်သားစုဆောင်းခဲ့ကြ၏။ စာရေးသူမှာ သုတေသနအဖွဲ့တွင် မပါဝင်သဖြင့် ထိထိရောက်ရောက် မည်သည့်တာဝန်မျှ မယူခဲ့ရပါ။ သာမန်လိုက်ပါလေ့လာသူတစ်ဦးသာ ဖြစ်ပါသည်။ နတ်နန်းအသီးသီးသို့ တစ်နန်းပြီး တစ်နန်း လျှောက်ကြည့်သမျှ နတ်ဆိုင်းများ၏ ထိရောက်လှသော လှုံ့ဆော်မှုအကြောင်းကိုသာ ဆင်ခြင်စဉ်းစား နေမိပါသည်။

မြန်မာပြည် တစ်နံတစ်လျားမှ ခရီးဝေးကွာ လာရောက်ပ,သကြသူများအား ကြည့်လျှင် စည်ကားလွန်းသဖြင့် အံ့ဩရသည့်ပြင် အခြားလိုအင်များနှင့် ယုံကြည်မှုများကို အသာထားပါဘိ၊ ပတ်မကြီး၏ ထိကနဲ ထိကနဲ ဆွဲဆောင်မှုကပင် အလွန်တရာ စွမ်းအားကြီးမားလှပေစွဟု သတိထားမိလာ၏။

အညာနေ၏ ထုံးစံ စူးစူးရဲရဲပူသော မွန်းလွဲပိုင်းအချိန်မှာ စာတ်မင်းသားစုပါစတားတစ်ဦးသည် သူ၏ဇာတ်ရုံအနီးရှိ နတ်နန်းတစ်ခု၌ ချွေး တရွှဲရွှဲ စိုနစ်လျက် ဝင်ရောက်ကခုန်နေသည်ကိုလည်း မြင်ခဲ့ရ၏။ ဤဆိုင်းသံ ကြားရလျှင် အဘယ်သဘင်သမား အကသမားသည် ငြိမ်ငြိမ်နေနိုင်ပါလိမ့်မည်နည်း။

သွေးကြောထဲသို့ တိုက်ရိုက်ထိုးသွင်းပေးသည့် ဆေးကမှ အာနိသင်မပြဘဲ နေကောင်းနေနိုင်သေးသည်။ နားဝမှတစ်ဆင့် တိုးဝင်လာသောနတ်ဆိုင်းသံ၊ နတ်ဒိုးသံတို့ကား စိတ်လှုပ်ရှားအောင် လှုံ့ဆော်နိုင်စွမ်း ကြီးမားပြင်းထန်ပုံမှာ ယှံမှားဖွယ်ရာ မရှိပါ။

တင်းကျပ်နေသော စိတ်ကိုဖြစ်စေ၊ ဣန္ဒြေသမ္ပတ္တိဖြင့် နေနေရသဖြင့် တင်းတောင့်နေသော ကိုယ်ခန္ဓာကိုဖြစ်စေ၊ စေလွှတ်ပြီး စိတ်လွှတ်ကိုယ်လွှတ် ခုန်ပေါက်မြူးတူးရသော ထိုကဲ့သို့ အုပ်စုကခုန်ပွဲမျိုးသည် လူသား၏ သဘာဝလိုအင်နှင့် အခါအားလျော်စွာ ကိုက်ညီဆီလျော်သည်ကမူ သေချာလေသည်။ လူ၏ အခြေခံသဘာဝနှင့် မကိုက်ညီသည့် တစ်စုံတစ်ခုသော အပြုအမူမျိုးသည် ရာစုနှစ်အတော်ကြာကြာ အုပ်စုပွဲတော်ကြီးအဖြစ် ပေါ်ပေါက်တည်တံ့နေရန် အကြောင်းမရှိပါချေ။

ဤနေရာတွင် နတ်ကိုးကွယ်ပ,သမှုနှင့် ရိုးရာယုံကြည်မှုများကို စာရေးသူက အားပေးထောက်ခံခြင်းသော်လည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်ခြင်းသော်လည်းကောင်း လုံးဝ မပြုပါ။ ကိုယ်တိုင်လည်း မည်သည့် ရိုးရာပ,သမှုမှ မရှိခဲ့ဖူးပါ။ အပြုအမူသိပ္ပံရှုထောင့်အရ လက်တွေ့ရှုမှတ်ခဲ့သမျှ တစ်စွန်းတစ်စ အတွေ့အကြုံမှ တွေးဆမိသော ပဏာမ ရှေ့ပြေး အတွေးတစ်စ သာလျှင် ဖြစ်ပါသည်။

တက်ကြွမြူးရွှင်စဖွယ်ကောင်းလှသော တိုင်းတစ်ပါး ဂီတသံစဉ်အမျိုးမျိုး၏ ထိုးဖောက်မှုများကို ကာကွယ်ကြရာတွင် ခံစစ်သက်သက် အနေအထားထက် တန်ဖိုးကြီးမားသော ကျွန်ုပ်တို့၏ အစဉ်အလာရိုးရာဂီတကို ထိန်းသိမ်းရင်း

စွမ်းအင်သတ္တိထူး ကြီးမားစွာရှိပြီးဖြစ်သည့် နတ်သံ နတ်သီချင်းများမှာ ပညာရှင်တို့က ထပ်ဆင့်ဖန်တီးကြပြီးလျှင် တန်ပြန်ထိုးစစ်အနေအထားဘက်သို့ ပြောင်းလဲနိုင်ကြသော်ကား ကောင်းလေစွတကားဟူ၍ တောင့်တ, စောင့်စားမိပါသတည်း။

ချစ်နိုင် (စိတ်ပညာ)
သောင်းပြောင်းထွေလာ ရယ်စရာ
အတွဲ (၂၂)၊ အမှတ် (၂)
၁၉၈၆၊ ဖေဖော်ဝါရီလ။

☆ ☆ ☆

စောင့်ကြည့်ရမည့်အရာ

ဒယ်အိုးစလောင်းမှ ဖမ်းယူသော အင်ဒိုနီးရှားမှ ထုတ်လွှင့်သည့် တရုတ်ဇာတ်ကားတစ်ကားကို မနေ့က ကြည့်လိုက်ရ၏။ ဟောင်ကောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှာ ရိုက်ကူးထားသော ခေတ်သစ် တရုတ် သိုင်းကားဟုဆိုရမည်။ အက်ရှင်ကားဟုလည်း ဆိုနိုင်သည်။ မှုခင်း ဇာတ်ကား ဟုလည်း ပြောလို့ရပေ၏။ ဇာတ်လမ်းအတိုချုပ်မှာ ဤသို့ဖြစ်သည်။

ယန်ကွမ်းဝေသည် တရုတ်ပြည်မှ ရဲအရာရှိငယ်တစ်ဦးဖြစ်သည်။ ဆင်းရဲသားရပ်ကွက်မှာ နေသည်။မကျန်းမာသော လူနာဇနီး ရှိသည်။ (၁၀)နှစ်အရွယ် ထက်မြက်သော သား ကျောင်းသားတစ်ယောက်ရှိသည်။ မိသားစုသုံးယောက်၏ ဘဝကို ချစ်ခင်ကြင်နာစရာ ဖွဲ့ဆိုပြသသည်။

အခင်းပိုင်း။

ယန်ကွမ်းဝေ အမှုတစ်ခုဖြစ်သည်။ အသွင်ယူရန် ဇာတ်လမ်းထွင်ရခြင်း ဖြစ်သည်။ ယန်ကွမ်းဝေ ထောင်ကျသည်။ သူ့ဇနီးကတော့ သူ့ခင်ပွန်းသည် မဟုတ်မတရား ဘယ်တော့မှမလုပ်ဟု ယုံကြည်ထား၏။ ထောင်ဖောက်ပြီး ထွက်ပြေးကာ ထောင်ပြေးဖြစ်သည်။ တရုတ်ပြည်မကြီးမှ ဝရမ်းပြေးအဖြစ် ဟောင်ကောင် မြေအောက် လူမိုက်တောထဲ ရောက်သည်။

သူ့ဇနီးရောဂါဖြင့် ကွယ်လွန်သည်။ (၁၀)နှစ်သားလေးကို ဟောင်ကော ရဲအမျိုးသမီးက ခေါ်လာခဲ့သည်။ မြေအောက်လူဆိုးဂိုဏ်းချုပ်။ သူ့ညာလက်ရုံး လူမိုက်ဝရမ်းပြေးအသွင် ယူထားသော ရဲအရာရှိ ယန်ကွမ်းဝေ။ ဟောင်ကောင် ရဲအရာရှိမ။ (၁၀)နှစ်ရှိ သိုင်းကျွမ်းကျင်လှသော ကလေးဇာတ်လိုက်။ အဓိကသရုပ်ဆောင် (၄)ဦးနှင့် တစ်ချက်ကလေးမှ အသက်မရှုရဲအောင်

ပြေးကြား လိုက်ကြ၊ တိုက်ကြ၊ ခိုက်ကြ ၊ပစ်ကြ၊ ခတ်ကြ၊ ရင်နင့်ရ၊ ကြေကွဲရ၊ သနားရ၊ အံ့ဩရ။ ကြည့်ရှုသူပရိသတ်အားလုံး ရင်တမမ၊ ဘဝင် တထိတ် ထိတ်ဖြစ်အောင် ဆွဲဆောင်ဖမ်းစားသော ဇာတ်ကားဖြစ်ပါ၏ ။ Appoinment with Death သေမင်းနှင့် ချိန်းဆိုခြင်း။

ဇာတ်ကားကောင်းကြောင်း အသားလွတ် ကြော်ငြာသလို ဖြစ်သွားလျှင် ခွင့်လွှတ်စေလိုပါသည်။ ဘယ်ကုမ္ပဏီက ရိုက်ကူး၍ ဘယ်သူက ထုတ်လုပ်သနည်း ကျွန်တော် မသိပါ။ ဇာတ်လမ်းသွက်လက်ခြင်း၊ ဇာတ်ကောင်များ သရုပ်ပါ၍ သဘာဝကျခြင်း၊ ကြည့်ရသူကို ရယ်အောင်၊ လွမ်းအောင်၊ ဆွဲဆောင်ထားနိုင်ခြင်း။

ဖိုက်တင်ခန်းတွေ အပစ်အခတ်အထိုးအကြိတ်တွေမှာ တကယ့်ကို ကြည့်ကောင်းအောင် လှလှပပ ဆန်းဆန်းပြားပြား ရိုက်ပြနိုင်ခြင်းတို့ကြောင့် နှစ်သက်သဘောကျမိပါ၏ ။ မင်းသား၊ မင်းသမီးတို့၏ အမည်ကိုပင် သတိမထားမိလိုက်ပါ။ မသိလိုက်ပါ။

ရသမြောက်သော ဇာတ်ကားတစ်ကား။

အောင်မြင်သော ဇာတ်ကားတစ်ကား။

ဘာ အောင်မြင်တာလဲ။

ဆင်းရဲသား အညာတြ တရုတ်ရဲအရာရှိငယ်တစ်ဦးက လူဆိုးအသွင်ဟန်ဆောင်ပြီး လူဆိုးတောထဲ ဝင်ရောက်ကာ ဟောင်ကောင်ရှိ လူဆိုးလူမိုက်ထိပ်သီးဂိုဏ်းကြီးတစ်ခုကို ဖြိုခွင်းနှိမ်နင်းပုံ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ရဲတွေ တော်လှချည်လား။ ချီးကျူးလေးစား အားကျချင်စရာ။ ရဲအရာရှိ မဆိုထားနှင့်။ ထိုရဲအရာရှိသားကလေး (၁၀)နှစ်သားကပင် ကြေးစား လူဆိုးလူမိုက်ကြီးတွေကို ယှဉ်ပြိုင်ပြီး ဉာဏ်ကစားနိုင်ပုံ၊ ဖိုက်တင်ချပြပုံ၊ ဟောင်ကောင်ရဲအရာရှိ အမျိုးသမီးကလည်း တော်တာပါပဲ။

တရုတ်ရဲတွေကို ဂုဏ်ပြုလေးစားလောက်စရာ ခံစားမှုနှင့် သဘောထားအမြင်ပေးသဖြင့် ဤဇာတ်ကားသည် အကျိုးပြု ရည်ရွယ်ချက် အောင်မြင်သည်ဟု ဆိုရခြင်း ဖြစ်ပါ၏ ။

မကြာမီ ဟောင်ကောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီး၏ တစ်စိတ်တစ်ဝိုင်း ဖြစ်တော့မည်။ တစ်နှစ်ပင် ကြာတော့သော ကာလမှာ ပြည်မကြီး၏ လက်အောက်သို့ ကျရောက်ရတော့မည်။ ဘယ်သူတွေ

ဘာပဲပြောနေနေ တရုတ်ပြည်မနှင့် ဟောင်ကောင်တို့သည် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ (၁) ရက်မှာတော့ ပေါင်းစည်းသွားကြပေတော့မည်။ မလွဲမသွေ။

တရုတ်ပြည်မကြီးက ရဲအရာရှိကို ကိုယ်စားပြုကာ အံ့ဩလောက်အောင် လှုပ်ရှားကောင်း သူရဲကောင်းအဖြစ် သရုပ်ဖော် ရိုက်ကူးထားသော ဤဇာတ်ကားကို ကြည့်ရသူ ဟောင်ကောင်သား ဟောင်ကောင်သူဟူသမျှ နှစ်သက်လက်ခံ ချင်စဖွယ် ဖြစ်ပါ၏။ တရုတ်ပြည်မနှင့် ဟောင်ကောင်ကို နည်းအမျိုးမျိုးနှင့် သွေးခွဲသပ်လျှိုရန် ကြိုးစားဝါဒဖြန့်နေသော အနောက်နိုင်ငံအချို့၏ ထိုးနှက်ချက်များကို လှလှပပ ချေမှုန်းချေပသော ဇာတ်ကားဟုလည်း ဆိုနိုင်၏။ အင်ဒိုနီးရှား ရုပ်မြင်သံကြားက ဘာရည်ရွယ်ချက်နှင့် ဤဇာတ်ကားကို လွှင့်ပြပေးသနည်းဆိုသည်ကိုတော့ မိမိလည်း မသိ။

အယူအဆရေးရာ သဘောတရားနှင့် သဘောထားအမြင်ရေးရာမှာ မတူကြတာတွေ ရှိနိုင်သည်။ မိမိ၏ ခံယူချက်၊ မိမိ၏ အမြင်ကို သူတစ်ပါးက လက်ခံသဘောတူအောင် ဆွဲဆောင်စည်းရုံးကြရသည်။

ပညာပါလျှင် အောင်မြင်သည်။

ညင်သာသိမ်မွေ့လျှင် ထိရောက်သည်။

ငါးစိမ်းသည်အချို့ ရန်တွေ့သကဲ့သို့ ကက်ကက်လန်အောင် အော်ဟစ်ဆဲဆိုနေသမျှ အရှုံးကိုသာ မိမိသိမ်းပိုက်ရပါမည်။ လိုက်နာချင်သူ လက်ခံချစ်သူ ရှား၏။ ဘာကို ပြောသလဲ။ (အကြောင်းအရာ)သည် အရေးကြီးပါ၏။ မှန်၏၊ ကန့်ကွက်ရန် မရှိပါ။

ဘယ်လို ပြောသလဲ။ (နည်းပညာ၊အတတ်ပညာ သို့မဟုတ် အနုပညာ အရည်အသွေးက ပိုပြီး အနိုင်အရှုံးကို ဆုံးဖြတ်တတ်ကြောင်း သတိပြုစေလိုပါသည်။ စာဖတ်ပရိသတ် သို့မဟုတ် ပွဲကြည့်ပရိသတ်ကို အမြဲတစေ ထိတွေ့လေ့လာပြီး မျက်ခြေမပြတ် ကြည့်နေမိသော ကျွန်တော်တို့အတွက် သန်ခန်းစာများ ဖြစ်ပါ၏။

မှန်သည်ကိုပင် ပြောပြော။

မှားသည်ကိုပင် ဆိုဆို၊

ပရိသတ်က ခေါင်းညိတ်လက်ခံရလောက်အောင် အနုပညာ ပရိယာယ်ကြွယ်ဝသူများကိုတော့ ချစ်သည်ဖြစ်စေ၊ မုန်းသည်ဖြစ်စေ သတိနှင့်စောင့်ပြီး ကြည့်ကြရပါသည်။ ပရိသတ်ကို သူ လွှမ်းမိုးနိုင်သကိုး။

အနုပညာစွမ်းအားသည် အလွန်ခွန်အားရှိသည် မဟုတ်ပါလား။

ချစ်နိုင် (စိတ်ပညာ)
ကြီးပွားရေးလမ်းညွှန်ဂျာနယ်
အတွဲ (၆) အမှတ် (၂)

☆ ☆ ☆

သူ့ကျွန်မခံပြီ ရိုက်ကွင်းသို့ သွားရောက်လေ့လာခြင်း

နံနက်ခင်းစာစော (၄) နာရီမှာထ၍ ကောက်ညှင်းပေါင်း ပေါင်းသည်။ (၅) နာရီထိုးတော့ အမ်းထိပ်ကိုထွက်၍ စားတော်ပဲပြုတ် ဝယ်သည်။ ဆောင်းရာသီမှာ နံနက်စောစော လမ်းလျှောက်အပြေးကျင့် ကျန်းမာရေး လှုပ်ရှားသူများနှင့် စည်ကားနေကြ၏။ စားတော်ပဲပြုတ်နှင့် ကောက်ညှင်းပေါင်းကို ရေနွေးကြမ်းနှင့် ဗိုက်ဝအောင်စားပြီး ဒေါက်တာ မျိုးသန့်တင်၏ ခတ္တိယ ဂျာနယ်တိုက်သို့ ထွက်ခဲ့၏။ ကျွန်တော်နှင့် ကျွန်တော့်သား။ မှော်ဘီမြို့နယ်ရှိ လှေကြီးရွာသို့ သွားကြည့်မည်။

ဆံရာ့အိမ်မှ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင် ပါလာမည့်ကားကို စောင့်ကြသည်။ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်သည် မှော်အောင်သော ကဝေဆရာကြီးဖြစ်၏။ သူ ဖန်တီးသော ဇာတ်ကောင်များကြောင့် ကျွန်တော်တို့မှာ အရူးအမူး ဖြစ်ခဲ့ကြရ၏။

ညီမလေးရယ် နိုးရိမ်မိတယ်
လွမ်း၊ မိုးညအိပ်မက်မြူ
ထားသခင်၊ နွေကန္တာဦး
မုန်းရစ်လေဦး၊ တစ်ပြည်သူ မရွှေထား
သူငယ်ချင်းလိုပဲ ဆက်၍ခေါ်မည် နိုင်
ယခု သူ့ကျွန်မခံပြီ။

သူ၏ကလောင်များမှ ဇာတ်လမ်းပေါင်းများစွာသည် ရုပ်ရှင်အဖြစ် အသက်ဝင်လှုပ်ရှားခဲ့ဖူးသည်။ ကျွန်တော်ကတော့ ဤမြေမှသည်နှင့် စိမ်းနေဦးမည် ကျွန်တော့်မြေကို အစွဲဆုံးဖြစ်သည်။ အဓိကအကြောင်းမှာ ကျွန်တော်

ဒါရိုက်တာ လုပ်တတ်လျှင် ဤ၀ဏ္ဏ (၂) ပုဒ်ကို ရုပ်ရှင်ရိုက်ချင်မိပါ၏။ စိတ်ကူးပေါ်၍သာ ဖော်ထုတ်ရခြင်း ဖြစ်ပါသည်။ တကယ်တမ်း ရုပ်ရှင်ရိုက်ကြပုံကို သွားရောက်လေ့လာမိသောအခါ ထိုအလုပ်ကို စိတ်ကုန်ပါ၏။

ရိုက်ကွင်းကို လာကြည့်သော ကျေးတောသူ အပျိုမတစ်ယောက်က ပြော၏။

"ရုပ်ရှင် မင်းသား မင်းသမီး ဖြစ်ရတာများ မလွယ်လိုက်တာတော်၊ နေပူကြီးထဲ (၄) နာရီလောက် ရပ်နေရတာ ပင်ပန်းလိုက်တာ၊ တို့ဟာတို့ လယ်လုပ်ရတာကမှ သက်သာပါတယ်လေ"

လယ်ကန်သင်းရိုးပေါ်မှာ နံနက် (၈) နာရီလောက်မှ ညနေ (၆) နာရီ နေလုံး၀ ၀င်သည်အထိ ဖွဲကြီးကြီးဖြင့် စောင့်ကြည့်ခဲ့ကြသည့် လူအုပ်ပရိသတ်ထဲမှ ကောက်စိုက်သမ၏ စကားကို ထိုကဲ့သို့ ကြားရသလို စာရေးဆရာမ နုနုရီ (အင်း၀) ကလည်း ထိုနည်းတူ ဆို၏။

"လူတွေ တစ်ထောင်နှစ်ထောင်နဲ့ အခုလိုမျိုးကြီး စုပေါင်းပြီး သဲသဲရုပ်ရုပ် အလုပ်လုပ်ရတာမျိုး ကျွန်မဖြင့် မလုပ်ချင်ဘူး။ စိတ်ကူးနဲ့ လွတ်လွတ်လပ်လပ် ဖောင်တိန်နဲ့ စာရွက်ရှိရင် ကျွန်မအဖို့ အလုပ်လုပ်လို့ ရပြီ၊ အဲဒါမျိုးပဲ ကျေနပ်တယ်"

အသံချဲ့စက်ကြီးတွေနဲ့ ပရိသတ်ကိုထိန်းရ၊ ရဲတွေနဲ့ တားပေးရ၊ မြစ်ပြင်က သင်္ဘော (၁၂) စီးကို စစ်သင်္ဘောအုပ်စုပုံစံဖြစ်အောင် စနစ်တကျ ခုတ်မောင်းလာအောင် စီမံညွှန်ကြားကြ။ သင်္ဘောပေါ်မှာ ဗြိတိသျှ စစ်သား၊ ကုလားစစ်သားတွေ အသီးသီး အ၀တ်အစား၊ စစ်ပစ္စည်း၊ သေနတ် စသည်အပြည့်အစုံပါ၀င်အောင် တင်ကြရ။

အင်္ဂလိပ်က (၁၈၂၄) ခုနှစ်တွင် တစ်ကြိမ်၊ (၁၈၅၂) ခုနှစ်တွင် တစ်ကြိမ် မတရား ကျူးကျော်စစ်ပြုပြီး မြန်မာပြည် အစိတ်အပိုင်းတွေကို စစ်အင်အားဖြင့် တိုက်ခိုက်၀ါးမျိုသိမ်းယူခဲ့သည်။ (၁၈၈၅) ခုနှစ်မှာလည်း မြန်မာဘုရင်က ဆွေတော်မျိုးတော်တွေကို ဖိနှိပ်တယ်၊ သတ်ဖြတ်တယ်၊ ဘာဘာညာညာ ပုတ်ခတ်ရှုချ၊ သူမှ မကယ်လျှင် မြန်မာပြည်ကြီး သွေးချောင်းပဲ စီးတော့မလိုလို၊ ကပ်ဆိုးပဲ သင့်တော့မလိုလို ၀ါဒဖြန့်လှည့်စားပြီး စစ်အင်အားဖြင့် ရေကြောင်းချီ ဆန်တက်လာချေပြီ။

မြင်းခြံ တိုက်ပွဲ။

အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲဟုခေါ်နိုင်စရာ ဤတိုက်ပွဲတစ်ခုမျှသာ ရှိပါ၏။ လှေသင်းအတွင်းဝန်၊ ရေတပ်ဗိုလ်ချုပ်ဦးရွှေမောင် (ညွန့်ဝင်း) ခေါင်းဆောင်သော ရေတပ်၊ ကြည်းတပ်၊ အမြောက်တပ်အင်အား (၉၂၀၀)သည် အင်္ဂလိပ်ရေတပ် စစ်သင်္ဘောအစီး (၅၀) ခန့် (၄၇ စီးဟုလည်း အချို့ဆို၏။ ၃၈ စီး ဟုလည်း မှတ်တမ်းအချို့က ဆို၏) အင်္ဂလိပ်က အင်အား (၂၀၀၀၀) ကျော်။ မြန်မာတပ်မှူးကလေး ဗိုလ်ကျော်ခေါင် (ကျော်ရဲအောင်)နှင့် သူ၏ ရဲဘော်ရဲမက်များ၊ ရွံ့ရွံ့ချွန်ချွန် တိုက်ခိုက်ကြပုံကို ရိုက်ကူးသည်။

ဗြိတိသျှစစ်သင်္ဘောကြီးတွေပေါ်က အမြောက်စိန်ပြောင်းလက်နက်တွေက ထိရောက်လှသည်။ ဝုန်း၊ ဂျိန်း၊ ဂျိန်း။ မြန်မာအမြောက်က ကိုက် (၁၅၀) မျှသာ ရောက်၏။ ။မထိ။ မြန်မာ့ခံတပ်ကို မီးလောင်တိုက်သွင်းပြီး ပြာကျအောင် ချနိုင်သည်။ အမြောက်ဆန်၊ စိန်ပြောင်းဆန်တွေ မိုးရွာချသလိုကျနေပြီး သွေးအလူးလူး၊ ခြေပြတ်၊ လက်ပြတ်၊ သေကြေနေကြသည့်ကြားမှ မြင်းခြံတိုက်ပွဲ၌ (၁၂)နာရီကြာမျှ ရန်သူကို ဟန့်တားခုခံနိုင်ခဲ့သည်။ စစ်သင်္ဘောများ ချီတက်လာသည်ကို မခုခံရ။ ကင်းဝန်မင်းကြီး၏ လွှတ်တော်က အမိန့်ကြောင့် သပြေတန်းခံတပ်၊ ငွေ့ချောင်းခံယပ်၊ အစီခံ ခံတပ်တို့မှ သေနတ်တစ်ချက်မှ မဖောက်လိုက်ရ။

ဗြိတိသျှ ကမ်းတက်တပ်များနှင့် မြန်မာစစ်သည်တော်များ အနီးကပ် တိုက်ပွဲများ။ လူအင်အား ထောင်ပေါင်းများစွာကို သရုပ်ပါအောင် စနစ်တကျ စီမံညွှန်ကြားပြီး ရိုက်ကူးရန် မဆိုထားနှင့်။ အဝတ်အစား ဤလူတစ်ထောင်ကို စာရင်းဇယားနှင့် ဆင်ပေးဖို့ရာကပင် မလွယ်ပါကလား။

အစိုးရဌာန တစ်ခုမို့သာ။ လူလည်း ရနိုင်၏။ ပစ္စည်းပစ္စယတွေလည်း တတ်နိုင်၏။ ခဲယမ်းတွေ သေနတ်တွေလည်း ရနိုင်သုံးနိုင်ခဲ့၏။

အင်္ဂလိပ်က မြန်မာပြည်ကို အပြီးအပိုင် သိမ်းယူရာ၌ သီပေါမင်းကို နန်းချပြီး မြန်မာမင်းသာ တစ်ဦးဦးကိုပင် နန်းတင်မလိုလို၊ စေတနာ ပိုပို သာသာ ထားသလိုလို လူတွေ ယုံစားအောင် လှည့်ဖျားပြီး ဝင်ရောက် လာခြင်းဖြစ်၏။ လက်နက်နှင့် ခုခံတိုက်ခိုက်ခြင်းဆို၍ ဤမြင်းခြံတိုက်ပွဲ တစ်ခုသာရှိ၏။ မြန်မာတပ်များ အရေးနိမ့်၍ ည (၈) နာရီကျော်ကျော်မှာ မြင်းခြံနှင့် (၄) မိုင်ခန့်အကွာရှိ ကျောက်ယံသို့ ဆုတ်ခွာသွားကြ၏။

ရေတပ်ဗိုလ်ချုပ်ကြီး ဦးရွှေမောင် (ညွန့်ဝင်း)လည်း ရှေးခေတ် အဝတ်အစားနှင့် တစ်နေကုန် ရပ်ပြီး လှေ၊ သင်္ဘော၊ မြင်း၊ ကျွဲ၊ နွား၊ (အမြောက်တွေကို ဆွဲရန်၊ ရွှေ့ရန် မြန်မာခံတပ်ထဲမှာ ရှေးခေတ်က အသုံးပြုကြရ၏) လူပေါင်းများစွာ နေရာတကျဖြစ်ဖို့ရာကို စောင့်ရ၏။ ဒီရေအတက်အကျရှိသဖြင့် ဗြိတိသျှ စစ်သင်္ဘောတွေ၏ ပုံစံတကျ (Formation) ဖြစ်အောင်အချိန်ယူပြီး စိတ်ရှည်ရှည်နှင့် အလုပ်လုပ်ကြရ၏။ သည်းခံကြရလေ၏။

နေပူကြဲကြဲ၏အောက်၊ လယ်ကန်သင်းရိုးပေါ်ရှိ အကိုင်းကားကား ဆီးပင်ရိပ် တစ်ခုအောက်မှာ ကျွန်တော်လည်း လူအုပ်ထဲ၌ အများနည်းတူ ထိုင်ကြည့်နေရာ ထဘီအစိမ်းရောင် နွမ်းနွမ်းရိရိလေးနှင့် မူလတန်းကျောင်းသူလေး တစ်ဦးက ကျွန်တော့်ကို မေးသည်။

"ဦးဦး၊ ဒါ စစ်တိုက်ခန်းတွေ ရိုက်တာလား"

"ဟုတ်တယ်"

"မြန်မာနဲ့ ဘယ်သူနဲ့လဲ"

"မြန်မာနဲ့ အင်္ဂလိပ်"

"ဘယ်သူ နိုင်သွားလဲဟင်"

ကျွန်တော်သည် ဒီနားတစ်ဝိုက်က ကျေးရွာတစ်ရွာက ဖြစ်ပုံရသော အသက် (၁၀) နှစ်ခန့် ကလေးမလေးကို ငေးပြီး စိုက်ကြည့်နေမိပါ၏။ ကြည့်ပါဦး။ ဒီဇာတ်ကားမှာ မင်းသားတွေ အများကြီးပါသည်။ ကျော်သု၊ ကျော်ရဲအောင်၊ နေအောင်၊ လွင်မိုး၊ မော့စ်၊ ညွန့်ဝင်း၊ ထွန်းထွန်းဝင်း၊ ဇော်ဦး၊ သိန်းဇော်၊ အောင်အောင်၊ စိုင်းကောင်းစံ၊ အောင်ခိုင်၊ သတိုးစော၊ မြင့်နိုင်၊ စောနိုင်(ရှမ်းပြည်) စသည်စသည် သူ သိတာတွေလည်း ပါမည်။ ဇာတ်ကောင်မင်းသားတွေအကြောင်းကို သူ မမေး။ လူမျိုး၏ အရေးကို မေးနေပါလား။

"အင်္ဂလိပ် နိုင်သွားတာပေါ့ သမီးရယ်"

"ဘာဖြစ်လို့ မြန်မာဘက်က ရှုံးရတာလဲ"

ကျွန်တော် သက်ပြင်းတစ်ခုကို မှုင်းမှုင်းချလိုက်မိပါ၏။ သူများထက် အတတ်ပညာ၊ အသိပညာ နိမ့်ပါး(ခေတ်နောက်ကျ) ပြီး ကျန်ရစ်ခဲ့လို့ပါပဲဟု ပြော၍မထွက်။

ဟိုဘက်မှာ ဦးရေသန်းပေါင်း(၁၅၀၀)ကျော်သော အနုမြူလက်နက်ပိုင်ဆိုင်သည့် နိုင်ငံကြီး ရှိ၏။ ဒီဘက်၌ လူဦးရေသန်းပေါင်း (၉၀၀)ကျော်သော အနုမြူလက်နက်ပိုင်ဆိုင်သည့် နိုင်ငံကြီးလည်းရှိသေး၏။ ဒီကြားမှာ မြန်မာသည် လူဦးရေ (၄၅)သန်းမျှဖြင့် အရှည်အကြာ အနိုင်အမာ ဆက်လက်တည်တံ့ဖို့ရာ အခြေခံ (၂) ချက် လိုအပ်သည်။ ခေတ်မီသော အင်အားစုတွေ ရှိရမည်။

၁။ တစ်နိုင်ငံလုံး တစ်စည်းတစ်လုံးသော စစ်စည်းရုံးမှုဖြင့် စစ်အင်အားခိုင်မာရမည်။ (နယ်ချဲ့လက်ပါးစေက ဒါကို ပစ်မှတ်ထားပြီး ဖြိုခွဲနေ၏။ တော်တော်မိုက်မဲဆိုးဝါး၏)

၂။ ကမ္ဘာပေါ်မှာ အင်အားအကြီးမားဆုံးနိုင်ငံ ဒု၊ တ၊ စတုတ္ထသည့် ပထဝီ နိုင်ငံရေးအရ မိမိကို ထိပါးလာမည့် ရန်စွယ်တို့ကိုလည်း ပါးနပ်လိမ္မာစွာ ပရိယာယ်ဖြင့် ကာကွယ်တားဆီးနိုင်စွမ်း ရှိရမည်။ တိုတိုပြောလျှင် လက်ရုံးရည်ရော နှလုံးရည်ပါ လိုအပ်သည်။

ချစ်နိုင် (စိတ်ပညာ)
(၂၆–၁၂–၉၆)

☆ ☆ ☆

ဖတ်ဖြစ်အောင် ဖတ်စေလို

မိုးရွာနေသော မိုးရာသီ၏ နေ့တစ်နေ့မှာ ကျွန်တော်တို့သည် ရန်ကုန်မှ ပြည်သို့ ခရီးထွက်ခဲ့ကြသည်။ ပြည်မှ ပေါင်းတလည်၊ ပေါက်ခေါင်းမြို့များသို့ ခရီးဆက်ကြသည်။ မိုးရေတစ်ဖွဲဖွဲကြားမှာပင် ပေါက်ခေါင်းမှသည် မြောက်နဝင်း ဆည်သို့ ရောက်ခဲ့ကြ၏။

စိမ်းညို့သော တောတောင်အလယ်မှာ ပင်လယ်ပြင်သဖွယ် ရေပြင်ကျယ် လှိုင်းဖွေးဖွေးနှင့် တောင်နဝင်းဆည်ကြီးကို မြင်တွေ့လိုက်ရသောအခါ ကျွန်တော့်ရင်မှာ လှုပ်ရှားသွားသည်။ ဤကဲ့သို့ တောကြီးမြိုင်ကြီးအလယ်က နဝင်းချောင်းပေါ်မှ ဤမျှကြီးမားသည့် ဆည်တာတမံကြီးကို တည်ဆောက်ခဲ့ ကြပါတကား။ ရပ်၍ မျှောငေးရင်း ဆွေးမြေ့ကြေကွဲသည်။

နဝင်းချောင်းသည် လွမ်းဆွတ်စရာ သကေ်တတစ်ခု ဖြစ်ခဲ့၏။ "သူတို့ ကျောခိုင်းသွားခဲ့ကြလေပြီ" ဟူသော ရှေ့သို့စာစောင်၏ မျက်နှာဖုံးကို လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က လူကြီးတွေ သတိရမိကြပေလိမ့်မည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် တော်လှန်ရေးကောင်စီအစိုးရနှင့် ပြည်တွင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို လာရောက် ဆွေးနွေးခဲ့သည်။ နောက်ဆုံးတော့ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကိုပဲ ဆက်လက်ဆုပ်ကိုင်ရန် ငြိမ်းချမ်းရေးကို ကျောခိုင်းစွန့်ခွာ၍ တောတွင်းကို သူတို့ထွက်ခွာသွားခဲ့ကြသည်။ ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ နဝင်းချောင်းကိုဖြတ်၍ ပဲခူးရိုးမရှိ သူတို့၏ အခြေပြုရာ ဌာနချုပ်ဆီသို့ သွားနေပုံကို ဓာတ်ပုံရိုက်ထားသည့် ထိုပုံသည် သွေးစွန်းသော နေ့ရက်များဆီသို့ ရှေ့ရှုခဲ့လေ၏။

ပဲခူးရိုးမ တောနက်ကြီးထဲမှာ ဗမာပြည် ကွန်မြူနစ်ပါတီသည် ဖြုတ်

ထုတ်သတ်လမ်းစဉ်ဖြင့် ဓာတ်တူသား စားကာ ဟသ်ာကိုးသောင်းပျက်ခဲ့၏။

ဗကပအမာခံကျေးရွာများဖြစ်သော ပေါက်ခေါင်းနယ်တရိုးမှာ သွေးပင်လယ်ဝေခဲ့သည်။ အရိုးတောင်လို ပုံခဲ့သည်။ လူ့အသက်ပေါင်းများစွာသည် မှာယွင်းရက်စက်သော ဝါဒလမ်းစဉ်ကြောင့် သေကြေပျက်ဆီးခဲ့ရ၏။ ပြည်ပအားကိုးဝါဒ၏ ဆိုးကျိုးကို သမိုင်းသင်ခန်းစာ ပေးခဲ့ပါ၏။

အကြမ်းဖက်လူသတ်ဝါဒ၏ ကောင်းကျိုးမပေးသော အနိဋ္ဌာရုံများကို ကျွန်တော်တို့ မြင်ခဲ့ကြားခဲ့ရ၏။ ဤနဝင်းချောင်းသာ စကားပြောတတ်ပါက မျက်ရည်တို့ဖြင့် ဆွတ်စိုသော အလွမ်းဓာတ်ထုတ်များစွာကို ဖြေပြနိုင်ကောင်းသည်။

ခုတော့ ဤမြေ ဤဒေသမှာ အုတ်မြောင်းတွေ အသွယ်သွယ်ဖြင့် ရေသွယ်၍ လယ်ယာတွေ မိုးရေ၊ ဆည်ရေတွေကိုသောက်ကာ အေးချမ်းသာယာနေလေသည်။

ကောက်ပင်စိမ်းနုနုတို့ မြင်ကွင်းတဆုံး ဖုံးလွှမ်းထားသော ဤနယ်မြေ။ ဈိုင်းဖြူဖြူတွေ အုပ်ဖွဲ့၍ လွတ်လပ်စွာ ပျံသန်းနေကြသည်။ ဗကပတို့ လက်နက်အားကိုးဖြင့် ကြီးစိုးခဲ့သော အတိတ်မြေ။ ယခုမူ စိမ်းစိုအေးချမ်းနေလေပြီ။

စိမ်းနေဦးမည့် အမိမြေ။

တိုင်းပြည်အတွက် အပြုဖက်သို့ ရှေ့ရှုတည်ဆောက်လာနိုင်ပြီဖြစ်သော ယနေ့ အခြေအနေကိုကြည့်၍ အားတက်မိသကဲ့သို့ အတိတ်က “လူကို ကျင်း– လှည်းကို ထင်း– နွားကို ဟင်း” ဆိုပြီး ဒေါက်တိုင်ဟူသမျှ ရှင်းလင်းသတ်ဖြတ်ခဲ့သည့် တစ်ယူသန် ရက်စက်မှုများကို ထိတ်လန့်စွာ သမင်လည်ပြန်တွေးတောစဉ်းစားမိသည်။

တစ်ဖက်သတ် ခက်ထန်လွန်းခြင်း အစွန်းတရား၊ အဝိဇ္ဇာသည် ကြောက်စရာ ကောင်းလှပါဘိ။ အာဃာတ တည်ဆောက်ခဲ့သည့် ဤတစ်ကြော။

တစ်ခေတ်တစ်ယောက် ထွန်းပေါက်ကျော်ကြားခဲ့သည့် စာရေးဆရာကြီး သော်တာဆွေ၏ မွေးရပ်မြေ ပေါင်းတလည်။ ရွှေပြည်ရန်နောင်၊ ကောက်လှိုင်းစသည့် ကလောင်များ မွေးဖွားခဲ့ရာမြေ။ စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်၏ ငယ်စဉ်ကာလ တစ်ခါက ဖြတ်သန်းခဲ့ရာမြေ။

သူတို့၏ စာပေတွေထဲမှာ ဤရှုခင်းတွေ ထည့်သွင်းရေးဖွဲ့ခဲ့ကြဖူးလေသည်။ လူကိုယ်တိုင်ရောက်ရတော့ သော်တာဆွေ၏ ငယ်ဘဝ "ကျွန်တော့်ဘဝစာတ်ကြောင်း"ကို ပြန်လည်သတိရသည်။ တက္ကသိုလ်ဘုန်းနိုင်၏ "စိမ်းနေဦးမည့် ကျွန်တော့်မြေ" ကို ပြန်လည်စာ, သမိသည်။ တစ်ချိန်တစ်ခါက ကျွန်တော်တို့ အရူးအမူး စွဲလမ်းခဲ့ရသော စာအုပ်တွေ ဖြစ်ပါ၏။

မြဝတီစာပေတိုက်မှ "စိမ်းနေဦးမည့် ကျွန်တော့်မြေ" စာအုပ်ကို ပြန်လည်ပုံနှိပ်ထုတ်ဝေသည်။ နှစ်ပေါင်း (၂၀)ကျော်ခြား၍ ပြန်လည်ဖတ်ရှုခွင့်ရသည်။ စ၍ဖတ်မိသည်နှင့် လက်က မချနိုင်။

သေနံ့စင်၊

မရင်နွယ်၊

ဆယ်ကျော်သက်ကလေးငယ်များ၏ အပြစ်ကင်းစင်သော အဖြစ်များကို ချစ်စဖွယ် တွေ့ရ၏။ ဖွဲ့နွဲ့ပုံမှာ ရယ်စရာတွေ့တော့ ရယ်မိသည်။ ငိုစရာတွေ့တော့ မျက်ရည်ဝဲမိသည်။ ဆရာတက္ကသိုလ်ဘုန်းနိုင်သည် "**မိုးည အိပ်မက်မြူ၊ တစ်ပြည်သူ မရွှေထား၊ မုန်းရစ်လေဦး၊ သူငယ်ချင်းလိုပဲ ဆက်၍ခေါ်မည်နိုင်၊ ကမ္ဘာကုန် ကျယ်သရွေ့ဝယ်၊ နုနုငယ်ငယ်**" စသည့် အလွန်တရာ ဖမ်းစားနိုင်စွမ်းရှိသော ပုံဝတ္ထုတို့ကို ရေးခြယ်ပြနိုင်စွမ်းရှိသူဖြစ်၏။ စာဖတ်ပရိသတ်ကို ငိုအောင်၊ ရယ်အောင် ဖမ်းကစားတတ်သော မှော်ဆရာကြီး ဖြစ်၏။ စာရေးသည့်အတတ်မှာ တစ်ဖက်ကမ်းခတ်သော ပါရဂူတစ်ဆူတည်း။

သူရေးခဲ့သည့် "**သူ့ကျွန်မခံပြီ**" ထဲက ဗိုလ်သူရိန်ကို အားကျမိသည်။ "**ဤမြေမှသည်**" ဝတ္ထုထဲမှ ဗိုလ်မြင့်နိုင်ကို အတုယူချင်သည်။ "**မုန်းရစ်လေဦး**"ထဲမှ ဆာဂျင် သက်ပန်ကို စံထားမိသည်။ "**စိမ်းနေဦးမည့် ကျွန်တော့်မြေ**" ထဲက ဗိုလ်သနံ့စင်ကို သဘောကျလှသည်။ ဤသို့ဖြင့် ကျွန်တော်တို့သည် တိုင်းပြည်ကို အသက်ပေး၍ တိုက်ခိုက်ခဲ့သော စစ်သားလေးတွေ ဖြစ်ခဲ့ရပါတော့၏။

တကယ်ဆိုလျှင် ကျွန်တော်သည် သီချင်းဆိုရပါက ထမင်းဝနေတတ်သူ ဖြစ်၏။ ဂီတမှာ ယစ်မူးရသော် ထမင်းကို မေ့နေတတ်သူဖြစ်၏။ အနုပညာသမားတစ်ယောက် ဖြစ်ခဲ့ဖို့ ကောင်း၏။ တိုင်းပြည် မအေးချမ်းသော ခေတ်မှာ လူငယ်တစ်ယောက်အနေဖြင့် သေနတ်ကိုင်ပြီး တာဝန်ယူမှ တာဝန်ကျေပေလိမ့်မည်ဟု ယူဆအောင် တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုတွေထဲက

ဆွဲဆောင်ပုံသွင်းခဲ့သောကြောင့် ကျွန်တော်တို့သည် အနှစ် (၂၀)မျှ စစ်မြေပြင်ကို အပင်ပန်းအဆင်းရဲခံ၍ ဖြတ်သန်းနိုင်ခဲ့ကြလေ၏။ မှော်ဆရာကြီး စွမ်းပါပေသည်။

"စိမ်းနေဦးမည့် ကျွန်တော့်မြေ"ထွက်လျှင် ကျွန်တော့်ကို တစ်အုပ်ထွက်ထွက်ချင်း ပို့ပေးနော်ဟု ဒေါက်တာရဲနိုင်က တဖွဖွ မှာ၏။ သူ့သား အင်ဂျင်နီယာကျောင်းသားနှင့် သူ့သမီး ဆေးတက္ကသိုလ်ကျောင်းသူကို ဖတ်စေချင်းလွန်းလို့ပါဟု ဆို၏။

ထုတ်ဝေသူဘဝတွင် ကျွန်တော် ကျေနပ်ဂုဏ်ယူနိုင်သော စာအုပ်တွေ ကြီးကြီးစားစား ထုတ်ဝေနိုင်ခဲ့သ၏။ မိုးဂျာနယ်မှာ ရေးသားသော ဆောင်းပါးအချို့ကို ဖတ်၍ ဒေါက်တာ မတင်ဝင်း အား **"ဇာတိနှင့်အစဉ်အလာ"**ကို အသစ်စုပေါင်းပြီးပြန်ရေးပေးပါဟု တောင်းခံပန်ကြားခဲ့၏။ နေ့စဉ်ရက်ဆက် ဆိုသလို သွားပြီး ရေးဖြစ်အောင် တိုက်တွန်းရသည်မှာ (၆) လကြာ၏။ ထိုစာအုပ်သည် (၄)ကြိမ်တိတိ ပြန်ရိုက်ခဲ့ရ၏။

ဒေါက်တာနိုင်ပန်းလှရှိရာ ဂျပန်နိုင်ငံကို စာဖြင့်၊ ဖုန်းဖြင့် အခါခါ ဆက်၍ တောင်းပန်ပန်ကြားကာ အခက်အခဲ အမျိုးမျိုးကြားမှ **"ရာဇာဓိရာဇ် အရေးတော်ပုံ"**ကို ကျွန်တော် ပုံနှိပ်ထုတ်ဝေခဲ့၏။ (၃)ကြိမ်တိတိ ပြန်လည် ရိုက်နှိပ်ရပါ၏။

ဆရာညိုမြ၏ **"ကုန်းဘောင်ရှာပုံတော်"** ကို ခွဲနဘဲ ကြီးစွာဖြင့် (၂)နှစ်လောက်ကြိုးပမ်းခဲ့ရသည်။ တားသူက တားသည်။ ဖျက်သူက ဖျက်သည်။ ခွင့်မပြုအောင် သွေးဆောင်သူတွေလည်း ရှိခဲ့သည်။ စိတ်ရှည်စွာနှင့် အချိန်ယူပြီး ညှိနှိုင်း တောင်းခံပြီးမှ ရသည်။ (၃)ကြိမ်တိတိ ထပ်မံရိုက်နှိပ်နေရသည်။ ယခုအခါ တစ်အုပ်လျှင် ၃၀ဝိ/– ၄၀ဝိ/– ပေးမှ ခက်ခက်ခဲခဲ ရှာဖွေရရှိနိုင်သော **"မောင်ရင်မောင် မမယ်မ"** ခေတ်ပေါ် မြန်မာဝတ္ထု (ပထမဦးဆုံး နော်ဗယ်) မှတ်တိုင်တစ်ခုကိုလည်း တန်ဖိုး ၁၅ဝိ/–ဖြင့် ပြန်လည်ရိုက်နှိပ်ပေးနိုင်ခဲ့သည်။

ရန်ကုန်ဘဆွေ၏ **"သေသော်မှတည့် ပြောဲ ကောင်း၏"** စာအုပ်ကိုလည်း သက်ဆိုင်သူများထံ အခါခါသွား၍ ပန်ကြားတောင်းခံပြီ ရိုက်နှိပ်သည်။ အဖုံးပန်းချီ မောင်ညိုဝင်းမှ ကျွန်တော်ဖြစ်စေချင်လှသဖြင့် မရမနေ တောင်းခံ ရေးဆွဲခဲ့ရာ တစ်နှစ်တိတိ စောင့်ခဲ့ရသည်။ ဆောင်ရေ ၇၀၀၀ ကုန်သွာချေပြီ။ နမူနာ သာဓကအချို့ တင်ပြခြင်းဖြစ်ပါသည်။ စက္ကူချော အကောင်းစားနှင့်

ကွန်ပျူတာစာစီ၍ စာလုံးပေါင်း အကျအပေါက် အနည်းဆုံးဖြစ်ရအောင် အကြိမ်ကြိမ်စစ်ဆေးပြီး အချိုသာဆုံး ဈေးနှုန်းဖြင့် ထုတ်ဝေခဲ့ပါ၏။ အောင်မြင်မှုများသည် ကြိုးစားအားထုတ်မှု၏ ရလာဒ်အပြေဖြစ်၏။

"စိမ်းနေဦးမည့် ကျွန်တော့်မြေ" ကို ယခုခေတ်လူငယ်များ ဖတ်ဖြစ်အောင် ဖတ်ကြည့်စေလိုပါသည်။ ဝတ္ထုတစ်ပုဒ်က ပေးနိုင်စွမ်းသော ရသကို တွေ့ရပါလိမ့်မည်။ ဝတ္ထုတစ်အုပ်က ပေးနိုင်စွမ်းသော သုတကိုရရှိပါလိမ့်မည်။

ဆရာဇော်ဂျီ၏ **"ဗေဒါလမ်း"** (မြန်မာ၊အင်္ဂလိပ်)ပေါင်းချုပ်၊ ၂၀ ရာစု ကဗျာဆရာများ၏ ခေတ်ပေါ် မြန်မာကဗျာ (မြန်မာ၊အင်္ဂလိပ်) စာအုပ်တို့ကိုလည်း မကြာမီထုတ်ဝေတင်ဆက်နိုင်ရန် ရိုက်နှိပ်စီမံနေပါပြီ။ ကျွန်တော်၏ စိတ်ကူးထဲတွင် စာဟောင်းပေဟောင်းထဲက စာကောင်း ပေကောင်းတွေကို ချစ်စရာသော စာဖတ်ပရိသတ်ထံကို တင်ဆက်နိုင်ရန် အစဉ်ကြိုးပမ်းနေပါသည်။ ဘဝတူ ထုတ်ဝေသူအချင်းချင်း မည်သူ့ကိုမျှ မနာလို မရှုစိမ့် မဖြစ်ပါ။ သူတစ်ပါး ဆောင်ရွက်အောင်မြင်သည်များကိုလည်း ဝမ်းမြောက် ကြည်နူးနိုင်ပါသည်။ ပင်လယ်ရေကို ဘယ်သူသောက်သောက် မကုန်ခန်းနိုင်ပေ။ သူတစ်ပါးကို အနိုင်ယူရကောင်းစေလို့လည်း မပြိုင်ဆိုင်လိုချေ။ မိမိ၏ လုပ်ဆောင်ချက်များကိုသာ ကောင်းသည်ထက်ကောင်းအောင် ဖြောင့်မတ်စွာ အားထုတ်နေပါသည်။ စေတနာမှန်က အကျိုးရမည်သာ။

"စိမ်းနေဦးမည့် ကျွန်တော့်မြေ" ကို ထုတ်ဝေလိုက်ရခြင်း၊ **"သူ့ကျွန် မခံပြီ"** (ပဥ္စမအကြိမ်ပုံနှိပ်) ကို ဖြန့်ချိပေးရခြင်းအတွက် ကျွန်တော်အမှန်ပင် ကြည်နူးကျေနပ်မိပါသည်။ အမျိုးသားရေးစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ကို မွေးမြူပျိုးထောင်ရာတွင် ကျွန်တော်သည် ရေတစ်မှုတ်စာသော်လည်းကောင်း၊ သဲတစ်ဆုပ်စာသော်လည်းကောင်း ၊အုတ်တစ်ချပ်စာသော်လည်းကောင်း ပါဝင်ခွင့်ရခြင်းအနေဖြင့် အမှန်ပင် ဂုဏ်ယူထိုက်သည် မဟုတ်ပါလား။

ချစ်နိုင် (စိတ်ပညာ)

☆ ☆ ☆

လိုရင်းတိုရှင်း

မြန်မာစာ ပထမနှစ်အဖြစ် တက္ကသိုလ် ကျောင်းသားကျောင်းသူတိုင်း သင်ယူရသော ဘာသာရပ်မှာ သံခိပ် ဖြစ်လေသည်။ သံခိပ် ဆိုသော ဝေါဟာရကို ကျွန်တော်သည် တက္ကသိုလ် မရောက်ဖူးမီက ကာလအထိ သတိမထားမိပေ။ လျှော့လျှော့ပေါ့ပေါ့ မိမိကိုယ်ကို ဆိုခြင်းဖြစ်၍ ဒီထက် ပွင့်ပွင့်လင်းလင်း ပြောရလျှင်ကား ကြားတောင် မကြားဖူးချေ။

သံခိပ် ဆိုသောစကားလုံးသည် ပါဠိဝေါဟာရ သင်္ခေပမှ ရွေ့လျော ဆင်းသက်လာခြင်းဖြစ်၏။ အဓိပ္ပါယ်မှာ အကျဉ်းဟု ဆိုလို၏။ "ရှေးလက်ဟောင်းတို့၌ စပ်ဟပ်သည့် အသတ်ကွဲပြား ယုံမှားအရာကို သင်္ခေပနည်းအားဖြင့် အမြွက်မျှ ပြပေအံ့." ဟု ကဝိလက္ခဏာဒီပနီကျမ်း၌ ရေးသားထား၏။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းက မျောက်ဋီကာစာအုပ်၌ သင်္ခေပကို အောက်ပါဝါကျ၌ အသုံးပြုထားပုံမှာ "တပည့်တို့. မှတ်မိဖို့ရာ လွန်စွာမှ ခက်ခဲလှပါသဖြင့် သင်္ခေပအချုပ် နိဂုံးအုပ်တဲ့ ဆောင်ပုဒ်ချေင်းများကို ကြားပါရစေဦး ဘုရား"

သံခိပ်ကို အင်္ဂလိပ်လို မည်သို့ ခေါ်ဆိုသနည်းဟု သိလိုသဖြင့် ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေခဲ့သော မြန်မာ–အင်္ဂလိပ် အဘိဓာန်ကျမ်းထဲမှာ ရှာကြည့်သည်။ စာမျက်နှာ (၅၀၄) မှာတွေ့၏။

သံခိပ် = Gist precise concise version

ယခုအခါမှာ ဂျစ်စ်ထုတ်ပြီးမှတ်ပါ။ပရက်ဆေးစ်ပေးပါဆရာစသဖြင့် ပြောဆိုသုံးစွဲကြသည်များ တွင်ကျယ်လာသော်လည်း သံခိပ်၏ အဓိပ္ပါယ်နှင့် အနှစ်သာရကိုတော့ အသုံးချမှု နည်းနေသေးသည်ဟု ကျွန်တော်ထင်သည်။

သံခိပ်ကို မြန်မာပီပီ ရှင်းရှင်းလင်းလင်း ဆိုရရင်ကား လိုရင်းအနှစ်ဟုသာ ပြောရပါလိမ့်မည်။

အခမ်းအနားပွဲကြီးတစ်ခု ကျင်းပသည်။

လူပေါင်းထောင်ပေါင်းများစွာ တက်ရောက်ကြသည်။ ကောင်းကင်မှာ တိမ်သား ကင်းသည်။ နေ့လည် ၁၂ နာရီအချိန် နေရှိန်သည် မီးဖိုကို ခေါင်းပေါ်ရွက်ထားရသကဲ့သို့ ပူလှသည်။ လမ်းမပေါ်၌ တံလျှပ်တွေ တလက်လက်ထနေ၏။ ကျိုက်ကျိုက်ဆူအောင် ပူလောင်နေသောအချိန်မှာ အခမ်းအနားကြီးကို မိန့်ခွန်းအမှာစကားပြောကြား၍ ဖွင့်သည်။

ကျွန်တော်က သုစ်ပင်ရိပ်မှာ ဆိုင်ကြည့်ရင်း မိန့်ခွန်းပြောသည့်လူတွေ လေရှည်နေလျှင်တော့ နေပူထဲကလူတွေ ရတ်ရတ်သဲသဲနှင့် ထပြန်သွားကြ လေမလားဟု စိတ်ပူနေမိ၏။ မြေကြီးကလည်း ပူလှပြီ။ ငယ်ထိပ်တည့်တည့်က နေကျဲကျဲကလည်း ရောင်ခြည်တစ်ထောင် အလင်းကိုဆောင်၍ ပူလောင်လှ သည်။ လူများသည် ချွေးစေးတွေ စိုရွှဲလျက် ငုတ်တုတ် ထိုင်နေကြ၏။တော်ရုံ တန်ရုံဇွဲနှင့် အားပေးခြင်းမျိုး မဟုတ်။ လူထု၏ စိတ်အားထက်သန်မှုကို ကျွန်တော်သည် လေးစားဂုဏ်ပြု၏။

သက်ဆိုင်ရာ တာဝန်ရှိသူတို့က စကားပြော၏။ အကြီးအကဲများသည် အလိုက်တသိပင် သံခိပ်များဖြင့် ပြောကြားသွား၏။ ကျွန်တော်လည်း ဝမ်းသာသွားသည်။ အလားတူ လူထုပရိသတ်ကြီးလည်း ပျော်သွားသည်။ တက်ရောက်လာကြသမျှသော အားလုံးသော လူငယ်အားလုံးသည် ပြုံးသွား ကြလေသည်။

ပန်းပွားကသူက ကပြ
စည်တော်တီးသူက တီး
ရခိုင်ယိမ်းက,သူတွေက ကကြ။
ရှမ်းရိုးရာ ကခုန်သူက က။
သိုင်းအားကစား လှုပ်ရှားပြသူက ပြ။
တေးသံမြိုင်မြိုင် ကျူးရင့်သီဆိုကြသည်။

လောကဓာတ်တစ်ခွင်လုံး ပျော်ရွှင်ကြည်နူးမှုလှိုင်းသည် တငြိမ့်ငြိမ့် ရိုက်ခတ်သွားသည် ထင်ရ၏။ ကျွန်တော်သည် ကြည့်ရင်းကြည့်ရင်း လှိုက်၍ လှိုက်၍ ဝမ်းသာမိ၏။ လိုရင်းကို တိုတိုရှင်းရှင်း ပြောပြသွားသော တာဝန်ရှိ

ခေါင်းဆောင်များကို ကျေးဇူးတင်သည်။ အထင်လည်းကြီးသည်။ သူတို့သည် ပြည်သူလူထု၏ဘဝနှင့် ခံစားချက်ကို နားလည်စာနာတတ်ကြသည်။ ရှေးရှေးသော အစိုးရမင်းများခေတ်က လူထုစုဝေးပွဲများ၌ အရိပ်မဏ္ဍပ် ဆောက်ပေးလေ့ မရှိ။ နေပူပူထဲမှာပဲ စောင့်စောင့်ထိုင်ကြရ၏။ ယခုအခါတွင်မူ နေပူမိုးရွာ သိပ်ပြီးကြောက်စရာမရှိ။ မိုးကာဖြစ်ဖြစ် ပိန်ပဖျာဖြစ်ဖြစ် မဏ္ဍပ်ကြီးများ ဆောက်ပေးထားလေ့ရှိကြ၏။ အခြေအနေအချိန်အခါမပေးသဖြင့် မတတ်သာမှသာ လေဟာပြင်၌ လူထုစည်းဝေးပွဲလုပ်၏။

သံခိပ်ကို အသုံးမချတတ်သူတွေလည်း ရှိ၏။

ရှည်လျားထွေပြား ပေများ၍ နားထောင်ရသူ၊ ကြည့်ရှုရသူ စိတ်ပျက်လောက်အောင် ဇွဲဝဲကွေ့ဝိုက် ပြောဆိုရေးသားတတ်သူတွေပဲဖြစ်၏။ စာတစ်လုံးနှင့် ပြီးပြတ်မည့်ကိစ္စကို ဝါကျတစ်ကြောင်း စီမနေသင့်ပါ။ ဝါကျတစ်ကြောင်းနှင့် ရှင်းသည့်ကိစ္စကို စာပိုဒ်တစ်ခု ဖွဲ့မနေသင့်ပါ။ စာပိုဒ်တစ်ပိုဒ်တည်းနှင့် ပြီးရမည့် အလုပ်ကို တစ်မျက်နှာ လာရေးမနေပါနှင့်။

ထိုကဲ့သို့ လိုရင်းတိုရှင်း မပြောတတ်သူတွေသည် တက္ကသိုလ်နှင့် ကောလိပ်အားလုံးမှာ သင်ကြားပို့ချသော မြန်မာစာဌာနက သင်ပြနေသည့် သံခိပ် ဘာသာရပ်ကို ထပ်၍ ဟက်သင့်လှပါသည်။ စာရေးသားရာတွင် ကျစ်လစ်ခြင်းသည် ဂုဏ်တစ်ခုဖြစ်ပါသည်။ စာရေးဆရာများအနက် ဆရာတိုက်စိုး၏ စာများကျစ်လစ်သိပ်သည်းပုံကို ကျွန်တော် အလွန် သဘောကျပါသည်။ ချစ်မိတ်ဆွေ ကြုံကြိုက်ပါက ဆရာတိုက်စိုး၏ စာများကို ရှာဖတ်ကြည့်စေလိုပါသည်။ (မကြာမီ မြဝတီ စာပေတိုက်မှ တိုက်စိုးနှင့် မင်းယုဝေတို့၏ စာဆိုနှင့်သုတေသီ ဟူသော ပုဂံစာအုပ်တိုက်ထုတ် စာအုပ်ကို ဒုတိယအကြိမ် ပြန်လည်ရိုက်နှိပ်ရန် စီမံနေသည်ဟု ကြားသိရပါသည်။) ယခုအခါ လိုရင်းကို တိုတိုရှင်းရှင်းပြောမှ ကြိုက်သောခေတ်သို့ ရောက်လာပါသည်။ လူတွေမှာ အချိန်များများ မပေးနိုင်ပါ။

တောင်းပန်ပါရစေ တစ်ကြောင်းတည်းနှင့်ရေးလျှင် ရပါလျက်နှင့် စာတစ်ပိုဒ်အဖြစ်သားရပါသည်။ ကျွန်တော်လည်း လျှာရှည်သူတစ်ဦး ဖြစ်သွားမိပါပြီ။ ဇွဲလည်ကြောင်ပတ် ရှုပ်ရှုပ်ထွေးထွေး ရေးခြင်း၊ပြောခြင်းမျိုးကို မည်သူမှ ကြာရှည် သည်းမခံချင်ပေ။ လိုရင်းတိုရှင်း ကောင်းပါသည်။

သံခိပ်ကို ထိထိရောက်ရောက် အသုံးချခြင်းဖြင့် သင်သည် အလိုက်သိ တတ်သူ ဖြစ်လာပါလိမ့်မည်။ တစ်စုံတစ်ရာ တစ်ပြားတစ်ချပ်မှ မရဘဲနှင့် အခမဲ့ တင်ပြနေခြင်းမှာ ပညာကို တန်ဖိုးထားစေလိုသောကြောင့် ဖြစ်ပါသတည်း။

ချစ်နိုင် (စိတ်ပညာ)

(၁၇-၉-၉၇)

☆ ☆ ☆

အပြန်အလှန်

ဆရာကြီး ရွှေဥဒေါင်းသည် မောင်စံရှားဝတ္ထုများတွင် စုံထောက်ဦးစံရှားနှင့် သူ၏မိတ်ဆွေ ဦးသိန်းမောင်တို့၏ အပြန်အလှန် စကားပြောခန်းဖြင့် ဇာတ်လမ်းဇာတ်ကွက်ကို ပေါ်လွင်ထင်ရှားစွာ သရုပ်ဖော်လေ့ရှိပါသည်။ ဆရာကြီးရွှေဥဒေါင်းသည် မိမိနှင့် ကျောင်းနေဖက် ပင်စင်စားတစ်ဦး အပြန်အလှန် ဆွေးနွေးဟန်ဖြင့် လောကဓတ္တရာနှင့် အတွေးအခေါ်များကိုလည်း လွယ်ကူ ရှင်းလင်းအောင် ရေးသားဖော်ပြခဲ့ဖူးပါသည်။ ဤအရေးအသားမျိုးကို ဖတ်ရလျှင် နံဘေးနားက ကပ်၍ နားထောင်နေရသကဲ့သို့ သရုပ်ပေါ်လွန်းလှသဖြင့် အလွန်နှစ်ခြိုက်ခဲ့ပါသည်။ အလွန်တစ်ရာ နှစ်သက်သဘောကျမိပါသည်။

ဆရာသာဂဒိုးက လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် ဤကဲ့သို့ လူနှစ်ဦး (တစ်ဦးက ဆရာဒိုး) ဆွေးနွေးပြောဆိုပုံမျိုး သွက်သွက်လက်လက် ထက်ထက်မြက်မြက်နှင့် နှစ်ပေါင်းများစွာ အဆက်မပြတ် ဆောင်းပါးများ ရေးခဲ့ဖူးသည်ကိုလည်း စွဲလမ်းခဲ့ရပါသည်။

ဆရာကြီးရွှေဥဒေါင်း၊ ဆရာသာဂဒိုးတို့အပြင် ၁၉၈၀ ဝန်းကျင်ကာလ ဧန္ဒာမဂ္ဂဇင်းမှာ ဆရာသက်လုံ၏ စိတ်ကမ္ဘာဆွေးနွေးခန်းကိုလည်း ကျွန်တော် အတော်ကြိုက်ခဲ့သည်။ ဦးသက်လုံနှင့် ဦးသံဝေတို့ အပြန်အလှန်ပြောဆိုကြပုံသည် ဖတ်၍ ကောင်းလှသည်။ မှတ်စရာတွေလည်း များလှသည်။ လုံးချင်းစာအုပ် စုပေါင်း၍ပင် ထုတ်သင့်ပါသည်။ ဝယ်ချင်သိမ်းချင်ပါသည်ဟု ဦးသက်လုံ အမည်ခံ ဆရာဦးသောင်းတင်ထံသို့ စာဖတ်သူ ကျွန်တော်က စာရေး၍ ချီးကျူးပန်ကြားဖူးပါသေးသည်။ ဦးသောင်းတင်သည် ကြပ်ကလေးလည်းဖြစ်၏။

ဦးသောင်းတင်သည် ကျွန်တော်၏ ကျေးဇူးရှင်တစ်ဦးဟုဆိုလျှင် မမှားပါ။

ကြပ်ကလေးသည် ရှေးဦးဆရာတစ်ဦး။

ကျွန်တော်ရှစ်တန်းရောက်ချိန်တွင် စာအုပ်အငှားဆိုင်မှ ဝတ္ထုစာအုပ်များကို ငှား၍ ဖတ်စအချိန်တွင် မဟာဆွေ၊ ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ မိုးဝေ၊ မောင်သက်နောင်၊ ဓူဝံ၊ နတ်နွယ်တို့အပြင် ဓဝန၊ သော်တာဆွေနှင့် ကြပ်ကလေးတို့ပါ ခွဲလမ်းခဲ့ရပါသည်။ ကြပ်ကလေးရေးသမျှ ဝတ္ထုတိုပေါင်းချုပ်ကော လုံးချင်းဝတ္ထု ဟူသမျှပါ အငှားဆိုင်မှ ငှားဖတ်ရုံနှင့်အားမရ ပိုက်ဆံစုပြီး ဝယ်သိမ်းခဲ့ရပါ၏။ အငှားဆိုင်မှ အဖုံးချုပ်စေပြီး ရိုရိုသေသေပင် သိမ်းဆည်းခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ကြပ်ကလေး၏ ဟာသဝတ္ထုများကို ဘယ်အချိန်ချိန်ပြန်ဖတ်ဖတ် ကျွန်တော့်မှာ ရယ်မောနေရသောကြောင့်ဖြစ်၏။ အတော်ကြီး နှစ်သက်၏။ ထိုအချိန်က အောင်လင်း၊ ဇန်းမော်တင်အောင်၊ တင့်တယ်၊ သာခ စသူတို့ မကြိုက်တတ်သေးပါ။

စာပေကို ချစ်မြတ်နိုးတတ်အောင်၊ တန်ဖိုးထားတတ်လာအောင် ပျိုးထောင် သန္ဓေတည်ပေးခဲ့သော ဟာသစာရေးဆရာ ကြပ်ကလေး၏ ကျေးဇူးသည် ကျွန်တော့်အဖို့ ဆပ်၍မကုန်နိုင်အောင် ကြီးမားပါ၏။

ဆရာကြီး ရွှေဥဒေါင်း၊ ဆရာသာဂဒိုးနှင့် ဆရာသက်လုံတို့၏ အပြန်အလှန် စကားပြောပုံမျိုးကို ဆရာဇော်ဂျီ ဘာသာပြန်သည့် "ပလေတိုနီဒါန်း" မှာလည်း တွေ့ရ ဖတ်ရပြန်၏။ စာဖတ်ပရိသတ်ကို မိမိနှင့်အတူ ဆွဲခေါ်ရာတွင် အလွန်တရာ ထိရောက်သော နည်းပါတကားဟု မှတ်ယူထားမိ၏။

သို့ဖြင့် ၁၉၈၄–ခုနှစ်တွင် ရှုမဝမဂ္ဂဇင်း၌ ကျွန်တော်ဆောင်းပါးများ အဆက်မပြတ်ရေးပို့သောအခါ အချို့ကို ကိုကောင်းနှင့် ကိုဝိုင်း ဟူသော မိတ်ဆွေ သူငယ်ချင်းနှစ်ဦး အပြန်အလှန် စကားပြောကြပုံနှင့် ရေးသားပေးပို့သည်။ ရှုမဝမဂ္ဂဇင်း စာတည်းအဖွဲ့မှ မောင်ဆွေတင့်နှင့် မောင်မြင့်မြတ်တို့ကလည်း တစ်ပုဒ်ပြီး တစ်ပုဒ် ရွေး၍ ဖော်ပြ၏။ ပယ်သည်ဟု မရှိ။ ကျွန်တော်သည် အားတက်သရောဖြင့် အပြန်အလှန် စကားပြောဆောင်းပါးပေါင်း ၂၀–၃၀ မျှ ရေးဖြစ်ခဲ့သည် ထင်ပါ၏။ စာဖတ်ပရိသတ်ထံမှလည်း နှစ်သက်သဘောကျကြောင်း တုံ့ပြန်မှု ရခဲ့ပါ၏။

၁၉၈၅ ဆီတွင်မူ ရှုမဝမှာသာ မကတော့ပါ။ ရပ်ရှင်အောင်လံမှာလည်း ကိုကောင်းနှင့် ကိုလှိုင် ဆိုပြီး မိတ်ဆွေနှစ်ဦး စကားပြောဟန်ဖြင့် အနုပညာ ရေးရာတို့ကို ဆွေးနွေးပုံများ ဆောင်းပါးဆယ်ပုဒ်ခန့် ရေးဖြစ်ခဲ့ပါ၏။

အပြန်အလှန် ဆွေးနွေးစကားပြောဟန်ဖြင့် ရေးသောအခါ ရေးရသူလည်း ရှင်သည်။ စစ်တုရင်နှင့်ကျားကွက်ကို တစ်ယောက်တည်းက နှစ်ဖက်ရွှေ့လျှင် ကစား၍ ရချင်မှ ရမည်။ စာရေးသည့်အခါ တွင်မှ ဟိုလူ့ဖက်မှ ဝင်ပြောလိုက်၊ ဒီလူနေရာက ပြန်စဉ်းစား၍ ဆင်ခြေတက်လိုက်။

ဟိုဘက်က ရှင်းပြလိုက်။

ဒီဘက်က မရှင်းသဖြင့် ထပ်မေးလိုက်။

အကြောင်းအရာတစ်ခုကို ထောင့်စုံအောင်သရုပ်ဖော်ရာ၌ နှစ်ဦး နှစ်ဖက်အပြန်အလှန် ဆွေးနွေးပြောဆိုပုံမျိုးသည် နှစ်သက်စဖွယ် ဖြစ်ပါသည်။ ကျွန်တော်သည် စကားပြောဟန်ဖြင့်လည်း ရေးဖူးသည်။ စာစကား စကားပြေ ဖြင့်လည်း ရေးဖူးသည်။ ပေးစာ ပုံစံ၊ ပေးစာကို စကားပြောဟန်ဖြင့်လည်း ရေးဖူးသည်။ ဇာတ်ရုပ်နှစ်ဦး အပြန်လှန် စကားပြောပုံဖြင့် ရေးရသည်ကတော့ အပျော်ရွှင်ဆုံး အသက်အပါဆုံးပါဟု ထင်မိပါ၏။ အခြား စာရေးသူပုဂ္ဂိုလ် များတော့ မည်သို့ရှိသည် မသိ၊ ကျွန်တော့်အဖို့တော့ အကြိုက်ဆုံးရေးနည်း တစ်ခုဖြစ်၏။

စာဖတ်သူ မြည်းစမ်းကြည့်နိုင်ရန် ဆရာဇော်ဂျီ ဘာသာပြန်ခဲ့သည့် ပလေတိုနိဒါန်းစာအုပ်(ဒုတိယအကြိမ်ရိုက်နှိပ်) ထဲမှ စာပိုဒ်အချို့ကို တင်ဆက် ပါရစေ။ အပြန်အလှန်စကားပြောကြပုံ၏ နှစ်သက်စဖွယ် အချင်းအရာကို နမူနာ တွေ့ရပါလိမ့်မည်။

ဆော့။ ။လောက၌ မကောင်းသောအမှုများကို အလိုရှိသူများ လည်းရှိ၏။ ကောင်းသောအမှုကို အလိုရှိသူများလည်းရှိ၏ ဟု အသင် ယူချင်ပါသလော၊ သို့တည်းမဟုတ် လူအားလုံးပင် ကောင်းသော အမှုကိုချည်း(ဝါ) အကောင်းကိုချည်း အလိုရှိကြကုန်၏ဟု ယူမည်လော။

မီ။ ။ထိုသို့ကား မယူလိုပါ။

ဆော့။ ။ထိုသို့တပြီးကား အချို့သည် မကောင်းသောအမှုကို အလိုရှိကြ၏ဟု ဆိုရာရောက်သည်ပေါ့။

မီ။ ။ဟုတ်ပါသည်။

ဆော့။ ။မေးချင်ပါသေးသည်။ ထိုအချို့သည် မကောင်းသည်ကို အကောင်းဟု အထင်မှားသောအကြောင်းကြောင့် မကောင်းသောအမှုကို အလိုရှိကြခြင်း ဖြစ်သလော၊ သို့တည်းမဟုတ် မကောင်းသည်ကို

မကောင်းမှန်း သိပါလျက် မကောင်းသောအမှုကို အလိုရှိကြခြင်း ဖြစ်သလော။

မီ။ ။နှစ်မျိုးလုံးဖြစ်သည်ဟု ထင်ပါသည်။

ဆော့။ ။ ဩ –ထိုသို့လော။ ထိုသို့ဆိုလျှင် မေးပါရစေဦး မီနိ။ အကြင်သူသည် အဆိုးဟု သိ၏။ ထိုသူသည် ထိုအဆိုးကို အလိုရှိသေး၏ဟု ဆိုမည်လော။

မီ။ ။ဆိုရမည်ပါ့။ အထက်ကလည်း ထိုသဘောမျိုးကို ဆိုခဲ့ပြီ မဟုတ်လော။

ဆော့။ ။ကောင်းပါပြီ။ မေးချင်ပါသေးသည်။ အလိုရှိခြင်း ဆိုသည်မှာ အဘယ်နည်း ။ တစ်ခုခုကို အပိုင်ရလိုခြင်း မဟုတ်ပါလော။

မီ။ ။ဟုတ်ပါသည်။

ဆော့။ ။အကြင်သူသည် အဆိုးဟု အပိုင်ရ၏။ ထိုသူကို ထိုအဆိုးသည် အကျိုးပြုမည်ဟု ထိုသူအထင်ရှိပါသလော။ သို့တည်းမဟုတ် အကြင်သူသည် အဆိုးကို အပိုင်ရ၏။ ထိုသူကို ထိုအဆိုးသည် အန္တရာယ်ပြုမည်ဟု ထိုသူ သိပါသလော။

မီ။ ။ဆော့ခရတ္တိ၊ အဆိုးသည် အကျိုးပြုတတ်၏ဟု အထင်ရှိသူတို့လည်း ရှိကြ၏။ အဆိုးသည် အန္တရာယ်ပြုတတ်၏ဟု သိသူတို့လည်း ရှိကြသည်။

ဆော့။ ။ကောင်းပြီ။ အဆိုးကို အကျိုးဟု အထင်ရှိသူတို့သည် အဆိုးကို အဆိုးဟု သိကြပါသလော။

မီ။ ။သိမည်ဟု ကျွန်ုပ် မထင်ပါ။

ဆော့။ ။ထိုသို့ဆိုလျှင် အဆိုးကို အလိုရှိသူတို့သည် အဆိုးကို အဆိုးဟု မသိကြသူများသာ ဖြစ်နိုင်သည်။ ထိုသူတို့ အလိုရှိသော အရာတို့သည် အဆိုး ဖြစ်ကြပါသော်လည်း ထိုအဆိုးကို အကျိုးဟု အထင်မှားကြသောကြောင့်သာ ထိုအဆိုးကို အလိုရှိကြခြင်းဖြစ်သည်။ ထို့ကြောင့် ထိုသူတို့ အကယ်အလိုရှိသောအရာသည် အဆိုး မဖြစ်နိုင်။ အကျိုးသာ ဖြစ်နိုင်သည်ဟု ဆိုရလိမ့်မည်။ ဟုတ်ပါသလော။

မီ။ ။ထိုသို့ဆိုပြန်တော့လည်း ဟုတ်သလိုလိုပင်။

ဆော့။ ။အသင် ဆိုခဲ့သည့်အတိုင်း အဆိုးရသူကို အဆိုးက အန္တရာယ် ပြုတတ်၏ဟု အထင်ရှိသူတို့သည် မိမိတို့ကိုယ်ကို အဆိုးက အန္တရာယ်ပြုလိမ့်မည်ဟု သိကြမည် မဟုတ်ပါလော။

မီ။ ။သိကြမည်ပါ။

ဆော့။ ။သို့ရာတွင် အန္တရာယ်အပြုခံရသူတို့သည် အန္တရာယ်များသလောက် ဒုက္ခကြီးရသည်ဟု သိကြမည် မဟုတ်ပါလော။

မီ။ ။သိကြမည်ပါ။

ဆော့။ ။ဒုက္ခရောက်သူတို့သည် အဆိုးနှင့်တွေ့ကြရသည် မဟုတ်ပါလော။

မီ။ ။တွေ့ကြရပါသည်။

ဆော့။ ။ထိုသို့ဆိုလျှင် ဒုက္ခရောက်လိုသော အဆိုးနှင့် တွေ့လိုသောသူသည် လောက၌ ရှိနိုင်ပါသလော။

မီ။ ။ရှိနိုင်မည် မထင်ပါ။

ဆော့။ ။ထိုသို့တပြီးကား အချင်း မိနိ။ မိမိကိုယ်တိုင်က လူဆိုးလုပ်ချင်သူ မဟုတ်လျှင် မည်သူမျှ အဆိုးကို အလိုရှိမည် မဟုတ်။ အဘယ့်ကြောင့်ဆိုသော် ဒုက္ခကြီးရလွန်းသောကြောင့်ပင်။

မီ။ ။ဆောခရတ္တိ၊ ထိုသို့ဆိုလျှင် အသင်၏ စကားသည် ဟုတ်ပုံရမည်၊ ဟုတ်စရာရှိသည်။

ချစ်နိုင် (စိတ်ပညာ)
(၁၂-၆-၉၇)

☆ ☆ ☆

စွမ်းအားပြင်းထန်သော အရာ

လွန်ခဲ့သော နှစ်ပေါင်း ၄၀–နီးပါး အနှစ် ၃၀ တစ်ဝိုက်၌ မဂ္ဂဇင်းစာအုပ်တွေမှာ စာညွှန့်ဟူသော စာတစ်မျိုး ပါဝင်လေ့ရှိပါ၏။ စာညွှန့်သည် ယခုခေတ် ထုတ်ဝေသော မဂ္ဂဇင်းပေါင်းရှစ်ဆယ်ကျော်ခန့်နှင့် ဂျာနယ်ပေါင်း ၂၀ နီးပါး၌ ကျွန်တော် သတိထားမိသလောက် တစ်ပုဒ်မျှ မတွေ့ရပေ။ တစ်နှစ်လောက်ကြာမှ တစ်ပုဒ်နှစ်ပုဒ်မျှ ရှားရှားပါးပါးတွေ့ရသည်တော့ ရှိပါ၏။ မဂ္ဂဇင်းပေါင်း ၁၂၀၀ နှင့် ဂျာနယ်ပေါင်း ၁၀၀၀ မျှ တစ်နှစ်ကာလ ထွက်ရှိသမျှထဲမှာ စာညွှန့် ၄–၅–ပုဒ်ပါလာခြင်းကို ပြောပလောက်သော အရည်အတွက်ဟု မဆိုသာချေ။

လွန်ခဲ့သော အနှစ် ၃၀ ဆီက မဂ္ဂဇင်းထဲမှာ ဂျာနယ်စာမျက်နှာများပေါ်မှာ စကားပြေ၊ ကဗျာ တစ်နည်းအပြင် ထပ်၍ခွဲခြားသော် ဝတ္ထုကဗျာ၊ ဆောင်းပါး၊ ဤသုံးစားအားဖြင့် စာညွှန့်ဟူသောအရာ ရှိခဲ့ဖူးသည်ကား အထင်အရှားဖြစ်သည်။ အသက် ၂၀ အောက်ရှိ လူငယ် စာဖတ်ပရိသတ် အတော်များများကို ကျွန်တော်က မေးကြည့်၏။ စာညွှန့်ဆိုတာ သိလား။ မသိ။ စာညွှန့်ဆိုတာ ဘယ်လိုပုံလည်း။ မသိ။ စာညွှန့်ကို ကြိုက်သလား။ မသိ။ စာညွှန့်ကို ဖတ်ဖူးသလား။ မဖတ်ဖူးပါ။

ကဲ–တိုတိုပြောပါစို့။ ဆိုလိုရင်းမှာ စာညွှန့်သည် သေဆုံး ကွယ်ပျောက်သွားခဲ့လေပြီ။ သေသောသူ ကြာလျှင်မေ့သည်။ ဤ စကားနှင့်အညီပင် ခုခေတ်လူငယ်တို့က စာညွှန့်ဟူသော စကားပြေတစ်မျိုးကို မေ့ကြလေပြီ။

စာညွှန့်သည် စကားပြေမှ သေဆုံး၍ ကဗျာအဖြစ်ပြန်လည်ဝင်စားလာချေပြီဟု ကျွန်တော်က တင်ပြချင်ပါ၏။ ဤအချက်ကို ထင်ရှားပြရန်

အထောက်အထားတော့ လိုမည်ဖြစ်သည်။ သို့သော် အခေါ်အဝေါ်အနေဖြင့် ယာဂု ခေါ်ခေါ် ဆန်ပြုတ်ခေါ်ခေါ် တစ်စုံတစ်ခုသောအရာအနေနှင့်မူအတူတူပင် ဖြစ်ပါသည်။

ခေတ်သစ်ကဗျာခေါ်လိုက ခေါ်၊ ခေတ်သစ်ကဗျာဟု ဆိုချင်ဆိုပါ။ ကာရံ မပါ။ စပ်နည်းစပ်ထုံး မကျင့်သုံးသော မျက်မှောက်ခေတ် မဂ္ဂဇင်းအချို့မှာ ဖော်ပြနေကြသည့် ကဗျာအခန်းမှ အချို့စာများသည် လွန်ခဲ့သော အနှစ် ၃၀ ကာလဆီက စာညွန့်သေ၍ ဝင်စားသောအရာများဟု ကျွန်တော်က ယူဆသည်။ စာညွန့်က စကားပြေ ဖြစ်၏။ ကဗျာဆန်၏။

ယခုအသစ်တစ်ဖန် ပေါ်ပေါက်လာကြသော ကဗျာဘဝဟု အချို့က သတ်မှတ်ကြသော စာညွန့်လူဝင်စားများသည် ကဗျာ မပီသ။ စကားပြေ ဆန်ကြလေသည်။

စကားပြေသည် Prose စကားပြေ ဖြစ်၏။ စကားပြေသည် ကဗျာ မဟုတ်ချေ၊ ကဗျာဆန်ချင်လျှင်တော့ ဆန်လို့ရ၏။

ကဗျာသည် Poem ကဗျာ ဖြစ်၏။ စကားပြေလိုရေး၍ မရ။ စပ်ရသည်။ ကဗျာစပ်ဆိုရသည်။ အင်္ဂလိပ်လိုမှာလည်း Write a poem ဟု ရေးလေ့မရှိ။ Compose a poem ကဗျာကို စပ်မှ ရနိုင်သည်။ ကဗျာသည် စကားပြေ မဟုတ်ပေ။

စာညွန့်ဝင်စားများသည် အသက်ရှည်မည် မထင်ဟု ကျွန်တော်က ခန့်မှန်းသည်။ အဘယ်ကြောင့်ဆိုသော် စာညွန့်ဘဝဖြင့် အသက်တိုလှသည်ကို ကျွန်တော်မျက်မြင်ဖြစ်၏။ မှန်းဆချက်မျှသာဖြစ်၍ မှန်ချင်မှန်မည်။ မှားချင် မှားမည်။ ၂၁–ရာစုထဲမှာ အနှစ် (၂၀) လောက် ဝင်ရောက်မိလျှင်တော့ အဖြေပေါ်လာမှာဖြစ်၏။ သေချာ၏။

စာညွန့် အသက်တိုတိုနှင့် ပျောက်ကွယ်သွားရခြင်းမှာ လူတွေ လက်မခံသောကြောင့် ဖြစ်၏။ ဘယ်သူက ဘယ်လောက်ကြီး ကောင်းလှပါ သည်ဟု မွှန်းမွှန်း မိုးထိအောင် မြှောက်မြှောက်၊ ကြိုက်သလောက်ချီးမွမ်း ရပါ၏။ လူတွေက လက်မခံတော့ဘူးဆိုလျှင် ရပ်သွား၏။

ဘယ်လောက်ပင် ကောင်းလှပါသည်ဆိုဆို အချိန်ကာလ အကန့် အသတ်ကိုကျော်၍ ဖောက်ထွက်ဖို့ရာတော့ မလွယ်ချေ။ ဂန္ထဝင် တင်လောက်

အောင် နိုင်မာဖို့ရာမှာ တကယ့် စာကောင်းကဗျာကောင်းတွေမှ။ ထို့ကြောင့် ပါရမီရှင်များ၊ ထူးချွန်သူများမှ ဖန်တီးနိုင်သောအရာမျိုးဖြစ်ကြ၏။ ထိုသို့ တွင်စေသတည်း၊ ကျန်ရစ်စေသတည်းဟုလည်း မည်သူကမျှ အမိန့်ပေး၍ မရချေ။ လူတွေက လက်ခံမှုဖြစ်၏။ မျက်မှောက်ခေတ်မှာ ဖြစ်ဖြစ် အနာဂတ် ခေတ်မှာဖြစ်ဖြစ် စာဖတ်ပရိသတ်ကို တစ်စုံတစ်ယောက်က အမိန့်ပေး၍ အကြိုက်ခိုင်းရန် မဖြစ်နိုင်ချေ။

သူ့ဘာသာသူ အနှစ်သာရ ပြည့်ဝကောင်းမွန်နေသော စာမှာမှ စာပေ ဩဇာ ရှိသည်။ စာဖတ်ပရိသတ်ကို သူ့ဂုဏ်သတ္တိနှင့်သူ ဆွဲဆောင်သည်။ စာဖတ်သူ၏ အာရုံကို သူ့အရည်အချင်းနှင့်သူ ဖမ်းစားသည်။ သူ့စွမ်းအားသည် သူ့အပေါ်မှာ တည်၏။

စာညွှန့်များ မဂ္ဂဇင်း၊ ဂျာနယ်စာမျက်နှာပေါ်မှ တစ်စတစ်စ ပျောက် ကွယ်သွားရခြင်းမှာ စာဖတ်ပရိသတ်က အလိုမရှိတော့သောကြောင့် ဖြစ်၏။ ရေးသူကလည်း မရေးတော့၊ ဖတ်သူကလည်း မဖတ်တော့၊ ရွေးသူကလည်း မရွေးကြတော့။ စာညွှန့်သည် အသက် ၄၀ လောက်တောင်မှ နေမသွားရှာချေ။

ရတုလည်း ရတုခေတ်မှာသာ ခေတ်ပေါ်ကဗျာဖြစ်ခဲ့၍ နောက်အသစ် တစ်ခုနောက်သို့ စာဖတ်သူတွေ လိုက်သွားသောအခါ ရတုသည် ပေရွက် ပေါ်မှာသာ ကျန်ရစ်ခဲ့ရလေသည်။ ဘောလယ်သည် ဘောလယ်တွေရေးကြ၊ ဘောလယ်တွေ ဆိုကြသောခေတ်မှာ ခေတ်ပေါ်ကဗျာ ဖြစ်နေ၏။ ဘောလယ် တွေကို လူထုပရိသတ်က ရိုးအီသွားပြီဆိုသောနေ့မှာ ဘေးသို့ဖယ်ပေး လိုက်ရလေ၏။

၁၉ရာစု မြန်မာစာပေမှာ ကဗျာဆန်သော စကားပြေများ ခေတ်စား ခဲ့ဖူးလေသည်။ ဗြိတိသျှအုပ်စိုးမှုအောက်မှာ ထုတ်ဝေခဲ့သောပြဇာတ်များ၊ ဇာတ်စာများ၊ ဇာတ်ဆန်း စသည်များသည် ဝတ္ထုဇာတ်လမ်းကို စကားပြေဖြင့် ရေးဖွဲ့ထားသော်လည်း ကာရံတွေ နဘေတွေ ထည့်ထားကြလေသည်။ ဖတ်သူက ဖတ်ပြေ၊ နာသူတွေက နာကြ၊ ရွတ်သူတွေက ရွတ်ဆို၊ မှတ်သူက မှတ်သား၊ သူ့ခေတ်က သူ့နားနှင့် အတော်အံကျကြပါလိမ့်မည်။

၂၀ ရာစုထဲသို့ရောက်လာသောအခါ၌မူ ထိုထိုသော ကဗျာဆန်ဆန် စကားပြေများ၏ ခေတ်သည် မှေးမှိန်ကုန်ဆုံးသွားတော့၏၊ ၁၉၀၄ ခုနှစ်မှာ

စတင်ပေါ်ထွက်လာသော ရှင်းရှင်းလင်းလင်းပီပီသသ စကားပြေမျိုးကို့မှ စာဖတ်ပရိသတ်က သဘောကျလာ၏၊ ရွှေဥဒေါင်း၊ ပီမိုးနင်း၊ မဟာဆွေ၊ မြမျိုးလွင်၊ မော်ဘီဆရာသိန်း အစရှိသော စာရေးဆရာများ၏ စကားပြေသည် ကဗျာဆန်ဆန် ကန့်ကလျ မဟုတ်ကြတော့ချေ။ ခွန်အားရှိသော စာပေ ဖြစ်လာ၏၊

ထိုအပြောင်းအလဲက ရရှိလိုက်သော သင်ခန်းစာကား စကားပြေသည် စကားပြေပီသသင့်သည်ဟူသော အချက်ပင်ဖြစ်၏။ စကားပြေက ကဗျာဆန် လွန်းနေပါက မိတ်ကပ်ရိုက် နှုတ်ခမ်းနီဆေးဆိုးပြီး လက်သည်းရှည်ထားသော ရှောက်သီးဆေးပြားရောင်းသူနှင့် တူနေ၏။ ယောကျ်ား မပီသ။ ယောကျ်ား မဆန်သောသူကို လူရာမသွင်းချင်ကြသကဲ့သို့ နစ်မြုပ်ပျောက်ကွယ်သွားရ၏။

စကားပြေဆန်သော ကာရံမဲ့ ကဗျာသည် ကြာရှည် မတည်နိုင်ဟု ကျွန်တော် ထင်မိသည်။ ချစ်ခြင်းမုန်းခြင်း ဆန္ဒတစ်စုံတစ်ရာ မပါရှိဘဲ စိတ်ထဲပေါ်လာသည်ကို ပွင့်လင်းစွာ တင်ပြခြင်းသာဖြစ်၏။

ကဗျာသည် ကဗျာ ပီသ,ရလိမ့်မည်။ ကဗျာ၏ အင်္ဂါရပ်တို့ကား အဘယ်နည်း၊ ကဗျာ၏ လက္ခဏာရပ်များကား မည်သည့်အချက်များနည်း။ ကျွန်တော် မသိပါ။ သို့ရာတွင် ဖတ်ပြီးလျှင် စွဲရစ်လောက်အောင်ကျစ်လစ်သည့် ဆွဲဆောင်အားတော့ ရှိရလိမ့်မည်ထင်မိသည်။

ခေတ်ပေါ် အချို့ကဗျာတို့မှာ စာဖတ်သူတို့၏ စိတ်အာရုံကို ဆွဲဆောင် လှုပ်ကိုင်နိုင်လောက်အောင် မရှိကြ။ ကဗျာစပ်ဖို့ရာ မလွယ်လှပါ။ ကျွန်တော်သည် ကဗျာဖတ်သူ၊ ကဗျာ မြတ်နိုးသူ အဆင့်မျှသာ ရှိ၏။ ကဗျာအကြောင်း လှုပြိန်းမျှသာ ရှိ၏။ ဟ–မသိဘဲနဲ့ ဘာလာပြောတာလည်း။ ဟုတ်ကဲ့။ ဘောလုံး မကန်တတ်ပေမယ့် ဘောလုံးပွဲပေါင်း တစ်ထောင်လောက် ကြည့်ခဲ့တော့ သိနေပါတယ်ခင်ဗျာဟုသာ ဆိုပါရစေ။ မစပ်တတ်သော်လည်း ဖတ်နေသည်။

စာညွှန့်ဝင်စားပြီး အသက်ရှင်နေသော ယခုခေတ် ကဗျာအမည်ခံ စကားပြေ အကျိုးအပဲ့တွေကို ချစီထားသော စာအမျိုးအစားတို့သည် တာရှည်ခံမည် မထင်။ ပညာရှိ ကဝိအကျော် ကဗျာဆရာများက ကိုယ့်လမ်း ကိုယ်သွားကြမည်ပင် ဖြစ်ပါ၏။ အသစ်အသစ်တို့ကို ဖန်တီးကြလိမ့်မည်။

စာပေမြတ်နိုးသူတစ်ယောက်အနေနှင့်မူစာဖတ်သူတွေကို စာကောင်းတွေ

ဖတ်ရစေလိုသည်။ အတတ်ပညာဆိုင်ရာ လေးနက်မှု၊ အားထုတ်မှုမှာ ယခု ထက်ပိုမိုပြီး အားစိုက်စေလိုသော တိုက်တွန်းချက်ကို နိဂုံးချုပ်မှာ ဖော်ပြပါရစေ။ ကဗျာသည် စကားပြေထက် အဆပေါင်းများစွာ စွမ်းအားပြင်းထန်သော အရာ ဖြစ်ပါ၏၊ ကဗျာအလှ များစွာဖူးပွင့်ဝေဆာကြပါစေ။

ချစ်နိုင် (စိတ်ပညာ)
တပေါင်းနယ်
(၁၈-၉-၉၇)

☆ ☆ ☆

ရွှေဥဒေါင်း၏ စာနမူနာ

စုံထောက်ကြီး ဦးစံရှားကို စာဖတ်သူ ရင်းနှီးစွာ သိကျွမ်းပြီး ဖြစ်ပါလိမ့်မည်။ လွန်ခဲ့သော နှစ်ပေါင်း(၅၀)ကျော် ကာလမှ စတင်ပေါ်ပေါက်ခဲ့ပြီး ယနေ့အထိ မဂ္ဂဇင်း၊ စာစောင်၊ရုပ်ပြများတွင် လည်းကောင်း၊ လုံးချင်းဝတ္ထုအဖြစ်လည်းကောင်း၊ စာဖတ်ပရိသတ်နှင့် အဆက်မပြတ် တွေ့နေသော ဇာတ်ကောင်တစ်ဦးဖြစ်ပါသည်။ ဦးစံရှားနှင့် ဦးသိန်းမောင်တို့သည် အင်္ဂလိပ်ဝတ္ထု ရှားလော့ဟုမ်းနှင့် ဒေါက်တာဝပ်ဆင်တို့အကြောင်း ကျောရိုးမှီငြမ်းထားသော်လည်း မြန်မာဟန် မြန်မာသံ သိပ်သည်းကျစ်လျစ်စွာ ပီသလွန်းသဖြင့် မူရင်းစာရေးဆရာ ဆာအာသာကိုနင်ဒွိုင်းထက်ပင် မြန်မာ့ပရိသတ်က အရသာပိုတွေ့ခဲ့ကြပါသည်။

စုံထောက် ဦးစံရှား ဇာတ်ကောင်ကို အောင်မြင်စွာ အသက်သွင်းဖန်တီးသူမှာ စာဖတ်သူသိပြီးဖြစ်သည့်အတိုင်း ဆရာကြီး ရွှေဥဒေါင်းဖြစ်ပါသည်။ စာတစ်ကြောင်း၊ စာတစ်ပိုဒ်သည် နှစ်ပေါင်းများစွာ လူတွေ နှစ်သက်လက်ခံဖို့ရာ မလွယ်ပါ။ အဘယ့်ကြောင့်ဆိုသော် ပတ်ဝန်းကျင် ရုပ်ဝတ္ထု အခြေအနေများ ရွေ့လျားပြောင်းလဲသွားသကဲ့သို့ **စိတ်နေစိတ်ထားနှင့်** သဘောထား၊ အယူအဆ တန်ဖိုးထားမှု၊ **အကဲဖြတ်ချက်** စသည်တို့သည်လည်း အထင်အရှားပင် ပြောင်းလဲရွေ့လျားတတ်သည့်သဘောကြောင့် သူ့ခေတ်နှင့် သူ့စာကိုသာ နှစ်သက်နိုင်တတ်ကြလေသည်။ ဆရာကြီး ရွှေဥဒေါင်း၊ ဆရာကြီး ပီမိုးနင်း၊ ဆရာကြီး ဦးဖိုးကျား၊ လယ်တီဆရာတော်ဘုရားကြီး၊ ယောအတွင်းဝန် ဦးဖိုးလှိုင်၊ တွင်းသင်းတိုက်ဝန် မဟာစည်သူ အစရှိသော ကဝိဏှာစ်ဆု ခေါ်ထိုက်ပေသော ပုဂ္ဂိုလ်များကမူ (၁၀)နှစ် အနှစ်(၂၀)မျှသာမက အနှစ်(၅၀)၊ အနှစ်(၁၀၀)ကြာသည့် ကာလထိအောင်-ဖတ်၍မရိုး၊ ရှုလိုက်လျှင်

အကျိုးလည်းရှိ အရသာလည်း ထိထိမိမိ စာပေစကားပြေတို့ကို ရေးသားခဲ့ကြပါ၏။ နောင်အခါ ကာလရှည်ကြာလည်း နိုင်မာတည်တံ့မည့် လက္ခဏာရှိကြ၏။

ဆရာကြီးရွှေဥဒေါင်းရေးသည့် စာမျိုးမှာ သူ့လေအတိုင်းဆိုရပါမူ **"ခွန်အားရှိသော စာမျိုး"**ဟု ပြောရပါလိမ့်မည်။ စကားပြေကား ချောလည်းချောသည်။ ဖတ်ချင်စဖွယ်လည်း အမှိုက်သယ် ဆက်စပ်သည်။ ဝါကျ တစ်ကြောင်းပြီး တစ်ကြောင်း ဖတ်၍ကောင်းပြီး ဆက်လက် ဖတ်ပြစ်အောင် **ဆွဲဆောင်မှုလည်း** ရှိနေကြသည်။ ငှိကာချဲ့နေလျှင် အပိုပေလား **အထင်များ** နေရဦးမည်။ လက်တွေ့ သာဓက စာတစ်ပုဒ်ဖြင့် သက်သေပြပါရစေ။

ဆရာကြီး ရွှေဥဒေါင်း ၁၉၄၅ ခုနှစ်က အာဟာရနှင့် ကျန်းမာရေးဟူသော စာအုပ်တစ်အုပ်ကို ကြီးပွားရေးပုံနှိပ်တိုက်မှ ရိုက်နှိပ် ထုတ်ဝေခဲ့ဖူး၏။ အခန်း(၁၉)ခန်း ပါသော ဆေးပညာ ဗဟုသုတမျိုးကို လူပြိန်း နားလည်အောင် ရေးသားထားပုံ နမူနာအဖြစ် **"နိဒါန်း"**ကို ကူးယူ တင်ပြလိုက်ပါသည်။

တစ်သက်လုံး ဝမ်းစာအတွက် ပူပင်စိုးရိမ်ရန် မရှိတော့ဟူ၍ **စိတ်ချရသော အဖြစ်သည် အတော်ပင် ကောင်းပေလိမ့်မည်။** သို့သော် ထို့ထက်ကောင်းမွန်သော **အဖြစ်သည်ကား တစ်သက်ပတ်လုံး နာဖျားမကျန်း ဖြစ်နိုင်တော့ရန် မရှိဟူ၍ ယုံကြည်စိတ်ချနိုင်သော** အဖြစ်ပေတည်း။ အကြောင်းဆိုသော် ဝမ်းစာ ဖူလုံသော်လည်း **နာဖျားမကျန်းရှိလျှင်** ဒုက္ခတွေ့ရဦးမည်ဖြစ်ရာ တစ်သက်လုံး ကြည့်ရှုင် **ကျန်းမာစွာရှိသော** လူတစ်ယောက်အဖို့မူကား ဝမ်းစာရှာမှုသည် ခဲယဉ်းခြင်း **ရှိနိုင်မည်မဟုတ်သောကြောင့်ပေတည်း။** ထို့ကြောင့် "အာရောဂျ ပရမံ လာဘံ"ဟု ဆိုကြရခြင်း ဖြစ်လေသည်။

မိမိသာလျှင် **မကသေး၊** မိမိ၏ သားသမီး၊ သားမယား၊ အိမ်သူ၊ အိမ်သားကိုပါ **တစ်သက်လုံး** ကျန်းမာချမ်းသာစွာ ရှိကြပေတော့မည်ဟု **စိတ်ချခြင်းသည် သာ၍ပင် ကောင်းဦးမည်** မဟုတ်ပါလော။ ဤစာအုပ်ကား ထိုသို့သော အဖြစ်မျိုးကို ရစိမ့်သောငှာ ထိုမှ ဤမှ စုဆောင်း ရှာဖွေ ရေးသားထုတ်ဝေ ဖြန့်ချိရခြင်း ဖြစ်၏။

ကျန်းကျန်းမာမာ ကြည့်ရှုင် ချမ်းမြေ့စွာ နေထိုင်ရသော အဖြစ်မျိုးသည် တစ်သက်လုံးအဖို့ ဖြစ်နိုင်ပါမည်လောဟု မေးဖွယ်ရာ ရှိ၏။ ဤစာအုပ်တွင် ဖော်ပြပါရှိသော အညွှန်းကို လိုက်နာနိုင်လောက်အောင် ကျန်းမာရေးအဖို့

စိတ်အားထက်သန်ခြင်း ရှိသူတိုင်း ဖြစ်နိုင်ရမည်ဟု ပြောဆိုရချေမည်။

ထိုကဲ့သို့ ရဲဝံ့စွာ ပြောဆိုနိုင်ခြင်းမှာ အဖျားအနာ ရောဂါဟူသမျှသည် ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့ ထိန်းသိမ်းစောင့်ရှောက် ညွှံဖျင်း ပျက်ကွက်သည့်အတွက်ကြောင့် ဖြစ်ပေါ်ရလေရာ ထိုသို့ မပျက်မကွက် ရှိလေအောင် ထိန်းသိမ်းစောင့်ရှောက်ပေးပါလျှင် အနာရောဂါများ ဖြစ်ပေါ်နိုင်ရန် လမ်းမရှိဟု ယုံကြည်စိတ်ချရသောကြောင့် ဖြစ်ပေ၏။ မဖျားမနာရအောင် မတတ်နိုင်ဟု ဆိုကြပါလျှင် "အသက်ဉာဏ်စောင့်၊ ဉစ္စာကံစောင့်"ဟူသော စကားကို ဖျက်ရာရောက်ပေလိမ့်မည်။ အသက်ကိုပင် ဉာဏ်ဖြင့် စောင့်ရှောက်နိုင်လျှင် အနာရောဂါကို မဖြစ်ပေါ်ရအောင်လည်း ဉာဏ်ဖြင့် စောင့်ရှောက်နိုင်လောက်ရာချေသည်။

သို့သော် ဉာဏ်ဖြင့် စောင့်ရှောက်ရသည်ဆိုရာ၌ ဉာဏ်ဟူသော စကားတွင် အဘယ်သို့ စားသောက်နေထိုင်လျှင် အဖျားအနာရောဂါမျိုးကို မဖြစ်နိုင်ဟူသော နည်းလမ်းများကို သိထားခြင်းအပြင် သိထားသည့်အတိုင်း လိုက်နာစေနိုင်လောက်သည့် စိတ်အားထက်သန်မှု တို့လည်း ပါဝင်လျက်ရှိ၏။ ထို့ကြောင့် နည်းလမ်းများကို သိခြင်း၊ သိပြီးနောက် မလိုက်နာလျှင် မဖြစ်ဟု ဆုံးဖြတ်နိုင်ခြင်းတို့ကို ဉာဏ်ဟု ခေါ်ရချေမည်။ ထိုဉာဏ်မျိုးရှိခဲ့လျှင် အဖျားအနာရောဂါမျိုးတို့လည်း မဖြစ်နိုင်၊ အသက်လည်း ရှည်ရမည်ဖြစ်ချေ၏။

အဖျားအနာရောဂါဟူသမျှတို့သည် ဥတုပြောင်းလဲမှုကြောင့် လည်းကောင်း၊ ပိုးကြောင့်လည်းကောင်း၊ အစားအစာများ ချို့ယွင်းမှုကြောင့် လည်းကောင်း ဖြစ်ပေါ်ရသည်ဟု သိရှိနားလည်လေရာ ထိုအကြောင်းတို့တွင် အစာအာဟာရသည် အရေးအကြီးဆုံးဖြစ်၏။ အစာအာဟာရကို မှန်ကန်အောင် စားသုံး၍ ကိုယ်ခန္ဓာ၌ အညစ်အကြေး အပုပ်အစပ်မရှိခဲ့လျှင် ဥတု ပြောင်းလဲခြင်းကို ခံနိုင်၍ ရောဂါပိုးတို့လည်း ကပ်ဖွဲ နိုအောင်းခြင်းငှာ ခဲယဉ်းပေမည်။ ကိုယ်ခန္ဓာ၌ အညစ်အကြေးမရှိခဲ့လျှင် အလွန်တရာ တတ်မှန်ရမည် ဖြစ်လေရာသည်။ ထို့ကြောင့် ဝမ်းတစ်လုံးကောင်းလျှင် ခေါင်းတစ်လုံး မခဲနိုင်ဟု ဆိုကြခြင်းဖြစ်လေသည်။ ထို့ကြောင့် ဝမ်းတစ်လုံးကောင်းအောင် သို့မဟုတ် အညစ်အကြေးများ မနိုအောင်းရအောင် စားသုံးနေထိုင်မှုသည် ကျန်းမာရေးအတွက် အလွန်တစ်ရာ အရေးကြီးပေရကား ကျွန်ုပ်တို့၏ ဝါဒမှာ အစာအာဟာရကို နေရာကျအောင် မှီဝဲသုံးဆောင်ခြင်းအားဖြင့် ဝမ်းတစ်လုံးကောင်း၍

ခေါင်းမခဲရအောင် ပြုပြင်ပေးရန် ဖြစ်လေသည်။

အစာအာဟာရသည် ဘယ်အတွက်ဖြစ်သနည်း။ ကိုယ်ခန္ဓာ၌ အမျိုးမျိုးသော အကြောင်းတို့ကြောင့် ကုန်ခန်းလျော့ပါးသွားသော ဝတ္ထုပစ္စည်းတို့၏ နေရာတွင် အသစ်ဖြည့်စွက် ထည့်သွင်းပေးရန်အတွက် ဖြစ်လေသည်။ ခံတွင်းမှ သွတ်သွင်းပေးလိုက်သော အစားအစာတို့ကို ကိုယ်တွင်းရှိ အစာချေစက်ကြီးက ချေပြီးနောက် ကိုယ်ခန္ဓာအတွက် အဟာရဖြစ်အောင် ဓာတ်ခွဲစိတ်အမျိုးမျိုးတို့က အဆင်သင့် ဓာတ်ခွဲပေးရသေးသည်။ ထို့နောက် အသုံးပြုနိုင်သလောက်ကို အသုံးပြုခြင်း၊ ပိုလျှံသည်ကို သိုလှောင်ထားခြင်း၊ အသုံးမပြုနိုင်သော အရာဝတ္ထုတို့ကို ထုတ်ပစ်ရခြင်း စသော အလုပ်များလည်း ရှိသေး၏။

ပိုလျှံအောင် စားသုံးခြင်းသည် အဖျားအနာတို့ကို ဖြစ်စေတတ်သည့် ပထမအကြောင်း တစ်ရပ်ဖြစ်၏။ ဥပမာ အုတ်ချပ်ရေ တစ်သောင်းဖြင့် ဆောက်လုပ်လိုသော အဆောက်အဦအတွက် အုတ်ချပ်ရေ သောင်းငါးထောင်မျှ စုပုံပေးထားပါလျှင် ပန်းရံသမားတို့သည် ပိုလျှံသဖြင့် ရှုပ်၍နေသော အုတ်တို့ကို ဖယ်ရှားနေရခြင်းအားဖြင့် အလုပ်ပိုလုပ်နေ၍ အချည်းနှီး အလုပ်များနေကြပေလိမ့်မည်။ စားလိုက်သော အစားအစာကို ကုန်စင်အောင် ချေနိုင်သော သူတို့အဖို့ပင်လျှင် ပိုလျှံစားသုံးခဲ့လျှင် ဓာတ်ခွဲခန်းထဲ၌ ပိုလျှံသော အစာကို ဖယ်ရှားရသော အလုပ်သည်လည်းကောင်း၊ လိုသည်ထက်ပို၍ ခြေချက်ရသောအခါ ခြေချက်မှုအလုပ်သည် လည်းကောင်း အပိုသက်သက် လုပ်ရခြင်းများ ဖြစ်သောကြောင့် ရောဂါအနာဖြစ်စေတတ်သော အကြောင်းကြီးတစ်ရပ် ဖြစ်ချေ၏။ မချေဖျက်နိုင်သော သူများအဖို့ဆိုမူ ပြောဖွယ်ရာ မရှိချေ။

ရောဂါအနာ ဖြစ်စေတတ်သည့် ဒုတိယအကြောင်းကြီးတစ်ရပ်မှာ **အစာချေစက်** ဓာတ်ခွဲစက်တို့မှ ထွက်လာသော အညစ်အကြေးများကို ကုန်စင်အောင် သုတ်သင်ရှင်းလင်းရန် မတတ်နိုင်ခြင်းပင် ဖြစ်၏။ နေ့စဉ် တစ်ကြိမ်မျှ ဓာတ်သွားသော်လည်း ဓာတ်မှန်နေ၍ အညစ်အကြေးများ မရှိနိုင်ပြီဟု မမှတ်ယူသင့်ချေ။ ဓာတ်မှန်သည့်အပြင် (၇)ရက်တစ်ကြိမ် ဆေးစား၍ ဝမ်းနုတ်သော်လည်း အညစ်အကြေးများ မရှိတော့ပြီဟူ၍လည်း မမှတ်ယူနိုင်သေးချေ။

ရောဂါ တစ်စုံတစ်ခု စွဲကပ်၍ ဆရာဝန်ဖြစ်စေ၊ ဆေးဆရာဖြစ်စေ ခေါ်သောအခါ ရောဂါပိုးမျိုးရှိသော အရပ်သို့ သွားခဲ့မိချေသလော။ ရေချိုးမှား

လေသလော။ အပူရှပ်လေသလော။ ရုတ်တရက် ထိတ်လန့်တုန်လှုပ်ခြင်းနှ ဖြစ်ဖူးလေသလော စသည်ဖြင့် လွန်ခဲ့သည့်တစ်ရက်နှစ်ရက်အတွင်းက အဖြစ်အပျက်တို့ကိုသာ မေးလေ့ရှိကြ၏။ စင်စစ်သော်ကား အဆိုပါ ရုတ်တရက် အကြောင်းတို့အပြင် ယခင်ကတည်းက ခန္ဓာကိုယ်အတွင်း၌ အညစ်အကြေး အပုပ်အစပ်များ စုပုံနေခဲ့သော အကြောင်းရင်းသည် ကေန်ရှိရမည်ဖြစ်၏။ ဥပမာ–ယမ်းပုံစုထားသည်ကို မီးဖွားကျလိုက်သည်နှင့် တူ၏။ မီးဖွားကြောင့် ရုတ်တရက် တောက်လောင်ရမည် မှန်သော်လည်း ယမ်းပုံစုပြီး ရှိနေသောကြောင့် ဖြစ်ချေသည်။ အညစ်အကြေး စုဆောင်းနေခြင်း မရှိသူတို့အတွက် ရေချိုးလည်း မမှားနိုင်၊ တစ်ကြိမ်တည်းနှင့် အစားလည်း မမှားနိုင်၊ ရောဂါပိုးသည် မကပ်နိုင်ချေ။

ကောက်နုတ်ချက်ကို ရှည်လျားလွန်းမည်စိုးသဖြင့် ဤမျှနှင့် ကျေနပ်စေလိုပါသည်။ ကောင်းပါပြီ စာရေးသူက ဘာကို ဆို၍ နိဂုံးချုပ်ချင်ပါသနည်း။ စားရေးသည့်အခါ ဖတ်သူ (စာဖတ်ပရိသတ်)ကို အဓိက အာရုံထားပြီး ဖတ်ချင်စဖွယ် ရေးသားဖို့ရာ လိုရင်းကျကြောင်း တင်ပြလိုခြင်း ဖြစ်ပါ၏။

လစဉ်, လစဉ် ဖတ်ချင်စဖွယ်မရှိသော ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ စသည်များ အတော်များများကို စာဖတ်သူ ကျွန်တော်တို့ တွေ့ကြုံ ဖြတ်သန်းနေရသောကြောင့် ဖြစ်ပါ၏။ ဖတ်ချင်စဖွယ်လေးဖြစ်အောင်တော့ အနုပညာ ပရိယာယ်ပါပါ ရေးကြဖို့ ကောင်းပါသည်။

ချစ်နိုင်(စိတ်ပညာ)
စာပေဂျာနယ်၊ အတွဲ ၃၊ အမှတ် ၁၀
၁၉၉၇၊ ဖေဖော်ဝါရီလ

☆ ☆ ☆

ကမ္ဘာကျော် အင်္ဂလိပ်စာရေးဆရာ ဒေါက်တာ အေဂျေကရိုနင် ရေးသော ဝတ္ထုများကို ဆရာထင်လင်း၊ ဆရာမောင်ထွန်းသူ အစရှိသော စာရေးဆရာကြီးများက မြန်မာဘာသာသို့ ပြန်ဆိုဖူးသဖြင့် မြန်မာစာပတ်ပရိသတ်အတွက် အေဂျေကရိုနင်သည် မစိမ်းလှပါ။ ဒေါက်တာ အေဂျေကရိုနင်ရေးသော BEYOND THIS PLACE ဟူသော ဝတ္ထုရှည်တစ်ပုဒ်ကို ဆရာထင်လင်းက 'တစ်ကျွန်းစံ၏ အပြန်လမ်း' ဟူ၍ ဘာသာပြန်ခဲ့ရာ ဘာသာပြန် စာပတ်ပရိသတ်၏ နှစ်ခြိုက်အားပေးမှုကြောင့် ဒုတိယအကြိမ် ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလတွင် ထပ်မံ ထုတ်ဝေသည်ကို တွေ့ရလေသည်။

ထိုဝတ္ထုသည် ၁၉၂၀ ခုနှစ်၊ ဒီဇင်ဘာလ နေ့တစ်နေ့တွင် အင်္ဂလန်နိုင်ငံ ဝေါ့တလေမြို့၌ ဖြစ်ပွားခဲ့သော လူသတ်မှုတစ်ခုကို အကြောင်းပြု၍ စတုန်းဟိသ် အကျဉ်းထောင်၌ တရားခံအဖြစ် ကျခံနေရသောလူ၏ သား ပေါလ်မက်ထရီကို အဓိကဇာတ်ကောင်ထား၍ ရေးဖွဲ့ထား၏။ ၁၉၃၆ ခုနှစ်ကာလ ဗြိတိန်နိုင်ငံ၏ အခြေအနေများကို နောက်ခံထားသော စိတ်ဝင်စားဖွယ်ရာ စုံထောက်ဆန်ဆန် ဝတ္ထုဇာတ်လမ်း ဖြစ်ပါ၏။ ကျွန်တော် အကြိုက်ဆုံးသော စာသားတစ်ခုမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

အလင်းနှင့်အမှောင်

"တရားမျှတမှုဆိုတာ မရှိဘူး လီနာ၊ လူတွေဟာ သူတို့မှာ စားစရာ သောက်စရာအပြည့်နဲ့ အိတ်ထဲ ပိုက်ဆံထည့်သုံးနိုင်ကြပြီး မိုးလုံလေလုံ သက်သောင့်သက်သာ ဖြစ်နေကြပြီဆိုရင် လောကမှာ ဘယ်ဟာ မှန်တယ်၊ ဘယ်ဟာ မှားတယ် ဆိုတာကို ဘယ်သူမှ အရေးမစိုက်ချင်ကြတော့ဘူး။ တစ်လောကလုံးဟာ အူတိုင်အထိကို ပုပ်ရိပျက်စီးနေတာ"

စာတ်လိုက် ပေါလ်မက်ထရီက စာတ်လိုက်မင်းသမီး လီနာအင်ဒါဆင်အား ပြောလိုက်သော ဝတ္ထုတစ်နေရာမှ စကားသည် ကျွန်တော့်နားစည်ထဲတွင် ပဲ့တင်ထပ်၍ လှိုင်သံထွက်နေခဲ့၏။ ပြစ်မှုကျူးလွန်ခဲ့ရခြင်း မရှိပါဘဲလျက် ၁၅ နှစ်တိုင်တိုင် ထောင်ကျခံနေရသည့် သူ့ဖခင်အတွက် တရားခံကို ဖော်ထုတ်ရန် အခက်အခဲအမျိုးမျိုးကြားမှ အားထုတ်နေသော ပေါလ်၏ ခံစားချက်စကားပင် ဖြစ်၏။ လီနာ၏ ဘဝကိုလည်း ကြည့်ပါဦး၊ စာအုပ်၏ အပိုဒ်(၂)၊ အခန်း(၁)တွင် ဤသို့ ရင်နာဖွယ်ရာ တွေ့ရပါသည်။

သန်းခေါင်ထက် ညဥ့်နက်ခြင်း

လွန်ခဲ့သည့်သုံးပတ်က ပေါလ်အား ဘိုနန်ဇာ မန်နေဂျာက အလုပ်ဖြုတ်လိုက်စဉ်တွင် လီနာသည် ထိုအဖြစ်အပျက်ကို စိတ်မချမ်းသာစွာ စောင့်ကြည့်နေခဲ့သည်။ ထိုစိတ်မချမ်းသာမှုသည် ထိုနေ့ ညနေက ပေါလ်၏အခန်းသို့ သူ သွား၍ ပရပ်စတီ လာသည့်အကြောင်း သတင်းပေးလိုက်ရ၍သဖြင့် အတော်အတန် သက်သာရာရသွားသည်။ သူနှင့် စကားပြောခဲ့ရသည်။ သူ အားတက်စကားကို ပေးပို့ခဲ့ရပြီ။ တစ်နည်းတစ်လမ်းအားဖြင့် သူတတ်နိုင်သလို ကူညီလိုက်ရပြီဟုလည်း ယုံကြည်ထားလိုက်ရ၏။ သို့ရာတွင် ရက်များ တရွေ့ရွေ့ကုန်လာခဲ့ပြီ။ နောက်ထပ် ပေါလ်အား မတွေ့ရသောအခါ သူ့ဘဝမှာ ပျင်းရိငြီးငွေ့ ခြောက်သွေ့၍လာခဲ့သည်။ ထိုသီတင်းပတ် အကုန်တွင် ဟဲရစ်က နောက်ထပ် စန္ဒရားတီးသူ အမျိုးသမီးတစ်ယောက်ကို ငှားလိုက်သည်။ ဆိုင်းထဲတွင် စန္ဒရားလက်သံ အသစ်တစ်မျိုး ပေါ်လာသည်။ သို့သော် အကြောင်းကားမထူးလှ။ လက်သံကောင်းသော်လည်း အရင်က လက်သံမျိုးနှင့်တော့ မတူနိုင်။ လီနာ၏ရင်ထဲ လေးလံမှုကိုတော့ မပေ့ါပါးစေနိုင်။ သူ့ဘဝတစ်ခုလုံးကို ချေမှုန်းဖျက်ဆီးခဲ့သည့်အဖြစ်နှင့် ကြုံရစဉ်က ညှိုးရော်အားငယ်စိတ်မျိုးပင် ပြန်ဝင်လာချင်သလို ဖြစ်ရလေသည်။

လွန်ခဲ့သည့်နှစ်နှစ်ဆီက သူသည် ကောင်တီအမ်းဟိုတယ်၌ အလုပ်လုပ်ခဲ့ရသည်ကို အလွန်ပျော်သည်ဟု ပေါလ်အား ပြောခဲ့ခြင်းမှာ မှန်သောစကားကိုသာ ဆိုခဲ့ခြင်း ဖြစ်ပေသည်။ ရှေးဟောင်းကျောင်းအိုပျက်ကြီးကြောင့် ထင်ရှားခဲ့သော အက်စဗာရီ မြို့ကလေးကား အယ်လီစဘက်ခေတ် အဖြူအမည်း အဆောက်အဦများ၊ ရောမ သချိုင်းဟောင်းများဖြင့် ထရန့်မြစ်၏ အလှပဆုံးနေရာတွင်တားသည့်

ချစ်စရာ နွေရာသီစခန်းမြို့ ဖြစ်ပေသည်။ လီနာအလုပ်လုပ်ခဲ့သည့် ဟိုတယ်မှာ ပရင်းတစ်အမည်ရှိ အငြိမ်းစား စစ်ဗိုလ်တစ်ယောက်နှင့် သူ၏ဇနီးတို့က တည်ထောင်ဖွင့်လှစ်ထားသည့် အထက်တန်းစား ဟိုတယ်တစ်ခု ဖြစ်ပြီး အများအားဖြင့် တောင်ပိုင်းမှ အပျော်တမ်း ငါးမျှားလာကြသူများ၊ နယ်လှည့် ခရီးသည်များသာ အတည်းအခိုများခဲ့ပေသည်။ နေရာရော အလုပ်ပါ လီနာအဖို့ များစွာ အဆင်ပြေသည်။ တိုးလမ်းတက်လမ်းလည်း ကောင်းသည်။ သူနှင့် အလုပ်လုပ်ဖက်များကလည်း သူ့အား ခင်မင်ကြသည်ဟု သူ ထင်သည်။

စနေတစ်ပတ်ခြား သူ နေ့ဝက် ရက်အားရသည်။ ထိုရက်အားဆိုလျှင် ရထားစီး၍ ဝေါ်တလေသို့သွားကာ သူ့လို တောင်ပိုင်းမှာ ကြီးပြင်းလာခဲ့ရသူ ကလေးတစ်ယောက်အဖို့ အရာရာအသစ်အဆန်းဖြစ်နေသော ပစ္စည်းမျိုးစုံ ပြသထားသည့် ကုန်စုံဆိုင်ကြီးများ၌ လှည့်ပတ်ကြည့်ရှုရင်း ညနေပိုင်း တစ်ချိန်လုံး ကုန်လွန်ရသည်ကို သူ ပျော်ရွှင်ခဲ့သည်။ ညနေငါးနာရီတွင်လည်း နတ်ပန်းခြံနှင့် ခပ်လှမ်းလှမ်းတစ်နေရာတွင် သူတွေ့ခဲ့သည့် ဂရင်းလင်တန် အမည်ရှိ သန့်သန့်ပြန့်ပြန့် လက်ဖက်ရည်ဆိုင်ကလေးတွင် တစ်ယောက်တည်း လက်ဖက်ရည်သောက်သည်။ ထို့နောက် ကြည်လင်ရွှင်လန်းစွာပင် သူဝယ်ခြမ်း လာသော အထုပ်အပိုးကလေးများနှင့် ညနေခြောက်နာရီ ရထားစီးကာ အက်စဗာရီသို့ ပြန်ခဲ့တတ်သည်။ အက်စဗာရီမီးရထားဘူတာနှင့် ကောင်တီအမ်း ဟိုတယ်တို့မှာ ခရီးအတန်ကွာလှမ်းသည်။ နှစ်မိုင်ကျော်ကျော် ရှိမည်။ မြစ်ကမ်းဘေးတစ်လျှောက် သွားသည့်လမ်းသည် ကောက်ကွေ့၍ တောအုပ် ကလေးများလည်း ရှိသည်။ သို့ရာတွင် လမ်းလျှောက်ကောင်းလှသည့် လီနာအဖို့ ဤမျှခရီးကို မမှု။ သူ့ရွာမှာတုန်းကဆိုလျှင် ပတ်လည်က တောအုပ်ကုန်းတန်းများ ကို ဖြတ်၍ မိုင်ပေါင်းများစွာ လျှောက်နေကျဖြစ်သည်။

နွေနှောင်းပိုင်းတစ်ခုသော ညနေမိုးချုပ်ချုပ်တွင် လီနာသည် ခါတိုင်းလို ရွှင်လန်းစွာပင် အက်စဗာရီဘူတာမှ လက်မှတ်သိမ်းသူအား နှုတ်ဆက်ခဲ့ပြီး ဟိုတယ်သို့ ပြန်ရောက်လာခဲ့သည်။ လကလေးသည် တိမ်တိုက်ကြားသို့ ကွယ်လျက်ရှိသဖြင့် လမ်းမှာ မှောင်နေ၏။ ပူနွေးသော ညနေခင်းအမှောင်ထုသည် သိပ်သည်းလျက်ရှိပြီး တောအုပ်၏ အတွင်း၌ မမြင်ရသော လှုပ်ရှားမှုများဖြင့် ပိုးပုရစ်ကလေးများသည် ညဦးလေထဲတွင် တစီစီမြည်လျက်ရှိကြသည်။ တော သည် ငြိမ်သက်မှောင်မည်းလှ၏။ ဤလမ်းကို သွားနေကျ လီနာပင်လျှင်

တစ်စုံတစ်ယောက် သူ့နောက်က လိုက်လာသည် ထင်မိကာ ကြောက်ရွံ့သလို ဖြစ်လာသည်။ ရထားပေါ်တွင် ဆူဆူညံညံ လူတစ်စု ပါလာခဲ့သည်ကို သူ သတိပြုမိခဲ့သည်။ သူသည် ခါတိုင်းလို မဟုတ်ဘဲ နောက်သို့ လှည့်ကြည့် လှည့်ကြည့်နှင့် လာခဲ့ရသည်။ သူ့နောက်က လမ်းပေါ်မှ သစ်ကိုင်းကျိုးသံ ချွတ်ခနဲ တစ်ချက်ကြားလေလျှင် သူသည် ပို၍ မြန်မြန်လျှောက်ကာ အထိတ် တလန့်ပြေးသလို သွက်သွက်လှမ်းခဲ့သည်။ လူပြတ်သော လမ်းအကွေ့သို့ အရောက်တွင် ရုတ်တရက် အမှောင်ထဲက လက်မောင်းတစ်ခုသည် သူ၏ လည်ပင်းကို ဖက်လာသည်။ သူက အော်ဟစ်လိုက်သော်လည်း လက်တစ်ဖက်က သူ့ပါးစပ်ကို ခပ်ကြမ်းကြမ်း ပိတ်ထားလိုက်သဖြင့် အသံပီပီသသ မထွက်။ သူ အားကုန်စုခံ ရုန်းကန်သော်လည်း အချည်းအနှီးပင်။ သူ့အား တိုက်ခိုက် သည့်အဖွဲ့မှာ သန်မာသော လူငယ်လူကြမ်း ငါးယောက် ပါဝင်သည်။ ဤ ကံဆိုးမိုးမှောင်ဖြစ်ရပ်၌ သူလဲ၍အကျတွင် ကျောက်တုံးတစ်ခုနှင့် ခေါင်းကို ရိုက်မိသဖြင့် သတိမေ့မြောသွားသည်ကိုပင် တော်သေးသည်ဟု ဆိုရပေတော့မည်။

အချို့သော လူ့အပြုအမူများသည် ဖော်ပြရန်မသင့်သော အရိုင်းအစိုင်းတို့၏ ယုတ်နိမ့်လှသော အပြုအမူများသာ ဖြစ်၍ အတိတ်ကာလ၏ နံ့ထဲတွင် နစ်မြုပ်သွားဖို့သာ အကောင်းဆုံးဖြစ်သည်။ သို့ရာတွင် ဖြစ်မှုများ၌ ကံကြမ္မာ အလှည့်ကြုံလျှင် တစ်နည်းတစ်ဖုံ ဆန်းကြယ် ကံတရားကြောင့် နှစ်ပေါင်းများစွာ ခြားလျက်ဖြစ်စေ၊ တစ်ခုနှင့်တစ်ခု ဆက်နွယ်၍လာတတ်သည့်သဘောရှိသည်။ မက်ထရီအမှုနှင့် အရှပ်တော်ပုံသည် မည်သည့်နည်းနှင့် ရှင်းလင်းလာစရာ အကြောင်း မရှိသောကြောင့် လီနာအန်ဒါဆင်ကြုံခဲ့ရသော ဤစက်ဆုပ်ဖွယ် ဖြစ်ရပ်ကို ဤနေရာတွင် ဖော်ပြလိုက်ရခြင်း ဖြစ်ပေသည်။ လီနာ သတိရလာ သောအခါ သူသည် ညည်းရင်းညူရင်း ကုန်း၍ထလိုက် ပြန်လဲကျသွားလိုက်နှင့် နောက်ဆုံးတွင် ပါးပြင်က ဒဏ်ရာနှင့် မျက်လုံးများကလည်း ယောင်ကိုင်းလျက် ဒယိမ်းဒယိုင်နှင့် ဟိုတယ်သို့ ပြန်ရောက်လာခဲ့သည်။

ဤသတင်းကို ကြားကြရသော လူအများသည် ဒေါသဖြစ်ကြသည်။ လူဆိုးများကို ရှာဖွေရန် အဖွဲ့များဖွဲ့ကြသည်။ သို့သော် တရားခံများကိုကား တစ်ယောက်မျှ မမိလိုက်ချေ။ သူတို့သည် တစ်ရပ်ဝါကျေးမှ နယ်ကျွံလာသူ၊ ထိုအချိန်က မော့စလေရေးပွဲတွင် မွေနေကြသူ နာမည်ကြီးလူဆိုးများ ဖြစ်ကြ ပေလိမ့်မည်။

ဟိုတယ်ပိုင်ရှင် မေရှာပရင်းတစ် လင်မယားကလည်း လီနာအား သနား ကရုဏာ ကြီးမားစွာ ထားရှာကြသည်။ လီနာ အတော်အသင့် ကျန်းမာလာပြီး သွားနိုင်လာနိုင်သောအခါ အလုပ်ပြန်မဝင်သေးဘဲ သူတို့စရိတ်ဖြင့် ရက်ရှည် အနားယူရန်ကိုသော်လည်းကောင်း အလုပ်ပြန်ဝင်ရန်ကိုသော်လည်းကောင်း လက်မခံသာအောင် ရှိလေ၏။ သူ့အပေါ်တွင် စေတနာကောင်းများဖြင့် သိသိသာသာတစ်မျိုး၊ မသိမသာတစ်မျိုး လူတွေက ဂရုတစိုက် လုပ်နေကြ သူများကို သည်းမခံနိုင်တော့။ ကောင်တီအမ်းမှ သူ့အလုပ်ကတော့ ဆုံးခန်းသို့ ရောက်ခဲ့ပြီဟု သူသိလိုက်၏။ ဤနေရာမှ ထွက်ခွာသွားလိုသည့် အခြားအကြောင်း တစ်ခုကလည်း သူ့မှာ ရှိနေသည်။ မည်သူ့အားမျှ ပြောမပြဘဲ တစ်ကိုယ်တည်း ကြိတ်၍ခံရသော အထိတ်တလန့်ဖွယ် ဝင့်ဒုက္ခကား သူ့မှာ ကိုယ်ဝန်ရှိနေခြင်း ပင်တည်း။ ထိုအချိန်လောက်မှာပင် ဟိုတယ်သို့ ရောက်ရှိနေသော ဧည့်သည် များတွင် ဒန်းဆိုသည့် ပုဂ္ဂိုလ်တစ်ယောက် ရှိ၏။ သူကား ဆောင်းဦးပေါက်တွင် မြစ်ဖျားသို့ တက်လေ့ရှိသည်ဆိုသော ငါးသလောက်များကို အပျော်တမ်းမျှားရန် အတွက် ဤအချိန် အက်စတာရီသို့ နှစ်စဉ် ရောက်လာတတ်သူ နှုတ်ဆိပ်နည်းနည်း အရုပ်ဆိုးဆိုး လူတစ်ယောက်ဖြစ်သည်။ ဒန်းသည် ပညာမျိုးစုံ လိုက်စားရာတွင် လူ့သဘာဝ လေ့လာမှုလည်း ဝါသနာပါသူဖြစ်လေရာ ငါးမျှားခြင်းတွင် ဖြစ်ဖြစ်ထွန်းထွန်း မရှိခဲ့ဘဲ အားလပ်နေသည့်အချိန်များတွင် လီနာ့အား လေ့လာလေသည်။

သူကတော့ သူ ဘယ်သူ့ကိုမှ အထင်မကြီးပါဟု ကြွားဝါပြောလေ့ ရှိသော်လည်း စိတ်ညစ်ကာ နာကြည်းဖွယ်ရာ ဒုက္ခများစွာကို တစ်ကိုယ်တည်း မညည်းမညူ ရင်ဆိုင်ရင်းမှ အဆိုးထဲက အကောင်းဆုံးကို ရှာဖွေရန် အားထုတ် လျက်ရှိသော လီနာ၏သတ္တိကိုတော့ နှုတ်က ဖွင့်ဟ၍ မပြောသော်လည်း စိတ်ထဲက ချီးကျူးနေမိလေသည်။ သူသည် ငါးမဟပ်၍ မြစ်ကမ်းနဖူးတွင် ထိုင်ကာ သူ၏ထိပ်ပြောင်ကြီးကို နေပူလှန်း၍ ငိုက်ရင်းက လီနာ၏အကြောင်း ဝတ္ထုတစ်ပုဒ်ရေးရန် စိတ်ကူးနေမိ၏။ သို့ရာတွင် သူက ဝတ္ထုရေးတတ်သူ မဟုတ်သဖြင့် စိတ်ညစ်စရာဝတ္ထုကြီး ဖြစ်လာမည်ကိုတော့ သူ စိုးရိမ်မိပြန်သည်။ မည်သို့ပင်ဖြစ်စေ၊ လီနာ၏ နာကျင်နေသည့် နှလုံးသားမှ ဆန္ဒတစ်ခု ရှိနေသည်ကိုတော့ သူသိသည်။ လီနာသည် လွတ်ရာကျွတ်ရာကို သွားချင်နေ သည်။ သူ့အား သိထားပြီး လူများကို ကျောခိုင်းကာ အတိတ်ကို အတိတ်မှာပင်

ထားခဲ့ချင်နေသည်။ ဤသို့ဖြင့် သူလည်း ဘာဘာညာညာ ပြောမနေတော့ဘဲ လီနာအား ဝေါ့တလေရှိ စိတ်ချယုံကြည်သော မိတ်ဆွေ မစ္စက်ဟာန်လေထံသို့ သွားရောက်နေထိုင်ရန် စီစဉ်ပေးလိုက်လေသည်။

ဒန်းသည် ငွေကြေးပြည့်စုံသူ မဟုတ်သည့်အပြင် သူ့မှာ သားနှင့်မယားနှင့် ဖြစ်သည်။ သို့ရာတွင် သူ၏ ထူးခြားသော စရိုက်တစ်မျိုးကြောင့် သနား ကရုဏာအပြည့်ဖြင့် ဂရုတစိုက် ပြုစုလိုက်ကြသည့် လူအများက မေ့လျော့သွား ကာ လီနာအဖို့ အားထားစရာအဖြစ် ရပ်တည်နိုင်ခဲ့လေသည်။

လီနာ မျက်နှာမြင်ရန်ကိစ္စ သူက စီစဉ်ပေးသည်။ ခက်ခက်ခဲခဲ မွေးရ သည်။ ကလေးမှာ ဆွံ့အ, နားမကြားကလေးဖြစ်ပြီး ကံအားလျော်စွာပင် သီတင်းပတ် အနည်းငယ်မျှနေပြီး သေဆုံးသွားရှာသည်။ သို့ရာတွင် လီနာ စိတ်ထောင်းကိုယ်ကျေ ဗုန်းဗုန်းလဲလေတော့ရာ မစ္စက်ဟာန်လေ၏ထံမှာပင် လပေါင်းများစွာ နေပြီးမှ နားလန်ထလေသည်။

ဒန်းက လီနာအား အလုပ်ရှာမပေးခဲ့။ အဆိုးဆုံးအချိန် ကျော်လွန်ခဲ့ပြီဖြစ်၍ သူက လီနာအား ကိုယ့်ကိုယ်ကိုသာ အားကိုးစေချင်ခဲ့သည်။ နောက်ဆုံး ဘိုနန်ဇာတွင် လီနာ အလုပ်ရတော့ သူက ဘာမှမပြောခဲ့။ သဘောတူသည် ဆိုသည့်အမှတ်ဖြင့် ခေါင်းညိတ်၍သာ ပြခဲ့သည်။ သူအလုပ်သွားရင်း လီနာ အခြေအနေကို ကြည့်ရန် ကော်ဖီဝင်သောက်လေ့ရှိသည်။ သူ၏ အေးစက်စက် နဂိုစရိုက်၏ နောက်ကွယ်မှ သူသည် လီနာတစ်ယောက် ရဲရဲဝံ့ဝံ့ပင် ဘဝကို ရင်ဆိုင်ကာ အခြေအနေ တဖြည်းဖြည်း ကောင်းမွန်လာသည်ကို စောင့်ကြည့်၍ နေခဲ့လေသည်။ စိတ်ညစ်စရာမျာ; ဖိစီး၍လာလျှင် လီနာသည် အလုပ်ကိုသာ ဖိ၍လုပ်ခြင်းဖြင့် ထိရောက်စွာ ကုစားပစ်လိုက်တတ်သည်ကို မြင်ရတော့ ဒ်န်းမှာ များစွာ သဘောကျလာမိလေသည်။

ဗြိတိန်နိုင်ငံသည် တရားစီရင်ရေး စနစ်အရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး စနစ်အရာတွင်လည်းကောင်း၊ ပါလီမန် ဒီမိုကရေစီစနစ်အရာတွင်လည်းကောင်း ကျွန်ုပ်တို့နိုင်ငံထက် နှစ်ပေါင်း ၆၀ လောက် စောသည်ပြောပြော၊ ခေတ်ရှေ့ရောက် သည်ဆိုဆို အထင်ကြီးသူ၊ အားကျသူတွေ ရှိတတ်ပါ၏။ တကယ့်ဖြစ်ရပ် မဟုတ်သော ဝတ္ထုပင် ဖြစ်လင့်ကစား ထိုခေတ်ကာလ တရားဥပဒေစိုးမိုးမှု အခြေအနေကိုကား ဂန္ထဝင်ဝတ္ထုတစ်ပုဒ်၌ ထင်ဟပ်ဖော်ပြခဲ့သည်ဟု ကောက်ချက် ချနိုင်ပါ၏။ အသေးစိတ် ဖတ်ရှုလိုပါက ထိုဝတ္ထုကို ဆက်လက်ဖတ်ရှုနိုင်ပါ

သည်။ လူမဆန်အောင် ရက်စက်ကြပါတကား။

ဤဆောင်းပါး၏ နိဂုံးမှ အချက်တစ်ချက်ကိုသာ ကျွန်တော် ကွက်၍ မီးမောင်းထိုးလိုပါသည်။ အခြားမဟုတ်ပါ။ မည်သည့်အရာမဆို အလင်းနှင့် အမှောင် ဒွန်တွဲလျက် ရှိတတ်သည်ဟူသော အရာကို သတိပေးလိုခြင်း ဖြစ်ပါသတည်း။

ချစ်နိုင်(စိတ်ပညာ)
ရုပ်သံရသစုံမဂ္ဂဇင်း
အမှတ်(၁၀)၊ ၁၉၉၇၊ ဒီဇင်ဘာလ

☆ ☆ ☆

ဆော်ကုတဲ့ စာရေးဆရာ

စိတ္တဇနောမ်ဟုခေါ်သော စိတ်ပိုင်းဆိုင်ရာ သညာပညတ်များတွင် အချို့သည် ဓာတ်စင်သဘော၊ အချို့သည် ဓာတ်ပေါင်းသဘော၊ အချို့သည် ဓာတ်ရောသဘော ရှိကြသည်ဟု ဓာတုဗေဒနှင့်ယှဉ်၍ စဉ်းစားမိပါသည်။ သတ္တိဟူသည်ကို ဓာတ်စင်သဘောဟု ယူဆလျှင် မျိုးချစ်စိတ်ဆိုသည်မှာ ဓာတ်ပေါင်းသဘောဟု ဆိုချင်ပါသည်။

စိတ်ပညာဘာသာရပ်သည် ဓာတ်ခွဲခန်းကို အသုံးပြု၍ ဓာတုဗေဒပညာရပ်မှာ လေ့လာသကဲ့သို့ ကိန်းခွဲနည်း Factor Analysis ဟူသော စာရင်းအင်းပညာနည်းကို အသုံးပြုလေ့လာကြပါသည်။

မျိုးချစ်စိတ်မှာ မည်သည့်ဓာတ်စင်တွေ မည်သည့်အချိုးအဆနှင့် ပါဝင်ကြသနည်းဟူသော အမေးကို ရေရာစွာ မဖြေနိုင်သေးပါ။ ကိန်းခွဲနည်းဖြင့် လေ့လာသော သုတေသန မပြုခဲ့ကြသေးပါ။ အနုမာန ယူဆချက်အဖြစ်၊ ကျွန်တော် မှန်းကြည့်ရလျှင် မိမိရေမြေသဘာဝကို ခင်တွယ်မှု၊ မိမိလူမျိုး (ဓာတိပုည)၏ ဂုဏ်ကို မြတ်နိုးမှု၊ ရိုးရာယဉ်ကျေးမှုများကို တန်ဖိုးထားမှု၊ အမျိုးသား လူမှုဆက်ဆံရေးဘဝဖြစ်စေ၊ ရုပ်ပိုင်းဘဝ ပတ်ဝန်းကျင်ကိုဖြစ်စေ သံယောဇဉ်ငြိတွယ်မှု၊ ဆက်လက်ကာကွယ်ထိန်းသိမ်းလိုမှု စသည့် ကိန်းများ ပါရှိကောင်းပါသည်။ နိုင်ငံတစ်နိုင်ငံ အစွန့်ရှည်ကြာ တည်တံ့ခိုင်မာရန်မှာ လူပုဂ္ဂိုလ် တစ်ဦးချင်းစီ၌ အမျိုးသားရေးစိတ်ဓာတ် ထက်သန်ကြရပါမည်။ မျိုးချစ်စိတ် အားနည်းလာလျှင် ထိုနိုင်ငံအတွက် အနာရောဂါဖြစ်ခြင်းဟု ခေါ်နိုင်ပါလိမ့်မည်။ ကုသပြုပြင်မှု လိုအပ်လာပေလိမ့်မည်။ ကျန်းမာသည် ဆိုစေဦး၊ ကာကွယ်မှုတော့ ပြုရမည်။

မျိုးချစ်စိတ်ရှိသူတစ်ဦး ထိုစိတ်မရှိပါနှင့်ဟု ပြောဍ်ရမည် မဟုတ်ပါ။ မျိုးချစ်စိတ်မရှိသူတစ်ဦးအား ထိုစိတ်ရှိလာပါဟု အလုပ်ခိုင်း၍ ရနိုင်မည်မထင်ပါ။

မျိုးချစ်စိတ်သည် ကိန်းငယ်ပေါင်းများစွာ ကာလအတော်ကြာကြာ စုပေါင်းဖွဲ့စည်းလာမှ ဖြစ်ပေါ်ရသည့် အမြဲတေ စိတ်ပိုင်းဆိုင်ရာ အချင်းအရာတစ်ရပ်ဖြစ်ရကား အတွေ့အကြုံများ၊ လက်တွေ့ဘဝ သင်ယူမှုများမှ ဖွံ့ဖြိုးပေါက်ဖွားရသည်ဟု ဆိုချင်ပါသည်။ ဗီဇမျိုးရိုး Gene၏ အရေးပါမှုကို တွေ့ရှိလာကြသော လူမှုရေးသိပ္ပံပညာရှင်တို့၏ (၁၉၇၅၊ ဟားဗတ်တက္ကသိုလ်)အလိုအရမူ မျိုးရိုးက ပို၍ အခြေခံကျသည်ဟု ဆိုမည်ထင်ပါသည်။

မိသားစုဘဝ၊ ကျောင်းနေစဉ်ဘဝ၊ ရပ်ရွာပတ်ဝန်းကျင်တို့သည် ထိုတစ်ခုတစ်ယောက်ကို ပြုပြင်ပုံသွင်းရာ၌ မျိုးချစ်စိတ် ဖြစ်ပေါ်စေမည့် ကိန်းများကို တစ်မှုန်ချင်း တစ်စက်ချင်း စုဖွဲ့ပေးခဲ့ပါလိမ့်မည်။ ဥပမာ ရွှေဘိုသားသည် ဦးအောင်ဇေယျကို အကြောင်းပြု၍ ပတ်ဝန်းကျင်က ဂုဏ်ယူပြောဆိုမှုများကို အခြားနယ်က လူများထက် ပိုမိုကျယ်လောင်စွာ၊ သို့မဟုတ် ထပ်ကြိမ်များစွာ ကြားနာခဲ့ရပါလိမ့်မည်။ ရေနံချောင်းမြို့သည် ဗိုလ်ချုပ်အောင်ဆန်း အထက်တန်းကျောင်းသားဘဝက နေခဲ့ရာ ဒေသဟု သူ့မြို့ရွာရှိ လူကြီးများက စကားစပ်မိလျှင် ပြောမိကြပါလိမ့်မည်။ ထိုမြို့မှ ကျောင်းသားတို့အတွက် အတုယူစရာ နားဝင်စရာ ဖြစ်ကောင်းဖြစ်နိုင်ပါမည်။

ဤကဲ့သို့သော ပတ်ဝန်းကျင်၏ လှုံ့ဆော်မှု အမျိုးမျိုးအနက် လူထုဆက်သွယ်ရေးနည်းလမ်းများသည် အလွန်တရာ ထိရောက်ပြင်းထန်ကြပါသည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စသော စာပေဆိုင်ရာနှင့် ရုပ်ရှင်၊ သဘင် ဂီတ၊ ပန်းချီစသည့် အနုပညာများ ဖြစ်ကြ၏။

အချိန်ကာလအားဖြင့် အကန့်အသတ်မရှိ၊ ရှည်လျားခိုင်မာပြီး ကျယ်လည်းကျယ်ပြန့် နက်လည်း နက်ရှိုင်းသော လူထုဆက်သွယ်ရေးနည်းမှာ 'Mass Media'တစ်ရပ်မှာ စာပေဖြစ်ပါသည်။ စာပေအနုပညာ အမျိုးမျိုးအနက် ယခုခေတ်ကာလ၌ ဩဇာ အထက်မြက်ဆုံး၊ စားသုံးသူလူထု အနှစ်ခြိုက်ဆုံး ဖွဲ့စည်းတင်ပြမှု ပုံသဏ္ဌာန်မှာ ဝတ္ထုဖြစ်ပါသည်။

ကျွန်တော်တို့သည် ဆရာကြီး ရွှေဥဒေါင်း၊ ပီမိုးနင်း၊ သိန်းဖေမြင့်တို့မှသည် ငြိမ်းကျော်၊ နွမ်ဂျာသိုင်း၊ မောင်စိန်ဝင်း(ပုတီးကုန်း)အထိ ဝတ္ထုများကို အငမ်းမရ ဖတ်ရှု စွဲမက်ဆဲပင် ဖြစ်ကြပါသည်။

နှစ်သက်မက်မောစဖွယ် ရသ အင်အားကောင်းသော ဝတ္ထုအချို့ ဖတ်ပါသည်။ ရည်ရွယ်ချက်ကောင်းသဖြင့် ဘဝင်ကျရသည်လည်းရှိ၍ ရည်ရွယ်ချက်မရေမရာ သို့မဟုတ် မထင်ရှားလှသဖြင့် အားမရသည်တို့လည်း ရှိပါသည်။

အကြောင်းအရာ ကောင်းပါ၏။ ရည်ရွယ်ချက်လည်း ကောင်းလှပါ၏။ သို့သော် ရသဖက်၌ လျော့နည်းလွန်းသဖြင့် စာအုပ်ဆုံးအောင် အတော်ကြီးကြိုးစားလှန်ရသည့် စာအုပ်အချို့လည်း ရှိပါသည်။

စာပေဗိမာန်မှ ထုတ်ဝေခဲ့သည့် စာအုပ်များအနက် ဗိုလ်မှူးဗလရေးသည့် **'လွတ်လပ်ရေး ခရီးတစ်ထောက်'** နှင့် ဗိုလ်ဉာဏ်မောင်ရေးသည့် **'ဂျပန်ခေတ်လေကြောင်းပညာသင်ဘဝ'** စသည့် သုတမှတ်တမ်းစာအုပ်များသည်ပင်လျှင် ရသဖက်၌ ဆွဲဆောင်အား ကောင်းမွန်ကြကြောင်း တွေ့ခဲ့ပါသည်။ ကျွန်တော့်စာအုပ်စင်မှာ တစ်ခါပျောက်လျှင် နောက်တစ်ခါ ထပ်ဝယ်မြဲ၊ နောက်တစ်ခါထပ်ဖတ်မြဲ ဖြစ်ပါသည်။ သည့်နောက်ပိုင်း၌မူ စာပေဗိမာန်စာအုပ်များနှင့် ကျွန်တော် အလှမ်းကွာသွားခဲ့ပါသည်။ အသင်းမဝင်ခဲ့ခြင်းကြောင့်လည်းဖြစ်မည်။ ကိုယ်ပိုင်စာအုပ် မဝယ်နိုင်တော့ဘဲ အငှားဆိုင်များကိုသာ အားကိုးပြီး သူတို့တင်သမျှကိုသာ ဖတ်ရှုရသော ဘဝအခြေသို့ ဆိုက်နေရခြင်းကြောင့်လည်း ဖြစ်ပါပေမည်။

နောက်တစ်ချက်၊ စာပေဗိမာန်ကလည်း ဝတ္ထုစာအုပ် ထုတ်ဝေနှုန်း ကျဲသွားသလား မသိပါ။ မည်သို့ပင်ဖြစ်စေ လယ်တွင်းသားဘောချစ်၏ **'ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး'**(စာပေဗိမာန် ဝတ္ထုရှည်စာမူ ပထမဆုနှင့် အမျိုးသားစာပေဆုရ)စာအုပ်နောက်ပိုင်း စာပေဗိမာန်စာအုပ်များနှင့် ကျွန်တော် အဆက်ပြတ်သွားခဲ့ပါသည်။

ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး ဝတ္ထုရှည်စာအုပ်မှာ စောင်ရေနှစ်သောင်းကျော်ရိုက်နှိပ်ထုတ်ဝေပြီးခဲ့သော်လည်း အဟောင်းပျောက်လျှင် ထပ်မံရှာဖွေ ဝယ်ယူရန်မလွယ်ကူပါ။ ကျွန်တော်ကလည်း ဝါသနာတူချင်းတွေ့လျှင် ပန်းမြိုင်လယ်ဖတ်ဖူးပြီလား၊ မဖတ်ရသေးရင် ရှော–အင့် ဖတ်ကြည့်စမ်း၊ သိပ်ကောင်းသဗျာဆိုမိသည်။ ဖတ်ပြီးပြီဗျ ဆိုလျှင် ဘယ်လိုကောင်းကြောင်း၊ ဘယ်နေရာလေးကဘယ်လောက်ကောင်းကြောင်း၊ ဆရာမောင်စွမ်းရည်ကကော ဘယ်လိုဝေဖန်ခဲ့ဖူးကြောင်း စသည်ဖြင့် ပါးစပ်က အမြှုပ်ထအောင် ပြောမဆုံးတော့ပါ။

ပါးစပ်အမြုပ်ထအောင် ကျွန်တော် ပြောပြချင်သေးသော ဝတ္ထုရှည် စာအုပ်တစ်အုပ် စာပေဗိမာန်မှ ထွက်ပေါ်လာပြန်ချေပြီ။

ဒေါက်တာရဲနိုင်ရေးသည့် **"အနောက်ကိုရွှေ့ အရှေ့ကိုမျှော်"**

လွန်ခဲ့သည့် သုံးနှစ်ကျော် လေးနှစ်ကာလက ရေးခဲ့သော ဝတ္ထုသည် ယခုအချိန်အထိ ပုံမယွင်းသေးပါ။ ဤဝတ္ထုသည် အချိန်ကာလ၏ တိုက်စားမှုကြောင့် အနည်းငယ် ပွန်းပဲ့ခြင်းဆိုသည်မှာ ဝတ္ထုထဲမှ ကုန်ဈေးနှုန်းနှင့် လေးနှစ်ကျော်ကာလအတွင်း ပြောင်းလဲလာသော ယနေ့ ကုန်ဈေးနှုန်း ဖြစ်ပါသည်။

ဥပမာ၊ ဘတ်စ်ကားခ ဆယ်ပြားစရီးပင် ရှိသေးသော ထိုစဉ်ကအခြေအနေနှင့် မျက်မှောက်ကာလ ပုံသေယာဉ်စီးခနှုန်းများ၊ သီးသန့်ကား၏ ကားခနှုန်း စသည်တို့ ဖြစ်ကြပါသည်။ ကွာဟမှုက စာဖတ်သူအဖို့ မပြောပလောက်ပါဟု ထင်စရာရှိသော်လည်း ထိုအသေးအဖွဲကလေးများသည်ပင်လျှင် ခံစားမှုရသ အရာ၌ ပေါ့ရွတ်စေတတ်ပါသည်။

စာလုံးသေးသေး ၂၂၄ မျက်နှာရှိသော ဝတ္ထုစာအုပ်သည် ၆ ကျပ်တန် ဆိုသော်လည်း ယခုအခါ ၃၀ ကျပ်တန် ဝတ္ထုစာအုပ်တစ်အုပ်မျှလောက် စာလုံးများပါသည်။ ရှည်ပါသည်။ စာပေဗိမာန်မို့သာ ထုတ်နိုင်ခြင်း ဖြစ်ပါမည်။ တန်ပေ၏။

မှန်သည့်အတိုင်း ဝန်ခံရလျှင် စာပေဗိမာန်က တန်ရာတန်ကြေးနှင့် ထုတ်ဝေသော စာအုပ်များကို တစ်ခါတစ်ရံ အထင်မကြီးပါ။ စာအုပ်ဖိုး ဈေးလည်းနည်း၊ အုပ်ရေလည်း ပေါပေါထုတ်၊ ရသအင်အားလည်း နည်းသည်ဟု မှတ်ယူထားမိပါသည်။

"အိမ်အပြန်စက်၍ လွမ်းရတက်ပွေသူများနှင့် ကိုယ့်အိမ်ကို မခင်၊ အိမ်ပြင်ကို မျှော်ငေးသူများအား ရည်ရွယ်ပါသည်"ဟု ဒေါက်တာရဲနိုင်က ပထမဆုံး စာမျက်နှာမှာ ရေးထားသည်။ ကိုယ့်အိမ်၊ ကိုယ့်ယာ၊ ကိုယ့်ရေ၊ ကိုယ့်မြေကို ခင်တွယ် မြတ်နိုးတတ်စေလိုသော စာရေးသူ၏ စေတနာကို တွေ့ရှိပြီ၊ သိရပြီ။

အစဦးဆုံးအခန်းမှာ မြန်မာလူရွယ်နှစ်ဦး လန်ဒန်မြို့ အောဘိတ်ရပ်ကွက်ရှိ ပက်တီကုတ် လေဟာပြင် လမ်းဘေးဈေးတန်းကြီးထဲမှာ တိုးဝှေ့ ဈေးဝယ် နေခန်းမှ စလိုက်သည်။ မြန်မာစကား ရေလည်စွာပြောတတ်သော အင်္ဂလိပ်မ

တစ်ဦးနှင့် တွေ့ကြသည်။ စကတည်းက စာဖတ်သူကို ဆွဲဆောင်သွားပါတော့သည်။

လန်ဒန်မြို့ မိုးဖိုးမျက်စိအထူးကုဆေးရုံကြီးမှာ လေ့လာရေးပညာသင်လာသော ဒေါက်တာစည်သူလင်း။ စိန့်သေပတ်စ်ဆေးရုံမှ အင်္ဂလိပ်မြန်မာကပြားမသူနာပြု ဒိုရာဗ္ဗိုက်စ်(ခ) ငုဝါမြင့်။

အင်္ဂလိပ်စာ အဓိကဖြင့် ဘွဲ့ရ ဟန်နီသန့်စင်။ သို့မဟုတ် တိုင်းတစ်ပါးလူနေမှုအဆင့်မြင့်ခြင်းကို အားကျနေသူ။

အပြင်လောကမှာ တကယ်ရှိနေကြသူများနှင့် အလွန်တူပါသည်။ ထို့ကြောင့် ဇာတ်ကောင်စရိုက်များသည် သဘာဝကျပါသည်။ အိမ်ထောင်ရေး၊ အချစ်ရေးရေးဖွဲ့သော ဝတ္ထုဟု ရှုထောင့်တစ်မျိုးမှ ကြည့်လျှင်လည်း ရပါသည်။

ဇာတ်ကောင်အသားပေး၊ ဇာတ်လမ်းအသားပေးဟု ကျွန်တော် မခွဲခြားတတ်ပါ။ သရုပ်မှန် စာပေလော၊ ရိုမန်တစ်စာပေလော၊ ဆိုရှယ်လစ်စာပေလော၊ ဖောက်ပြန်သော အရင်းရှင် စာပေလော၊ ကျွန်တော် အမည်မမှည့်ခေါ်တတ်ပါ။ အထီးမှန်း အမမှန်း မသိသူဟု ဆိုလျှင်လည်း ခံရပါမည်။ "အနုပညာသည် အနုပညာအတွက်"ဟူသော အယူအဆဖြင့် ရေးသားခြင်း မဟုတ်သည်ကတော့ သေချာသည်။

တစ်။ ဖတ်လို့အလွန်ကောင်းသည်။ ပျော်ရွှင်ကြည်နူးရသည်။ စိုးရိမ်စိတ်စောရသည်။ ကြေကွဲဝမ်းနည်းရသည်။ ရင်ထဲမှာ နင့်၍ ကျန်ရစ်ခဲ့သည်။

နှစ်။ ရှုခင်းမြင်ကွင်း ထူးခြားသည်။ စိတ်ဝင်စားဖို့ကောင်းသည်။ တွေ့နေကျ နောက်ခံကား မဟုတ်သဖြင့် ဖြစ်ဖွယ်ရှိပါသည်။

သုံး။ ဦးတည်ချက်ကောင်းသည်။ ထိုဦးတည်ချက်ကို ထိရောက်အောင် ရေးဖွဲ့ သရုပ်ဖော်နိုင်လေသည်။

ခံစားရသည့်အတိုင်း သုံးသပ်တင်ပြခြင်း ဖြစ်ပါသည်။

"ဗမာသီချင်း ဗမာလိုဆိုတာကို မြန်မာတွေတောင် နားမလည်ပါလားကွ"

"အေးကွာ၊ ငှ အုအု တို့၊ ဝို့ဟို့ဟို့တို့ ဆိုတာတွေက ဘာတွေလဲ"

"မူရင်းအင်္ဂလိပ်သီချင်းထဲက အသံတွေလေကွာ။ သူတို့ အသလို လိုက်အုတာပေါ့"

ဤကဲ့သို့ ပြောဆိုဝေဖန်သံများ ပါသည်။

"လင်းရေ။ ဒါ မြန်မာသီချင်းပဲလား။ ဒီမှာကြားနေရတဲ့ ဒစ္စကိုသီချင်းကို မြန်မာစာလုံးတွေ ပြောင်းထားတာပဲနော်"

"ဒီရာ မကြိုက်ဘူးလား"

"အင်း...တစ်မျိုးကြီးပဲ။ ကျွန်မ မပြောတတ်ဘူး.၊ ဘယ်လိုပြောရမလဲ။ ဟို...ဟို...မုန့်ဟင်းခါးဖတ်ပေါ်ကို ချစ်ကင်းဘာရောသ်ထည့်ပြီး ရောမွှေစားရသလို နေမှာပေါ့နော်"

"သိပ်ကောင်းတဲ့ ဥပမာပဲ ကွာ။ ဒီဥပမာမျိုး ကိုယ်တို့တောင် မစဉ်းစားမိဘူး။ ဟုတ်ပါတယ် ဒီရာ။ မုန့်ဟင်းခါးဟင်းရည်ပဲ ဆမ်းစားသင့်တာပေါ့။ ချစ်ကင်းဘာရောသ်ကောင်းတာက ကောင်းတာ တခြားပဲ။ မုန့်ဟင်းခါးဖတ်နဲ့ စားလို့ မကောင်းနိုင်ဘူး"

စသည့်ဆွေးနွေးခန်းတွေ ပါဝင်သည်။

"ဒီရာ ပြောမယ်ဆိုရင်လည်း ပြောစရာပဲပေါ့ကွာ၊ ကိုယ်တို့ မြန်မာစီရီယို တေးသီချင်းတွေကလည်း ချစ်ကင်းဘာရောသ် မုန့်ဟင်းခါးတို့၊ ဒိန်ခဲ ငါးပိချက်တို့ ပန်းသီးလက်ဖက်သုတ်တို့ ဖြစ်နေပါပြီလေ"

"မြန်မာတွေဟာ ဟိုရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်တွေ ရခဲ့လျက်သားနဲ့ ဘာဖြစ်လို့ သူများယဉ်ကျေးမှုနဲ့ ရောစပ်ချင်ရတာလဲကွယ်။ ကြာတော့ ကိုယ်ပိုင်အမွေအနှစ်တွေ ပျောက်ကွယ်သွားရင် နမြောစရာကြီး လင်းရယ်"

ဤကဲ့သို့ စဉ်းစားဆင်ခြင်စရာတွေ တွေ့ရသည်။

"...နောက်ထပ်ဘွဲ့ရပြီး ဟိုမှာ နေရာကောင်းရလို့ မပြန်ချင်ဘူးဆိုရင်လည်း ဟိုမှာပဲ ဖော်ဂွတ်နေလိုက်ကြရုံပေါ့။ မြန်မာပြည်မှာ ဆရာဝန် လုပ်နေလို့ ဘာဖြစ်မှာလဲ မောင်ရယ်"

"မြန်မာပြည်မှာ ဆရာဝန်လုပ်တော့ မြန်မာတွေ ကျန်းမာတာပေါ့ကွာ။ သူများတိုင်းပြည်မှာ သွားပြီး အလုပ်လုပ်ရတော့ သူများနိုင်းတာ ခံရမှာပေါ့။ ဘဝတစ်ခုရဲ့ ပြည့်စုံချမ်းသာခြင်းဆိုတာ ရုပ်ဝတ္ထုပစ္စည်း အဆောင်အယောင်တွေ တိုးတက်များပြားလာတာကို ခေါ်တာ မဟုတ်ပါဘူး"

ဒေါက်တာရဲနိုင်သည် သုရည်ညွန်းလိုသော စေတနာဖြင့် နှစ်ဖက်အားပြိုင် ပြသည်။ တိုက်နိုက်ရှုတ်ချသည်။ အမွှန်းတင် ကာကွယ်သည်။ သူ၏ထိုးနှက်ချက်

ကို အချို့က ပျော့လှသည် ဆိုမည်။ အချို့က ပြင်းလွန်းသည် ထင်ပေလိမ့်မည်။ အငြင်းပွားစရာတွေပေပဲ။

ယခုအခါတွင် ဆရာဝန်အချို့သည် ဆေးကုသမှုထက် ပိုမိုလေးနက်ကျယ်ပြန့်သည်ဟု ယူဆရသော ကုသမှုများပြုပေးနိုင်ရန် ကြိုးစားအားထုတ်နေကြကြောင်း၊ ကောင်းသောလက္ခဏာအဖြစ် မြင်ရ၏။ ထိုအစုထဲ၌ ဒေါက်ဘာရဲနိုင်လည်း တစ်ဦး အပါအဝင် ဖြစ်ပေလိမ့်မည်။ သူတွေ့ရှိသော အနာရောဂါတစ်ခုကို ဖော်ပြ၍ စိတ်ရှည်လက်ရှည် ကုသမှုပေးလိုက်၏။ မည်သို့ဖြစ်စေ ဒေါက်တာရဲနိုင်သည် ဝတ္ထုတစ်ပုဒ်ကိုရေးဖွဲ့၍ အားဆေးတစ်လုံးသွင်းပေးသည်ဟု မှတ်ယူပါသည်။ စာဖတ်သူ ကျွန်တော်တို့၏ အမျိုးသားရေးစိတ်ဓာတ်အား နှိုးဆော်မြှင့်တင်ပေးသဖြင့် ကျေးဇူးတင်စရာပေတကား။

ချစ်နိုင် (စိတ်ပညာ)
သဘင်မဂ္ဂဇင်း၊ အမှတ် (၄၅)
၁၉၈၇၊ ဇူလိုင်လ

☆ ☆ ☆

အရသာမသိသည့် ယောင်းမတစ်ချောင်း

ချောင်းရေကဖောင် တောင်လေကသွေး။
ရွက်လင်းယဉ်မြိုင်မြိုင်နဲ့
ပန်းတိုင်ကို ပန်းခိုင်ဆိုက်အောင်
အားစိုက်ပါ့လေး။

ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာများထဲမှ အားမာန်ပါသောကဗျာများကို ခဏခဏ အထပ်ထပ်ဖတ်ရင်း အလွတ်ရနေပြီ။ အရသာလည်း တွေ့နေပြီ။

ဘဲအုပ်က တစ်ရာနှစ်ရာ
မဗေဒါက တစ်ပင်တည်း။
အယက်အကန်ခံလို့
ဗေဒါပျံ့ အံကိုခဲ
ပန်း ပန်လျက်ပဲ။

အရွှံးမပေး၊ ဦးမညွတ်သော မဗေဒါကဲ့သို့ ရဲရင့်သူ တစ်စုံတစ်ယောက် (မသိကိန်း X ဟု ဆိုကြပါစို့)ကို ဆရာဇော်ဂျီက နမူနာ သာဓက ပြထားခဲ့ပါသည်။ ဗေဒါလမ်းကဗျာများကို ကျောင်းစာအဖြစ် စာသင်ခန်းထဲမှာ မသင်ရဘဲနှင့် ကျွန်တော်တို့ အထက်တန်းကျောင်းသားဘဝ သူငယ်ချင်းတစ်သိုက်၏ ပါးစပ်ထဲသို့ အလိုလို ရောက်လာသည်။ စာဖတ်သူတိုင်း ခံစား၍ အားတက်မိသည်။ ကျွန်တော်တို့သူငယ်ချင်း ၄–၅ ယောက်က စာရူး ပေရူး စာဖတ်ဝါသနာအိုး တွေဆိုတော့ ဝိဇ္ဇာဘာသာတွဲမှာ စိတ်ကြိုက်မြန်မာစာကိုယူဖို့ ဆုံးဖြတ်ကြသည်။ ကျွန်တော်တို့ (၉)တန်းအောင်သောနှစ် ၁၉၆၄–ခုတွင် စနစ်သစ်ပညာရေးဆိုပြီး ဝိဇ္ဇာသိပ္ပံဘာသာတွဲတွေ ခွဲ၍ ယူရသည်။ ချောက်မြို့ အထက်တန်းကျောင်းကြီး

အီးပုံစံ (E)အဆောက်အဦမှာ ဟိုး ကောင်ဘက်များ အောက်ထပ်အခန်းအကျယ်ကြီးက ဆယ်တန်းသိပ္ပံ။ မြောက်ဘက်များအပေါ်ထပ် (အိမ်တွင်းမှုသိပ္ပံခန်းနှင့်ဆက်လျက်)က ဆယ်တန်းဝိဇ္ဇာ။ "မောင်တို့မယ်တို့ ကိုယ်ကြိုက်ရာအခန်းမှာအမည်စာရင်းပေးကြ"ဆိုပြီး ကျောင်းအုပ်ဆရာကြီးက အဆင်ဘလီဟောထဲမှာပြောလိုက်သည်။ ဘာပြောစရာလိုမှာလဲ။ စာကြမ်းပိုး ကျွန်တော်တို့အုပ်စုသည်အပေါ်ထပ် ဝိဇ္ဇာအခန်းဆီသို့ ပြေးသွားကြလေ၏။ ဝိဇ္ဇာမှ ဝိဇ္ဇာဟေ့။

ကျွန်တော့်အစ်ကိုဝမ်းကွဲတော်သူ အထက်တန်းပြဆရာ ဦးအောင်လှိုင်ကခေါ်သဖြင့် ဆရာတွေရုံးခန်းမှာ သွားတွေ့ရသည်။ ဆယ်တန်းအမှတ်သည်စနစ်သစ်ပညာရေးမှာ အရေးပါပုံ၊ အမှတ်များလျှင် အိုင်၊ အယ်လ်၊ အေမြင့်ပြီး ဆရာဝန်၊ အင်ဂျင်နီယာလိုင်းတို့ကို ရနိုင်ပုံ၊ အမှတ်နည်းလျှင် ရိုးရိုးဝိဇ္ဇာသိပ္ပံ ဘီအေ၊ ဘီအက်စ်ဘွဲ့ပဲ ရနိုင်ပြီး အသက်မွေးဝမ်းကျောင်းအတွက်မရေရာပုံ။ ထို့ကြောင့် နံပါတ်တစ်၊ သိပ္ပံတွဲ ယူမလား၊ ဝိဇ္ဇာတွဲ ယူမလားသေသေချာချာစဉ်းစား။ နံပါတ်နှစ်၊ တစ်ခုခုကို ရွေးပြီးပြီဆိုလျှင်တော့ ဒီနှစ်ဆယ်တန်းမှာ အမှတ်ကောင်းကောင်းနဲ့ အောင်အောင် သေသေချာချာကြိုးစား။

အစ်ကိုကြီးက သိပ္ပံဘက်ကို လိုက်စေချင်ပုံရပါ၏။ ကျွန်တော် ခေါင်းမာတတ်မှန်းကိုလည်း အစ်ကိုကြီး သိထားပါ၏။ ထို့ကြောင့် သိပ္ပံယူပါဟုအမိန့်အာဏာနှင့်တော့ မပြော။

ကျွန်တော်တို့ ဝိဇ္ဇာဘာသာတွဲသင်သော ဆယ်တန်း(ဝိဇ္ဇာ)သို့ ရောက်ကြလေပြီ။ မြန်မာစာ၊ အင်္ဂလိပ်စာကတော့ အတူတူပင်။ သိပ္ပံတွဲက ရူပ၊ ဓာတု၊ ဇီဝ၊ သင်္ချာသင်သည်။ သူတို့ အဆင်ချောသည်။

ဝိဇ္ဇာတွဲက ပါဠိ၊ သိပ္ပံ၊ စိတ်ကြိုက်မြန်မာစာတွေ ယူနိုင်သည်။ ပထဝီ၊ သမိုင်းကိုပဲ ကျောင်းက သင်ပေးမည်။ အထွေထွေသိပ္ပံ (ရူပ၊ ဓာတု၊ ဇီဝ၊ သင်္ချာ၊ အကျဉ်းတွေ စုပေါင်းထားသည်) ယူလိုက သင်ပေးမည်။ ပါဠိတို့စိတ်ကြိုက်မြန်မာစာတို့ကတော့ သင်ပေးနိုင်သောဆရာ မရှိ။ မိမိဘာသာကြည့်ကြ၊ ကျက်ကြ။ ယခုခေတ်ကာလအထိ ထိုကဲ့သို့ ဆရာ မလုံလောက်မှုပြဿနာ ရှိနေသေးသလား မသိ။

စိတ်ကြိုက်မြန်မာစာမှ စိတ်ကြိုက်မြန်မာစာ။ စာရှူး ပေရူး ကျွန်တော်တို့၄-၅ ယောက်သည် အထွေထွေသိပ္ပံသင်ချိန်၌ ဝဏ္ဏဗောဓနသတ်အင်း၊

ဥမ္မာဒန္တီပျို့ စသည်တို့ကို မိမိဘာသာ ကြည့်ကြ၊ ကျက်ရ၏။ မြန်မာ့မျက်ပွင့် ဆရာဇေယျ၏ ဆောင်းပါးတွေ လေ့လာရ၏။

ဆရာဇေယျ၏ လူ့စလေ့၊ တောစလေ့ဆောင်းပါးတွေကို ကျောင်းစာအဖြစ် စာမေးပွဲအတွက် ဆရာမရှိဘဲ ကျက်ရမှတ်ရသည်မှာ မလွယ်လှပါ။ သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါး(ပင်ရင်းမြန်မာစာ) စာအုပ်က ဖတ်ချင်စရာ စိတ်ဝင်စားစရာ ကောင်းသေး၏။ ဆရာဇေယျ၏ မြန်မာ့မျက်ပွင့်ကတော့ စာဖတ်သက်နုနေသေးသော ကျွန်တော်တို့အတွက် ခ ဲသည်အမှန်။

နည်းလမ်းတကျ သင်ပြပေးမည့် ဆရာလည်း လုံးဝမရှိ။ လေ့လာနည်း ဖြေဆိုနည်း စာအုပ်တွေလည်း ကျွန်တော်တို့ မတွေ့ရ။ မဖတ်ရ။ စိတ်ကြိုက်မြန်မာစာ ပြဋ္ဌာန်းချက်စာအုပ်တွေကို တစ်နှစ်ပတ်လုံး မိမိကိုယ်ဉာဏ်မီသမျှ ဖတ်မှတ်ပြင်ဆင်ပြီး ဖြေဆိုရာ ထိုနှစ်(၁၀)တန်းစာမေးပွဲ ကျွန်တော် ကျပါတော့သည်။

အမှတ်စာရင်း တောင်းကြည့်တော့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီ၊ သမိုင်း အားလုံး အမှတ် (၅၀)ကျော်တွေနှင့် အောင်နေပါလျက် စိတ်ကြိုက်မြန်မာစာမှာ (၃၀)ကျော်ရမှတ်နှင့် ကျနေကြောင်း တွေ့ရပါတော့သည်။

စာပေဝါသနာပါသည်။ စာရေးဆရာဖြစ်အောင် လုပ်မည်။ ၁၀ တန်းကစပြီး စာပေလောက လေ့လာရအောင် စိတ်ကြိုက်မြန်မာစာ ယူမည်ဆိုပြီး စိတ်ကူးပြင့် မိမိရွေးချယ်ခဲ့သော ဘာသာရပ်။ ကျပြီ။ ဟာ...

လန့်သွားသည်။

စိတ်ကြိုက်မြန်မာစာခေါ် အပိုမြန်မာစာ၊ Optional Burmeseဘာသာရပ်ကို ရွေးမိသည်ကား အမှားကြီးမှားလေစွ။ အိုဘီယူသည့် သူငယ်ချင်းများလည်း အားလုံး ကျကြသည်။ သိပ္ပံအခန်းက ၁၀ တန်း အောင်ချက်ကောင်းသလောက် ဝိဇ္ဇာအခန်းက အောင်သူ နည်းပါးလှသည်။ မျက်နှာငယ်လှသည်။ ရှက်စရာပဲ။

၁၀ တန်းမှာ ပထဝီသင်သော ဦးအုန်းကြည်၊ သမိုင်းသင်သော ဦးခင်စသည့် ဆရာတွေလည်း စိတ်မကောင်း။ ကျွန်တော်တို့ကို သနားသည်။ နောက်နှစ်မှာတော့ အိုဘီကို ကြောက်ပြီး အထွေထွေသိပ္ပံ ပြောင်းယူသည်။ ဆရာရှိသည့်ဘာသာ ဆရာသင်သည့်ဘာသာမှာ မအောင်မှာ မပူရ။ ကြိုးစားလို့ရသည်။ ဆရာမပြသောပညာဆိုသည်မှာ သိတာသိတာတခြား၊ တတ်တာက

တတ်တာပဲရှိမည်။ မေးတာကို ဖြေနိုင်မှ အမှတ်ရသော စာမေးပွဲစနစ်နှင့် အအောင်အရှုံး ဆုံးဖြတ်ခြင်း မဟုတ်လား။

၁၉၆၆–ခုနှစ်မှာတော့ ကျွန်တော် ၁၀ တန်းအောင်၏။ မန္တလေးတက္ကသိုလ် တက်ရတော့ ရေငတ်သူ ရေတွင်းထဲကျသကဲ့သို့ စာကြည့်တိုက်ကြီးကို မျိုချ မတတ် စာတွေဖတ်ခွင့်ရ၏။ အရည်အခံလေးရပြီဆိုတော့မှ ဆရာဇေယျ၏ စာများကို အရသာတွေ့လေသည်။ ၁၀ တန်းကျောင်းသားဘဝတုန်းက ဝေတေတေ ဝါးတားတားတွေသည် ယခုမှ နားရှင်းပေတော့၏။ ဪ...ဒီလိုကိုး။

စာဆိုတာ ဖတ်သူမှာ အခံလိုသည်။

စာကောင်းတိုင်းလည်း မတိုးပါ။

စာဖတ်သက်ကလေး န–နရာမှ ရင့်–ရင့်ရာမှ အသားတက်ပြီး မာလာမှ တကယ်စာကောင်းပေကောင်းတွေကို ခံစားတတ်ပါသည်။ သဘောကျနိုင် လာသည်။ ဆရာဇေယျ၏ မြန်မာ့မျက်ပွင့်ကို စာသင်ခန်းထဲမှာ ပြဋ္ဌာန်းချက် စာအုပ်အဖြစ် ဖတ်ရတော့ လေးလံခက်ခဲ ထိုင်းမှိုင်းလိုက်တာ။ တော်တော်ဖတ်လို့ မကောင်းတဲ့ ဆောင်းပါးတွေပဲ။ ဘာတွေမှန်းလည်း မသိ။

နောက် ၃–၄ နှစ်ကြာမှ ပြန်ဖတ်ကြည့်တော့ တစိမ့်စိမ့်နှင့် အရသာချို ဆိမ့်သော စာမျိုးတွေပါတကား။ ခံစားနားလည်တတ်တော့သည်။ လူဆိုသည် ကား မိမိဖြတ်သန်းရသော ကိုယ်တွေ့ သို့မဟုတ် စာတွေ့၊ တစ်နည်းနည်းနှင့် ကိုယ်တိုင်ခံစားဖြတ်သန်းပြီးမှ စာနာ နားလည်တတ်သည့် သဘာဝရှိသည်။ မင်းညီမင်းသားများသည် ထီးသုံးနန်းသုံး စကားဖြင့် သုံးနှုန်းကြသည်။ တောသူတောင်သားက တောသူတောင်သားစကား။ ဓာတ်သမား သဘင်သမား က သဘင်စကား၊ သူတောင်းစားက ကယ်ပါ သူတောင်းစားစကား။

မြန်မာစာ၊ မြန်မာစကားပေမယ့်လည်း စကားလုံးသုံးနှုန်းပုံချင်း မတူ၊ လေသံ၊ ဟန်ပန်မတူ။

စိမ်းလျှင်ချက်ချင်း နားမလည်။ မဝင်ဆံ့သေးမီမှာ အရသာ မတွေ့။ ဝေါဟာရမှာ ခံစားချက် မထပ်နိုင်သေးမီ ဘာမှန်းမသိ။ မိမိမှာ ခံစားရှုမရ။ နားရည်ဝလာမှသာ ပုဂ္ဂိုလ်အထုပ္ပတ္တိများကို နောက်ခံကားနှင့်တကွ ရုပ်လုံးကြွ မြင်လာရသည်။ စာပေအနုပညာ၏ ရသ သဘောတွေကို ရိပ်မိလာရသည်။

ဆရာဇေယျဆိုသော နတ်သုဒ္ဓါဟင်းဝေါ အိုးကြီးကို ကျွန်တော် ဆယ်တန်း

နှစ်က ယောင်းမ,တစ်ချောင်းပမာ မွေ့ပင်မွေ့ခဲ့ရပါသော်လည်း ဘာမျှ အရသာ မတွေ့ခဲ့ခြင်းကို တင်ပြလိုခြင်း ဖြစ်ပါသည်။ စာကောင်း ပေကောင်းတွေ များများဖတ်ခြင်းဖြင့် အနှစ်ပြည့်အောင် ဖြည့်ကြလျှင် အရသာ ပို၍ပို၍ တွေ့နိုင်ကြပါကြောင်း အကြံပြုအပ်ပါတည်း။

ချစ်နိုင် (စိတ်ပညာ)

☆ ☆ ☆

မိုးသောက်ရောင်နီ လာချေပြီ

မိမိကိုယ်ကို ကိုယ်တိုင်ဖော်ရာရောက်လျှင်လည်း စာဖတ်သူများက နားလည်ခွင့်လွှတ်စွာ သည်းခံပါရန် တောင်းပန်ပါရစေ။ ကျွန်တော်သည် ၁၉၉၆–ခုနှစ်မှာ အမျိုးသား စာပေဆုကို မမျှော်လင့်ဘဲ ချီးမြှင့်ခြင်းခံရပါသည်။ မှန်သည့်အတိုင်း ဝန်ခံရသော် ကျွန်တော် ထိုဆုမျိုးကို မမျှော်မှန်းခဲ့ဖူးပါ။

မည်သည့်ပြိုင်ပွဲမှာမှလည်း တင်သွင်း ယှဉ်ပြိုင်ခဲ့ဖူးခြင်း မရှိပါ။ စာပေနယ်မှာ ဆုတစ်ခုခု ရကောင်းစေဟု မည်သည့်အချိန်ကမှ အိပ်မက် မမက်ခဲ့ဖူးပါ။

၁၉၉၃ ခုမှ ၉၅ ခုနှစ်အထိ ၃ နှစ်မျှ အပျိုမ,မဂ္ဂဇင်းမှာ လစဉ်ရေးခဲ့သော ပေးစာပုံစံ ဆောင်းပါးလေးများကို စုစည်းပြီး ထုတ်စမ်းပါဟု စာဖတ်သူအချို့က အားပေးတိုက်တွန်းကြသဖြင့် ထိုစဉ်ကာလမှာ မိမိကလည်း ထုတ်ဝေသူအလုပ်ကို လုပ်နေချိန်ဖြစ်ရကား ဆောင်းပါး ၂၆ ပုဒ်ကို စုစည်းပြီး 'ချစ်လို့ပြောတာမှတ်ပါ'ဟူသောအမည်ဖြင့် ထုတ်ဝေခဲ့ပါသည်။ ထိုစာအုပ်သည် ကံအားလျော်စွာ အမျိုးသားစာပေဆု (လူငယ်ဆိုင်ရာ)အဖြစ် ရွေးချယ်ဂုဏ်ပြုခြင်းကို ခံခဲ့ရပါသည်။ မိမိ၏ ပထမဦးဆုံးသော လုံးချင်းဆောင်းပါးပေါင်းချုပ်ကို နိုင်ငံတော်အစိုးရက ဆုပေးရန် ရွေးချယ်ခြင်းသည် အလွန်အားတက်စရာ ဖြစ်ပါ၏။ ထိုစာအုပ်ကို သတ္တမအကြိမ်အထိ စောင်ရေ ၂၀၀၀၀ ကုန်ခဲ့ပြီ။ ထပ်မံရိုက်နှိပ်နေရဆဲ။ စာဖတ်ပရိသတ်၏ တစ်ခဲနက်အားပေးမှုမှာ အားရကျေနပ်စရာပင် ဖြစ်ပါ၏။

ပွဲဦးထွက် စာအုပ်မှာပင် ဤမျှ အောင်မြင်မှုရသည်။ ကံကောင်းသည့် စာရေးသူဟု အချို့က ဆိုကောင်းဆိုကြလိမ့်မည်။ ကြက်ကန်းဆန်အိုးတိုးတာပါဟု မလိုတမာ မေးငေါ့ချင်သူတို့ ရှိကောင်း ရှိနိုင်ပါသည်။ ကိုယ်ကြိုက်သလို ယူဆ၍ရပါသည်။

ဤအခြေအနေ၊ ဤအချိန်အခါသို့ ရောက်ရှိလာရန် နှစ်ပေါင်း ၃၀ တိတိ စာကြမ်းပိုးထိုးခဲ့သည်ဟူသော အချက်ကိုမူ ရိုက်မစစ်ဘဲနှင့် ဖြောင့်ချက်ပေးချင်ပါသည်။ ၁၉၆၄ ခုနှစ်မှာ တန်းမြင့်ကျောင်းထွက်လက်မှတ်ရ အစိုးရစစ် ၉ တန်းစာမေးပွဲကို နှစ်ချင်းပေါက်အောင်ခဲ့သော နှစ်မှစ၍ ကျွန်တော်သည် စာအုပ်ဟူသမျှကို ငမ်းငမ်းတက် ရှာဖွေကာ အရူးအမူး ဖတ်နေပါသည်။ အထူးသဖြင့် ဦးသန်းထွန်း(ရွှေဘို)၏ စာအုပ်မျိုးတွေကို အလွန်နှစ်သက်သဘောကျသည်။ ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာဟူသော စာအုပ် (၁၉၆၆)ခုနှစ်ခန့်မှာ ပထမအကြိမ်ရိုက်နှိပ်ခြင်း ထွက်စဉ်ကပင် ဆရာဦးသန်းထွန်း(ရွှေဘို)ကို လေးစားကြည်ညိုသည်။ ထိုစာအုပ် (ထိုစဉ်က ၂ ကျပ် ၃ ကျပ်တန်)ကို အခါခါ ဝယ်၍ သူငယ်ချင်းများကို မေတ္တာလက်ဆောင် ပေးဖြစ်ခဲ့သည်။ ကြိုက်လွန်းလို့၊ ကောင်းလွန်းလို့။

ဦးသန်းထွန်း(ရွှေဘို)၏ ဘုရားရှိဝါဒ၊ ဘုရားမဲ့ဝါဒနှင့် ဗုဒ္ဓဝါဒဟူသော စာအုပ်ကို ဖတ်ရမှ ဗုဒ္ဓဘာသာသည် တစ်ခုတည်းသော အနတ္တဝါဒဖြစ်ပြီး အခြားသော ဟိန္ဒူ၊ ခရစ်ယာန်၊ မူဆလင် စသည့် ဝါဒတို့နှင့် ကွဲပြားကြောင်း အထင်အရှား သိရသည်။ ချစ်မိတ်ဆွေ စာဖတ်ချစ်စာလေး သင်၏လက်ဖဝါးကို ကော့နေအောင် ဖြန့်ကြည့်လိုက်စမ်းပါ။

လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်နှင့် လက်သန်းတို့သည် ဖန်ဆင်းရှင်ဘုရား(God)နှင့် ထာဝရဘုရားကို သက်ဝင်ယုံကြည်ကြသော ဘာသာအယူဝါဒများနှင့် တူကြပါသည်။ သင်၏ လက်မ,သည် မတူ ကွဲပြားစွာ (၉၀ ဒီဂရီ) ခွဲထွက်နေသည်ကို သင်မြင်တွေ့ရပါလိမ့်မည်။ ထိုလက်မသည် ဖန်ဆင်းရှင်မရှိသော ဗုဒ္ဓဝါဒအယူအဆပင် ဖြစ်ပါတော့သည်။ ကျွန်တော့်စိတ်ထဲမှာ ထိုကဲ့သို့ သဲသဲကွဲကွဲ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်အောင် ဦးသန်းထွန်း(ရွှေဘို)၏ စာအုပ်များက အလင်းရောင်ပေးခဲ့ကြပါသည်။

ဤကဲ့သို့ အဖိုးတန်လှသည့် စာအုပ်ပေါင်းများစွာကို နှစ်ပေါင်း(၃၀)တိတိ အဆက်မပြတ်၊ မရပ်မနား လေ့လာဆည်းပူး၍ စာပေမြတ်နိုးသူတစ်ဦးအဖြစ် ကျွန်တော်သည် ဖြတ်သန်းခဲ့ရပါသည်။ ချစ်နိုင်(စိတ်ပညာ)ဟူသော အမည်တစ်ခုကို စာဖတ်ပရိသတ်ထံမှ ရရှိလာအောင် ၁၀ နှစ်ကျော်မျှ ရွှေမဝ၊ မိုးဝေ၊ စပယ်ဖြူ၊ ရုပ်ရှင်အောင်လံ၊ အတွေးအမြင်၊ မြတ်လေး၊ လုံမလေး စသော မဂ္ဂဇင်းစာမျက်နှာများပေါ်တွင် ကလောင်သွေးလျက် လေ့ကျင့်ဆည်းပူးခဲ့ရ

ပါသည်။ မိမိ၏ ကျေးဇူးရှင် ဆရာပေါင်းများစွာအနက် ဆရာကြီးဦးသန်းထွန်း (ရွှေဘို)သည်လည်း တစ်ဦးအပါအဝင် ဖြစ်ပါ၏။

ကျွန်တော်သည် ဦးသန်းထွန်း(ရွှေဘို)က စာအုပ်ပေါင်း ၄၀–၅၀ မျှကို ဖတ်ရှုလေ့လာ ကိုးကားပြီး ရေးသားသော အဆီအနှစ်စာအုပ်မျိုးကို တန်ဖိုးထား၍ လေ့လာဆည်းပူးပါ၏။ ယခုလည်း ဆရာသည် ကျွန်တော် မဖတ်ဖူး၊ မကြားဖူးသော ကမ္ဘာကျော်စာအုပ် ၉ အုပ်ကို အနှစ်ချုပ်ဖော်ပြ မိတ်ဆက်ပေးထားပါ၏။ ဆစ်ဂမန်ဖရိုဒ်၏ အိပ်မက်တီထွင်ကျမ်းကိုပင်လျှင် ကျွန်တော်သည် အစအဆုံး ကုန်အောင်ဖတ်ဖူးသူ မဟုတ်ပေ။ ဖရိုက်ဒ်၏ မသိစိတ် သီအိုရီ ဖရိုက်ဒ်၏ စိတ်က ပညာတို့ကို ကျောင်းသင်ခန်းစာအဖြစ် နှစ်ပေါင်းများစွာ စာတွေ့၊ လက်တွေ့ သင်ယူခဲ့ရဖူး သော်လည်း ဦးသန်းထွန်း(ရွှေဘို)ရေးသားသည့် 'ဆစ်ဂမန်ဖရိုက်ဒ်၊ အိပ်မက် ဖတ်ခြင်း'ကို ဖတ်ရမှ ပို၍ ကြည်လင်ပြတ်သားစွာ နားဝင်သည်။ အရသာ တွေ့ပါသည်။

နယူတန်၊ အိုင်းစတိုင်း၊ ဒါဝင်၊ တောမတ်စ်မိုးစသည့် ကမ္ဘာကျော် ပညာရှင်ကြီးများ၏ အနှစ်ချုပ်ပုံရိပ်လွှာနှင့် သူတို့၏ ဉာဏ်ပညာအလင်း ရောင်လက်ဆောင်စာအုပ်တို့အကြောင်းကို ဖတ်ရှုခွင့်ရသူသည် အလွန်တရာ ကံထူးလှပါသည်။ မိမိဘဝအတွက် လှေကားထစ်တစ်ဆင့်တက်၍ သွားပါသည်။

စာမျက်နှာနည်းနည်း၊ စာအုပ်ငယ်ငယ်ကလေးမျှသာ ဖြစ်သော်လည်း အနဂ္ဃတန်ဖိုးထိုက်တန်သည့် ရတနာသိုက်ဟု တင်စားလိုက်ချင်ပါ၏။ ဆရာကြီး ဦးသန်းထွန်း(ရွှေဘို)သည် မိမိ၏ သင်ဆရာကား မဟုတ်ပါ။ မြင်ဆရာ၊ ကြားဆရာတော့ ဖြစ်ပါသည်။ ကျွန်တော်သည် အကယ်၍ လူလားမြောက်သော ဆောင်းပါးရှင်တစ်ဦးဟု ဆိုပါအံ့။ ဆရာကဲ့သို့သော စေတနာမေတ္တာကြီးမား သောဆရာ၊ ကျေးဇူးရှင်တို့၏ မြေတောင်မြှောက် ပျိုးထောင်မှုကြောင့် ဖူးပွင့်လာ သော ပန်းတစ်ပွင့်ဟု ဝန်ခံပါရစေ။

ချစ်နိုင်(စိတ်ပညာ)
စာဖတ်သူဂျာနယ်
အတွဲ ၂၊ အမှတ် ၄

☆ ☆ ☆

လူသန့်မပြော

စာရေးခြင်းအတတ်ကို လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀၀ ကျော်မှစ၍ မြန်မာလူမျိုးတို့ အသုံးပြုခဲ့ကြပါသည်။ မြန်မာစာသည် ဤကဲ့သို့ နှစ်ပေါင်း ကာလရှည်လျားစွာ အနိုင်အမာ ဖွံ့ဖြိုးရှင်သန်ခဲ့သဖြင့် ကျွန်တော်တို့ အလွန်ဂုဏ်ယူစရာ ကောင်းပါသည်။ မလေးဘာသာစာပေ၊ အင်ဒိုနီးရှား ဘာသာစာပေတို့မှာ မူလ မည်ကဲ့သို့ ရှိခဲ့ကြသည် မသိရ။ ၁၈–ရာစုနောက်ပိုင်း ဥရောပမှ ဒတ်ချ်၊ ပြင်သစ်၊ အင်္ဂလိပ် စသော စီးပွားရေးနယ်ချဲ့ လာကြသော အနောက်တိုင်း စာပေယဉ်ကျေးမှုကြောင့် လက်တင်စာလုံး ABCD တို့ကို အခြေခံ၍ ဖွံ့ဖြိုးလာကြောင်း တွေ့ရပါသည်။ ဥပမာ ကချင်စာ၊ ချင်းစာတို့ကဲ့သို့ ဖြစ်ပါသည်။ အက္ခရာမှာ အင်္ဂလိပ်စာလုံးတွေ ဖြစ်ကြပါသည်။ JALAN (ဂျလန်)=သွားပါ၊ MAKAN (မာကမ်း=စားပါ။)

ပုဂံခေတ်ကဆိုလျှင် လောဘ၊ ဒေါသ၊ မောဟ ဆိုသော ပါဠိစကားလုံး တို့ကိုပင် ယခုခေတ်လောက် မြန်မာစကားထဲ၌ ထည့်သွင်း အသုံးပြုခြင်း မရှိသေးပါ။ အလို၊ အမျက်၊ အမိုက် စသဖြင့် ဝီပီသသ ထိထိမိမိဖြင့် မြန်မာဘာသာ ပြန်ဆိုပြီး တိတိကျကျ သုံးနှုန်းခဲ့ကြပါ၏။ အားရစရာ မြန်မာဆန်စွ။

အင်းဝခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ် စသည်တို့မှာတော့ မြန်မာစာပေသည် ပိုမိုကျယ်ပြန့်စွာ စည်ပင်ခဲ့လေပြီ။ စကားပြေရော ကဗျာ လင်္ကာမှာပါ တိုးတက်စည်ပင်လာခဲ့ကြသည်။

စာပေနှင့် ယဉ်ကျေးမှုသည် ရပ်တန့်မနေ။ ခေတ်ကာလအခြေအနေ အလိုက်ပိုမိုဖွံ့ဖြိုးလာမြဲ ဖြစ်လေသည်။ မျက်မှောက်ခေတ်မှာတော့ စကားပြေသည်

ပြောစကားဟန်သို့ ပိုမို တိမ်းညွတ်လာပြီး ကဗျာလင်္ကာတွင်လည်း နည်းသစ်စနစ်သစ်များ တီထွင်ဖန်တီး လှုပ်ရှားကြဆဲ ဖြစ်ပေသည်။ အရိုးကို အရွက်မဖုံးစေရာ ဟူသော စကားကဲ့သို့ ရှေးစာပေများကိုလည်း မပစ်ပယ်သင့်ဟု ခံယူပါ၏။

မြန်မာစကားပုံနှင့် ဆိုရိုးစကားတို့သည် သီးခြားကိုယ်ပိုင်လက္ခဏာရှိသော စကားရပ်များဖြစ်ကြ၏။ စကားပုံဆိုသည်မှာ လူအများ ဆင်ခြင်မှတ်သားဖွယ်ဖြစ်အောင် စံပြု ပုံနိုင်းအသုံးပြုလေ့ရှိသော ထိရောက်ကျစ်လျစ်သည့် စကားရပ်ဖြစ်သည်ဟု ဆို၏။ ဆိုရိုးစကားဟူသည်ကား အစဉ်အလာ ပြောခဲ့ကြသော မှတ်သားဖွယ်ရာစကား ဖြစ်သည်ဟု မှတ်သားဖူးပါ၏။

မြန်မာစာအဖွဲ့၊ အမှတ်(၂၇) ပြည်လမ်း၊ (၆–မိုင်ခွဲ)၊ ရန်ကုန်မှ ညွန်ကြားရေးမှူးချုပ် ဦးစံလွင်က မြန်မာစကားပုံဟူသော စာအုပ်ကို ထုတ်ဝေခဲ့သည်။ ၁၉၉၀–ပြည့်နှစ်က စတင်ထုတ်ဝေရာ စောင်ရေ (၇၀၀၀၀)ရှိလေပြီ။ စာဖတ်ပရိသတ်က မည်မျှအားပေးဖတ်ရှုသည်ကို ထိုထိုထုတ်ဝေခဲ့သော စောင်ရေကိုကြည့်လျှင်ပင် သိနိုင်ပါ၏။ ထို့ကြောင့် ဤစကားပုံစာအုပ်ကို အထူးကြော်ငြာပေးနေစရာ မလိုအပ်ပါ။ စကားပုံ စုစုပေါင်း ၈၇၀–ပါဝင်သည်။

ကျမ်း၏ စာကိုယ်တွင် သက်ဆိုင်ရာအက္ခရာစဉ်အလိုက် ဖော်ပြထားသည်။ ဖတ်ရှုလေ့လာရန် လွယ်ကူသည်။ ကိုးကားရန် လွယ်ကူသည်။ မြန်မာပညာရှိပုဂ္ဂိုလ်များ ကြိုးကြိုးစားစား စုဆောင်းပြုစုထားသဖြင့် တန်ဖိုးရှိသော စကားပုံများကို စုစုစည်းစည်း ဖတ်ရှုနိုင်သည်။

အကြောင်းအရာတစ်ခုကို ပြောဆိုရေးသားရာ၌ တိုတိုနှင့် ထိမိစေရန် စကားပုံကို အသုံးပြုလေ့ ရှိကြပါသည်။ စာပေအရာတွင်လည်း စကားပုံတို့ကို ထည့်သွင်း အသုံးပြုခြင်းအားဖြင့် သြဇာဂုဏ်မြောက်ပါ၏။ ပသာဒဂုဏ်မြောက်ပါ၏။ လိုရင်းကို ရှင်းလင်းပေါ်လွင်စေ၏။ ထိရောက်ပေ၏။

စကားပုံများကို အမျိုးအစားခွဲခြား စိတ်ဖြာကြည့်လျှင် အောက်ပါမျိုးတူစုများ တွေ့နိုင်၏။

(၁) တတ်နိပါတ်၊ သမိုင်းပုံပြင်တို့ကို အခြေခံသော စကားပုံများ

(က) ကျီးတစ်ကောင်အတွက် ကျီးများပျက်။

(ခ) ငရဲပန်းကို ရွှေပန်းထင်။

(ဂ) မရွယ်ဘဲနှင့် စော်ကဲ မင်းဖြစ်။

(၂) ပေါင်းသင်းဆက်ဆံမှုဆိုင်ရာ စကားပုံများ

(က) ကျီးဘုတ် ရှိသော၊ ဘုတ် ကျီးရှိသော။

(ခ) ကျွန်းကိုင်း၍၊ ကိုင်းကျွန်းမှီ။

(ဂ) ဆန်ပေး၍ ဆေးရ။

(၃) လူ့သဘာဝ အဆိုးအကောင်းတို့ကို ဖော်ပြသော စကားပုံများ

(က) ဘူးသီးသီးမှ အရိုးတော်။

(ခ) မျက်နှာကြီးရာ ဟင်းဖတ်ပါ။

(၄) ခွဲ၊ လုံ့လ၊ အားမာန်ကို ဖော်ကျူးသော စကားပုံများ

(က) ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်။

(ခ) လှေခွက်ချည်းကျန်၊ အလံမလှဲ။

(၅) လောကဓံတရားအရ ဖြစ်ပျက်ပြောင်းလဲတတ်သော သဘောကို ပုံဆောင်သည့် စကားပုံများ

(က) သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ။

(ခ) ပုလုံ တစ်လှည့် ငါးဖျံတစ်လှည့်။

စကားပုံများကို ရှာဖွေ စုဆောင်းခဲ့ရာတွင် မြန်မာစာအဖွဲ့သည် အောက်ဖော်ပြပါ အချက်များကို အခြေခံ၍ ရွေးချယ် စုစည်းသည်ဟု ဆို၏-

(၁) ဆင်ခြင်မှတ်သားဖွယ်ဖြစ်ခြင်း

(၂) ပုံနိုင်း၊ တင်စားမှု ထင်ရှားခြင်း

(၃) ဖွဲ့စည်းပုံ ကျစ်လျစ်ပြေပြစ်ခြင်း

(၄) အသုံးတွင်ခြင်း

စကားပုံများသည် လူမျိုးတစ်မျိုး၏ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ အတွေးအခေါ်နှင့် စာပေဖွံ့ဖြိုးတိုးတက်မှုတို့ကိုပါ ဖော်ဆောင်လျက်ရှိကြပါ၏။ စကားပုံများကို ဤကဲ့သို့ စနစ်တကျ စုစည်းတည်းဖြတ်၍ မှတ်တမ်းတင်ထားခြင်းသည် အထူးပင် သင့်တော်လျော်ကန်လှပါသည်။ မြန်မာစာပေအဖွဲ့၊ အဖွဲ့ဝင်

[illegible] ကိုးကားချက်များကို [illegible] ရှင်းလင်းတင်ပြထားပါသည်။ [illegible]
[illegible] မြန်မာစကားပုံကို ရှင်းရှင်းလင်းလင်း ဖော်ပြပေးရန် အောက်ပါ အစီအစဉ်အတိုင်း [illegible]
ဖော်ပြထားသည်ကို တွေ့ရမည် [illegible]
[illegible] စကားပုံ အမှတ်စဉ် [illegible]
[illegible] စကားပုံ (စာလုံးမည်း) [illegible]

၃။ ရှင်းလင်းချက်

၄။ ဆိုလိုရင်း [illegible]

၅။ အခြားနည်း [illegible] အသုံးရှိကြောင်း [illegible]

၆။ ဆိုလိုရင်း တူညီသော အခြားစကားပုံ [illegible]

၇။ အကိုး [illegible]

၈။ ကျမ်း(အကိုး)ပြသည့်နေရာ (မြန်မာသက္ကရာဇ်) [illegible] အမှတ်စဉ် [illegible]

[illegible] ရှေ့နောက်ပြောင်း၍ အသုံးရှိကြောင်း [illegible]
(လှပ[illegible]) ဆန့်ကျင်ဘက်အနက်ရှိသော အခြားစကားပုံကို နှိုင်းယှဉ်ဖော်ပြချက်
[illegible]စကားပုံပါ ဝေါဟာရအတွက် ခက်ဆစ်

၉-၁၀-၁၁။ စကားပုံဖြစ်လာသော ဇာတ်နိပါတ်၊ သမိုင်း ပုံပြင်စသည် အကျဉ်း ဖော်ပြချက်

၁၂။ မူရင်းကျမ်း၊ ဇာတ်အမှတ်၊ ဇာတ်အမည်။

ပြီးပြီလား။ မပြီးသေးပါ။ ကိုးကားမှီငြမ်းသော ကျမ်းများကိုလည်း အက္ခရာစဉ်အလိုက် အစီအစဉ်တကျ ဘရင်းပြု၍ ဖော်ပြပေးထားသေး၏။ ကျမ်းစာအုပ် အရေအတွက် ၂၆၅-အုပ်တွေ့ရ၏။ ကကြီးအက္ခရာမှစသော "ကမ္ဘာ့စကားပုံများနှင့် ဆိုရိုးစကားများ" (စံထား၊ ဘီအေ) ၁၃၄၇-မှသည် အက္ခရာဥအဆုံး၊ 'ဥမ္မာဒန္တီပျို့'(မဟာမင်းလှမင်းခေါင်ကျော်) ၁၂၁၀ အထိ ပါဝင်လေ၏။ ဒါပဲလား။ မဟုတ်သေးချေ။

အကြောင်းအရာ အညွှန်းလည်း အက္ခရာစဉ်အလိုက် အမျက်နှာ ၄၀-ကျော် ဖော်ပြပေးထားသေး၏။ ကကြီးကတွတ်ပေါက်မှသည်အ အုံ့ပုန်းပွဲအထိ တွေ့ရှိရသည်။ အလွယ်တကူ ရှာဖွေလေ့လာနိုင်ရန် စာမျက်နှာများ ညွှန်းထား၏။ ကောင်းပေစွ။

ဤစာအုပ်သည် ၁၉၉၆–ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေချိန်အထိ ၄–ကြိမ် ရိုက်နှိပ်ခဲ့ပြီ ဖြစ်သည်။ မသိသူကျော်သွား၊ သိသူဖော်စား ဆိုသကဲ့သို့ သိသူ စာဖတ်ပရိသတ်က တန်ဖိုး ၁၁၀–ကျပ်ရှိသော ဤစာအုပ်မျိုးကို ဝယ်ပြီး၊ လေ့လာပြီး ဖြစ်သော်လည်း မသိသေး၊ မတွေ့ရသေးသူ သူတေသီ စာဖတ် ပရိသတ်အတွက် ဖော်ထုတ်မိတ်ဆက်ပေးခြင်း ဖြစ်ပါသည်။ လက်နှေးသော် ရမည်မထင်။

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအပတ်စဉ်(၁)မှ ဆင်း၍ အရာရှိဖြစ်ပြီး စာပေထူးချွန်ဆု ပထမဆုရ ဗိုလ်လောင်းကလေး (ဗိုလ်)စံလွင်သည် မြန်မာစာ အဖွဲ့ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးစံလွင် ဖြစ်လာသောအခါတွင်လည်း ဆေးပေါ့လိပ်ကြီးကိုခဲလျက် နေ့မအိပ်၊ ညမနား စာပေတိုးတက်ရေးကို အထူးကြိုးစားဆဲဖြစ်ကြောင်း တွေ့ရှိရပါ၏။

ဗိုလ်မှူးကြီးစံလွင်နှင့်တကွ မနေမနား ကြိုးပမ်းအားထုတ် အလုပ်လုပ်နေ ကြသည့် မြန်မာပညာရှိ ကဝိအကျော် ပုဂ္ဂိုလ်မော်တို့ကို ကျေးဇူးအထူးတင်မိပါ၏။

ချစ်နိုင် (စိတ်ပညာ)
မြဝတီရွာနယ်
၁၅–၁–၉၇

☆ ☆ ☆

ဆုံးဖြတ်ချက်ဆိုင်ရာ စာအုပ်တစ်အုပ်

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်က တက္ကသိုလ် စာသင်ခန်းမထဲတွင် ဆုံးဖြတ်ချက် သိအိုရီဟူသော သင်ခန်းစာကို ကျွန်တော်တို့ သင်ယူခဲ့ကြရပါသည်။ စိတ်ပညာ သုတေသနနှင့် စာရေးအင်း စိတ်ပညာ ဘာသာရပ်များတွင် "ဆုံးဖြတ်ချက်"အကောင်းဆုံး ရစေမည့် နည်းလမ်းတို့ကို လေ့လာသင်ယူကြရပါ၏။ မှန်သည့်အတိုင်းဆိုရလျှင် တက္ကသိုလ်ပရဂုဏ်အတွင်းက သင်ခန်းစာများကို ဘာရည်ရွယ်ချက်နှင့် သင်ပြနေမှန်း နားမလည်ပါ။ မေးလျှင် ဖြေနိုင်စေရန်၊ ဆွေးနွေးနိုင်းလျှင် ပြောတတ်စေရန်၊ သာမန်ပဲ မှတ်ယူခဲ့ပါ၏။

လက်တွေ့ ဘဝသမုဒ်ပြင်ကို လက်ပစ်ကူးရသောအခါ တက္ကသိုလ်မှ ဒီသာပါမောက္ခဆရာ၊ ဆရာမကြီးတို့ သင်ပြပေးခဲ့သမျှသည် များစွာ အထောက် အကူရ၍ နေပါသည်။ ဆုံးဖြတ်ချက် ရွေးချယ်ရာတွင် အသင့်လျော်ဆုံးကို စဉ်းစားတတ်စေပါကလား။

လျှော့လွန်းခြင်း အမှား။ ရှောင်တတ်၏။

လျော့လွန်းသော် ပတ်တတ်သည်။

တင်းလွန်းခြင်း အမှား။ ကွင်းတတ်၏။

တင်းလွန်းလျှင် ပြတ်တတ်သည်။မတင်းမလျော့၊ မပေါ့မလေး၊မနေးမလျင်၊ လှေဖောင်ငင်သို့ သတိသမ္ပဇဉ် ဉာဏ်နှင့်ယှဉ်၍ ရွေးတတ်စေပါ၏။ ခေတ်သစ် စီမံခန့်ခွဲမှု ပညာရပ်တွင် ဆုံးဖြတ်ချက်မှန်ကန်ရေးသည် အလွန်အရေးပါလှ ပါသည်။ လူတစ်ဦး၏ လုပ်ဆောင်ချက် အကျိုးအပြစ်များသည် ထိုရွေးချယ် ဆုံးဖြတ်ချက်အရ ပေါ်ထွက်လာခြင်း မဟုတ်ပါလား။

MANAGEMENT စီမံခန့်ခွဲမှု ဘာသာရပ်တွင် ကျွန်တော်တို့ လူငယ်များ

ကမ္ဘာ့အဆင့်မီအောင် များစွာ ကြိုးစားသင့်သည်ဟု ကျွန်တော်က ခံယူပါ၏။ နိုင်ငံခြား တက္ကသိုလ်တစ်ခုကို တစ်နှစ်မျှ သွားရောက် ပညာဆည်းပူးခဲ့ဖူး၏။ အားလပ်သော ကိုယ်ပိုင်အချိန်များတွင် စာကြည့်တိုက်ကြီးမှ စီမံခန့်ခွဲရေး စာအုပ်ပေါင်းများစွာကို နွားငတ် ရေကျသကဲ့သို့ ကျွန်တော် ဖတ်ခဲ့ရပါ၏။ မြန်မာပြည်မှာ မရှိသေးသည့် စာအုပ်တွေ။ ဈေးကလည်း ကြီးလှ၏။ ခက်ခဲလှသော အခွင့်အရေး။

မြန်မာဘာသာဖြင့် လွယ်လွယ်ရှင်းရှင်း ရေးထားသော စာအုပ်များသည် ၁၉၉၅-၉၆ ကာလဆီမှစ၍ တစ်စတစ်စ ပေါ်ထွက်လာကြသည်။ ၁၉၉၀ မတိုင်မီက စီမံခန့်ခွဲရေးဆိုင်ရာ မြန်မာ/အင်္ဂလိပ်စာအုပ်များသည် မရှိသလောက် ပင် ရှားပါးခဲ့ပါ၏။ ထွက်လာသမျှကိုလည်း လူငယ်များက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြ၏။ တွေး၊ စာပေလောက၊ ရာပြည့် ပန်းရွှေပြည် စသည့် စာအုပ်တိုက်များမှ ထုတ်ဝေသော စာအုပ်ကောင်းများ ရောင်း၍ ထွက်သည်။

နှစ်ဆယ်တစ်ရာစုအဝင် ခေါင်းဆောင်များအတွက် ဆုံးဖြတ်ချက်" ဟူသော စာအုပ်တစ်အုပ် ပေါ်ထွက်လာပြန်ချေတော့မည်။ ရှားပါးသော ဘာသာရပ်အနက် ခက်ခဲသော ပညာရပ်ကို လွယ်ကူရှင်းလင်းစွာ ပြုစုထား၏။ ရိုက်နှိပ်နေပေပြီ။

စိုလ်မှူးကြီးအောင်ကြည်နှင့် ကျွန်တော် ခင်မင်ရင်းနှီးပါသည်။ တပ်မတော် သင်တန်းတစ်ခုမှာ သူက ဆရာ။ ကျွန်တော်က တပည့်။ ၆ လ သင်ယူခဲ့ရ၏။ တပ်မတော်သင်တန်းတစ်ခုမှာ သူက သင်တန်းသား။ ကျွန်တော်က နည်းပြ။ ၉ လ သင်ပြခဲ့ဖူး၏။ ကျွန်တော့်အကြောင်းကို သူ သိ၏။ သူ့အကြောင်းကို ကျွန်တော် သိပါသည်။ လူတော် လူမှန် တစ်ဦး။ လူရိုး လူဖြောင့်တစ်ဦး။ တည်ငြိမ်အေးဆေးပြီး စိတ်ရင်းစိတ်ထား ဖြူစင်သူတစ်ဦး ဖြစ်၏။ နိုင်ငံခြား သင်တန်းတစ်ခုမှလည်း ပြန်ခဲ့ပြီးပြီ။ လက်ရှိ တပ်မတော်ခေါင်းဆောင်ငယ်များကို မွေးထုတ်ပေးနေသော စစ်ကျောင်းကြီးတစ်ခု၏ အကြီးအကဲချုပ်အဖြစ် အုပ်ချုပ် ကွပ်ကဲနေရသူလည်း ဖြစ်၏။ ကျွန်တော့်ထက် အသက် ၃ နှစ်မျှ ကြီးပုံရသော်လည်း ကျွန်တော့်ထက်ပင် နုပျိုသည်။ သွက်လက်ဖျတ်လတ်သည်။ အလုပ် တာဝန်ကို အထူးအလေးထားတတ်သည်။ အများအကျိုးကိုဆောင်တတ်သည်။ သူ့ကို အစ်ကိုတစ်ဦးပမာ ကျွန်တော် လေးစားပါသည်။

ဤစာအုပ်မှာ သူ၏ စေတနာလုပ်ရပ်တစ်ခုပင် ဖြစ်၏။ သားတပည့် များစွာကို သင်ကြားလေ့ကျင့်နေရသော သူ့ရင်ထဲမှ ပြောချင်သော စကားတွေ

စုပုံလာ၏။ ထိုစေတနာ စာပိုဒ်စာလုံးတို့ကို ပန်းသဖွယ် သီကုံး၍ ဤစာအုပ်ဖြစ်လာပုံရလေသည်။ နှစ်ဆယ်ရာစုကား ကုန်ဆုံးတော့မည်။ ၂၁ ရာစုကို ဝင်ကြတော့မည်။ နှစ်ဆယ့်တစ်ရာစုသည် ရာစုကာလအကူးမျှသာ မဟုတ်။ ထောင်စုကာလ၏ အကူးအပြောင်းဟု ဆိုရလောက်အောင် နည်းပညာ အတတ်ပညာတွေ တိုးတက်မြန်ဆန်လှ၏။

ခေတ်သစ်အတွက် လူငယ်တွေမှာ ထက်မြက်သော အသိပညာ အတတ်ပညာတွေ လိုသည်။ ဗဟုသုတ ကျယ်ပြန့်ကြဖို့ရာ လိုသည်။ နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံကြရာ လူချင်းတူတူ သူချင်းမျှမျှ ကျွန်တော်တို့ လူတွေမှာ အရည်အသွေး ပြည့်ဝကြဖို့ရာ လိုသည်။ ဗိုလ်မှူးကြီးအောင်ကြည်သည် ထိုကဲ့သို့ စေတနာရှေ့ဆောင်မှုဖြင့် ဤစာအုပ်ကို ဖြစ်စခဲ့ပုံရပါသည်။ အလှပ်တကာဝန် များပြားသည့်ကြားမှ အကိုးအကားများကို ဖတ်ရှုစုဆောင်းပြီး ရေးသားခဲ့ရပေါ့ လိမ့်မည်။ လွယ်လွယ်ကူကူ ပြီးစီးနိုင်သော စာအုပ်မျိုးတော့ မဟုတ်ပေ။ အားထုတ်မှ ပေါ်ထွက်နိုင်သည့် စာအုပ်ဖြစ်ပါ၏။ မည်သို့ဆိုစေ လက်တွေ့ အသုံးချရမည့် စီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်တစ်ခုကို အလွယ်တကူ၊ ရှင်းရှင်း လင်းလင်း ပြုစုပေးသော စာရေးသူ၏ အားထုတ်မှုနှင့် စေတနာကို ကျွန်တော်က လေးစားစွာ ဂုဏ်ပြု ကြိုဆိုပါ၏။

ဤကဲ့သို့သော အကျိုးပြု အသုံးချ စာအုပ်ကောင်းများ ဆထက်ထမ်းပိုး ကြိုးစားထုတ်ဝေနိုင်ပါစေကြောင်း၊ ဆုမွန်ကောင်း တောင်းပါ၏။ ဆက်လက် ရေးသား ပြုစုနိုင်စေရန် စာဖတ်ပရိသတ်၏ အားပေးမှုကို ရရှိလိမ့်မည်ဟုလည်း မျှော်လင့်အားပါ၏။

ချစ်နိုင် (ဓါတ်ပညာ)

အတွဲ (၂)၊ အမှတ် (၂)၊ (၁၂-၂-၉၈)

တာပေ၏ဆွဲဆောင်အား

အကာယ်စင်စစ် သင်နှင့်ကျွန်တော် ယခုကဲ့သို့ မျက်နှာချင်းဆိုင် ဆုံဖြစ်ဖို့ အခွင့်အရေးသည် မလွယ်လှပါ။ စဉ်းစားကြည့်ပါ။ ကြံ့ခိုင်ရေး၊ နိုင်ငံတကာ၊ မြဝတီ၊ ကမ္ဘာ့ရှုခင်း၊ ပန်းစကား၊ ဝံသာနု၊ တက်လမ်း၊ မြန်မာ့ရေးရာ၊ ဈေးကွက်၊ ရုပ်ရှင်သတင်းစဉ်၊ မော်ကွန်း၊ သတင်းလွှာ၊ ပြည်မြန်မာ၊ မှုခင်း၊ လျှပ်တစ်ပြက်၊ တံခွန်၊ ပေါ်ပြူလာ၊ အင်အား၊ အားကစား၊ မိုး၊ ကြီးပွားရေး စသည် စသည် အရွယ်အစားအမျိုးမျိုးသော ဂျာနယ်များစွာတွင် သင်နှင့် ကျွန်တော် ယခုလို ဆုံဖို့ရာ မလွယ်ပေ။

တွေ့ဆုံရခဲ့သော အခွင့်အရေးတစ်ခုမှာ ကျွန်တော်သည် ချစ်စွာသော စာဖတ်သူအား တက္ကသိုလ်ဘုန်းနိုင်၏ စကားပြေနှင့် ထိလာစစ်သူ၏ ကဗျာ အကြောင်း အနည်းငယ်မျှ ရေးသားတင်ပြခွင့် ပြုစေလိုပါသည်။ ရတနာပုံခေတ် က ရွှေပြည်ဝန်ကြီး ယောမင်းကြီး ဦးဖိုးလှိုင်၏စာတွေ ကောင်းကြောင်း ဟောင်ဖွာပေါင်ဖွာနှင့် တွေ့ကရာ လူများကို ပြောကြားနေသော မြင်းထိန်း တော့ပမာ ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ စာလည်း မတတ်၊ စာလည်း မဖတ်၊ သူများပြောသံ ကြားသမျှဖြင့် လေထွားနေသော တော့အား ရွှေပြည်ဝန်ကြီးက ရော့ရော့ ပုဆိုးတစ်ထည်၊ မောင်မင်းကို ဆုချပါတယ်ကွာ။ ငါ့စာတွေကို မချီးကျူးပါနဲ့ မောင်ရယ်ဟု တားယူရသောဟူ၏။ (သက်ရှိထင်ရှား ကမ္ဘာကျော် မြန်မာစာ ဆုကြီးများထံမှ ဆု မယူရလျှင် နေပါ၊ ခေါ်ပြီး မဆူလျှင်ပဲ တော်လှပါပြီ)။

ဘက္ကသိုလ်ဘုန်းနိုင်၏ မုန်းရစ်လေဦးကို ကျွန်တော် ပထမဆုံး ဖတ်ဖြစ် သည်။ လွန်ခဲ့သော အနှစ် ၃၀ ကာလမှာ ဖြစ်ပါသည်။ ဆရာ၏စကားပြေသည်

စာဖတ်သူကို ယစ်မူးစေလောက်အောင် ဆွဲဆောင်လှပါသည်။ သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်နိုင် စာအုပ် ၃ တွဲကမူ ကျွန်တော်တို့ အလွတ်ရ,နေလောက်အောင် စွဲတော့သည်။

"ဘဝဟူသည်ကို သစ်ရွက်နှင့် ပမာနိုင်း၍ နိုင်းစတမ်း ဆိုပါလျှင်-

တစ်ရိုးတံတွင် အလွှာငယ်တစ်ဆယ်မက ကြွယ်လှသော စိန်ပန်းရွက်နုယ် ဘဝမျိုးလည်း ရှိပါ၏။

တစ်ရိုးတံတွင် တစ်လွှာရှိ၍ ထိုတစ်လွှာပင်လျှင် တစ်ရွက်မည်သည့် ညောင်ရွက်ကဲ့သို့ ဘဝမျိုးလည်း ရှိပါ၏။

နိုင်နှင့်မောင့်ဘဝကမူ နှစ်လွှာပေါင်းမှ တစ်ရွက်မည်သော စွယ်တော်ရွက်နုယ် ဖြစ်ပါ၏။

တစ်လွှာကြွေဆင်းခဲ့ပြီမို့ တစ်ရွက်မမည်လေသော မောင့်ဘဝပါ နိုင်...။"

ဝါကျလေးတွေကို ဖတ်ရင်းဖတ်ရင်းမှာပင် ရင်ထဲမှာ နင့်၍သွားအောင် ရေးတတ်၏။ တက္ကသိုလ်ဘုန်းနိုင်သည် ကဗျာဖြစ်၏။ ကျွန်တော့်ကိုသာ ဖမ်းစားသည်မဟုတ်။ ကျွန်တော်တို့လို အသက် ၄၀၊ ၅၀ ခေတ်ပြိုင်အရွယ် အားလုံး လူပျို အပျိုပေါက်ဘဝမှာ အရူးအမူးဖြစ်အောင် ဆွဲဆောင်ဖမ်းစား ခဲ့ပါ၏။ ကမ္ဘာကုန် ကျယ်သရွေ့ဝယ်၊ လွမ်းတေးမဆုံးစေနှင့် စောသစင်၊ မိုးည အိပ်မက်မြူတယ်၊ ချစ်သောဤကမ္ဘာ၊ စိမ်းနေဦးမည့် ကျွန်တော့်မြေ၊ တစ်ပြည်သူ မရွှေထား၊ လွမ်းပါလေရစ် သည်သောင်ရှေ့ဦး၊ မောင့်ဘဝ ညအလားကွယ်၊ နေ့ကမ္ဘာဦး၊ ဤမြေမှသည်...စသည်...စသည်။

ဆရာ၏မှဝါဒမှာ ငါ့စာဖတ်၍ မပြတ်တိုင်စေ၊ မရှုံးစေရ။ ဆရာက စာဖတ်သူကို အရှုံးမရှိအောင် သတိဆောင်၍ စာရေးသည်။ ထိုစေတနာ အကျိုးပေးသဖြင့် ဆရာသည် စာရေးသက် အနှစ် ၄၀ ကျော်သည့်တိုင် ပြည်သူချစ်သော စကားပြောစာဆိုအဖြစ် ဆက်လက်နိုင်မာစွာ ရပ်တည်နေ လေသည်။

တက္ကသိုလ်ဘုန်းနိုင်၏ တိုင်းကျိုးပြည်ပြု အထိရောက်ဆုံး စာမှာ "သူ့ကျွန်မခံပြီ" ဖြစ်လေသည်။ ထိုဝတ္ထုသည် ဆရာ၏ ရှေ့ဦးပိုင်းကျကျ ဝတ္ထုတစ်ပုဒ်ဖြစ်၏။ နယ်ချဲ့ဆန့်ကျင်ရေးကို ပြောင်မြောက်စွာ ရေးဖွဲ့ထား၏။ မကြာမီ ရုပ်ရှင်အဖြစ် ကြည့်နိုင်ကြပါတော့မည်။

ပ[illegible]ကို [illegible]

[illegible]

စစ်သားအဖြစ် နိုင်ငံ ကာကွယ်ရေးတာဝန်ယူဖြစ်ခဲ့ပါ၏။ သွန်သင်[illegible]

ဆို[illegible]သိုလ်

[illegible]ဖြစ်ပါသည်[illegible]ပါသော

ခွန်အားပါသော စကားပြေများသည် စာပေ ဂန္ထဝင်[illegible]

[illegible]

ကဗျာစာဆိုများ မြန်မာစာပေတွင် [illegible]

[illegible]ပါးမျ

ကဗျာလင်္ကာ ရေးသားဖွဲ့ဆိုခဲ့သော စာဆို ထီလာစစ်သူသည် ယနေ့[illegible]

"[illegible]

[illegible]

[illegible]

[illegible]

[illegible]ကို

[illegible]။

[illegible]

[illegible]

ငြိမ်းချမ်း[illegible]

[illegible]

[illegible]

[illegible]

[illegible]

ဝဲယာဒေသများ၏ ယဉ်ကျေးမှု၊ စစ်ရေး၊ စီးပွားရေး အချက်အလက်[illegible]

[illegible]ခေါင်မြစ်မှ

[illegible] "ပြဲမနဲ့[illegible]"

။[illegible]

ဘိတ်ကြားခေါ်ယူ၍ ကဗျာ[illegible]

အတွက် ဂုဏ်မြင့်တင်သော ပုဂ္ဂိုလ်တစ်ဦး။

ကဗျာစာဆိုကြီး၏ ထိုကဗျာကို အင်္ဂလိပ်၊ ရုရှားနှင့် ဂျပန်ဘာသာများသို့ ပြန်ပြီး ရိုက်နှိပ်ထုတ်ဝေခဲ့ကြပြီးဖြစ်၏။ မြန်မာစာဆိုတစ်ဦး၏ နယ်ချဲ့ဆန့်ကျင်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ကို ပေါ်လွင်ထင်ဟပ်ဖွဲ့ဆိုခဲ့သော ကဗျာစာအုပ်အတွက် ကျွန်တော်တို့မှာ များစွာ ဂုဏ်ယူမိပါ၏။ ထိုကဗျာမျိုးများစွာ၏ ရိုက်ခတ်ပုံသွင်းမှုဖြင့် ကျွန်တော်တို့သည် အမိမြေကို တစ်လက်မ,မျှ နယ်ချဲ့ မကျူးကျော်စေရအောင် စောင့်ရှောက်ကာကွယ်ခဲ့ပါ၏။ ကဗျာမှ မွေးဖွား ပြည်ချစ်သားများ။

တက္ကသိုလ်ဘုန်းနိုင်နှင့် ထီလာစစ်သူကို နမူနာသာဓက ဖော်ပြခြင်းမျှသာ ဖြစ်ပါသည်။ အမျိုးဘာသာ၊ သာသနာကို စောင့်ရှောက်ကာကွယ်ကြရန် ရေးဖွဲ့ခဲ့ကြကုန်သော မြောက်မြားလှစွာ စကားပြေ၊ ကဗျာ၊ ဝတ္ထု အစုစုတို့ ထွန်းကားသည့် အမိမြေအတွက် ကျွန်တော်တို့ အမှန်ပင် တိုက်ပွဲဝင်ရ ပီတိ ဖြစ်ရပါသတည်း။

(ရွှေမန်းနိုင် (ရှုမိတ်စာညွှာ)
စာ၂၈၅—၉၇

☆☆☆

လွမ်းမောတသ ဂရုဏာရသ

မိတ်ဆွေနှစ်ဦးနှင့် အတိတ်က လွမ်းစရာများကို ပြောဖြစ်ကြပါသည်။ တစ်ဦးက မနေပြုနယ်ကဖြစ်၏။ သူက ရွာလယ်ကောင်မှာ သစ်ပင်ရွကြား၌ အော်လံကြီးတင်ပြီး ကြည်နူးဖွယ်ဟု အမည်ရှိသော ဗျောသံ၊ နဲ့ကြီးသံဓာတ်ပြား'ကို အသံချဲ့စက်နှင့် ဖွင့်လိုက်ပြီဆိုလျှင် ရင်ထဲမှာ လွမ်းသလိုလို ပျော်သလိုလို ဘာမှန်း မခွဲခြားတတ်သည့် ဝေဒနာတစ်ခုကို ခံစားရသည်ဟု ဆိုသည်။

နောက်တစ်ဦးက စစ်ကိုင်းနယ်ကဖြစ်၏။ ကျုပ်တို့ငယ်ငယ်က ရွှေကျီးညို ဓာတ်ပွဲကြည့်ရရင်တော့ မျက်ရည်မကျဘဲ မနေနိုင်ဘူးဗျို့။ ဓာတ်ပြား တက္ကသိုလ်ရွှေကျီးညို ဟူသော မင်းသားတဲ့။

စာရေးသူတို့ ငယ်စဉ်ကာလမှာ အသံချဲ့စက်နှင့် ဓာတ်ပြားခေတ်ဖြစ်၏။ ရွှေကျီးညိုနှင့် ပဲခူးမြတို့၏ ဓာတ်ထုတ်တွေကို ကြားခဲ့ရ၏။ မှန်ပေသည်။ ရွှေကျီးညိုနှင့် ပဲခူးမြတို့၏ ဓာတ်ထုတ်များစွာသည် အပြော၊ အဆို၊ အငို၊ အလွမ်းတွေနှင့် မြန်မာ့ဓာတ်သဘင် အရသာများကို တမ်းတ,စရာပင်။ ရွှေကျီးညိုကလည်း စကားတတ်သည်။ ပဲခူးမြ ဆိုသော မင်းသမီးကလည်း အသံအမူအရာ အမာအတင်း၊ အနော့အစွဲ သူမတူဘဲ ထူးချွန်လှပေ၏။ သဘင်ပညာအရာမှာ ကဝေမှော်မအောင်သူတွေပါ။

ကျေးလက်ပြည်သူတို့ကို စည်းရုံးပညာပေးရာ အဓိကအချက်အချာဖြစ်သော မြန်မာဓာတ်သဘင် တိမ်ကောပပျောက်သွားခဲ့ခြင်းသည် အမျိုးသားယဉ်ကျေးမှု လက္ခဏာရပ်များ ကြီးမားစွာ ဆုံးရှုံးရခြင်းပင် ဖြစ်၏။ နိပါတ်တော်၊ ဓာတ်တော် ၅၅၀၊ ဓမ္မပဒ စသည့် ဓာတ်ထုတ်ဓာတ်ကွက်တွေက ထုတ်နုတ် သမျှသော နောက်ပိုင်းဓာတ်ထုတ်များသည် မြန်မာပြည်သူတို့ကို တစ်နည်း

အားဖြင့် တရားဟောသလျက်ရှိခဲ့၏။ ဗုဒ္ဓဝင်၊ မဟာဝင် စသည်တို့ကို ကိုးကားလျက် လူအများကို ယောနိသောမနသိကာယကို အသင့်အတင့် နှလုံးသွင်းအောင် ဆုံးမ,ခဲ့၏။

ရွှေကျိုးညိုနှင့် ပဲရိုးမြစ်၏ ပဋ္ဌာစာရီ။

ရွှေကျိုးညိုနှင့် ပဲရိုးမြစ်၏ ကိုသောန မယ်သုမန။

အောင်မောင်း ပဲရိုးမြစ်၏ ဝိဇယျ။

အောင်မောင်း ပဲရိုး.မြစ်တို့၏ မဟာပဒုမ။

ဇာတ်သမားလာလျှင် မှတ်သားစရာ ပါရမည်။

ဇာတ်သမားပြန်လျှင် မှတ်သားစရာ ကျန်ရမည်။

ဇာတ်သမား သဘင်သမားသည် ပြည်သူကို ပညာပေးနိုင်စွမ်းရှိသူတွေ ဖြစ်ခဲ့၏။ အပျင်းပြေအောင် ဖျော်ဖြေရုံမျှသာမက အဆိုအငို အလွမ်းတွေနှင့် ဘဝလမ်းမှာ မာန မလွန်ကဲရန်၊ လောဘ မလွန်ကဲရန်၊ ဒေါသကို ချုပ်ထိန်းရန် သာဓကများနှင့် ဥပမာပြလျက် အကျိုးပြုခဲ့ကြပါ၏။

ဇာတ်သဘင် ဇာတ်ထုတ်အားလုံး တစ်စုမကျန် ကောင်းသည်ဟုတော့ သိမ်းကျုံးပြီး တစ်စုတစ်စည်းတည်း ဇာရင်းမသွင်းနိုင်ပေ။ မှားယွင်းလွဲချော်မှုကို ရှေ့ရှုစေသည့် ဇာတ်ထုတ်၊ ဇာတ်ဆရာတွေလည်း ရှိခဲ့သည်။ သို့သော် တမင်ရည်ရွယ်ချက်ဖြင့် ပြည်သူတို့ကို စိတ်ဓာတ် ပျက်ပြားယိုယွင်းပါစေဟု ကပြခဲ့ကြခြင်းတော့ ဟုတ်ပုံ မပေါ်ပေ။

ဥပမာ–ပဋိက္ခရား ရွှေအိမ်စည်ဇာတ်။

ပထမမြန်မာနိုင်ငံတော်ကြီးကိုစုစည်းခိုင်မာ မဟာလက်နက်ကိုင်နိုင်ငံအဖြစ် ထူထောင်ခဲ့သော ကျန်စစ်သားဘုရင်ကို ဂုဏ်ရုပ်အဖြစ် အမှန်းပွား စရာလုပ်၏။ လူရိုးခြားက မင်းသား၊ မှတ်ကရော။

ရွှေကျင်းညီနောင်ဇာတ်။

အလားတူပင် ကျန်စစ်သားမင်းသားနှင့် အနော်ရထာဘုရင်တို့က လူကြမ်းဖြစ်နေပြီး စည်းကမ်းဖောက်ဖျက် ရမ်းကားသော မင်းညီနောင်က မင်းသားဇာတ်ရုပ် ဖြစ်နေ၏။ တိုင်းပြည်နိုင်ငံကို စည်းကမ်းဥပဒေနှင့် စည်ကားသာယာအောင် ထူထောင်ခဲ့ကြသည့် ကျေးဇူးရှင်ကြီးများအား ဂုဏ်ရုပ် ဖြစ်အောင် ရုပ်ဖျက်ထားသည်ကား ရက်စက်နိုက်မဲလှပါ၏။ မှထောင့်မှားနဲ့ပါ၏။ ဇာတ်နာအောင် ရဲ့ခြင်းဖြင့် ရာဇဝင်ကို ပြောင်းပြန်ဖြစ်စေ၏။

၆။ ချင်းဖဝေး စာတတ်ထုပ်။

၁။ ချင်းကလေးဟု ပြောကြဆိုကြသော်လည်း အမိုးရေ–ဖထီးရေနှင့် ကြာရှင်ဂ အခေါ်တွေ ပါနေ၏။

ချင်းဖဝေးစာတတ်သည် ထိုးစာတတ်ပုံပြင်မျှသာဖြစ်၏။ မင်းသား[illegible] တော့ အလွန်လှကြိုက်များခဲ့၏။ ဂရုဏာရသ ပြောက်ခဲ့ရ[illegible] စာတတ်စာရေးဆရာနှင့် စာတတ်ဆရာတို့က ချင်းနှင့်ကရင်ကွဲပင်[illegible] မသိခဲ့ခြင်းကမူ ရယ်စရာပမာ ဖြစ်ရ၏။

စောမွန်လှ စာတတ်ထုတ်။

,အနော်ရထာဘုရင်က စောမွန်လှကို အထင်လွဲ၍ [illegible] နေပြည်တော်မှ နှင်ထုတ်သည်ဟူသော စာတတ်ကြောင်းတွေ့ပါသည်။ [illegible]ရေး ဆရာ၏ စိတ်ကူးယဉ်ထိုးစာတတ်၊ သို့မဟုတ် [illegible] ပြောဆိုခြင်း[illegible] အာကျော်စာ မင်းစာ အထောက်အထားမှ [illegible]မရှိသော်လည်း ပွဲကြည့်ပရိ ပြည်သူပရိသတ်က နှလုံးသားနှင့် ခံစားလက်ခံသည်။ အနော်ရထာဘုရင် တော်တော်ညံ့တာပဲ။ ဆိုရင် အနော်ရထာ [illegible]

ကမ္ဘာပေါ်မှာ မြန်မာဆိုပြီး [illegible] လူမျိုးနှင့် နိုင်ငံကို [illegible] အကျိုးပြုခဲ့သည့် မင်းမြတ် ဘုရင်[illegible] [illegible] စဉ်းစားကာ စာတတ်ရပ်ချခြင်းက လွန်လှပြီ။ [illegible] စာတတ်သမားအချို့က ဖျက်ဆီးခဲ့ကြ၏။ [illegible] [illegible]

ပါ၏။ ဤအချက်က ဗီဇနှင့်ဆိုင်၏။ [illegible] အောင်သိုက်လို ပင်ကိုယ်ဉာဏ်ရည် မြင့်မားသူမျိုး [illegible]

[illegible]

ဓာတ်သမားပညာကို Professionalism ကျွမ်းကျင်မှုလည်း အားနည်း၊ ခေတ်မီနည်းပညာများကိုလည်း တီးမိခေါက်မိ မရှိ၊ လက်လှမ်း မမီ။

သဘင်သည်ဓာတ်သမားနှင့် ခေတ်အခြေအနေ၊ ကွာသည်ထက် ကွာ၊ ဝေးသည်ထက် ဝေး၍ ဓာတ်သဘင်ပညာ ခမ်းခြောက် တိမ်ကောရရှာ၏။ ဓာတ်စင်ပေါ်ကို စတိတ်ရှိုးတွေတင်၊ အော်ပရာတွေတင်၊ မိမိ၏ အရိုးများကို အရွက်တွေနှင့်ဖုံးကာ ဓာတ်သဘင်ကြီးသည် သူ့ဘာသာသူ ပြည့်ဖုံးကား ချနေလေသည်။

မည်သို့ပင်ဆိုစေ အတိတ်သည် ကျန်ရစ်ခဲ့လေပြီ။

ဂရိတ်ဦးဖိုးစိန်၊ ဓာတ်ပြား တက္ကသိုလ် ရွှေကျီးညို၊ မင်္ဂလာ ဦးအောင်မျောင်း၊ ရွှေမန်းတင်မောင်၊ ဦးစိန်အောင်မင်း၊ ဦးရွှေနန်းကင်၊ မြို့တော်သိန်းအောင် အစရှိသော လွတ်လပ်ရေးခေတ်ကြိုမှ မျက်မှောက်ကာလအထိ ဓာတ်သဘင် သမိုင်းတစ်နေရာမှာ မော်ကွန်းထိုးခဲ့ကြသော ဓာတ်ဆရာကြီးများ၏ ဆိုဟန်၊ ငိုဟန်၊ ကဟန်၊ ပြောဟန်များမှာ လွမ်းဆွတ်တသ,သတိတရ ဖြစ်ရပါတော့သည်။

ချစ်နိုင် (စိတ်ပညာ)

၁၃–၂–၉၉

☆ ☆ ☆

ပြည်သူ၊ အစိုးရ နှင့် အငြိမ့်အနုပညာ

အငြိမ့်သဘင်သည် မြန်မာတို့၏ ရိုးရာအနုပညာတစ်ခုဖြစ်၏။ အငြိမ့်ရေစီးကြောင်းသည် ခေတ်နှင့်အညီ တရွေ့ရွေ့ ပြောင်းခဲ့၏။ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်၊ ကိုလိုနီခေတ်၊ လွတ်လပ်ရေးအကြိုခေတ်နှင့် လွတ်လပ်ရေးခေတ်စသည့် အချိန်ကာလများကို ဖြတ်သန်းခဲ့ရာတွင် ပြည်သူတို့၏ဘဝနှင့်အတူ အတက်အကျ အနိမ့်အမြင့်တို့ကို သူလည်း ခံစားရသည်။

ပြည်သူတွေ မျောင်လည်ကြွယ်ဝသောအခါ လှူကြတန်းကြနှင့် အငြိမ့်တွေ နယ်တကာမှာ က,ရသည်။ စိုက်သူ ပျိုးသူ တောင်သူတွေ သီးနှံအထွက်လည်း ကောင်း၊ ဈေးကောင်းလည်း ရ,သောနှစ်များမှာ ရွာဦးကျောင်းက ဘုန်းကြီးပျံလည်း အငြိမ့်ပွဲ ပါသည်။ အငြိမ့်မင်းသမီးက အေးယဉ်ကျူး၏ ငိုစရာလည်း အငြိမ့်ပါ၏။ ပျော်စရာလည်း အငြိမ့်ပါ၏။

အလုပ်အကိုင် ရှားပါး၊ ပြည်သူတွေ နွမ်းပါးချို့တဲ့လျှင် ဇာတ်သမားလည်း ပွဲချိုကျဲသည်။ အငြိမ့်သေတ္တာတွေလည်း ဖွင့်ရခဲသည်။ သဘင်သည် အနုပညာသည်ဟူသည်မှာ ပြည်သူတွေ တိုးတက်ချမ်းသာလေလေ သူတို့ဘဝ မျက်နှာပန်းလှလေလေဖြစ်၏။ ပြည်သူလူထု ကျပ်တည်းနေချိန်၌ သူတို့စိတ်လည်း မချမ်းသာ။ လူလည်း မချမ်းသာ။

မြန်မာတို့သည် အလှူဒါနပြု၍ ရေစက်ချရာမှာ ဗြောသံကလေးတော့ ပါမှ၊ သာခုခေါ်သံနှင့်အတူ အရသာပို၍ရှိသည် ထင်ကြသည်။ ဂီတသဘင်တို့သည် မြန်မာ့ဓလေ့နှင့် ယှဉ်တွဲနေ၏။ အငြိမ့်လည်း မင်္ဂလာပွဲ၊ အလှူပွဲ၊ ဘုရားပွဲတို့၌ ပါသည်။

ဇာတ်သဘင်တွေ ၂၀ ရာစုမှာ ရှင်သန်ကြသည်။ ဝါဆေ့အိုး၊ ရေနံအိုး၊ ဝါးမီးတုတ်တို့ဖြင့် မြေပိုင်းက,ကြရသည်မှ အဆင့်ဆင့်ပြောင်း၍ ဇာတ်ခုံ

ပေါ်ရောက်လာသည်။ ကတ္တီပါ ပြည်ဖုံးကားလိပ်ကြီးနှင့် ရုံပွဲ၊ ဓာတ်ပွဲတွေဖြစ်လာသည်။ ဇလာပွဲ၊ ကြည့်ချင်ပွဲလည်း ရှိသည်။ အောက်လင်းဓာတ်မီးကြီးတွေထွန်းလာသောခေတ်မှသည် လျှပ်စစ်မီးစက်များဖြင့် မီးမောင်း၊ ရောင်စုံမီးလုံး၊ စပေါ့လိုက်တွေနှင့် ဆင်ယင်သည့်အခြေအနေ ရောက်လာသည်။

ဓာတ်ထုတ်တွေကို ဓာတ်ပြားသွင်းသောအခါ ပြည်သူလူထုကြားသို့ ပိုမိုစိမ့်ဝင်ကျယ်ပြန့်လာသည်။ သို့ရာတွင် အငြိမ့်ဓာတ်ပြားကံတော့ ရှားရှားပါးပါးရှိလှသည်။ ဓာတ်သဘင်နှင့် အငြိမ့်တို့နှင့်အပြိုင် ရုပ်ရှင် ပေါ်လာသည်။ သို့ရာတွင် အငြိမ့်သည် အနည်းငယ် မှေးမှိန်ရုံသာရှိသည်။ တိမ်တော့ မတိမ်ကော။ သူ့နေရာနှင့်သူ၊ သူ့နယ်နှင့်သူ မပပျောက်။

ပြဓာတ်ရုံတွေ ပေါ်ပေါက်ခဲ့သည်။

ပြဓာတ်တွေ ·ခေတ်ကောင်းခဲ့ဖူးသည်။

ပြဓာတ်တွေ ပါးလျ တိမ်ကောသွားသည်။

အလားဘူပင် ယခုအခါ မြန်မာ့ရုပ်ရှင်သည် စိန်ရတုကာလ နောက်ပိုင်း၌ထွက်ရှိသော ကားအရေအတွက် အတော်ကြီး နည်းပါးလာသည်ကို သတိထားမိသည်။ တစ်နှစ်တာလုံးမှ ဓာတ်ကား ၃၀–၄၀။ ရှေးဘတို့ခေတ်က တစ်နှစ်လျှင် အနည်းဆုံး ဓာတ်ကား ၇၀–၈၀ ရှိခဲ့ကြသည်။ အချို့နှစ်မှာ ၁၀၀ ကျော်။

ဗွီဒီယိုခွေ ခေတ်စားလာသောအခါ ရုပ်ရှင်ရုံတွေမှာ ကြိတ်ကြိတ်တိုးရုံလျှံသည်ဟူ၍ သိပ်မတွေ့ရတော့ချေ။ ဂျိန်းစ်ဘွန်းပေါ်စ ရုပ်ရှင်ရုံတွေမှာလူတွေပြုံနေ၏။ "အရာဒါနား" လို ကားမျိုးမှာ လူတွေပြုံခဲ့နေ၏။ ဒါရိုက်တာချစ်ခင်၏ "ပန်းပန်လျက်ပါ" ဓာတ်ကားဆိုလျှင် ၂၅ ပတ် ရုံတင်ရ၏။ ရုပ်ရှင်သည် ထိုခေတ် ထိုကာလ၏ စံချိန်ကိုတော့ ချိုးနိုင်တော့မည် မထင်ပေ။

တီဗွီ၊ ဗွီဒီယိုတွေ တစ်စထက်တစ်စ ပိုမိုကျယ်ပြန့်လာခြင်း၊ ရုပ်ရှင်ရုံများနည်းပါးသွားခြင်း၊ ရုပ်ရှင်ရုံများ အများစုမှာ ခေတ်မမီခြင်း၊ မြန်မာဓာတ်ကားတစ်ကား၏ ကုန်ကျငွေ အရင်းအနှီးများပြားသလောက် ထုတ်လုပ်သူ၌အကျိုးအမြတ် မရရှာခြင်း၊ မင်းသားစ အချိုးအဆသည် ကုန်ကျစရိတ်မှာကြီးမားလွန်းခြင်း စသည့် ရုပ်ရှင်ကို ကျဆင်းစေသော အတွင်းအကြောင်းတရား၊ အပြင်အကြောင်းတရားတွေကြောင့် ရုပ်ရှင်သည် နာမကျန်း ဖြစ်နေလေပြီ။

အငြိမ့်သည်လည်း ထိုသို့အကြောင်းနှင့်သွ နှမ်းနယ်ညှိုးလျှ၍ အသက် ဖုတ်လှိုက်ဖုတ်လှိုက်မျှသာ ရှိခဲ့ရရှာသည်။ ကျွန်ုပ်တို့ စာရွက်လှန်လှန် ကြည့်စရာ ကာလများတွင် မန္တလေးမြို့ အငြိမ့်ပေါင်း ၁၀၀ကျော်ရှိသည်၊ သီတင်းကျွတ် တန်ဆောင်မုန်း ကာလများမှာ မန္တလေးမြို့ပေါ်၌ ညတိုင်းမှပ် ဆိုင်းသံ မစဲ။ တစ်ပြချိုးကွေ့လျှင် အငြိမ့်တစ်စင် တွေ့ရမည်။ တစ်ညတည်းမှာ အငြိမ့်စင် ၄-၅-၆ ခုရှင်ကနေကြ၏။ မြင်းခြံ၊ ကျောက်ပန်းတောင်း စသည့်ဒေသတို့မှာလည်း အငြိမ့်အဖွဲ့တွေ ၂၈-၃၀ ရှိတတ်သည်။ ၁၉၆၀-၇၀ ကာလများမှာ အငြိမ့်တွေ ထွန်းကျယ်ခဲ့ကြသည်။ ၁၉၅၀-၁၉၇၀ ကာလသည် အငြိမ့်ရွှေခေတ်ဟု ခေါ်နိုင် လောက်ပါသည်။

ပရိသတ်ကို မဆွဲဆောင်နိုင်သော တစ်နေ့ ဘယ်သူတွေက ဘာတွေပဲ အားပေးအားပေး ဆက်လက်မရှင်သန်နိုင်။ ပရိသတ်က လက်မခံနိုင်လောက် အောင် ခေတ်နောက်ကျ ကျန်ရစ်လျှင်သော်လည်းကောင်း၊ အနုပညာ အရည် အသွေး နိမ့်ကျလျှင်လည်းကောင်း မရပ်တည်နိုင်။

၁၉၉၅ မှာ မြဝတီအငြိမ့်ပြိုင်ပွဲ စတင်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အိပ်ယာကြောင်းခေါင်း မေါ်ရောက်နေပြီဖြစ်သော အငြိမ့်ကို အကြောဆေးသွင်းသည်။ ရမှည်းမထင်။ မီးစားလည်း ကုန်ပြီ၊ ဆီလည်းခမ်းပြီဟု အချို့က ယူဆသည်၊ စတိတ်ရှိုးနှင့် စင်တင်တေးဂီတတွေ ဤမျှ လွှမ်းမိုးကျယ်ပြန့်နေသော ကာလမျိုးမှာ အငြိမ့် ပြန်မထနိုင်တော့ဟု အချို့က သဘောရသည်။ ကြည့်ပါလေ…

အငြိမ့်မင်းသမီးတွေကလည်း အိုလှပြီ။

အငြိမ့်လူရွှင်တော်ကြီးတွေလည်း စာရာဖိစီးနေခဲ့ကြပြီ၊ အိုမင်းလျှင်မစွမ်းပါ။ မျိုးဆက်က ပြတ်လုလု တဲတဲမျှသာ ကျန်ရှိတော့သည်။ အကယ်၍သာ မြဝတီအငြိမ့်ပြိုင်ပွဲလို မြေတောင်မြှောက် ဖြည့်ဆည်းမှု မပြုခဲ့သော် အငြိမ့်သဘင်သည် မြန်မာမှုတစ်ခုအဖြစ် ပြတိုက်ထဲမှာပဲ ရှိတော့မှာဖြစ်၏။ (တပ်မတော်ကတော့ မဖြစ်မနေလုပ်၏)။

ကဲ…ပထမအကြိမ် မြဝတီ အငြိမ့်ပြိုင်ပွဲကြီးကား အားရပါးရမင် အောင်မြင်ပါပေသည်။ အငြိမ့်အဖွဲ့ ၁၉ ဖွဲ့ ယှဉ်ပြိုင် ကပြခဲ့ကြသည်။ မြန်မာ့ရုပ်သံနှင့် မြဝတီရုပ်သံတို့မှ ထုတ်လွှင့်ပြသတိုင်း ကြည့်ရှုသူပရိသတ် နှစ်သက်အားရဖြစ်ကြသည်။ ပရိသတ်၏ တစ်ခဲနက်သော အားပေးမှု အရှိန်

အဟုန်သည် ဗွီဒီယိုလောကအထိ ရိုက်ခတ်သည်။ မေသန်းနု၊ ထက်ထက်မိုးဦး၊ မျိုးသန္တာထွန်း စသည့် နိုင်ငံကျော် ရုပ်ရှင်မင်းသမီးများပင် အငြိမ့်အခွေတွေ ထွက်လာကြသည်။ က,ကြရသည်။

အငြိမ့်သည် မှေးမှိန်ကွယ်ပျောက်လုလု အခြေအနေသို့ ရောက်ရှိနေချိန်မှာ မြန်မာ့ရုပ်သံမှ "တစ်နိုင်လုံးရွှေ"၊ "မိုးနတ်သူစာ"စသော အငြိမ့်အဖွဲ့များကို စင်တင် တင်ဆက်လိုက်သောအခါ ဖန်သားပြင် ပရိသတ်၏ လက်ခံအားပေးမှုကို ရခဲ့သည်။ ၁၉၈၀ လွန် ကာလများမှာ မြန်မာ့ရုပ်မြင်သံကြား ပေါ်ထွက်လာခြင်းနှင့်အတူ အငြိမ့်သဘင်သည် ပြန်လည်လန်းဆန်းခဲ့၏။

၁၉၉၅-၉၇ ကာလများကား အငြိမ့်သဘင်သည် ပြည်သူ့ရင်ခွင်သို့ နွေးထွေးစွာ ပြန်လည်ထိတွေ့ခွင့်ရကာ ထပ်မံရှင်သန်နိုင်ပြန်သည်။ ဆက်လက်ဖွံ့ဖြိုးလာမည်ဟု မျှော်လင့်ရပါသည်။ အားလုံးပင် ကြည်နူးဝမ်းသာကြရသည်။ ပြည်သူ၊ အစိုးရနှင့် အငြိမ့်ပညာရှင်တို့သည် ကွယ်ပျောက်လုလု အနုပညာတစ်ခုကို အောင်မြင်စွာ အသက်ဆက်နိုင်ခဲ့ချေပြီ။

ပထမအကြိမ်ထက် အငြိမ့်အဖွဲ့ဦးရေလည်း တိုးတက်လာသည်။ ၂၁ ဖွဲ့ ယှဉ်ပြိုင်ကြမည်။ ယခု ၃ ည လေ့လာကြည့်ရာတွင် မင်းသမီး၊ ဆိုင်း၊ လူရွှင်တော်၊ တေးသီချင်းတို့လည်း ပိုမို၍ အဆင့်မြင့်လာကြသည်ကို တွေ့ရှိရသည်။ တစ်နေ့ထက်တစ်နေ့ ကြည့်ရှုသူ ပွဲကြည့်ပရိသတ်လည်း ပိုမိုများပြားအားပေးလာသည်ကို အကဲခတ်မိသည်။ ဘောက်ပျက်လုံး၊ ချိတ်ပြက်လုံးတွေလည်း ထိသည်။

ကပြပြီးခဲ့သော အငြိမ့်အဖွဲ့များမှာ အောက်ပါအဖွဲ့များ ဖြစ်ကြသည်... (အမည်အရှေ့မှာ ဦး/ဒေါ် ပါသည် မှတ်ယူပါ)

၁။ **ရပစ၊ နန်းဣန္ဒြာနွယ်အငြိမ့်။** နိုင်နိုင်မော်၊ သိန်းနုခင်။ တင်ဌေး၊ လိမ္မော်၊ ခင်မောင်ရီ၊ စန်းဦး။

၂။ **လပစ၊ ပြည်သူ့မေတ္တာ ရွှေရတနာ။** ယုယုစိန်၊ ဝင်းချယ်ရီခိုင်။ ကျော်ကြား၊ တက်တိုး(မုံရွာ)၊ စိုးမိုးအောင်၊ ဝင်းအောင်။

၃။ **တပစ၊ ရွှေစေတ္တရာ။** အေးအေးမျိုး၊ အေးအေးမူ။ တင်အုန်း၊ တောက်ထွန်း၊ မြအောင်၊ အောင်မင်း။

၄။ **နမစ၊ မြမာလာ။** သင်းသင်းအောင်၊ နိုင်မြတ်ကေကြည်။ ကျော်ကျော်နီ၊

နီလာ၊ သိန်းလာ၊ ပန်းသီး။

၅။ လပစ၊ မြေလတ်သူစာ။ မိုင်စန်းငြိမ်း၊ မြသန်းစိန်။ နီဆန်း၊ ဝမ်းဆက်၊ ချစ်စရာ၊ ချစ်မိုး။

၆။ ရတာစ၊ မြသံလွင်။ နိုင်နိုင်ရွှေစီ၊ မေမျိုးဦး။ တရုတ်ဖြူ၊ စင်အောင်၊ မော်တော်၊ မိုးသီး။

၇။ ရတာစ၊ ရွှေဟာသ်ာ။ ခင်ဥမ္မာ၊ စန်းမော်ဦး။ စိန်သုံးလုံး၊ ဟာသ်ာ၊ ဒိုးလေး၊ ညိုချော။

၈။ ရတာစ၊ ပုလဲကေရီ(၂)။ ချိုသဲဖြူ၊ ကေသွယ်ဆင့်။ ဘိုကော၊ ဖိုးလမင်း၊ ဖိုးဇော်၊ စိုးပိုင်။

ဆက်လက် တင်ဆက်က,ပြကြမည့် အငြိမ့်အဖွဲ့များမှ မင်းသမီး၊ လူရွှင်တော်များမှာ အောက်ပါအတိုင်း ဖြစ်ကြကြောင်း သိရှိရပါသည်။

(ဦး/ဒေါ် ရှေ့မှာ ဖော်ပြသည်ဟု အားလုံး မှတ်ယူကြပါရန် မေတ္တာရပ်ခံပါသည်)။ မဲချ၍ အလှည့်ကျသူ က,ရမည်။

၁။ မပစ၊ မြင့်မိုရ်ဦး။ ဒေလီမြင့်၊ လွင်မာအောင်။ ဆိုနီ၊ မိုးကျော်၊ ဆိုဖီ၊ ငှက်ခါး။

၂။ ရမစ၊ မောက်ီနှရီ။ စာစာစန်း၊ သီတာစန်း။ သိန်းဆု၊ စိန်ပေါ၊ ဆုပါမင်း၊ လှမိုး။

၃။ ရပစ၊ ရွှေနေကြာ။ မဉ္ဇူသင်း၊ အေးအေးဖြူ။ ရွှေတောင်၊စိန်တစ်လုံး၊ ပြေသိမ်း၊ ချစ်ဇော်။

၄။ ရတာစ၊ ပုလဲကေရီ(၁)။ သီရိဖြိုးဝေ၊ နီနီမာ။ ပန်းပွင့်၊ ပေါ်လာ၊ ကမ္ဘာကျော်၊ ဝက်ကြီး။

၅။ ရကာတ၊ ရွှေလမင်း။ ခိုင်သစင်သင်း၊ စောလှလှမိုး။ ဇရာ၊ ကျော်ထူး၊ ထွန်းလင်း၊ သာခု၊ မန်းဝင်း။

၆။ ရကာတ၊ ရွှေမြင့်မိုရ်။ နီနီမြင့်၊ ဝါဝါခိုင်။ မေတ္တာ၊ ချစ်စရာ၊ ပေါ်လေး၊ ငွေမိုး။

၇။ ရကာတ၊ ရွှေဝါဝင်း။ သပြေ၊ ပိတောက်။ ဓွတ်ပရား၊ ရန်ကျော်၊

ငြိမ်းချမ်း၊ တူးတူး။

၈။ နတာ၊ မြနန်းရော။ စီမ်း၊ သန္တာလင်း။ မိုးဒီ၊ မောှစ်၊ တိမ်ညွန့်၊ စိန်ရိုး၊ ပီစီ။

၉။ နပစ၊ လေးစတီ။ နန်းယု၊ မိုးနန္ဒာဝင်း။ ချစ်စမ်းမောင်၊ စတားကျော်မိုး၊ မိုင်နီးတူး၊ ချစ်သဲ။

၁၀။ လပစ၊ အောင်လဲတော်။ မာသီ၊ စန္ဒာမိုး။ နောက်တိုး၊ သောကြာ၊ ထင်ပေါ်၊ သောင်းဉာဏ်။

၁၁။ လပစ၊ နန်းမြို့တော်။ မေသီရိ၊ ဆွေမာအောင်။ ချစ်စရာ၊ ဘတ်လင်း၊ စံမိုး၊ ဒေါ်လာ။

၁၂။ တပစ၊ ရွှေမြန်မာ။ စာစာစိုး၊ နီလာဝင်း။ ဆမ်၊ ချစ်စမ်းမောင်၊ ဝင်းမြင့်၊ အောင်သန်း။

၁၃။ တပစ၊ မာန်။ နိုင်စပယ်ဟန်၊ ချိုတာလွင်။ လှဘော်၊ ရင်အောင်၊ မောင်မောင်ထွေး၊ မင်းလွင်။

မြဝတီအငြိမ့်ပြိုင်ပွဲ၏ ရည်သန်ချက်များ ကောင်းစွာ အောင်မြင် ထမြောက်လိမ့်မည်ဟု စာရေးသူ ယူဆပါသည်။ စစ်မှန်သော မြန်မာ့ရိုးရာ ယဉ်ကျေးမှု အငြိမ့်သဘင်ကို ပြည်သူများ ရှုမြင်နားဆင် အပန်းဖြေနိုင်မည်ကတော့ သေချာသည်။ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးကိုလည်း များစွာ လှုံ့ဆော်ရိုက်ခတ်နိုင်ပါပေသည်။ အစက်အခဲ အမျိုးမျိုးကြားမှ ကြိုးကြိုးစားစားဖြင့် အနစ်နာခံ၍ တာဝန်ထမ်းဆောင်ခဲ့ကြသူတွေကို ကျွန်တော်တို့ တွေ့ခဲ့ရပါသည်။ အမျိုးသားယဉ်ကျေးမှု ကာကွယ်ထိန်းသိမ်းရေး တာဝန်ကို စိတ်အားတက်ကြွ အဘက်ဘက်မှ ပါဝင်ဆောင်ရွက်နေကြသူ အားလုံးကို ပြည်သူလူထုတစ်ရပ်လုံး၏ ကိုယ်စားကျေးဇူးတင်စကား ဤနေရာမှ ပြောကြားအပ်ပါသည်။ အငြိမ့်သဘင် ပိုမို၍ အောင်မြင်တိုးတက်ပါစေ။

ချမ်းနိုင် (စိတ်ပညာ)

☆ ☆ ☆

နိုင်မြဲမေတ္တာ

ပြဇာတ်ကို အလွန်သဘောကျပါသည်။ နောက်ပိုင်း ဇာတ်ထုပ်ဖြစ်သော ရာဇဝင်၊ မဟာဝင်၊ ဗုဒ္ဓဝင်တို့ထက် ခေတ်သစ်ပြဇာတ်သည် လွယ်ကူရှင်းလင်းပြီး မျက်မှောက်အခြေအနေကို တိုက်ရိုက်ထင်ဟပ်နိုင်စွမ်းရှိသောကြောင့် ဖြစ်နိုင်ပါသည်။ ကျွန်တော့်အဖို့ ပိုပြီး ခံစားရသည်။ မြို့တော်သိန်းအောင်ပြဇာတ် ခေတ်ကောင်းချိန် တစ်လျှောက်လုံးလိုလိုပင် ကျွန်တော်တို့ ပြဇာတ်တွေကို မလွတ်တမ်း ကြည့်ခဲ့သည်။ ဒါရိုက်တာ မောင်ယဉ်အောင်၏ "ကောက်ပင်တစ်ရေးနိုး။ ရိုးပြတ်ကြားက တက်ခေါက်သံ၊ မိုးလား တိမ်လား မြူလား၊ ရွှေပြုံးဖူးစာ" စသော ပြဇာတ်များဆိုလျှင် အကြိမ်ပေါင်း မရေမတွက်နိုင်အောင်ပင် အခါခါအထပ်ထပ် ကြည့်ခဲ့သည်။ ရွှေဘိုမှာလည်း ကြည့်ဖူးသည်။ စစ်ကိုင်းမှာလည်း ကြည့်ဖူးသည်။ မန္တလေးမှာလည်း ကြည့်ဖူးသည်။ ပြည်ထောင်စုပွဲကျိုက္ကဆံကွင်းကြီးမှာလည်း ကြည့်ခဲ့ဖူးသည်။ အကြိမ်များစွာ။

ပြဇာတ်ကို မက်မက်မောမော ကြည့်ရခြင်း၏ အကြောင်းရင်းတစ်ခုမှာ ကျွန်တော်သည် ငယ်စဉ်က ပြဇာတ်ရူး ရူးခဲ့သူ ဖြစ်ခြင်းကြောင့်ပင်။ တရုတ်မကြင်စိန် ဇာတ်ထဲက ဇာတိမာန်ကိုကျော်စိုးမှစ၍ လူငယ်ကြည်ခိုင်အထိ ကျွန်တော်တို့ကြည့်ရသော မင်းသားတွေသည် ကျွန်တော်တို့ ခံစားချက်ကို လှုပ်ခါနိုင်ခဲ့၏။ မိမိကြီးလျှင် ပြဇာတ်မင်းသားလုပ်မည်ဟုပင် ကြံရွယ်ခဲ့ဖူးသည်။ ရုပ်က မင်းသားလုပ်လောက်အောင် မချောသဖြင့်သာ လက်လျှော့လိုက်ရသည်။

သို့သော် တောပြဇာတ်မင်းသားတော့ ၂ နှစ် ၃ နှစ် လုပ်ဖူးပါ၏။ နှစ်နှစ်သုံးနှစ်ဟု ဆိုသဖြင့် နှစ်လုံးပေါက် မင်းသားဖြစ်နေသည်တော့ မထင်စေလိုပါ။ အထက်တန်းကျောင်းသားဘဝ ဆရာမိဘကန်တော့ပွဲ၊ သီတင်းကျွတ်မှာ စင်တင်

ပြဇာတ်က,ကြတော့ ဇာတ်မင်းသမီးတစ်ယောက်ကိုငှားပြီး အရပ်ဇာတ် အရပ်ဆိုင်းနှင့် ကပြကြခြင်းပါ။ သီတင်းကျွတ်ရာသီ သုံးခါလောက် မင်းသား လုပ်ပြီး တက္ကသိုလ်ကျောင်းတက်ရသည့်အခါ တောပြဇာတ်မင်းသား မလုပ် တော့ပါ။ တက္ကသိုလ်ကျောင်းသားသည် တောမင်းသမီးလောက်နှင့် တွဲက,ရ တာကို အရသာ မရှိတော့ပါ။

မောင်ယဉ်အောင်၏ "ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်" ပြဇာတ်မျိုးကို အကြိမ်ကြိမ် ကြည့်ရပြီးနောက် ပြဇာတ်ပညာကို ရေးတေးတေး သိမြင်လာသဖြင့် တောမှာ မိမိဒါရိုက်တာ၊ မိမိမင်းသားလုပ်ပြီး က,ခဲ့သမျှသည် နွားခြေရာခွက်ထဲက ဖားသူငယ်ကဲ့သို့ ပါကလား။ ရှက်စဖွယ်ဖြစ်လာပါသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်သည် သည်းညာန မခိုင့်တခိုင် ပြဇာတ်နှင့် ဘဝ, ဝင်ပါ ပြဇာတ်တို့ကို ဒါရိုက်တာမင်းသား(အသက် ၁၅ နှစ် ၁၆ နှစ်က) လုပ်သွားခဲ့သူဟု ရွာကလေးတစ်ရွာ၏ ရာဇဝင်ထဲမှာ မှတ်တမ်းတင်ထား ခဲ့လေသည်။ နောက်ခံသီချင်းတွေဖြင့် ပို့ပေးဖြည့်ပေးခဲ့သည့် ချောက်မြို့မှ မယ်ဒလင်ကိုလှမြင့်ကိုလည်း ကျေးဇူးတင်ပါ၏။

ပြဇာတ်သည် ကျွန်တော်၏ ငယ်ချစ်ဦးဖြစ်သဖြင့် ပြဇာတ်ဆိုလျှင် စိတ်ဝင်စားမြဲ ဖြစ်ပါသည်။ မကြာသေးမီက အခါအခွင့်သင့်သဖြင့် ပြဇာတ် တစ်ပုဒ် ဇာတ်တိုက်နေသည်ကို သွားရောက်လေ့လာခွင့် ရလေသည်။

ပြဇာတ်ထဲမှာ အဓိက ဇာတ်ကောင် ၅ ယောက်လောက် ပါသည်။ တက္ကသိုလ်ကျောင်းနေဘက် ယောကျာ်းလေးနှစ်ယောက်နှင့် ကျောင်းသူလေး သုံးယောက်။ တစ်ယောက်က စစ်သားဖြစ်လာသည်။ တစ်ယောက်က တောတွင်းလက်နက်ကိုင် လမ်းမှားကို ရောက်သွားပြီးနောက် လက်နက်နှင့် ငြိမ်းချမ်းရေးကို လဲလှယ်ကာ လမ်းမှန်သို့ ပြန်လည်တည့်မတ်လာသည်။

ကျောင်းသူကလေးတစ်ယောက်က ဆရာမ ဖြစ်၏။

ကျောင်းသူလေးတစ်ယောက်က အဆိုတော် ဖြစ်၏။

ကျောင်းသူလေးတစ်ယောက်ကား တောတွင်းလက်နက်ကိုင်ဘဝမှာပင် သောင်းကျန်းသူတို့ လက်ချက်ဖြင့် အသက်ဆုံးခဲ့ရရှာသည်။ သနားစရာ ကောင်းလှသည်။

ကျွန်တော်သည် တက္ကသိုလ်ကျောင်းသားဘဝကို မန္တလေးတက္ကသိုလ် ၄ နှစ်နှင့် ရန်ကုန်တက္ကသိုလ်မှာ ၂ နှစ်ခန့် ဖြတ်သန်းကျင်လည်ခဲ့ရသည်။

တက္ကသိုလ်၏ နုပျိုတက်ကြွသော ဘဝ၏အရသာကို ပျော်ရွှင်စွာ ခံစားခဲ့ရသည်။ အကြောင်းအားလျော်စွာ စစ်သားဖြစ်လာခဲ့ရသည်။ စစ်မြေပြင်မှာ အနှစ် ၂၀ ကျော် ထုသားပေသား ကျခဲ့ရသည်။ ယခုမှ သက်ပြင်းကို ဟင်းခနဲ ချနိုင်သော်လည်း ဟိုစဉ်ကာလကမူ သေဘက်က များသော ခရီးပဲဖြစ်၏။ သွေးသံရဲရဲနှင့် မိမိမျက်စိအောက်မှာပင် သေကြေပျောက်စဲနေကြ၏။

"နိုင်ငံမြဲမေတ္တာ ပျော်စရာ"အမည်ရှိသော ထိုပြဇာတ်ကို ကျွန်တော်သည် Sympathy ခေါ် စာနာခံစား၍ ကြည့်နိုင်ခဲ့၏။ လမ်းမှားရောက်ပြီး အမှန်မြင်၍ ပြန်ပြင်ရန် ကြိုးစားသည့်ကြားမှ ကျဆုံးသွားရရှာသော ကျောင်းသူလေးကို သနား၍ မျက်ရည်ဝဲမိ၏။

တက္ကသိုလ်ကျောင်းသားကျောင်းသူ ဘဝတုန်းက နောက်လိုက်ပြောင်လိုက် သူငယ်ချင်းတွေထဲမှ အချို့က ဆရာမ ဖြစ်သူတွေလည်း တကယ်ရှိသည်။ ဘုမိဗေဒအရာရှိဖြစ်သူတွေလည်း တကယ်ရှိသည်။ သို့ဖြစ်၍ ဤပြဇာတ်ထဲက စစ်ဗိုလ်ဇာတ်ရုပ် သရုပ်ဆောင်နေရာသို့ ငါက ထပ်တူဝင်ပြီး ခံစားလို့ရလေ၏။ Empathy အမ်ပတ်သီခေါ် ထပ်တူခံစားမှုကို ရရှိသည်။ ကျောင်းနေဘက် ရောင်းရင်းအပေါင်းအသင်းတွေ ပြန်လည်တွေ့ဆုံစည်း၍ ပျော်ရွှင်ကြည်နူးကြသော အခန်းကို ကြည့်ပြီး ကျွန်တော်လည်း တပြုံးပြုံး ဖြစ်မိသည်။ အလွန်ကျေနပ်မိသည်။

ယနေ့ ကျောင်းသား ကျောင်းသူတို့သည် နောင်လာမည့် ၁၀ နှစ် ၁၅ နှစ်မှာ နုပျိုသစ်လွင်စွာဖြင့် နိုင်ငံ့တာဝန်ကို သေချာပေါက် ထမ်းဆောင်ကြရမည်ဟူသော အသိကို ပေးသည်။ ဒဿတိပေးသည်။ ကျွန်တော်သည် ချစ်စရာကောင်းသော ထိုပြဇာတ်ကလေးကို ပြန်၍ ထပ်၍ ကြည့်ချင်ပါသေး၏။ တွံတေးသိန်းတန် ကိုယ်တိုင်ရေး၍ ကိုယ်တိုင်သီဆိုထားသော "အသီးတစ်ရာ အညာတစ်ခု"ဆိုသည့် တေးသီချင်းလေး၏ နောက်ခံဂီတသံဖြင့် ဇာတ်ပို့ တီးပေးထားသော ဇာတ်ဝင်ခန်းကလေးများကလည်း ကျွန်တော်၏ နှလုံးသားကို ပြန်လည်နုပျိုစေပါ၏။ ကောင်းလိုက်တာ။

ထိုတေးသီချင်းလေးပေါ်ခဲ့သည်မှာ နှစ်ပေါင်း ၂၀ မက,တော့ပါ။ သို့ရာတွင် အမိဗျာယ်လေးနက်၍ အသက်ပါလှသော ထိုတေးတစ်ပုဒ်သည် ဂီတမြတ်နိုးသော ပရိသတ်၏ကြား၌ နောင်နှစ်ပေါင်းများစွာ စွဲနှစ်ရိုက်ခတ်နေဦးမှာကား သေချာပါ၏။ ကျောင်းနေဘက်သူငယ်ချင်းများသည် နယ်မြေအသီးသီးမှာ

တာဝန်ကိုယ်စီ အသီးသီးဖြင့် ဝေးကွာခွဲခွာ၍ နိုင်ငံတော်ကို တိုးတက်ဖွံ့ဖြိုးအောင် ကြိုးစားကြရဦးမှာပါတကား။ ကျောင်းမှာတုန်းက အနစ်နာခံခဲ့ ချစ်ခင်ခဲ့ကြသည့် ဖြူစင်လှသည့် နိုင်ငံမြေဗွက်သည် ယခုကာလအထိ တို့သူငယ်ချင်းအားလုံး၏ နှလုံးသားမှာ ပျော်စရာ။ မှန်ပါသည်။ ပျော်စရာ ဖြစ်နေဆဲပါ။

ချစ်နိုင်(စိတ်ပညာ)

၉-၁၁-၉၇

(သစ်ခြောက်ပင်အောက် ပန်းကောက်သူသီချင်းကို ရေးဖွဲ့သော ဆရာ ဗျည်းမနားမြင့်လှိုင်ကို လေးစားချစ်ခင်ခြင်း အမှတ်တရ)

☆ ☆ ☆

မြေးတို့ခေတ်က တဂ္ဂသိုလ်မှာ

မြန်မာရုပ်ရှင်ဒါရိုက်တာများမှာ ကိုယ်ပိုင်ဟန်၊ တင်ပြပုံ တင်ပြနည်းလေးတွေ ကွဲပြားခြားနားကြသည်။ သူတို့၏ဇာတ်ကားများကို သုံးလေးကား သတိထားပြီး ကြည့်လိုက်လျှင် သိနိုင်ပါသည်။

ဆရာကြီးဦးသုခဆိုလျှင် ဇာတ်လမ်းဇာတ်ကွက်ဖွဲ့စည်းပုံ အချိုးညီအောင် ဂရုစိုက်သည်။ သရုပ်ဆောင်တစ်ဦးချင်း၏ စရိုက်ကို ပီသအောင် ကိုင်တွယ်သည်။ မိဘကျေးဇူးကို သိတတ်ကြဖို့ သို့မဟုတ် တိုင်းရင်းသားအချင်းချင်း သွေးစည်းချစ်ခင်တတ်ဖို့ စသော မိမိပို့ချင်သော "တရား"ကို မသိမသာဖြင့် ထိထိမိမိ စွဲငြိအောင် ထည့်တတ်သည်။ ဒါရိုက်တာကျော်ဆွေက အပြောနှင့်အပြုတွင် အပြုကို အားသာသည်။ ကင်မရာ အယူအဆ လှပအောင် ကြိုးပမ်းတတ်သည်။ ကရိန်းရှော့၊ ထရော်လီရှော့တွေနှင့် ရိုက်စေရန် စိမ်တတ်သည်။ ရှုကွင်း မြင်ကွင်းကိုလည်း လှလှပပဖြစ်အောင် ခက်ခက်ခဲခဲ ရှာဖွေပြီး တင်ပြသည်။ ကောင်းချင် ကောင်းမည်။ မကောင်းချင်လည်း မကောင်း။ သို့ရာတွင် ကျော်ဆွေရိုက်လျှင် တစ်ခုခု ထူးခြားအောင် ကြိုးစားထားလောက်သည်ဟု ပရိသတ်၏ ယုံကြည်မှုကို ရအောင် နာမည်တည်ဆောက်ထား၏။ ၁၉၆၀ ကာလဆီက ယနေ့ကျော်ဆွေ မဟုတ်လား။

ဒါရိုက်တာဝင်းဦးမှာ စာရေးဆရာကလာသူဖြစ်၍ စကားလုံးကို တစ်လုံးချင်း ဂရုစိုက်၍ ဖွဲ့စည်းတတ်သူဖြစ်၏။ စကားပြေ၊ စကားပြော၊ ကဗျာ တေး သီချင်းတို့ကို အံဝင်ခွင်ကျ လှပအောင် ထည့်သွင်းအသုံးချတတ်၏။ ကမ္ဘာကျော် ရုပ်ရှင်ကားကြီးတွေကို မြန်မာနား၊ မြန်မာမျက်စိဖြင့် ကြည့်၍ အရသာပေါ်အောင် ဆီလျော်အောင်လည်း မှီးယူ၍ ဖွဲ့ဆိုတတ်သူဖြစ်၏။

မုန်းမေ့ပါနိုင်။

အတွယ်အတာ။

တိမ်လွှာမို့မို့လွင်။

မူရင်းချင်း တုပါလျက် မိုးယူရိုက်ကူးကြရာတွင် ကျော်ဆွေ "သမုဒယ သံယောဇဉ်"ထက် ဝင်းဦး၏ "အတွယ်အတာ"ကို မြန်မာပရိသတ်က ပိုပြီး သဘောကျ အားပေးခဲ့သည်ဟု အချို့က ဆို၏။ မည်သူက သာသည်၊ တော်သည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ မြန်မာရုပ်ရှင်ဒါရိုက်တာများမှာ တင်ပြပုံ၊ ဖွဲ့စည်းပုံ ကိုယ်ပိုင်ဟန်ကလေးတွေ သီးသီးသန့်သန့် ရှိကြသည်ဟူသော အချက်ကို သာဓက ဖော်ပြခြင်းမျှသာ ဖြစ်ပါ၏။

ကျွန်ုပ်တို့ ကြည့်ရှု ရင်းနှီးခဲ့ရသော ရုပ်ရှင်အကြောင်းက စတင်ပျိုးပြီး ဖွင့်လာခြင်းမှာ ဓာတ်သဘင်အကြောင်း ဆက်ချင်သောကြောင့် ဖြစ်ပါ၏။ ဓာတ်သဘင်အကြောင်း ဆိုရာတွင်လည်း ကျွန်ုပ်အနေနှင့် သာမန်ပွဲကြည့် ပရိသတ်အဆင့်မျှသာ ဖြစ်ပါသည်။ ပညာရှင် ပညာရပ်ရှုထောင့်မှ ကြည့်တတ် အကဲဖြတ်တတ်သူလည်း မဟုတ်ပါ။ ပွဲဝါသနာရှင် ပွဲကြည့်သူချင်း ဆွေးနွေးကြ သည့် စကားဝိုင်း အနေဖြင့်သာ မှတ်ယူစေလိုပါသည်။

လွန်ခဲ့သော နှစ်ပေါင်းအစိတ်လောက်က ဓာတ်သဘင်သည် ယနေ့ မျက်မှောက်ခေတ်လောက်တော့ မမှေးမှိန် မတိမ်ကောသေးပါ။ ဦးအောင်မောင်း၊ ဦးရွှေကျိုးညို၊ ဦးစိန်အောင်မင်း၊ ဦးရွှေမန်းတင်မောင်၊ ဦးရွှေနန်းတင်၊ စိန်မဟာ သဘင် ကက်နက်စိန်၊ တသက်စိန်တို့ ရှိကြသေးသကဲ့သို့ ပြဓာတ်ထိပ်ခေါင် မြို့တော်သိန်းအောင်၊ ရန်ကုန်သဘင် စိန်မာဒင် စသည်တို့ ရှိကြသည်။

သူ့ခေတ်နှင့်တော့ သူတွင်ကျယ်ဟု ဆိုနိုင်၏။ ရုံဓာတ်ကြီးတွေ အမြို့မြို့ အနယ်နယ် လှည့်လည်က,ပြနေကြသကဲ့သို့ ဗလာဓာတ်တွေကလည်း သူ့မြို့သူ့နယ်အလျောက် က,ပြနေနိုင်ကြသည်။ စကားစပ်၍ တင်ပြရပါလျှင် ချောက်မြို့တွင် အခြေစိုက်ကာ ဓာတ်ဆရာ ဦးတလုတ်၏ တရုတ်မကြင်စိန် ဓာတ်အဖွဲ့သည် ကျွန်တော်တို့ ကလေးအရွယ်မှသည် အိမ်ထောင်သည် ဖြစ်ကြသည်အထိ နှစ်ပေါင်း ၃၀ ကျော် ဖွဲ့စည်းရပ်တည်ခဲ့၏။ အမယ်ကြီး အိုအောင်စိန်၊ ပုလဲစိန်၊ မင်္ဂလာသိန်းအောင်၊ ဓာတ်မာန်ကျော်စိုး၊ နေပြည်တော် တင်ဝင်း စသည့် မင်းသားတွေသာ ပြောင်းပြောင်းသွား၏။ မကြင်စိန်ဓာတ် အဖွဲ့ကြီးသည် လောကဓံ အနိမ့်အမြင့် အတက်အကျတို့ကို ဖြတ်သန်းလျက်

၁၉၅၀ မှ ၈၀ ကာလများအထိ အောင်မြင်စွာ ရပ်တည်နိုင်ခဲ့သည်။ အစဉ်တစိုက် စာတ်သဘင်ပညာသည် မတိုးတက်ခဲ့သကဲ့သို့ အစဉ်တစိုက် မြန်မာ့ဇာတ်သဘင်သည် ကျဆင်း ဆုတ်ယုတ်သွားခြင်း မဟုတ်ဟု ယူဆချင်ပါသည်။

ဦးအောင်မောင်း၊ ရွှေကျိုးညို၊ ဦးဖိုးစိန်တို့က စတင်ပြီး မိမိဇာတ်စက်ဇာတ်ပြားထဲမှတစ်ဆင့် ကြားသိရသော လက်လှမ်းမီသမျှ ဇာတ်သဘင်များကား ဗုဒ္ဓဝင်၊ နိပါတ်၊ မဟာဝင်၊ ရာဇဝင်နှင့် ထိုးဇာတ်တွေ ဖြစ်ကြပါ၏။ ဇာတ်ပြားလောကတွင် ကျွန်တော်တို့နားထဲ၌ အစွဲဆုံးဇာတ်ထုပ်များမှာ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ပင် ဖြစ်၏။ ဇာတ်ဆရာ ဝမ်းစာပြည့်ရုံမျှမက ဇာတ်စာရေးဆရာကောင်းတွေ သုံးထားသဖြင့် နိုင်ခံ့တည်ငြိမ်သော မှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့သည်။

ရွှေမန်းတင်မောင်တို့၏နောက်ပိုင်း သဘင်လောကမှ ထိပ်ဆုံးသို့ ရောက်ခဲ့ကြသူများကား ဆံပင်ရှည်သျှောင်ထုံး မရှိကြတော့သော ရွှေနန်းတင်၊ မြို့တော်သိန်းအောင် တို့ကဲ့သို့သော နောက်ပိုင်း ရှေ့ပိုင်းက,ပြကြသူများ၏ခေတ်ဖြစ်ပါသည်။ ဦးတင်မောင်ကိုယ်တိုင် အစဉ်အလာ အရှည်ထားခဲ့သော ဇာတ်မင်းသားဆံပင်ကို ဘိုကေညှပ်ခဲ့ရတော့သည်။ ပြဇာတ်ခေတ် ပရိသတ်ကလည်း နောက်ပိုင်း အဆို၊ အငိုတွေကို ခံစားမှု အလှမ်းဝေးသွားပြီး မျက်မှောက်ခေတ်ကို ထင်ဟပ်သော ပြဇာတ်တွေကို ပိုပြီး နှလုံးသားချင်း ထိတွေ့ချင်လာ၏။ ရှေးဆန်သော ပြက်လုံးတွေကို မရယ်တတ်။ ဝန်စကား၊ အမတ်စကား၊ ထီးနန်းစကားတွေကို လေရှည်နေလျှင် အိပ်ငိုက်ချင်လာသည်။

ဩော်...ဘိုင်စကုပ်ခေါ် အသံထွက်ရုပ်ရှင်ရုံတွေနှင့် အပြိုင်အဆိုင်မဟုတ်လား။ ရုပ်ရှင်တွေဘက် လူတွေ၏ အာရုံက ရောက်နေပြီ။ ထိုအချိန်မှာ သဘင်၌ မြတ်လေး၊ ကောလိပ်ဂျင်နေဝင်းနှင့် ဆင်တူသူတွေ ခေတ်စားလာသည်။ ပြဇာတ်ကောင်းမှ လူဝင်သည်။

ဘိအိုးဒီအောင်သိုက်က လေသံမျိုး ပီပီသသ တစ်တစ်ခွခွ ရလားလေး ရရ ပြောတတ်သည်။

လူငယ်ကြည်နိုင်က မြတ်လေးအိုက်တင်။ နောက်ကျောပေးပြီး စကားပြောချင်သည်။ စကားလုံးတွေက ကဗျာဆန်သည်။ လူတန်းစားအမြင်ပါတတ်သည်။

မြို့တော်သိန်းအောင်က ကောလိပ်ဂျင်နေဝင်း၏ လေသံဟန်ပန်ကို ယူသည်။ ဒါတစ်ခုတည်းဖြင့် အောင်မြင်ထင်ရှားခြင်းတော့ မဟုတ်။ ဓာတ်အဖွဲ့တစ်ခုလုံး စည်းကမ်းကောင်းခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ အဆင့်ဆင့် လေးစားနာယူမှုရှိခြင်း၊ ဓာတ်စာ၊ ဓာတ်စကား၊ ဓာတ်လမ်း၊ ဓာတ်ကွက် အချိတ်အဆက် ကောင်းမွန်သည့်အပြင် မောင်ယဉ်အောင် စသော လူငယ်တို့၏ တစ်နှစ်ထက်တစ်နှစ် ဆန်းသစ်တီထွင်မှုတွေကြောင့်လည်း အားကောင်းခြင်းဖြစ်၏။

သူ့ကျွန်ဘဝမှ မြန်မာပြည် လွတ်မြောက်ပြီ။

၁၉၄၈၊ မြန်မာပြည် လွတ်လပ်ပြီ။ ကိုယ့်နိုင်ငံ၊ ကိုယ့်အစိုးရ၊ ကိုယ့်ယဉ်ကျေးမှုကို မြှင့်တင်ထူထောင်ပေးကြမည်ဆိုပြီး အနုပညာရှင်များကို မြှောက်စားကြ၏။ ပွဲတွေလမ်းတွေမှာ သဘင်သမားတွေ ပါဝင်ကြသည်။

ကက်နက်စိန်၊ စိန်အောင်မင်း၊ ရွှေမန်းတင်မောင် ပါရမီရှင် ထိပ်တန်းလူငယ်သုံးဦး၏ ထိုအချိန်ကာလကို ရွှေခေတ်ဟု (ဟုတ်ကဲ့ သဘောမတူချင်လည်း ရပါသည်၊ တင်စားမှုအဖြစ် မှည့်ခေါ်သည်ဟု ယူဆပါ)ဆိုကြည့်ကြပါစို့၊ အင်္ဂလိပ်အစိုးရလက်ထက်နှင့် ဂျပန်ခေတ်ထက်တော့ တိုးတက်လာပြီ မဟုတ်လား။

ကဲ…ယနေ့ ယခုကတော့ မြေးတို့ခေတ်ဟု မလွဲမသွေ ဆိုရပေလိမ့်မည်။ ဦးကက်နက်စိန်၊ ဦးစိန်အောင်မင်း၊ ဦးရွှေမန်းတင်မောင်တို့မှာ မြေးပေါင်း မြောက်မြားစွာ ရှိကြပါလိမ့်မည်။ ဓာတ်ဆရာကြီးတွေ ဘယ်နှစ်ယောက်၊ ဓာတ်မင်းသမီးကြီးတွေ ဘယ်နှစ်ယောက် ပေါ်ပေါက်ပါသနည်းဟု မေးသော် ဆွေးနွေးငြေကြကွဲစရာ ဖြစ်ပါ၏။

မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့သည်ကား နှစ်ပေါင်း :(၅၀)ပြည့်ကာနီးလေပြီ။ မြန်မာ့ယဉ်ကျေးမှု အဖိုးတန်အမွေအနှစ်ကို ချစ်မြတ်နိုးပါသည်ဟု ဆိုကြ၏။ ထိန်းသိမ်းကြပါဟု အော်ကြ၏။ အားပေးကြပါဟု ရေးကြ၏။ ကောင်းပါ၏။

မည်သို့ဖြစ်စေ။

နှစ်ပေါင်း(၅၀)နီးပါး ဓာတ်သဘင် ခရီးနှင်ခဲ့သည်ကား ယနေ့ရောက်ရှိနေသော အခြေအနေမှာ မြေးတို့ခေတ် ဖြစ်ပါ၏။

'…စိန်'၊ **စိစိစိန်**တို့ခေတ် မဟုတ်။

ညွန့်ဝင်း၊ ဝင်းဗိုလ်တို့ခေတ် မဟုတ်။

မောင်ဝင်းမော်တို့ခေတ်။

မပဏ္ဍာမြားကောနိုင်တို့ခေတ်။

ဗွီဒီယို၊ တီဗွီ၊ ဂြိုဟ်တုစလောင်း၊ ဂီတရုပ်မြင်သံကြားခေတ်ကြီးထဲမှာ မြန်မာစာတ်သဘင် ရေစီးကြောင်းသည် မည်ကဲ့သို့(မြေးတို့ခေတ်မှာ) ဆက်လက်ရှင်သန်သွားမှာပါလိမ့်။ သွေးသစ်တွေ လောင်းရလိမ့်မည်။

ဘီအီးဒီအောင်သိုက်(၁၉၄၅–၁၉၉၆) ကွယ်လွန်သွားသည်။ အသက်(၂၅) နှစ်မှာ ဇာတ်သဘင်လောကသို့ သူ ဝင်ခဲ့သည်။ နှစ်ပေါင်း (၂၅)နှစ်နီးပါး ရှန်းကန်ကျင်လည်သွားခဲ့သည်။ ဇာတ်က,ရုံသာမက ကက်ဆက်ပြဇာတ်၊ ရုပ်ရှင်၊ ဗွီဒီယိုတွေလည်း ပါဝင် သရုပ်ဆောင်သွား၏။ သူ့ခေတ်သူ့အခါကတော့ ဇာတ်သမားနယ်ပယ်မှာ ဘီအီးဒီဘွဲ့ရဖို့ မဆိုထားနှင့် ။ တက္ကသိုလ်ဝင်တန်းအောင်ဖို့ပင်လျှင် ရှားရှားပါးပါးပါ။

သူသည် ပညာ အစဉ်ရှာ၏။ စာဖတ် များ၏။ သာမန်ပြည်သူလူထုကို ပညာပေးစည်းရုံးရာ၌ အောင်မြင်ခဲ့သူတစ်ဦးဟု ဆိုရမည်။ ဘာဘွဲ့တံဆိပ်မှတော့ သူ မရ,သွားရှာချေ။ သူယုံကြည်ရာ သူလေ့လာဆည်းပူးသမျှကို မျှဝေဖြန့်ဝေ၍ အနုပညာအဖြစ် ခံစားစေခဲ့သည်ကား မြန်မာပြည်တစ်နံတစ်လျားလုံးပင် ဖြစ်ပါသည်။ သူကား ကြားဆရာ မြင်ဆရာတစ်ဦးဟု ဆိုရမည်။

ယဉ်ကျေးမှုတက္ကသိုလ်ကြီးဆိုပြီး နိုင်ငံတော်အစိုးရ၏ အားပေး ထူထောင်မှုဖြင့် ပေါ်ပေါက်လာခဲ့ပြီ။ ထိုယဉ်ကျေးမှုတက္ကသိုလ်ကြီး၌ စာကြည့်တိုက်၊ မော်ကွန်းတိုက်၊ ပြတိုက်များလည်း တက္ကသိုလ်ပီပီသသ ပါဝင်ကြလိမ့်မည်ဟု ယူဆရပါ၏။ နှစ်ပေါင်း(၂၀)ကျော်မျှ အောင်မြင်ထင်ရှား ကျော်ကြားခဲ့သော ဘီအီးဒီအောင်သိုက် ဆိုသည့် သဘင်သမားတစ်ယောက်၏ လှူပ်ရှားခဲ့မှု၊ အသံ၊ ရုပ်ပုံ၊ ဖလင်၊ စာအုပ်၊ လက်ရေး၊ မှတ်စု၊ ပြဇာတ် စသည့် အစုစုတို့ကို လှူသူက လှူ (နိုင်ငံတကာ အဆင့်မီ) ထိန်းသိမ်းသူက ထိန်းသိမ်းပြီး နှစ်ပေါင်းရှည်ကြာ ရှိနေစေသင့်သည်ဟု ထင်မြင်မိပါသတည်း။

ချစ်နိုင်(စိတ်ပညာ)

မဟာမဂ္ဂဇင်း၊ အတွဲ(၁)၊ အမှတ်(၈)

☆ ☆ ☆

ယဉ်ကျေးမှု လက်ဆင့်ကမ်းတာဝန်

မိမိနိုင်ငံအတွင်း ကွက်ကွက်ကလေး ငုံ့ကြည့်နေရမည့် အချိန်ကာလ မဟုတ်တော့။ ဂြိုဟ်တုဆက်သွယ်ရေးနှင့် အခြားသော ဆက်သွယ်ရေးအမျိုးမျိုး၏ ဥဒဟို ဒိုးယိုပေါက် ထိစပ်နေမှုကြောင့် ကမ္ဘာကြီးသည် ရွာတစ်ရွာ ဖြစ်လာခဲ့ပြီ။ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ စာစောင်တို့သည် မိမိနိုင်ငံ နယ်နိမိတ် ၊ သူတစ်ပါးနိုင်ငံ နယ်နိမိတ်တို့ကို ကျော်၍ လွှင့်ထုတ်၊ ဖမ်းယူ ထိတွေ့ခံစားနေကြပြီ။

စင်ကာပူမှာ သီဆိုနေသော သီချင်းသံကိုလည်း ဒီက ကြားနေရသည်။ ဖိလစ်ပိုင်မှာ ရေးထားသည်ကိုလည်း ဤနေရာမှ ဖတ်နေရပြီ။ မလေးရှားမှာ ကခုန်နေကြသည်ကိုလည်း မိမိအိမ် ဧည့်ခန်းထဲက တီဗွီဖန်သားပြင်ပေါ်၌ မြင်နေရပြီ။ အမေရိကန်ပြည်ထောင်စုမှာ မိုးကြိုးသည်းထန်သဖြင့် ကပ်ဆိုး ဆိုက်နေသည်ကိုလည်း ချက်ချင်းလက်ငင်း မြင်တွေ့နေကြရသည်။

ဂျပန်မှာ ဘာဖြစ်၍ ကိုရီးယားမှာ ဘာလုပ်နေကြသည်ကို နာရီမဆိုင်း မြင်ရတွေ့ရ ကြားသိရသော ခေတ်ကာလမှာ မြန်မာပြည်ရှိ မြန်မာပြည်သား တို့သည် မြန်မာပီသကြမှ ဂုဏ်တင့်တယ်ကြောင်းကို နားလည်သဘောပေါက် ကြဖို့ရာ လိုပါသည်။

ခေတ်မီအောင်ဆိုပြီး ဂျင်းဘောင်းဘီနှင့် တီရှပ်တို့ကို လူငယ်အချို့က ကားယားကားယားနှင့် နေရာတကာ ဝတ်စားပြနေကြ၏။ နေရာကာ ဝတ်ရမည့် အဝတ်အစားမျိုး မဟုတ်သည်ကို မသိကြ။

အောင်မြင်သောလူသား ဆိုသည်မှာ ဘိုးဘွားဘီဘင် အစဉ်အဆက်သော ရှေးက မျိုးဆက်တို့၏ အမွေကို လေးစားစွာ လက်ခံယူရမည်ဟူသော

အသိစိတ်ရှိဖို့ရာ လိုပါသည်။ အချို့သော မြန်မာလူငယ်တို့၏ စိတ်ဝယ် မိမိတို့သည် ရှေ့လူတို့၏ ယဉ်ကျေးမှုကို ပစ်ပယ်၍ လွတ်လပ်စွာ သီးခြားဖြစ်သော အသစ် ယဉ်ကျေးမှုကို တီထွင်ရမည်ဟု ထင်နေကြ၏။

မဟုတ်ပါ။

အမျိုးသားယဉ်ကျေးမှုဥယျာဉ်အတွင်းမှာပင် အသစ်အသစ်သော ပန်းမျိုးစုံတို့ ဖူးပွင့်ဝေဆာကြရမည် ဖြစ်ပါသည်။ ရှေ့ကလူများ (အဘိုးအဘွားတို့၏ အစဉ်အလာ)ကို နည်းမှီးယူပြီး အသစ်တီထွင်ပါမှ ပိုမိုအောင်မြင်နိုင်ကြပါသည်။ အောက်ခြေမလွတ်ရပါ။

ကမ္ဘာတစ်လွှား တံခါးပိုမိုဖွင့်လာကြပြီး တစ်နေရာမှ တစ်နေရာ ကူးလူး ဆက်သွယ်ကြရသည်မှာ ယခုမှ မဟုတ်။ မြန်မာများသည် မာလာယု၊ (ယခု စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား)ကျွန်းဆွယ်ဒေသနှင့် သိဟိုဠ်(သီဟို)ကျွန်း စသည်တို့ကို ရှေးနှစ်ပေါင်းများစွာကပင် အသွားအလာ အဆက်အဆံ ရှိခဲ့ကြ၏။ တရုတ်၊ အိန္ဒိယ စသည်တို့လည်း ထိုနည်းတူစွာ။ ရှေးဦးလူသားတို့ ကမ္ဘာအရပ်ရပ် လှည့်လည်သွားလာခဲ့ကြကြောင်း သိပ္ပံပညာရှင်ပေါင်းများစွာ၏ ယဉ်ကျေးမှုသုတေသန၊ သစ်ပင်မျိုးရိုးဆိုင်ရာ ထင်ရှားခဲ့ပြီး ဖြစ်ပါသည်။ အီဂျစ်၊ ဩစတြေးလျတိုက်နှင့်အမေရိကတိုက်တို့ရှိ ရှေးရှေးကာလ လူသေ အလောင်းမှ ခေါင်းရိုးနှင့် ရင်ခေါင်းထဲမှ ဦးနှောက်နှင့် နှလုံးတို့ကို ခွဲ၍ ထုတ်ယူပုံ၊ လူအလောင်းကို မပုပ်မသိုးအောင် ချုပ်ပုံတို့မှာ တစ်ထပ်တည်း ကျကြောင်း ဒေါက်တာဂျို၊ အိလ်ယော့စမစ် ဆိုသူက အကျယ်တဝင့် သုတေသနပြု၍ ဖော်ပြခဲ့ဖူး၏။

ရှေ့က မျိုးဆက်ဟောင်းလူများ ထိန်းသိမ်းထားရှိသော ပန်းချီ၊ ပန်းပု၊ ဂီတ၊ စာပေ၊ နီတိ၊ လက်မှု၊ အတွေးအခေါ်၊ သဘောထားအမြင်၊ ဝတ်စား ဆင်ယင်မှု စသည်တို့ကို တန်ဖိုး နားလည်ကြလျှင် အနှစ်အဆန်ရှိသော မျိုးဆက်သစ်တွေ ဖြစ်လာဖို့ ရှိပါ၏။ ကိုယ်ပိုင်ရှိခဲ့သော နိုင်မာလှသည့် ယဉ်ကျေးမှုအစဉ်အလာကို ဂုဏ်ယူတတ်ပါမှ အမျိုးသား၊ ဘာသာ၊ သာသနာမှာ မိမိတို့ခေတ် သမိုင်းသစ်ကို လှပစွာရေးနိုင်ကြပါလိမ့်မည်။ အရိုးကို အရွက် မဖုံးစေရာ။

ချစ်နိုင်(စိတ်ပညာ)

☆ ☆ ☆

အုံလောက်ပါပေသည်

အနုပညာတို့သည် စိတ်ကို အလွန်တရာ ဆွဲဆောင် ဖမ်းစားတတ်ပါသည်။ ပန်းချီဟူသည့် မျက်စိကို ဆွဲဆောင်သော အနုပညာသည် ရေးသူအတွက်လည်း လေ့လာလေ့ကျင့်၍ မကုန်။ အရောင်၊ အရုပ်၊ အချိုး၊ အယူအဆ၊ ဝါဒ၊ စိတ်ကူး။ မြစ်ကို အလျားလိုက်ကူးရသကဲ့သို့ လိုက်စား၍ မဆုံးနိုင်။

ပန်းချီကားတစ်ချပ်သည် ဒေါ်လာ ၈၂•၅ သန်းဈေးဖြင့် ရောင်းသူကရောင်း၊ ဝယ်သူက ဝယ်နေကြသည်။ သန်း ၂၀–၃၀ ဆိုသည်မှာ များလှပြီဟု ထင်ခဲ့သည်။ မြန်မာငွေကျပ် ကုဋေ ၂၀၀–၃၀၀ ကျော်မည် မဟုတ်လား။ ကျပ်ကုဋေ ၁၀၀၀ တန်သော ထိုပန်းချီကားတစ်ချပ်ကို ဖန်တီးထုတ်လုပ်နိုင်သူ၏ ချမ်းသာကြွယ်ဝမှုကို ခန့်မှန်းကြည့်ပါ။ အချိန်ကာလ၏ တိုက်စားမှုကြောင့် ပွန်းပဲ့မသွား။

အနုပညာသည် ဤမျှ တန်ဖိုးကြီးမားပါ၏။

သို့သော် ကျွန်တော်တို့သည် ခေတ်ပေါ် အနုပညာများ၏ ရသကို မခံစားတတ်တော့ပါ။ စမ်းနည်းစရာ၊ အားငယ်စရာ ဖြစ်ပါ၏။ မရှက်မကြောက် ဝန်ခံရခြင်းမှာ အမှန်အတိုင်း ရိုးသားစွာ ဖွင့်ဟလိုသောကြောင့် ဖြစ်ပါ၏။ သဘာဝတရားကို အဘယ်မှာလျှင် အံတုဆန့်ကျင်နိုင်ပါမည်နည်း။ အထူးသဖြင့် သဘာင်အနုပညာ။

ကျွန်တော်တို့မိဘများက မင်္ဂလာဦးအောင်မောင်း၊ ရွှေကျီးညို၊ ဦးဖိုးစိန်၊ အောင်ဗလတို့ ကောင်းကြပုံ၊ တော်ကြပုံတွေ လက်ဖက်ရည်ကြမ်းဝိုင်းမှာ တသသ၊ တဖွဖွ ပြောကြသောအခါ ကျွန်တော်တို့ နားမလည်။ စိန်အောင်မင်း၊

ရွှေမန်းတင်မောင်၊ ရွှေနန်းတင်နှင့် မြို့တော်သိန်းအောင်၊ ကက်နက်စိန်တို့ပဲ ကြည့်ဖူးသည်။ ဤဇာတ်ပွဲတွေကြည့်ပြီး ငိုခဲ့ရသည်။ ရယ်ခဲ့ရသည်။

ခုခေတ် စင်တင်တေးဂီတတွေကို အရသာ မတွေ့။ ကျွန်တော်တို့သည် မောင်မောင်ညွန့်၊ တွံတေးသိန်းတန်၊ ကိုသန်းလှိုင်၊ ကိုတင်လှိုင်တို့၏ သီချင်းမျိုးတွေဖြင့် ယစ်မူးမိန်းမောခဲ့ကြသူတွေ မဟုတ်လား။ အသံကလည်း ဆူပွက်ညံ၊ စာသားကလည်း မလေးနက်။ ကျွန်တော်တို့အတွက် ကြမ်းရှတင်းမာနေကြသလိုပင်။ ယခုခေတ် တေးများမှာ နူးညံ့ပျောင်းနွဲ့ မရှိကြပါတကားဟု ခံစားရ၏။

ယခုခေတ် ဂီတပညာရှင်များကို အထင်လည်း မသေးပါ။ အပြစ်တင်ရှုတ်ချခြင်းလည်း မပြုလိုပါ။ သူ့ခေတ်နှင့်သူ ဆိုသည်ကို နားလည်လက်ခံပါသည်။ ကျော်ဆွေ၊ ရွှေဘ၊ ဇေယျ၊ မြင့်အောင်၊ ကောလိပ်ဂျင်နေဝင်း၊ မြတ်လေးတို့၏ အဖြူအမည်း ရုပ်ရှင်တွေပဲ ကျွန်တော်တို့ ကြည့်ခဲ့ စွဲခဲ့ကြသည်။ ဒါရိုက်တာဦးဉာဏ၊ ဦးသုခ၊ ဦးချစ်ခင်၊ ဦးသာခုတို့ရိုက်သည့် ကားတွေမှ ဘဝအဘိဓမ္မာတွေ ပြည့်ဝသည်။ ယခုခေတ် ဒါရိုက်တာများနှင့် မင်းသားများကို လေ့လာကြည့်တော့ ရုပ်ရှင်ကားတွေ ဆေးရောင်စုံ မြင်တွေ့ရသော်လည်း ရသ မပေါ်။ ပေါ့ရွှတ်ရွှတ် ဟာတာတာ။ ဤသည်မှာ သူတို့ဆုတ်ယုတ်ညံ့ဖျင်းလာ၍တော့ မဟုတ်တန်ရာ။ အချိန်ကာလ ခေတ်သဘောက ကျွန်တော်၏ နား၊ မျက်စိ အာရုံခံအင်္ဂါတို့ကို ထုံထိုင်းထူအ,စေခဲ့ခြင်း ဖြစ်ရာကြောင့်သာ ဖြစ်တန်ရာပါ၏။ သူ့ခေတ်နှင့် သူ။

မျိုးဆက်ကွာဟမှုကြောင့် အနုပညာ၏ အရသာချင်း မတူနိုင်။ အကြိုက်ချင်း မတူ။

မည်သူ၏အပြစ်မှ မဟုတ်။

အငြိမ့်သဘင်သည် ကျွန်တော်တို့ငယ်ငယ်မှ လူပျိုပေါက်အရွယ်အထိ ခေတ်ကောင်းခဲ့ပါ၏။ ကျွန်တော်တို့ မန္တလေးတက္ကသိုလ်ကျောင်းသားဘဝ အချိန်အထိ မန္တလေးမြို့တော်မှာ အငြိမ့်အဖွဲ့ကြီးပေါင်း ၅၀ ကျော်ရှိသည်။ ရုံပွဲ က,နိုင်သော ထိပ်တန်းအငြိမ့်ကြီးတွေ ၂၀ ကျော်မည်။ သီတင်းကျွတ်၊ တန်ဆောင်တိုင် နောက်ပိုင်း မန္တလေးတစ်မြို့လုံးမှာ အငြိမ့်ပွဲတွေနှင့် ပြည့်နေတော့သည်။ လမ်းတိုင်း၊ ပြတိုင်းလိုလို အငြိမ့်စင်ဖွဲ့နှင့်။

အငြိမ့်အရေအတွက် များပြားရုံမျှသာမဟုတ်၊ အနုပညာ အစစ်အမှန် ထွန်းကားရင့်ကျက်လိုလျှင် မန္တလေးမှာ ပညာဆည်းပူးဖူးမှ ပြည့်ဝသည်ဟု ခံယူကြသည်။ အရည်အချင်းလည်း မြင့်မားသည်ဟု ဆိုနိုင်ပါ၏။ ရေမြင့်ကြာတင့်။

အနှစ် ၂၀ ဟူသော အတိတ်ကာလခရီးမှာတော့ အငြိမ့်သဘင်သည် လောကဓံတရား၏ သဘာဝ အနိမ့်အဆင်းခရီးဟု ဆိုရမလိုပင်။ အညာဒေသ ဒုတိယမြို့တော်ကြီးမှာ အငြိမ့်အရေအတွက်ကလည်း နည်းပါးကျဆင်းခဲ့ရှာပြီ။ အရည်အချင်း ကျသည်၊ တက်သည်ကိုတော့ ကျွန်တော် တန်ဖိုး အကဲ မဖြတ်တတ်။ လူထုကြားမှာ မှေးမှိန်လာခဲ့သည်ကား မငြင်းသာ။

အလှူပွဲ၊ မင်္ဂလာပွဲ၊ ဘုရားပွဲနှင့် မြန်မာ့ရိုးရာပွဲသဘင် အမျိုးမျိုးမှာ အငြိမ့်သဘင် ရှိသောနေရာသည် ယခင်ကလောက် မကျယ်ပြန့်တော့။ အရေအတွက် ဆုတ်ယုတ်ကျဆင်းနေသော်လည်း မြန်မာ့ရုပ်မြင်သံကြား ပေါ်ပေါက်လာသော ၁၉၈၅ ဆယ်စုကာလတွင် ပြည်သူလူထုသည် ရုပ်မြင်သံကြားအငြိမ့်ကိုတော့ အားရနှစ်သက်ကြသည်။ အားပေးခဲ့ကြသည်။

၁၉၉၅ ခုနှစ် မြဝတီအငြိမ့်ပြိုင်ပွဲကို နိုင်ငံတော်အစိုးရက အမျိုးသားကဇာတ်ရုံကြီး၌ ယှဉ်ပြိုင်ကျင်းပ အားပေးခဲ့သောအခါတွင် ပြည်သူလူထုကြားမှာ ပြန်လည် လန်းဆန်းလာလေသည်။ မိုးနတ်သူဇာ၊ သီတာဝင်းနှင့် တစ်နိုင်လုံးရွှေအေးအေးမြင့်တို့၏ နောက်မှာ မျိုးဆက်သစ်တွေ ပေါ်ထွက်လာအောင် ပျိုးထောင်ပေးနိုင်မည့် အစီအစဉ်ပဲ ဖြစ်ပါလိမ့်မည်။

နီနီမြင့်၊ မိုင်စမ်းငြိမ်း၊ ကျားလေးစိန်တို့ကဲ့သို့ အက၊ အဆို၊ အသံ၊ အရွယ်၊ ဟန်ထား၊ အားရစရာကောင်းသော မျိုးဆက်သစ် မင်းသမီးပေါင်းများစွာကို ကျွန်တော်တို့ ကြည့်ရှုခွင့် ရလာပါသည်။ ဌေးဌေးမြင့်၊ နိုင်သစင်သင်းစသည်တို့၏ ပါရမီကို မြင်ခွင့်ရခဲ့သည်။

မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့က လွှင့်ထုတ်ပြသသော ထိုအငြိမ့်အစီအစဉ်များကို ပရိသတ် လက်ခံနှစ်သက်ကြကြောင်း တွေ့ရပါ၏။ ဝမ်းသာဖွယ်ဖြစ်ပါ၏။ ဩော်...အငြိမ့် မသေသေး။

ရုပ်သေး ကွယ်ပျောက်လုပေပြီ။

ဇာတ်သဘင်လည်း နောက် ၁၀ နှစ် ခံပါဦးမည်လား မသိ။ ၂၁ ရာစုခေတ်သည် ဦးဖိုးစိန် စတင်ဖွင့်လှစ်ခဲ့သော အမြင့်သဘင်ဇာတ်အဖွဲ့များ နိဂုံး

ချုပ်ချိန်ပေလော။

ရတနာပုံခေတ် နန်းတွင်းမှ ကိုလိုနီခေတ်ကာလ ပြည်သူ့ကြားသို့ ဆင်းသက် ကျယ်ပြန့်လာခဲ့သော အငြိမ့်သဘင်သည်ကား ညှိုးရော်ရာမှ ပြန်လည်ဆန်းသစ်လာမည့် အလားအလာ။

မြဝတီအငြိမ့်ပြိုင်ပွဲဝင် အငြိမ့်အားလုံးကို ကျွန်တော်သည် စွဲလမ်းတပ်မက်စွာ ကြည့်ရှုခဲ့ပါသည်။ အငြိမ့်သဘင် အသက်ရှည်ပါစေဟု မေတ္တာပို့သရင်း အားပေးခဲ့ပါသည်။

မထင်မှတ်ဘဲ ကျွန်တော့်နားထဲမှာ သီချင်းတစ်ပုဒ် စွဲကျန်ရစ်သည်။ ၆ လ၊ ၇ လကြာတော့ မည်သည့်အငြိမ့်ကလည်း မမှတ်မိ။ ဘယ်မင်းသမီး ဆိုသွားတာလည်း မသိတော့။ နှုတ်ဖျားမှာတော့ တစ်ပိုင်းတစ်စ စွဲပြီး ကျန်ရစ်သည်။ အစရှာ၍ မရ။

ကိုတစ်လောဆီက မြဝတီရုပ်မြင်သံကြားမှ အငြိမ့်တစ်ခု လွှင့်သည်။ ဟော…တွေ့ပါပြီ။ နန်းတော်ရှေ့ဆရာတင် (၁၈၉၄–၁၉၄၉)ရေးခဲ့ပြီး လေဘာတီ မမြရင်သီဆိုခဲ့သော သီချင်းပါကလား။ ရမခ ကိုယ်စားပြု မောက်နှင်းရီအငြိမ့်မှ ခေါင်းဆောင်မင်းသမီး နန်းဝတ်ရည်က သီဆိုခဲ့လေသည်။ ဤတေးသည် နှစ်ပေါင်း ၅၀–၆၀ ကျော် ကာလကို ဖြတ်သန်း၍ နားစွဲလောက်အောင် သဒ္ဒလင်္ကာရ၊ အတ္ထလင်္ကာရ ထင်မြက်ထိရှလွန်းပေစွ။ တေးပြုစာဆိုကို အံ့လောက်ပါပေသည်ဟု ကျွန်တော်တော့ သြချမိ၏။ အသက် ၂၂ နှစ်မှာ တေးရေးဆရာဖြစ်ခဲ့သော နန်းတော်ရှေ့ဆရာတင်။

မြန်မာဂုဏ်ရည်

ရေး–နန်းတော်ရှေ့ဆရာတင်

ဆို–လေဘာတီ မမြရင်

(လေဘာတီဆိုသော တဘောင်တေးသီချင်းကိုတော့…မဟာ ပထဝီမြေ အတွင်းက ခရသင်း မှုတ်လိုက်တော့သည်။ မြန်မာဂုဏ်ရည်၊ မျိုးမြန်မာ ဂုဏ်ယူပါတယ်ရှင်)[၂]

(မြတ်မုနိ ဘဂဝါသခင် ဗုဒ္ဓမြတ်ရှင်သည်)[၂] အင်ဂျင်နီယာဝန်ချီစက်တွေ မပေါ်သေးမီ ဆွဲလို့တင်ပုံတွေ…အံ့လောက်ပါပေသည်…ရာဇဝင်များ ထင်ရှားတဲ့ မြန်မာဂုဏ်ရည်)။

(မင်းကွန်းခေါင်းလောင်းကြီးကို ရောက်အောင် ဘယ်လိုတည်... ဩော်...

မွေ.ဝ့္ငေက်က မပေါ်သေးဘဲ လက်နဲ့ကြိုးနဲ့ ဆွဲကာ ဆွဲကာ ဆွဲရ ရှာလေသည်)[၂]

မန္တလေးတောင်တော်မဟီ ရသေ့ရှင်ခန္တီ အင်ဂျင်နီယာကို မခေါ် ရသေ့ကိုယ်တိုင် ကြံစည်ပါသည်။ ရာဇဝင်များ ထင်ရှားတဲ့ မြန်မာ့ဂုဏ်ရည်။

မှတ်ချက်။ မြန်မာ့ဂုဏ်ရည်သီချင်းအပြည့်အစုံကို သိလိုပါက လူထုဒေါ်အမာ၏ ပြည်သူချစ်သော အနုပညာသည်များ (တတိယနှိပ်ခြင်း၊ ၁၉၆၇ ခုလိုင်) စာမျက်နှာ ၃၇၅ မှာ ကြည့်နိုင်ပါသည်။

"ရွှေမင်းဝံ၊ ရန်ကုန်သူ၊ လက်ရေတစ်ပြင်တည်း၊ ကျွဲမ၊ အရှု့ရှင်၊ ဦးသဝင်ကြောင်၊ ရွှေပြည်စိုး၊ အားယားမ" အစရှိသော မြန်မာပရိသတ်၏ အာရုံ၊ နှားဝင်၊ စိတ်ကူး၊ အသံ၊ ဟန်၊ နရီ မည်သည့်ခေတ်မှာမဆို အရှည်တည်တံ့ကာ မတိမ်ကောလောက်အောင် သေသပ်လှပသည့် တေးများကို သူမို့ များစွာများစွာ ကောင်းကင်က ကြယ်ပွင့်တွေပမာ ဖြန့်ဝေနိုင်ပါပေသည်။

ကဲ...က,သူလည်း က,လို့ကောင်း၊ တီးသူလည်း တီးလို့မြိုင်၊ ကြည့်ရသူ၊ ကြားရသူလည်း ကြည်နူးအားရ၊ ယခုကာလအထိ အရသာရှိစွ။ နန်းတော်ရှေ့ဆရာတင်၏ လက်ရာကား အံ့လောက်ပါပေသည်။

ချစ်နိုင် (စိတ်ပညာ)
ရွှေအောင်လံရသစုံမဂ္ဂဇင်း
၁၉၉၆၊ အမှတ်(၁၁)

☆ ☆ ☆

ချီးမြှောက်ထိုက်သူများကို ကြိုဆို

ချီးမြှောက်ထိုက်သူကို ကြိုဆို

ခေတ်မီတိုးတက်ခြင်းသည် ကောင်းပါ၏။

အစားအသောက်များသည် အိမ်မှာ၊ ရုံးမှာ ချက်ပြုတ်၊ စားသောက်ကြသည်ထက် ဟိုတယ်မှာ၊ စားသောက်ဆိုင်ကြီးများမှာ စားကြ၊ သောက်ကြရခြင်းသည် ပို၍ ခေတ်မီသားနားလာသည် အမှန်ပင်။ အဝတ်အစားများလည်း အရောင်အသွေး အမျိုးမျိုး၊ အဆင်ဒီဇိုင်း အသွယ်သွယ်၊ ပိုး၊ ချည်၊ ကတ္တီပါ၊ ဓာတုဗေဒချည် စသည်ဖြင့် နှစ်သက်ချင်စဖွယ် အစားစား။ ပပကတို့၊ သမဝါယမတို့မှာ ဈေးတလုံးလုံးနှင့် တန်းစီတိုးဝယ်ရသော ဒုက္ခမှ ကင်းဝေးခဲ့ကြပြီ။ ပိုက်ဆံသာရှိလို့ကတော့ ကြိုက်သည့်ဆိုင်တွေမှာ ကြိုက်သလောက်ဝယ်နိုင်သည်။

နေထိုင်စရာ တိုက်တာအိမ်ခြေမှစ၍ ပရိဘောဂ အသုံးအဆောင်များသည်လည်း မဟော်ဂနီ၊ ကျွန်း၊ ကြိမ်၊ လက်ရာမြောက်သော အနုပညာပစ္စည်းများအပြင် ဆိုဖာ၊ ကုရှင်၊ ဆက်တီ စသည်တို့ကို ရွေးကာထက် ပိုပြီး အသုံးပြုလာကြသည်။ လှပဆန်းသစ်သော အဆောက်အဦတွေ နေ့စဉ်နှင့်အမျှ တည်ဆောက်နေကြသည်။ ကြီးကျယ်ခန့်ညား မိုးထိတိုက်တာကြီးများသည် ဤခေတ်မှာ ပေါ်ပေါက်လာကြသည်။

စားဝတ်နေရေး ပြည့်စုံချောင်လည်ရုံမျှဖြင့်လည်း မပြီးသေး။ လူ့အဖွဲ့အစည်းမှာ ယဉ်ကျေးမှုလည်း ရှိရသည်။ အနုသုခုမတို့လည်း ရှိရသည်။ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအနေဖြင့် တသီးတသန့် မူပိုင်ယဉ်ကျေးမှုများရှိကြရသည်။

ဩစတြေးလျနိုင်ငံ၏ ယဉ်ကျေးမှုသည် အင်္ဂလိပ်ယဉ်ကျေးမှုနှင့် ထပ်တူနီးပါး ဆင်တူချင် ဆင်တူမည်။ မည်သို့ပင်ဖြစ်စေ ဩစတြေးလျ ယဉ်ကျေးမှုသည် ဗြိတိန်ယဉ်ကျေးမှုဟုတော့ မခေါ်နိုင်။ အလားတူပင် နယူးဇီလန်၊ ဖိဂျီ၊ အမေရိကန်။ သူ့နိုင်ငံနှင့် သူ့ယဉ်ကျေးမှု။

ယေဘုယျ သဘော တူညီတာများ ရှိကြသည်ဆိုစေ ဝိသေသအားဖြင့်တော့ ကွဲပြားခြားနားမှု ရှိကြသည်သာ။ နယူးဇီလန်က မအိုရီဌာနေ လူမျိုးတို့၏ လက္ခဏာတွေ ပါကြမည်။ ဖိဂျီက အာဖရိကန် အရောင်အသွေးနှင့် အရှေ့အိန္ဒိယအရောင်အသွေးတို့ ယှက်သန်းနေလိမ့်မည်။ ဗြိတိန်၏အရိပ် မကင်းသော်လည်း ဗြိတိသျှယဉ်ကျေးမှုတော့ မဟုတ်။

ယဉ်ကျေးမှုသည် လူထုဆက်သွယ်ရေး အကျယ်ပြန့်ဆုံးသော ယခုခေတ်ကာလတွင် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး လျင်မြန်စွာ စီးဝင်ပျံ့နှံ့လျက် ရှိ၏။ အာဖရိက ဗုံသံသည် အမေရိကန် ဟိုတယ်ကြီး၏ ဂီတဆည်းဆာခန်းမှာ ပျံ့နှံ့နေ၏။ ဂျပန်ပန်းချီကားသည် ဥရောပ ပြခန်းများထဲ၌ ရောက်ရှိနေ၏။ အီဂျစ်ရိုးရာ အက,သည် တောင်အမေရိကအထိ ရောက်ရှိနိုင်သည်။

မြန်မာ့ယဉ်ကျေးမှုသည် အံင်ဒိုချိုင်းနားကျွန်းဆွယ်ကြီးပေါ်မှာ စည်ပင်ဖွံ့ဖြိုးခဲ့ရသည် ဖြစ်ရကား အိန္ဒိယဟန် ပါနိုင်သည်။ စိန–ချိုင်းနားခေါ် တရုတ်ဟန်လည်း ပါနိုင်သည်။ တရုတ်များ၊ ကုလားများနှင့် မိမိတို့က ရေချင်း မြေချင်း ထိဆက်နေသည် မဟုတ်ပါလား။ ကုလားသီချင်းလည်း နားရည် ဝပြီ။ တရုတ်သီချင်းလည်း ကြားနေကျပင်။

သို့ရာတွင် မြန်မာလူမျိုးကား ထူးခြား၏။ သူများနှင့် မတူချေ။

မလေးရှား၌ ကုလားတွေ များ၏။

မလေးရှား၌ တရုတ်တွေ အလွန်ပေါ၏။

အင်ဒိုချိုင်းနားကျွန်းဆွယ် ထိပ်ဖျားပိုင်းဒေသသည် စည်ကားဖွံ့ဖြိုးသဖြင့် ရေကြည်ရာ မြက်နုရာရှိ အခြေစိုက်လာကြသော တရုတ်၊ ကုလားတို့နှင့်အတူ တာအိုဝါဒ၊ ကွန်ဖြူးရှပ် အယူအဆ၊ ဟိန္ဒူဝါဒ၊ မူဆလင် ယဉ်ကျေးမှု စသည်တို့သည်လည်း မလေးယဉ်ကျေးမှုအပေါ်၌ ကြီးစွာ လွှမ်းမိုးနေ၏။ ပင်ကိုယ်ယဉ်ကျေးမှု ချည့်နဲ့။

မြန်မာသည် ကုလားကပြား မဟုတ်။

မြန်မာသည် တရုတ်ကပြားလည်း မဟုတ်။

မြန်မာတို့သည် လူဦးရေး အလွန်နည်းပါး၏။ သို့သော် မိမိတို့လူနည်းစု လူမျိုးသည် မျိုးရိုးအစဉ်အလာကို အထူး သတိဝီရိယဖြင့် ထိန်းသိမ်း ကာကွယ်ခဲ့ကြ၏။ သတိကြီးစွာ စောင့်ရှောက်ခဲ့ကြသည့် အစဉ်အလာကို တွေ့ကြရ၏။ ပလောင်သည် တရုတ်သွေး မနှော။ ရခိုင်သည် ကုလားနှင့် သွေးမရော။ ဥပမာသဘော ဖြစ်ပါ၏။ မြန်မာတိုင်းရင်းသားတို့သည် သမိုင်းကြောင်းအရ မိမိလူမျိုးစုအပေါ် မြတ်မြတ်နိုးနိုး ချစ်တတ်ကြလေသည်။

မြောက်ဘက်မှာ လူဦးရေ သန်း ၁၂၀၀ ကျော်ရှိသော တရုတ်ပြည်။

အနောက်ဘက်မှာ လူဦးရေသန်း ၉၀၀ ကျော်ရှိသော အိန္ဒိယပြည်။ လူဦးရေချင်း နှိုင်းစာသော် ဆိတ်နှင့် ဆင်ပမာ။

အကယ်၍သာ ရှေးရှေးက မြန်မာများသည် မိတို့၏ အမျိုးအစဉ်အလာကို အထူးအလေးထား၍ မစောင့်စည်းခဲ့ကြဘူးဆိုလျှင် နှစ်ပေါင်း ၁၀၀၀–ကျော် ကာလအတွင်း၌ပင် သန်းပေါင်း ဆယ်ဂဏန်းမျှသာ ကျဲတီကျဲတောက် ရှိလှသော မြန်မာတိုင်းရင်းသားတို့ အမျိုးပျောက်ခဲ့လောက်ပြီ။

ကချင်။

ကရင်။

ချင်း စသည့်...

လူနည်းစု အသီးသီးသည် ယခုတိုင်အောင်ပင် မြန်မာ့မြေပေါ်မှာ အိမ်နီးချင်း တိုင်းပြည်ကြီးများက ယဉ်ကျေးမှုအရ ထိုးဖောက်မှုအမျိုးမျိုးကိုလည်းကောင်း၊ လူဦးရေအရ စိမ့်ဝင်မှု အမျိုးမျိုးကိုလည်းကောင်း ကြံ့ကြံ့ခံကာ တားဆီး ကာကွယ်ခဲ့ကြ၏။ သည်မြေသည် တို့မြေ။ သည်ရေသည် တို့ရေ။

ဤရေမြေ ဤတောင်ကြောပေါ်၌ မိမိတို့၏ ကိုယ်ပိုင်အမျိုးသား ယဉ်ကျေးမှု တွေ ထွန်းကားခဲ့ကြ၏။ စီးပွားရေးအရ အရှိန်အဟုန်ပြင်းစွာ ရှေ့တန်းရောက် နေသော နိုင်ငံများမှာ အကျပ်အတည်း တွေ့နေကြရသည်မှာ ဒေသခံ တိုင်းရင်း သားလူမျိုးတို့၏ ယဉ်ကျေးမှုများ အထင်သေး ပစ်ပယ်ခံနေရခြင်း ဖြစ်၏။ အနောက်တိုင်း ယဉ်ကျေးမှုမှ အဆင့်မြင့်သည် ထင်မှတ်နေခြင်း ပြဿနာ။

အဘိုရီဂျင်း လူမျိုးသည် အဘိုရီဂျင်းဂီတကို မသိတော့။

အီဘာန်လူမျိုးသည် အီဘာန်အက,ကို ခေတ်မမီတော့ဘူး။ က,ရမှာ ရှက်သလိုလို ရွံ့သလိုလို ဖြစ်နေပြီ။ ယခုအခါမှာ တိုင်းရင်းသားတွေ ရိုးရာယဉ်ကျေးမှုနှင့် သုခုမ,တွေ မတိမ်ကောအောင် ကာကွယ်စောင့်ရှောက်ကြပါဟု မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း စသည့် ချမ်းသာစ,ပြုလာသည့် နိုင်ငံများတွင် အပူတပြင်း လှုံ့ဆော်နေကြရ၏။ အစိုးရကိုယ်တိုင်က အထူးအာရုံစိုက်ကာ ပြန်လည်ပျိုးထောင်နေကြရ၏။

"ကျွန်တော်တို့ ကာကွယ်စောင့်ရှောက်မှုဟာ အချိန်ဆယ်စု သုံးလေးခုလောက် နောက်ကျသွားခဲ့တယ်၊ ကျွန်တော်တို့ အမျိုးသားယဉ်ကျေးမှုတွေ တိုက်စားကြေမွပြီးမှ ပြန်ပြီး စုစည်းယူနေရတယ်"

အရှေ့တောင်အာရှဒေသရှိ သတင်းစာဆရာတစ်ဦးက ထိုသို့ပြောပြဖူး၏။ မြန်မာပြည်မှာတော့ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး၊ အနုသုခုမတို့သည် မတိမ်ကောသေး။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက်၌ စနစ်တကျ အားပေးမြှင့်တင်သဖြင့် ပို၍ ထွန်းကား အားကောင်းလာနေသည်။ အစိုးရ၏ အားပေးချီးမြှောက်မှုသည်လည်း နောက်မကျခဲ့။ ဤကဲ့သို့ ခေတ်ကာလနှင့်အညီ ပတ်ဝန်းကျင် အခြေ[illegible]နှင့်အညီ ကာကွယ်ထိန်းသိမ်းသည်ကို ခေတ်နောက်ပြန်ဆွဲသည်ဟု [illegible] အပြစ်တင်သော နယ်ချဲ့လက်ကိုင်တုတ် အုပ်စုကလည်း တစ်မျောက်။ ဘာပဲလုပ်လုပ် အပြစ်ရှာပြီး ကဲ့ရဲ့ဖို့သာ စဉ်းစားတတ်သည်။ နယ်ချဲ့အလိုကျ ဖြိုခွဲဖျက်ဆီးချင်သဖြင့် စည်းလုံးညီညွတ်မှုနှင့် အမျိုးသားယဉ်ကျေးမှု ခိုင်မာအားကောင်းခြင်းကို သူတို့ မလိုလား။

အနောက်တိုင်း၊ အရှေ့တိုင်း မခွဲခြား။ ပန်းချီသည် ပန်းချီပဲ ဖြစ်သည်။ ဂီတသည် အားလုံးဂီတသာဖြစ်၏။ လူသားအားလုံး မည်သူမဆို အမြင်အာရုံ၊ အကြား အာရုံရှိသူတိုင်း ခံစားနိုင်သည်။ သို့ရာတွင် သူတို့ဆီက သူတို့ဓလေ့ ထုံးစံဖြင့် ထုံမွမ်းသော ပန်းချီအားလုံးကို မိမိတို့ ထပ်တူပုံတူကူး၍ မဖြစ်နိုင်။ မိမိတို့ ဤမျှ ဦးနောက် မတိမ်ကြ။

သူတို့ဓလေ့၊ သူတို့ဒေသ၊ သူတို့ယဉ်ကျေးမှုနှင့် ဖွဲ့စည်းသော ဂီတ အားလုံးကိုတော့ ကျွန်ုပ်တို့က ကော်ပီကော်ပီ ကူးနေ၍ မသင့်ပေ။ ဤသို့သော အလွယ်တကူ အတုံးလိုက် အတစ်လိုက် သွတ်သွင်း၍ ရမည်ဆိုလျှင် အနုပညာဟု မခေါ်နိုင်။ အကြမ်းပညာဟု ခေါ်ကောင်း ခေါ်ခဲ့ပေလိမ့်မည်။

အနယ်နယ်အရပ်ရပ်ရှိ အခြေခံအုတ်မြစ်ခိုင်မာကြသော ပြည်သူလူထု အတွင်းမှာကား မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုသုခုမတို့သည် အခိုင်အမာ ပျံ့နှံ့ထွန်းကားဆဲ။

၁၉၉၆-ခုနှစ် နိုင်ငံတော် အဆင့်ပြိုင်ပွဲတွင် အမှတ်ပေးသည့် စနစ်အား မေးမြန်းလေ့လာရာ အောက်ပါအတိုင်း ၁-မှတ်မှ ၁၀-မှတ်အထိ ယူနစ် ၁၀-ခုရှိသော အရည်အသွေးခြင်းရာ TRAIT ၅-မှတ် ပေးကြောင်း သိရှိရပါသည်။

ဘာသာရပ်အလိုက် အမှတ်ပေးစနစ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အဆိုအတွက် အမှတ်ပေးခြင်း (စုစုပေါင်း ၅၀-မှတ်)

(၁) သီချင်းများကို ရှေးမူရှေးဟန်မပျက် သီဆိုနိုင်ခြင်း။ (၁၀)မှတ်
(၂) အသံအတက်အဆင်း၊ အဖြတ်အတောက်၊ အဆွဲအငင် ဌာန်ကရိုဏ်းကျနခြင်း။ (၁၀)မှတ်
(၃) မိမိကိုယ်တိုင် စည်းဝါးကိုင်၍ စည်းကိုက်ဝါးကိုက် သီဆိုနိုင်ခြင်း။ (၁၀)မှတ်
(၄) ပင်ကိုသံရှိ၍ အေးမြသာယာ တည်ငြိမ်နာပျော်ဖွယ်ရှိခြင်း။ (၁၀)မှတ်
(၅) သီချင်း စာသား၏ အဓိပ္ပာယ်အလိုက် နားဆင်သူများသို့ ခံစားမှု ဖြစ်ပေါ်စေနိုင်ခြင်း။ (၁၀)မှတ်

အကအတွက် အမှတ်ပေးခြင်း (စုစုပေါင်း ၅၀-မှတ်)

(၁) ကိုယ်ခန္ဓာ အချိုးအစား ပြေပြစ်ခြင်း၊ ရုပ်ရည်ချောမောလှပခြင်း (၁၀)မှတ်
(၂) သတ်မှတ်ထားသော တီးလုံး တီးကွက်များအလိုက် စည်းကိုက်၊ ဝါးကိုက် အချက်ကျကျ ကပြနိုင်ခြင်း။ (၁၀)မှတ်
(၃) ရိုးရာ အခြေခံဖြစ်သည့် ခေါင်း၊ ခါး၊ ခြေ၊ လက် အစဉ်အလာမပျက် စနစ်တကျ က,ပြနိုင်ခြင်း။ (၁၀)မှတ်

(၄) ယဉ်ကျေးသည့်အမူအရာ မျက်နှာပေးနှင့် လက်ယူ ခြေယူ ဟန်နေ ဟန်ထား လှပသပ်ရပ်ခြင်း။ (၁၀)မှတ်

(၅) အမျိုးသားများ အမျိုးသားဟန်၊ အမျိုးသမီးများ အမျိုးသမီးဟန် ပီပီသသ က,ပြနိုင်ခြင်း။ (၁၀)မှတ်

ရုပ်သေးအတွက် အမှတ်ပေးခြင်း (စုစုပေါင်း ၅၀-မှတ်)

(၁) အရုပ်အချိုးအစား လှပပြေပြစ်ခြင်း။ (၁၀)မှတ်

(၂) ရုပ်သေး အရုပ်သဏ္ဍာန်အလိုက် သဘာဝကျကျ က,ပြနိုင်ခြင်း။ (၁၀)မှတ်

(၃) နရီ၊ စည်းဝါးတီးချက်နှင့်လိုက်အောင် က,ပြနိုင်ခြင်း။ (၁၀)မှတ်

(၄) ကြိုးဆွဲစနစ် မှန်ကန်ခြင်း။ (၁၀)မှတ်

(၅) ရုပ်သေးသမ္ပဒါအား စောင့်ထိန်းခြင်း။ (၁၀)မှတ်

အရေးအတွက် အမှတ်ပေးခြင်း (စုစုပေါင်း ၅၀-မှတ်)

(၁) သတ်မှတ်ပေးထားသော သီချင်းခေါင်းစဉ် အကြောင်းအရာကို ပေါ်လွင်အောင် စပ်ဆိုနိုင်ခြင်း။ (၁၀)မှတ်

(၂) စပ်ဆိုသုံးနှုန်းထားသော စာသားများသည် အနှစ်သာရရှိ၍ ရေးဖွဲ့ တင်ပြပုံ ပြောင်မြောက်ခြင်း။ (၁၀)မှတ်

(၃) တေးသွားသည် မြန်မာဆန်၍ နားဆင်သူတို့ စွဲမက်စေနိုင်ခြင်း။ (၁၀)မှတ်

(၄) မိမိစပ်ဆိုသော သီချင်းအား မိမိရေးသားထားသော အကြောင်းအရာနှင့် လိုက်ဖက်သည့် စည်းကိုက်ဝါးကိုက် တေးသွားဖြစ်ခြင်း။ (၁၀)မှတ်

(၅) အမျိုးဘာသာ သာသနာနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ မျိုးချစ်စိတ် ရှင်သန်ထက်မြက်စေခြင်း။ (၁၀)မှတ်

အတီးအတွက် အမှတ်ပေးခြင်း (စုစုပေါင်း ၅၀-မှတ်)
[စောင်း၊ စန္ဒရား၊ ပတ္တလား၊ နှဲ၊ တယော၊ ဆိုင်းဝိုင်း (တစ်ဦးချင်း)]

(၁) ဌာန်ကရိဏ်းကျနစွာ လက်စွမ်းပြ (၂)မိနစ်ခန့် တီးပြနိုင်ခြင်း။ (၁၀)မှတ်

(၂) သတ်မှတ်ထားသော သီချင်းများအနက် မဲကျရာသီချင်းကို ပြည့်စုံစွာ တီးမှုတ်တတ်နိုင်ခြင်း။ (၁၀)မှတ်
(၃) တူရိယာအလိုက် လက်ကျ၊ လက်န၊ အာသံ၊ လျှာသံ တီးလုံး တီးကွက်များ ပြည့်စုံကောင်းမွန်ခြင်း။ (၁၀)မှတ်
(၄) ဌာန်ကရိုဏ်းကျစွာ ဖြတ်ခြင်း၊ ဘောက်ခြင်း၊ ကြိုပို့ခြင်းနှင့် စည်းဝါး ကျကျ မှန်ကန်စွာ တီးမှုတ်နိုင်ခြင်း။ (၁၀)မှတ်
(၅) နားဆင်သူများအတွက် ဂီတ အရသာ ဖြစ်ပေါ်လာသည်အထိ ဟန်၊ မှင်၊ မောင်းပါ၍ သာယာနာပျော်ဖွယ်ဖြစ်ခြင်း။ (၁၀)မှတ်

အိုးစည်၊ ဒိုးပတ်အဖွဲ့လိုက် ပြိုင်ပွဲအတွက် အမှတ်ပေးခြင်း
(စုစုပေါင်း ၅၀–မှတ်)

(၁) အတီးတေးသွား သံစဉ်ကောင်းမွန်၍ မြန်မာသံပီသခြင်း။ (၁၀)မှတ်
(၂) တစ်ဦးချင်းမှလည်း တူရိယာအလိုက် သေသပ်ကျနစွာ တီးမှုတ်နိုင်ခြင်း။ (၁၀)မှတ်
(၃) သီချင်းစာသားများ အချက်အလက် ကျန ထိမိ ကောင်းမွန်ခြင်း။ (၁၀)မှတ်
(၄) အဖွဲ့အလိုက် အပေးအယူ မျှတ၍ ညီညွတ်စွာ ပေါင်းစပ် တီးမှုတ်နိုင်ခြင်း။ (၁၀)မှတ်
(၅) အမျိုးဘာသာ၊ သာသနာအတွက် လည်းကောင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်အတွက်လည်းကောင်း မျိုးချစ်စိတ်ဓာတ်များ ဖြစ်ပေါ်စေခြင်း။ (၁၀)မှတ်

ဆိုင်းဝိုင်းကြီး (အဖွဲ့လိုက်)
ပြိုင်ပွဲအတွက် အမှတ်ပေးခြင်း (စုစုပေါင်း ၅၀–မှတ်)

(၁) အတီးသံစဉ်များ မှန်ကန် ညီညွတ်ခြင်း။ (၁၀)မှတ်
(၂) တူရိယာတစ်ခုချင်းအလိုက် တစ်ဦးချင်းစီမှ သေသပ်ကျနစွာ တီးမှုတ်နိုင်ခြင်း။ (၁၀)မှတ်

(၃) သီချင်းစာသား ကောင်းမွန်၍ တိုင်းကျိုးပြည်ပြု အကျိုးဖြစ်ထွန်းခြင်း။
(၁၀)မှတ်

(၄) ဆိုင်းဝိုင်းတစ်ခုလုံး အပေးအယူ မျှတ၍ ညီညွတ်စွာပေါင်းစပ် တီးမှုတ်နိုင်ခြင်း။
(၁၀)မှတ်

(၅) ဆိုင်းဝိုင်းကြီးတစ်ခုလုံး၏ သမ္မဇဉ် တီးလုံးများအရ ပညာရှင်အဆင့်နှင့် ဝါသနာရှင်အဆင့်တွင် ပျိုးချို၊ နရီတီးလုံး၊ ဝါးလတ်တီးလုံး၊ နံ့ထပ်ပတ်ထပ် အပါအဝင် လက်စွမ်းပြ မိနစ် ၃၀–အားလည်းကောင်း၊ အဆင့်မြင့်နှင့် အခြေခံပညာ ၁၂–နှစ် အထက်၊ အောက်အဆင့်တွင် လာချေပြီ။ မြင်းခင်းကြိုး၊ မြန်ပြေနယ် ဓမ္မာဘောင် (မြင်းခင်း)နှင့် ဗလာဆိုင်းဟန်ချက် အပါအဝင် လက်စွမ်းပြ ၂၀–မိနစ်အား တီးမှုတ်နိုင်ခြင်း။

ယခုနှစ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ဆုချီးမြှင့်မည့် ငွေသားစုစုပေါင်းမှာ ၇၉၁၀၀၀၀ (ခုနစ်ဆယ့်ကိုးသိန်း တစ်သောင်း ကျပ်တိတိ)ရှိကြောင်း သိရှိရသည်။ ဆုတော်ငွေတစ်ခုချင်းမှာ အောက်ပါအတိုင်း ဖြစ်ကြလေသည်။

(က) အဆိုပြိုင်ပွဲ (ကျား+မ)–မဟာဂီတ၊ ဓမ္မတေး၊ ကာလပေါ်

(၁) ပထမဆု (၆) ဆု	၁၈၀၀၀ိ/–နှုန်း
(၂) ဒုတိယဆု (၆) ဆု	၁၂၀၀၀ိ/–နှုန်း
(၃) တတိယဆု (၆) ဆု	၉၀၀၀ိ/–နှုန်း

(ခ) အကပြိုင်ပွဲ (ကျား+မ) (ရုပ်သေးပြိုင်ပွဲ–ပညာရှင်အဆင့်)

(၁) ပထမဆု (၂)ဆု	၆၀၀၀ိ/–
(၂) ဒုတိယဆု (၂)ဆု	၄၀၀၀ိ/–
(၃) တတိယဆု (၂)ဆု	၃၀၀၀ိ/–

(ဂ) အရေးပြိုင်ပွဲ (ကျား သို့မဟုတ် မ)

(၁) ပထမဆု (၁)ဆု	၃၀၀၀ိ/–
(၂) ဒုတိယဆု (၁)ဆု	၂၀၀၀ိ/–
(၃) တတိယဆု (၁)ဆု	၁၅၀၀ိ/–

(ဃ) အတီးပြိုင်ပွဲ (ဆောင်း၊ ပတ္တလား၊ စနွရား၊ နှဲ၊ တယော)

(၁) ပထမဆု (၈)ဆု	၂၄၀၀၀၀ိ/-
(၂) ဒုတိယဆု (၈)ဆု	၁၆၀၀၀၀ိ/-
(၃) တတိယဆု (၈)ဆု	၁၂၀၀၀၀ိ/-
(၄) ဆိုင်းဝိုင်းတစ်ဦးချင်း ပထမဆု	၃၅၀၀၀ိ/-
(၅) ဆိုင်းဝိုင်းတစ်ဦးချင်း ဒုတိယဆု	၂၅၀၀၀ိ/-
(၆) ဆိုင်းဝိုင်းတစ်ဦးချင်း တတိယဆု	၂၀၀၀၀ိ/-
(၇) အဖွဲ့လိုက်	၅၀၀၀၀ိ/-
(၈) ဒုတိယဆု	၄၀၀၀၀ိ/-
(၉) တတိယဆု	၃၀၀၀၀ိ/-

(၁၀) ဆိုင်းဝိုင်းကြီး (အမျိုးသမီး)၊ ဝါသနာရှင်အဆင့်
ပထမ ၅၀၀၀၀ိ/-၊ ဒုတိယ ၄၀၀၀၀ိ/-၊ တတိယ ၃၀၀၀၀ိ/-
(ကျပ် စုနစ်ဆယ့်ကိုးသိန်း တစ်သောင်းတိတိ)

ချစ်နိုင် (စိတ်ပညာ)
မြဝတီရွာနယ်
အတွဲ(၇)၊ အမှတ်(၂၀)
၁၉၉၆၊ ဩဂုတ်လ (၁)ရက်

☆ ☆ ☆

ဝတ္ထုတို ရွှေခေတ် ရောက်ပြီလား

ရွှေတစ်ကျပ်သားလျှင် (၂၈ဝိ/–)ဈေးနှုန်း ရှိခဲ့သော လွတ်လပ်ရေး ရစ, အချိန်ကာလ၌ စာရေးဆရာ သော်တာဆွေသည် ဝတ္ထုတို တစ်ပုဒ်လျှင် (၃ဝဝိ/–) ဉာဏ်ပူဇော်ခ ရခဲ့ဖူးသည်။ သော်တာဆွေ ကလောင်အမည် လျှမ်းလျှမ်းတောက် လူကြိုက်များချိန်၌ ရှမဝဦးကျော်သည် စာမူရသည်နှင့် ဆရာသော်တာဆွေကို ရော့ (၃ဝဝိ/–)၊ ချက်ချင်းပေးတတ်သည်။ ရှမဝ၊ မြဝတီ၊ သွေးသောက် ၂ ကျပ်တန် မဂ္ဂဇင်းကြီးများသည် အပြိုင်အဆိုင် ကောင်းသည်ထက် ကောင်းအောင် ကြိုးစားထုတ်ဝေကြလေသည်။

မျက်မှောက်ခေတ်မှာ ဝတ္ထုတိုတစ်ပုဒ် စာမူခ ၄ဝဝ–၅ဝဝိ မျှသာ ဖြစ်လေသည်။ ရွှေဈေး သုံးသောင်းခွဲ ရှိနေသောအချိန်ကာလမှာ ဝတ္ထုတို စာမူခသည် ရှေးကထက် အဆ ၁ဝဝ ပုံ ၁ ပုံမျှသာ ရတော့၏။ နည်းလာ၏။ နှိုင်းယှဉ်ကြည့်ပြီး ဆိုနိုင်ပါ၏။ ကျော်ပေ့ တော်ပေ့ဆိုသော အမည်ထင်ရှားသော ကလောင်များကိုတော့ ကျပ်တစ်ထောင်၊ နှစ်ထောင် ပေးကြသော်လည်း အလွန်ပင် ရှားပါးလှပါသည်။ တစ်ယောက် နှစ်ယောက်သာပါ။

ဝတ္ထုတိုတွေ ညံ့လာသည်ဟု ဆိုသူတွေက ဆို၏။ ဝတ္ထုတိုရေးခ,တွေကလည်း ဈေးကျတာကိုးဟု ပြောသူက ပြော၏။ ဟောဗျာ–ယခု ၂ နှစ် ၃နှစ် အတွင်းမှာတော့ ဝတ္ထုတိုပြိုင်ပွဲတွေကို အစိုးရမဟုတ်သော ပြင်ပပုဂ္ဂလိက စေတနာရှင်မဂ္ဂဇင်း၊ အသင်းအပင်းတွေကလည်း အားပေးချီးမြှောက်လာကြသည်။ မြန်မာစာ လောကအတွက် အားတက်ကြည်နူးစရာ ဖြစ်၏။

ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေဗိမာန် ဝတ္ထုတိုပေါင်းချုပ် စာမူဆုမှာ ပထမ ၃ဝဝဝဝိ/–၊ ဒုတိယ ၂၅ဝဝဝိ/–နှင့် တတိယ ၂ဝဝဝဝိ/–ကျပ်

ပေးနေလျက် ရှိပါသည်။

မိုးရထားဝန်ကြီးဌာန၊ မြတ်မိခင် လူမှုရေးအသင်းအဖွဲ့က စာပေတိုးတက်ရေးကို ရှေ့ရှုလျက် ဝတ္ထုတိုပြိုင်ပွဲ ဖိတ်ခေါ်ကျင်းပပေးခဲ့သည်။ မောင်ထင်၊ မြသန်းတင့်၊ တက္ကသိုလ်ဘုန်းနိုင်၊ နုနုရီ(အင်းဝ)၊ မောင်စိန်ဝင်း(ပုတီးကုန်း)တို့က အကဲဖြတ် ရွေးချယ်ကြသည်။ ပထမအကြိမ် ဆုငွေမှာ ပမာဏ မနည်းပါ။

ပထမဆု ၁ ပုဒ် = ကျပ် ၂၀၀၀၀၀ိ/- တိတိ (နှစ်သိန်း)

ဒုတိယဆု ၁ ပုဒ် = ကျပ် ၁၅၀၀၀၀ိ/- တိတိ (တစ်သိန်းခွဲ)

တတိယဆု ၁ ပုဒ် = ကျပ် ၁၀၀၀၀၀ိ/- တိတိ (တစ်သိန်း)

နှစ်သိမ့်ဆု ကျပ် ၃၀၀၀၀ိ/- စီ။

ရွှက်နဝေမဂ္ဂဇင်းကလည်း ဝတ္ထုတိုပါအဝင် မဂ္ဂဇင်းမှာ ပါခဲ့သမျှထဲမှ အကောင်းဆုံးတွေကို ဆုပေးခဲ့သည်။

မိုးမိုး(အင်းလျား) အမှတ်တရ ဝတ္ထုတိုပြိုင်ပွဲကလည်း ယခုအခါ (တတိယ) အကြိမ် ရှိလာပြီ။ အောင်သင်း၊ မောင်စွမ်းရည်၊ ခင်ဆွေဦး၊ စာအိုး စသူတို့က အကဲဖြတ် ရွေးချယ်ခဲ့ကြသည်။ ယခုနှစ် ဆုငွေမှာ ပမာဏ မနည်းပါ။

ပထမဆုဝတ္ထုတို ၁ ပုဒ် = ၃၅၀၀၀ိ/-

ဒုတိယဆုဝတ္ထုတို ၁ ပုဒ် = ၂၅၀၀၀ိ/-

တတိယဆုဝတ္ထုတို ၁ ပုဒ် = ၂၀၀၀၀ိ/-

မြဝတီစာပေတိုက်က ငွေတာရီဝတ္ထုတိုပြိုင်ပွဲကို နိုဝင်ဘာ(၂)ရက်နေ့က ရွေးချယ် ဆုပေးပြန်သည်။ လာသမျှ ပြိုင်ပွဲဝင် ဝတ္ထုတိုများထဲမှ အနှစ်သက်ဆုံး (၁၂)ပုဒ်ကို ငွေတာရီမှာ တစ်နှစ်တာအတွက် လစဉ် ဖော်ပြထားမည်ဖြစ်သည်။ ကျော်အောင်၊ မင်းယုဝေ၊ ငွေးမောင်၊ တင်သန်းဦးနှင့် ချစ်နိုင်(စိတ်ပညာ)တို့က ဖတ်ရှုပြီး ရွေးချယ်ပေးခဲ့ကြသည်။ ဆုငွေပမာဏမှာ–

ပထမဆု ၃၅၅၀၀ိ/- ရသူ သန်လျင်မောင်မောင်ဦး

ဒုတိယဆု ၃၀၀၀ိ/- ညောင်ခါးရှည် မိုင်းဝေ

၃၀၀၀ိ/- ချစ်ဆွေမောင်

တတိယဆု ၂၅၀၀ိ/- တက္ကသိုလ်နန်းဖြူဖြူထွန်း

၂၅၀၀ိ/- ဝင်းမြင့်(ချောင်းဦး)

စုစုပေါင်း ၁၂ ဆုအတွက် ၂၂၂၅၀၀ိ/- ပေးလေသည်။

ထင်ပေါ်လျှင် စင်တော်ကကောက်သည် ဟူသော စကားကဲ့သို့ ကလောင်ဟောင်း ကလောင်သစ် မခွဲခြားဘဲ အားပေးပျိုးထောင် ဆုပေးနေသော အသင်းအဖွဲ့တွေ များပြားလာခြင်းသည် ပုဂ္ဂလိကလုပ်ငန်း စီးပွားရေးကို အစိုးရက အားပေးမြှင့်တင်နေသော မူဝါဒ၏ အသီးအပွင့်တွေလည်း ဖြစ်သည်။ အစိုးရကချည်း နှစ်စဉ် စာပေဗိမာန်စာမူဆု၊ အမျိုးသားစာပေဆုတွေ ပေးခဲ့ပါသည်။ အစိုးရမဟုတ်သော အသင်းအပင်း မဂ္ဂဇင်းတိုက်၊ စာပေတိုက်များမှ ယခုကဲ့သို့ အရှိန်အဟုန်ဖြင့် ဆုပေးခြင်းမျိုးမှာ ရှေးအခါက ရှမဝ တစ်ထောင်ဆု (ဝတ္ထုရှည်) စသည်ဖြင့် အခါအားလျော်စွာ ရှိခဲ့ဖူးသော်လည်း ဝတ္ထုတိုအနေဖြင့် မျက်မှောက်ခေတ်သည် ရွှေခေတ်ဟုပင် ဆိုနိုင်ပြီ။ ဖြိုင်ဖြိုင်ဝေသည်။

ဝတ္ထုတိုပေါင်းချုပ်အတွက် ပထမဆု ၅၀၀၀ဝိ/-၊ ဒုတိယဆု ၃၀၀၀ဝိ/-ကျပ်၊ ပစုက္ကူ ဦးအုံးဖေ စာမူဆုပြိုင်ပွဲက ရွေးချယ် ဆုချီးမြှင့်လေသည်။

ဝတ္ထုတိုရေးသားလိုကြသူများအတွက် မိမိသာအမှန်တကယ် အရည်အသွေး ထက်မြက်ပါက ဆုချီးမြှင့်ပေးကြမည့် စင်မြင့်တွေကား အဆင်သင့်။ အားတက်ဖွယ်ရာရှိပေစွာ့ဟု စဉ်းစားမိပါသည်။ ရေးကြပါကုန်။

၁။ ပစုက္ကူဦးအုံးဖေ — ဝတ္ထုတို ပေါင်းချုပ်စာမူ
၂။ မြတ်မိခင် — ဝတ္ထုတို တစ်ပုဒ်ချင်းစာမူ
၃။ ရွှက်နုဝေမဂ္ဂဇင်းထဲပါ — ဝတ္ထုတို
၄။ မိုးမိုး(အင်းလျား)အမှတ်တရ — ဝတ္ထုတို တစ်ပုဒ်ချင်းစာမူ
၅။ ငွေတာရီ — ဝတ္ထုတို တစ်ပုဒ်ချင်းစာမူ

ဝတ္ထုတိုပြိုင်ပွဲများနည်းတူ အခြားသော ဝတ္ထုတိုဆုပေးသည့် ဖောင်ဒေးရှင်း (သို့) စာပေတိုက်နှင့် မဂ္ဂဇင်းတိုက်တွေလည်း တိုးပွားလာပါစေဦးဟု ဆန္ဒပြုပါ၏။ မြန်မာစာပေ တိုးတက်ရေးမှာ စာပေနယ်သားအားလုံး၏ ဆုတောင်းပတ္ထနာပင် ဖြစ်ပါသတည်း။

ချစ်နိုင် (စိတ်ပညာ)

☆ ☆ ☆

မုဒိတာဖြင့် ကြိုဆိုပါ၏

ဒေါက်တာထွန်းရွှေ၊ ဆရာဝန်မောင်သင်တို့သည် စာရေးကောင်းသော ဆေးပညာရှင် စာရေးဆရာများ ဖြစ်ကြလေသည်။ တစ်ခေတ်တစ်ခါက သူတို့၏ ဝတ္ထုများကို စာဖတ်ပရိသတ်သည် တောင့်တ,မျှော်လင့်စွာ စောင့်စား၍ ဖတ်ခဲ့ကြ၏။ ဆယ်စုခေတ်နှစ်ခေတ်မျှ ကျော်လွန်သွားသည့် အခါတွင်လည်း ဆရာဝန်စာရေးဆရာတို့၏ ဆေးပညာပေး လုံးချင်းစာအုပ်များ၊ မဂ္ဂဇင်းများရှိ ဆောင်းပါးဝတ္ထုများကို စာဖတ်ပရိသတ်သည် လိုလားနှစ်သက်စွာ ဖတ်ရှု အားပေးနေကြဆဲဖြစ်ကြောင်း တွေ့ရလေသည်။

ဒေါက်တာလှရွှေ၊ ဒေါက်တာမောင်မောင်ညို၊ ကမ္ဘာ့စခင်လှိုင်၊ ဆရာဝန် တင်ရွှေ၊ ဒေါက်တာတင်ဦး၊ ဒေါက်တာနန်းဥမ္မာ၊ ဒေါက်တာ အုန်းမောင်၊ ဒေါက်တာ အုန်းမောင်(မိုးကုတ်)၊ လုပ်သားဆရာဝန်၊ ဒေါက်တာအုန်းကျော် စသည့် စာရေးဆရာများသည် ဆေးပညာဆိုင်ရာ အတတ်ပညာကို မိမိ သိရှိနားလည်ရုံဖြင့် မရပ်မနား၊ စာဖတ်ပရိသတ် ပြည်သူ အများ ရှင်းလင်းလွယ်ကူစွာ ပညာပေး ရေးသားကြသည်။ အကြောင်းခြင်းရာ ကိုယ်၌ကလည်း သိမှတ်စရာ၊ တင်ပြပုံကလည်း နှစ်သက်ဖွယ်ရာ ညက်ညော ချောမောစွာ။ ရေးရှသော စေတနာကလည်း ထက်သန်ဖြူစင် မွန်မြတ်စွာ။ ထို့ကြောင့်ပင် ဆရာတို့ကို စာဖတ်ပရိသတ်က ချစ်ခင်လေးစားကြသည်။ ဆရာတို့၏ စာအုပ်များ၊ ဆောင်းပါးဝတ္ထုများကို ဖတ်ရှုအားပေးသူ များပြားသည်။ အချို့စာအုပ်များသည် အကြိမ်ပေါင်းများစွာ အထပ်ထပ်အခါခါ ရိုက်နှိပ်ကြရသည်။ ရောင်း၍ မလောက်င။ အုပ်ရေ သောင်းချီ ရိုက်ခဲ့ပြီးသော်လည်း ရောင်းကောင်းနေဆဲ။

လွန်ခဲ့သည့် နှစ်အတန်ကြာခန့်က ဗိုမဆိုင်ရာ လိင်ပညာပေးစာအုပ်မျိုး ရောင်းလို့ကောင်းသည်ဆိုပြီး စာရေးသူအချို့သည် ဗိုမပညာပေးတွေ စက်နှင့်လှည့်ထုတ်သလို တစ်အုပ်ပြီးတစ်အုပ် ထွက်လိုက်ကြ၏။ ထိုသူတို့သည် ဆေးပညာရှင် ဟုတ်သလား၊ မဟုတ်သလားတော့ မသိပါ။ ရေရှည်ဆက်ပြီး ပညာပေး ရေးသားပြုစုခြင်းတော့ မရှိ။ စေတနာပါပါဖြင့် ကြာရှည်ကြာမြော စာပေရေးသားခြင်းအလုပ်ကို လုပ်နိုင်သူများတော့ ဟုတ်ပုံမပေါ်ပါ။ ထို စာရေးသူများ၏ အမည်မှာ မှုန်ရာမှမှေး၊ မှေးရာမှဝါး၊ ဝိုးတဝါးမှ လုံးဝ ပျောက်ကွယ်သွားခဲ့ကြချေပြီ။ စေတနာသည် အတုလုပ်၍ မရပါ။

တစ်နှစ်၊ နှစ်နှစ် ကာလမျှသော ယခုတလောတွင် လုံးချင်းဝတ္ထုလောကမှာ သိသိသာသာ စိတ်ပျက်စရာကောင်းနေသည်ဟု ညည်းညူကြသူ များလာသည်။ အနှစ်သာရရှိရှိ၊ ဦးတည်ချက် ထိထိမိမိ အရေးအသား ပြေပြေပြစ်ပြစ်နှင့် အားရစရာ လုံးချင်းဝတ္ထုရှည်ဟူ၍ အလွန်ရှားပါးလှသည်။ အမျိုးသားစာပေဆုမှာ ဝတ္ထုရှည်ဆု မပေးနိုင်ခဲ့။ အဆင့်မီသော ဝတ္ထုရှည် များများမထွက်ခဲ့ဟု စာဖတ်ပရိသတ်တို့က ဆိုခဲ့ခြင်းသည် စကား မလွန်ပါချေ။

စာရေးဆရာ မြသန်းတင့်၊ ဆင်ဖြူကျွန်း အောင်သိန်း၊ အောင်သင်း၊ မောင်စွမ်းရည်၊ ထီလာစစ်သူ စသည့် ပုဂ္ဂိုလ်များကလည်း ဝတ္ထုရှည်များထက် ဝတ္ထုတိုများသည် ပိုမိုအားရ ကျေနပ်ဖွယ် ကောင်းကြကြောင်း သုံးသပ်ဖော်ပြကြသည်ကို တွေ့ရပါသည်။

မှန်ပါသည်။

ဝါရင့်စာဖတ်သူများသည် မဂ္ဂဇင်းဝတ္ထုတိုများကို အလေးပေးကာ အာရုံစိုက်ဖတ်ရှုလာကြသည်။ ပို၍လည်း နှစ်သက်လာကြသည်။ အငှားဆိုင်များ၌လည်း ဝတ္ထုတိုကောင်းတစ်ပုဒ်ပါသော မဂ္ဂဇင်းသည် ငှား၍လက်မလည်တော့။ ၂ လ ကျော်သော်လည်း တန်းစီစောင့်ပေရော့။ တစ်အုပ်လုံးမှာ ဝတ္ထုတိုကောင်းကောင်း တစ်ပုဒ်မျှ မပါသော မဂ္ဂဇင်းကား မငှားရ။ မျက်နှာငယ်လှသည်။

မျက်မှောက်ခေတ် ဝတ္ထုတိုလောက၏ အလားအလာမှာ အားရ ဝမ်းမြောက်စရာဖြစ်ပါသည်။ ရေးသူများကလည်း ကြိုးစားပမ်းစား ရေးသား တင်ပြကြသည်။ ကလောင်သစ် စာရေးဆရာတစ်ဦးသည် မဂ္ဂဇင်းတိုက်တစ်ခုသို့ ဝတ္ထုတို ၂၆ ပုဒ် တစ်ပြိုင်တည်း ပို့လိုက်သည်ဟု စာတည်းတစ်ဦးက ဆိုဖူးပါသည်။ အားထုတ်မှုရှိကြကြောင်း ထင်ရှားပေါ်လွင်ပါသည်။

ထို့ကြောင့် အရွေးခံရသော ဝတ္ထုတိုသည် လက်ရွေးစင်ပီပီ လက်ရာက သေသပ်ကောင်းမွန်လေသည်။ ဖတ်ရှုကြသူများကလည်း တလေးတစား စောင့်ဖတ်ပြီး ဝေဖန်ဆွေးနွေးကြသည်။ ကောင်းလျှင် ကောင်းသလောက် ကောင်းသတင်းသည် တဖုံဖုံ သင်းလေပြီ။ စာရေးဆရာကိုလည်း ချီးကျူးသည်။ စာတည်းကိုလည်း ချီးကျူးသည်။ မဂ္ဂဇင်းဝတ္ထုတို အများစုသည် ကောင်းကြပါပေသည်။ ညံ့တာ အလွန်ပါခဲသည်။ စာတည်းများ ဂရုတစိုက်ရွေးချယ်ကာ အသန့်ဆုံး၊ အကောင်းဆုံးပါအောင် အလုပ်,လုပ်နေကြသည်မှာ သိသာ ထင်ရှားသည်။

ယခုအခါ မဂ္ဂဇင်းတွေ အုပ်ရေ ၃၀ ခန့် လစဉ် ထွက်နေလေပြီ။ ဝတ္ထုတို နယ်မြေ မပြိုင်၍ မရ။ ဝတ္ထုတိုကောင်းကောင်းသာ မပါဘဲ ထုတ်ဝေကြည့်ပါလား ထိုမဂ္ဂဇင်း လေးငါးလအတွင်း စိုက်ဆင်းကျသွားလိမ့်မည်ဟု ထင်ပါသည်။

ဝတ္ထုတိုစာရေးဆရာသည် စာမူခ များများမရနိုင်သော်လည်း ပရိသတ်၏ လေးစားမှုကို ရသဖြင့် အားထုတ်ကြိုးပမ်းရကျိုးနပ်သည်ဟု ဆိုရပါမည်။ ထို့ကြောင့်လည်း အပြိုင်အဆိုင် လုံ့လစိုက်၍ ရေးသားနေကြပါသည်။

ကြိုးကြိုးစားစား ဝတ္ထုတို ရေးသားကြသူများအနက် ရှေ့ဆုံးတန်းမှာ စုစုဝေးဝေး ချွန်ထွက်၍ တော်နေကြသည်ဟု ဤစာရေးသူထင်သော သူများတွင် ဆရာဝန် လူငယ်လေးတွေ ပါဝင်ကြောင်း တွေ့ရပါသည်။ ဒေါက်တာငွေစိုး၊ မြနှောင်းညို၊ ညိုမင်းဝေ၊ ပြေ၊ လင်း၊ ဝင်းဝင်းလတ်၊ လူမျိုးနော်၊ နိုင်ဇော်၊ ကျော်စွာထက်၊ ဒေါက်တာရဲနိုင်၊ တင်မောင်သန်း၊ ဂျူး စသည့် သူတို့၏ဝတ္ထု များသည် ဦးတည်ချက် ကောင်းကြ၏။ စာရေးဆရာ၏ ဆိုလိုချက် စေတနာ လည်းကောင်းသည်။

အရေးအသားလည်း ညက်သည်။ ချောသည်။

ဝတ္ထုတို အတတ်ပညာ ရှိကြသည်။ ရသ ပေါ်သည်။ ဖွဲ့ရစ်ခဲ့သည်။ စာရေးသူသည် သူတို့ကို လူချင်းမသိ။ မြင်လည်း မမြင်ဖူးပါ။ ဘာ့ကြောင့် သူတို့ကို ချစ်ခင်လေးစားပါသနည်း။ ဆုပုကြိမ်းမောင်းသံ မပါ၊ ဝင့်ဝါ မာနသံ မပါ၊ ကြည်လင်စွာ ပြုံး၍ ချိုသာစွာ ပြောဆိုနေသော ဆရာဝန်၏ လေသံပမာ သုတိသာယာ ရှိလှသည်။ သူတို့ရေးပြသော ဝတ္ထုတိုများသည် သူတို့၏ အတွေးခြေရာလေးတွေ ဖြစ်ပါသည်။ သူတို့၏ မွန်မြတ်ဖြူစင်သော စေတနာကို မြင်ရတွေ့ရသည်။ ပိတ်အလှကို ထိတွေ့ခံစားရသည်။ အပေါဝတာ၊ ဘောင်းရေလစွာ။

သူတို့သည် ဆရာဝန်များ ဖြစ်ကြသည်။ ဆေးတက္ကသိုလ်က ဆင်းခဲ့ကြသည်။ ဆေးတက္ကသိုလ်ဆိုသည်မှာ တက္ကသိုလ်ဝင်တန်း အမှတ် အတော်ကောင်းမှ ရောက်နိုင်ကြပါသည်။ သာမန်အထက် အမှတ်ရခဲ့သူများဟု ဆိုနိုင်ပါ၏။ အမှတ်ကောင်းဖို့မှာ စာအတော်ကြိုးစားရပါသည်။ စာတော်ဖို့သည် လုံ့လဝီရိယ ထက်သန်ပြင်းပြရပါသည်။ လုံ့လပြင်းထန်သူ၊ ဉာဏ်ရည်မြင့်သူဟု မျှော်လင့်ရသည့် ဆေးပညာရှင်များထဲမှ စာပေလိုက်စားပြီး ထူးခြားအောင်မြင်လာသူများကို ကြည့်၍ ဝမ်းမြောက်ကျေနပ်မိပါ၏။ စာပေနယ်အတွက် အားတက်မိပါ၏။ စာရေးသူသည် သူတို့၏အရည်အချင်း တော်ခြင်းဟူသော စွမ်းရည်ထက် စိတ်ရင်းကောင်းသော စေတနာ၊ မေတ္တာတရားရှိခြင်း ဟူသော စွမ်းအားကို ပိုမိုအားကျ အတုယူချင်ပါ၏။ ပို၍ လေးစား၏။

စကားအတွန့်တက်စရာ ရှိပါသည်။ ဆရာဝန်တွေမို့ ရွေးပြီး ချီးကျူးချင်သလား။ တခြား ကလောင်တွေကော မတော်လို့လား။ ဤသို့ မေးလာလျှင် စေတနာအမှန်အတိုင်း ဖြေပါမည်။ ဘာမို့ညာမို့ ရွေးပြီးတင်ပြခြင်း မဟုတ်ရပါ။ စက်မှုတက္ကသိုလ်မှထွက်သော မစန္ဒာ၊ စိန်ဂျွန်းမာလေး၊ နှမ်ဂျာသိုင်း၊ မောင်မှိုင်းလွင်၊ မောင်စိန်ဝင်း (ပုတီးကုန်း)၊ မော်ရှုးဆိုး၊ ကျော်ဦး(စက်မှုတက္ကသိုလ်)နှင့် မမြင့်ခိုင် စသည် စသည် စာရေးဆရာတွေလည်း တော်လည်းတော်ပြီး ကောင်းလည်း ကောင်းလှပါသည်။ ဆောင်းပါးရှည်မည်စိုး၍ အမည်စာရင်းများ ချန်ခဲ့ခြင်းကို နားလည် ခွင့်လွှတ်စေလိုပါသည်။ မချစ်စုသရက်သီး ချိုသည်ဟု ပြောခြင်းသည် အောင်တင်၊ ရင်ကွဲနှင့် စံရ စသည့် သရက်သီးများကို ခါးသည်၊ ချဉ်သည် မပြောပါ။

အခြားသော တက်သစ်စ ကလောင်ပေါင်းများစွာ၏ တစ်ယောက်တစ်မျိုးစီ ထူးချွန်သော အရည်အသွေး၊ ကြီးမားသော လုံ့လ အားထုတ်မှုတို့ကိုလည်း အားရဝမ်းမြောက်စဖွယ် တွေ့နေရပါသည်။ ထိုထိုသော အသစ်အသစ် စာရေးဆရာများသည် အနာဂတ်စာပေလောကမြေတွင် အောင်မြင်နိုင်မာစွာ ခြေချနိုင်ကြပါစေ။ ဝမ်းသာအားကျစွာ မုဒိတာပြင့် ကြိုဆိုပါသည်။ အားထုတ်သူများ ဆက်လက်ကြိုးစား အားထုတ်ကြပါကုန်။

ချစ်နိုင် (စိတ်ပညာ)

သောင်းပြောင်းထွေလာ ရယ်စရာ

အတွဲ (၂၁)၊ အမှတ်(၈)၊ ၁၉၈၅ ၊ဩဂုတ်လ

☆ ☆ ☆

ကျေးရွာစာကြည့်တိုက်များ ထွန်းကားပြန့်ပွားလာရေး

စာရေးဆရာအောင်သင်းသည် ထင်ရှားသော စာရေးဆရာ ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကပင် သူရေးသည့် "ချိုတကူးနှင့် ဂုဏ်ရည်မတူ"ဟူသော စာမျိုးသည် အထက်တန်းကျောင်းသားဖြစ်သော ကျွန်တော်တို့ကို ရသနှင့် အတွေးအမြင် ပေးခဲ့ပါ၏။ ဆရာအောင်သင်းသည် ရန်ကုန်တက္ကသိုလ်၊ ပြင်ဦးလွင်စစ်တက္ကသိုလ်၊ ပြင်ပ အလွတ်ကျူရှင်ကျောင်း စသည်တို့တွင် မြန်မာစာပြဆရာအဖြစ်လည်း နှစ်ပေါင်းများစွာ တစ်ဖက်က လုပ်ခဲ့သဖြင့် ကျောင်းဆရာပီသစွာ သင်ကြားပြသမှုကို အတွေ့အကြုံအရပင် ကျွမ်းကျင်နိုင်နင်းခဲ့လေသည်။

ကျောင်းဆရာဟုဆိုတိုင်း စာအသင်အပြမှာ ကောင်းနိုင်ကြသည်မဟုတ်ပါ။ ဆရာအောင်သင်းကမူ စာဖတ်အား အလွန်တရာများခဲ့ခြင်း၊ မြန်မာစာ မြန်မာစကားကိုလည်း စိတ်ပါဝင်စားခြင်း၊ မူလကပင် အဟောအပြောကို ဝါသနာထုံခြင်း စသည်တို့ကြောင့် စာသင်ကောင်းသော ကျောင်းဆရာအဖြစ်လည်း ထင်ရှား၏။ စာရေးကောင်းသော ဆောင်းပါးရေးဆရာအဖြစ်လည်း ကျော်ကြား၏။ ထို့အပြင် အဟောအပြောကောင်းသော စာရေးဆရာအဖြစ်လည်း နိုင်ငံတစ်ဝန်း အလွန်ကျော်စောလေ၏။

အချို့သော မြို့နယ်တို့မှာ ဆရာအောင်သင်း ဟောပြောခဲ့သော ဟောပြောပွဲ ဟောပြောချက်များကို ဒေသခံ စာပေဝါသနာရှင်များက ကက်ဆက်တိပ်ခွေဖြင့် ဖမ်းထား၏။ ထိုအသံသွင်းခွေများမှာ ထိုမြို့ရှိ အဝေးပြေးကားဂိတ်၊ ကားပိုင်ရှင်၊ ဂိတ်မှူး၊ စပယ်ယာ၊ ဒရိုင်ဘာတို့က ခရီးရှည်လျှား၍ ငြီးငွေ့စရာကောင်းသော

လမ်းတစ်လျှောက်မှာ ကက်ဆက်ဖွင့်ပေးသွားခဲ့ကြ၏။ တစ်ခါတစ်ရံ တေးသီချင်းတွေ၊ တစ်ခါတစ်ရံ ပြဇာတ်တွေ၊ ဇာတ်ထုပ်တွေ၊ နံနက်စောစောမှာ ပရိတ်တရားတော်တို့ကို ဖွင့်ပေးသွားတတ်ကြသည်။ ထိုအထဲမှာ ဆရာအောင်သင်း၏ ဟောပြောချက်တိပ်ခွေများသည် ရေပန်းစားသည်၊ လူကြိုက် များသည်။ ရဟန်းရှင်လူ၊ လူငယ်၊ လူကြီး၊ ပညာတတ်၊ ပညာမတတ်၊ ဆင်းရဲချမ်းသာမဟူ ခရီးသွားသူ အတော်များများက နှစ်ခြိုက်သဘောတွေ့သည်။ အထူးသဖြင့် မြေလတ်ဒေသ ချောက်၊ ကျောက်ပန်းတောင်း၊ ရေနံချောင်း၊ မကွေးတစ်ဝိုက်မှ မန္တလေးသို့လည်းကောင်း၊ ရန်ကုန်သို့လည်းကောင်း ပြေးဆွဲကြသည့် ကားကြီးတိုင်းသည် ဆရာအောင်သင်းအခွေကို ဆောင်ထားကြသည်။ ဖွင့်ပေးသွားကြသည်။

ပရိသတ်၏ ဝေါခနဲ ရယ်မောပွဲကျသံနှင့်အတူ ခရီးသည်များလည်း ပြုံးရယ်ရသည်။ လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် ထိထိမိမိ ချက်ကျကျ ပြောပုံများကိုလည်း ခရီးသည်တွေ သဘောကျကြသည်။

ဟောဗျ၊ အခုမှ တကယ်လာပြီ။ ဆရာအောင်သင်း၊ **"တကယ့်အနုပညာ"** တဲ့၊ ရန်ကုန်မြို့၊ ၃၃-လမ်း၊ အမှတ် (၁၇၃)ရှိ စာပေလောက စာအုပ်တိုက်က ထုတ်ဝေသည့် ထူးထူးခြားခြား အသံထွက်စာအုပ်၊ ထူးခြား တီထွင်သော အလုပ်၏ ရှေးဦး၁စ နံပါတ်တစ်။

စာရေးဆရာမ ဂျူးရေးသော "ရေမျောသီး"ဟူသော ဝတ္ထုကို တစ်စုံတစ်ယောက်က ဖတ်ပြသည့် ကက်ဆက်ခွေလည်း ထွက်နေပြီဟု ကြားရသည်။ ဝတ္ထုစာအုပ်သည် ဝတ္ထုကက်ဆက်အခွေဘဝသို့ ပြောင်းလာပြီ။

ဟောပြောချက်၊ စာတမ်းဖတ်ကြား၊ ဆွေးနွေးချက်များကို ကက်ဆက်နှင့် မှတ်တမ်းတင်ပြီးသော စာအုပ်အဖြစ် ပုံနှိပ်၊ ဤကဲ့သို့ ဖြစ်စဉ်ရေစီးကြောင်းများ ရှိခဲ့ဖူးသည်။

ဟော...ယခုမှ ဟောပြောချက်ကို မူရင်း ဟောပြောချက်အတိုင်း ကက်ဆက်ခွေဖြင့် **"အသံထွက်စာအုပ်"**ဆိုပြီး စတင်ထုတ်ဝေကာ လမ်းသစ်ဖောက်လေပြီ။ အမှတ်စဉ်(၁)။

ကျွန်တော်သည် စာရေးဆရာအောင်သင်း ရေးသမျှ လက်မလွတ်တမ်း ဖတ်ရှုသူဖြစ်၏။ သူ့ဆီက အတွယူစရာ၊ အတတ်သင်စရာ၊ ဆင်ခြင်ရှောင်ကြဉ်စရာတို့ကို လေ့လာမှတ်သားဖို့ရာဖြစ်၏။ ကျွန်တော်သည် စာရေး

ဆရာမ ဂျူး ရေးသမျှ လက်မလွတ်တမ်းလိုလို ရှာဖွေလေ့လာသူ ဖြစ်၏။ သူ၏ အရေးအသားကို လူငယ် စာဖတ်ပရိသတ်များစွာက တလေးတစား စွဲစွဲလမ်းလမ်း လက်ခံကြသဖြင့် ဘာတွေများ ကြိုက်စရာပါသနည်း။ ဘာတွေများ ထူးခြားသနည်း။ သူ၏ အတတ်ပညာနှင့် အနုပညာကို မှတ်သား ပညာယူရန် ဖြစ်ပါ၏။ ဆရာမဂျူး ရေးခဲ့သော ဝတ္ထုသုံးပုဒ်ကို ဟောမာနေဝင်းတို့ ဖတ်ပြသည့် ကက်ဆက်အခွေကိုမူ မတွေ့ရဖူးသေးပါ။

ဆရာအောင်သင်း အသံသွင်းဟောပြောထားသော တကယ့်အနုပညာ စာပေလောက အသံထွက်စာအုပ်ကိုတော့ ပန်းဆိုးတန်း၊ အမေ့အိမ်စာပေမှ တစ်ခွေ ၁၆ဝိ ဖြင့် ဝယ်ခဲ့သည်။ ကျွန်တော်တို့မိသားစု နားထောင်ကြည့်ကြသည်။

လူသားသည် အခြားသော သက်ရှိများထက် တစ်ဆင့်ထက် တစ်ဆင့် တိုးမြင့်ယဉ်ကျေးလာရခြင်းမှာ ဘာသာစကား၏ ကျေးဇူးပြုချက်ဖြစ်သည်။ ထိုဘာသာစကားကို စာနှင့်ပြန်ရေးသည်။ အကောက်၊ အကွေး၊ ဝလုံး၊ အစက်လေးတွေဖြင့် ရေးသားခြင်း၊ ဖတ်ရှုနိုင်ခြင်းကြောင့် စာပေသည် လူ၏ အတွေ့အကြုံ၊ အသိပညာ စသည်တို့ကို လက်ဆင့်ကမ်း ပေးဝေနိုင်လာသည်။

စာပေ၏ကျေးဇူး၊ စာပေ၏ တန်ဖိုးကို အကျိုးရှိစွာ အသုံးချနိုင်ရန်မှာ အတန်းပညာနှင့် မလုံလောက်၊ စာကြည့်သင်း စာဖတ်သင်းတွေ ထူထောင် တည်ဆောက်ကြရမည်။ အတန်းပညာဘွဲ့ရသူဟူ၍ ဖြစ်စေဦး စာဖတ်ခြင်း အားနည်းပါက အသိပညာ၊ အတတ်ပညာ မပြည့်ဝနိုင်။ **ဒေါက်တာတိုးလှ** ရေးသော **ကုန်းဘောင်ရွှေပြည်** ဟူသော စာအုပ်၌ မြန်မာတို့၏ ကုန်းဘောင်ခေတ် မင်းတုန်းမင်းသည် ခေတ်သစ်ထူထောင်ရန် စက်မှုပညာထွန်းကားရေး၊ လက်နက် စက်ရုံ ခေတ်မီရေးအတွက် ဥရောပနိုင်ငံများသို့ ပညာတော်သင် လေး ငါး ခြောက်ယောက် စေလွှတ်သည်။ ဂျပန်နိုင်ငံ မေဂျီဘုရင်ကမူ ခေတ်သစ် ထူထောင်ရန်အတွက် အနောက်နိုင်ငံသို့ ပညာမျိုးစုံသင်ရန် ပညာတော်သင် ၄၀၀–၅၀၀ ပို့လွှတ်ခဲ့သည်။

ပညာရေး ကောင်းရမည်။ ဂျပန်ပြည် ဘာကြောင့် ဤမျှတိုးတက်ရသနည်းဟု သတင်းစာဆရာတစ်ယောက် မေးသည်ကို ဂျပန်ဝန်ကြီးချုပ်က တိုတိုမျှသာ ပြောပါ၏။

"ပညာရေး ကောင်းလို့"

ဆရာ ဦးခင်မောင်သန်း (မိတ်ပညာ) ရေးသော ဆောင်းပါးတစ်ပုဒ်ထဲမှာ ပါဝင်၏။

အနှစ်ချုပ်မှာ ဆရာအောင်သင်းက စာကြည့်တိုက်နှင့် စာဖတ်အသင်းလေးတွေ ပေါ်ပေါက်ထွန်းကားရေးကို တိုက်တွန်းလှုံ့ဆော် ဟောပြောသွားခဲ့၏။ လူငယ်တွေ လက်ဖက်ရည်ဆိုင်တွေ၌ ထိုင်ပြီး အချိန်ဖြုန်းနေကြ၏။ စာဖတ်မှု၊ စာအုပ်တွေနှင့် ရင်းနှီးမှု၊ အားလပ်သောအချိန်တွေကို ကမ္ဘာကျော်ပုဂ္ဂိုလ်တွေနှင့် (စာအုပ်ထဲမှာ) တွေ့ရမှ လူငယ်တွေသည် နိုင်ငံတော်ကို တကယ်ထူထောင် မြှင့်တင်နိုင်ကြမည်။ ကားလ်မာ့စ်၊ လင်ကွန်း၊ ဗိုလ်ချုပ်အောင်ဆန်း စသည့် ပုဂ္ဂိုလ်များ ဤမျှ လူသားအကျိုးကို ဆောင်ရွက်နိုင်ကြအောင် အရည်အသွေး မြင့်မားတိုးတက်ကြခြင်းမှာ နာရီပေါင်းများစွာ လေ့လာဆည်းပူးခဲ့ကြသောကြောင့် ဖြစ်ပါသည်။

ဆရာအောင်သင်း၏ ဟောပြောချက်တွေအနက်မှ မှတ်မိသမျှ ကောက်နုတ်တင်ပြနေခြင်းဖြစ်ပါသည်။ ကျွန်တော်တို့မိသားစုမှာ စာအုပ်တွေသာ ချမ်းသာ၏။ စာအုပ်ရတနာမှအပ ဘာမှ အခြားအဖိုးတန်ပစ္စည်း မရှိ။ စာကြမ်းပိုးတွေ ဖြစ်ကြ၏။ စာကြည့်တိုက်ချစ်သူများ ဖြစ်ကြ၏။

စာကြည့်တိုက်များစွာကိုမှီ၍ မိမိ ဤဘဝသို့ ရောက်ခဲ့ရသည်။ ကြီးနီရွာ စာကြည့်တိုက်ကို ကြီးနီရွာဇာတိ ရန်ကုန် သက်န်းကျွန်း အလယ်တန်း ကျောင်းအုပ်ဆရာကြီး ဦးဖိုးကျော်(ခ) ဦးကျောက်ဒိုးက စာအုပ်တွေပေးပို့သဖြင့် ကျွန်တော် ရှစ်တန်းမှာ လူငယ်များ စုစည်း၍ တည်ထောင်သည်။ စာကြည့်တိုက်၏ တန်ခိုးကြောင့် ဦးကောင်း၊ ဒေါ်သောင်းမြင့်၊ ဦးခင်မောင်မြင့်၊ ဦးစောခင် အစရှိသည့် စက်မှုတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရ ကြီးနီရွာသားတွေ စတင်ပေါ်ပေါက်လာခဲ့သည်။ သည့်အရင်က ရိုးရိုးဝိဇ္ဇာ။ ဤမျှသာ။ ၁၀ တန်းအောင်ပြီးလျှင် တက္ကသိုလ် တက်ရမည်၊ တက်စရာ ဘာတက္ကသိုလ်တွေ ဘယ်နှစ်မျိုး ရှိမှန်းပင် ယခင်က သဲသဲကွဲကွဲ မသိခဲ့ပါ။ ထိုကျေးရွာကလေး၌ စာကြည့်တိုက် အလင်းမီးအိမ် ထွန်းညှိလိုက်သဖြင့် မိမိလည်း ဘဝလမ်းကြောင်းတစ်လျှောက် စာအုပ်ပေါင်း အသောင်းအသိန်းကို မျက်နှာနှင့်မခွါဘဲ လေ့လာခဲ့မိသည်။ ချောက်မြို့ အမှတ်(၁)အထက်တန်းကျောင်း စာကြည့်တိုက်၊ မန္တလေးတက္ကသိုလ်စာကြည့်တိုက် စသည်မှတစ်ဆင့် ကလောမြို့ စစ်ဦးစီးတက္ကသိုလ် စာကြည့်တိုက်၊ ကုန်းမြင့်သာ နိုင်ငံတော်ကာကွယ်ရေး

တက္ကသိုလ် စာကြည့်တိုက်တို့အထိ သဲသဲမဲမဲ စာဖတ်ခြင်းကို ဘိန်းစွဲသလို စွဲခဲ့သည်။

မြန်မာပြည်မှာ ကျေးရွာစာကြည့်တိုက်တွေများမှ ဒေသခံပြည်သူတွေ အသိပညာ ပွင့်လင်းလာမည်။ ပညာရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဘာသာရေး စသည့် မှန်ကန်သည့် ဗဟုသုတ တိုးပွားမည်။ တိုင်းပြည်တိုးတက်အောင် ထူထောင်ဖို့ရာမှာ အသိပညာ ပွင့်လင်းရမည်။ ပြည်သူများ စာပေဖတ်ရှုကာ အလိမ္မာ တိုးရမည်။ ဆရာအောင်သင်းပြောသည့်အချက်များကို ကျွန်တော် သဘောတူ၏။ ကျွန်တော်က ကြီးနီရွာ ကျောင်းထိုင်ဆရာတော် ထံလျှောက်ထား၍ စာကြည့်တိုက်ကလေး တည်ထောင်ပေးနေသည်။ စာအုပ်တွေ ပေးပို့လှူဒါန်းနေသည်။ အဆက်မပြတ် စာအုပ်တွေ ပေးပို့နေပါသည်။ "ဆရာတော်က စာကြည့်သင်းလေး လုပ်ထားပေးပါဘုရား"သက်တော် ၃၀ ပင်မပြည့်သေးသည့် ဦးသောဘနကလည်း ထက်သန်တက်ကြွသည်။ လူငယ်တွေ စာဖတ်မှ ကိုယ်ကျင့်သီလ ကောင်းလာကြမှာဟု သိသည်။ သို့မဟုတ်လျှင် ထန်းရည်ဆိုင်နှင့် ဖဲဝိုင်း၊ ကြက်ဝိုင်းမှာသာ အချိန်ကုန်ကြမည်။ ဆရာတော်က ရပ်ရွာကို တိုးတက်ဖွံ့ဖြိုးအောင် ဦးဆောင်စောင့်ရှောက်ပေးသည်။ အဝီစိတွင်းတူးပြီး ရေရအောင် လုပ်ပေးပြီးပြီ။ တွဲဖက် အထက်တန်းကျောင်း ဖွင့်လာအောင် ဆောင်ရွက်ပေးပြီးပြီ။ ယခု စာကြည့်တိုက်ကို ထူထောင်ပေးနေလေပြီ။ ကျွန်တော်သည် စာကြည့်တိုက်ကို အထူးချစ်မြတ်နိုးသူ ဖြစ်သဖြင့် မွေးဇာတိ ကျေးရွာကလေးသို့ စာအုပ်ပေါင်း ထောင်နှင့်ချီ၍ ပေးပို့လှူဒါန်းခဲ့ပါသည်။ ကြည်နူးဝမ်းမြောက်သည်။

နောက်လူငယ်တွေအတွက် များစွာ အသိဉာဏ်ပညာ တိုးပွားစေပါသည်။ စာအုပ်များ ကုသိုလ်ပြုလှူဒါန်းသော **မိုးဂျာနယ် သစင်အောင်ဖေ၊ ရွှေအောင်လံ၊ ပျော်ဘွယ်နီးမြင့်အောင်၊ ရာပြည့်ဦးစိုးညွန့်** စသည့် စေတနာရှင်များ၏ တန်ဖိုးမဖြတ်နိုင်သော စာပေကုသိုလ်များကိုလည်း စစ်ဆေးရုံ၊ စစ်ကျောင်းကြီးများရှိ စာကြည့်တိုက်များသို့ ကျွန်တော် ဖြန့်ဝေပေးပို့ခဲ့ပါသည်။

ကမ္ဘာနှင့်စာသော် အတန်ငယ် နောက်ကျနေသော ကျွန်တော်တို့ လူနေမှုဘဝသည် ဖွံ့ဖြိုးလာအောင်မှာ အသိပညာ တိုးတက်လာအောင် ကျေးရွာရပ်ကွက်စာကြည့်သင်းတွေ ထွန်းကားပြန့်ပွားအောင် အားပေးထူထောင် ကြည့်ရမည်ဟု ကျွန်တော် ခံယူပါသည်။ တကယ့်အနုပညာ ဆိုသည်မှာ လောက

တစ်ခွင်ကို တိုးတက်သာယာအောင် ဖန်တီးရခြင်းဖြစ်၍ ထိုသို့ဖြစ်ရန်မှာ အသိပညာ ဖွံ့ဖြိုးရမည်။ အသိပညာ ဖွံ့ဖြိုးဝေစည်လာအောင် စာကြည့်တိုက် စာဖတ်သင်းတွေကို ထူထောင်ကြရပါမည်ဟု ဆရာအောင်သင်းက အူလှိုက် သည်းလှိုက် တိုက်တွန်းဟောပြောထား၏။

ကျွန်တော်စွမ်းသမျှ နှစ်ပေါင်း ၃၅ နှစ်တာမျှ ရောက်ရာနေရာ၊ ကျေးရွာများ၊ တပ်ရင်းတပ်ဖွဲ့များ၌ မိမိ၏ မွေးရပ်ဇာတိရွာ အပါအဝင် စာကြည့်တိုက် ဖွံ့ဖြိုးရေးကို လက်တွေ့အားပေးလုပ်ဆောင်ခဲ့သည့် မိမိအနေဖြင့် ဩော်... ဉာဏ်မီသမျှ၊ နားလည်သမျှလေးဖြင့် ထမ်းဆောင်ခဲ့ရသည်ကား ကြည်နူး ကျေနပ်ဖွယ် ကောင်းပေစွဟု ခံစားမိပါတော့သည်။ အသံထွက်စာအုပ်ကို ကြီးနီဆရာတော်ထံ ကျွန်တော် ပေးပို့လှူဒါန်းလိုက်သည်။

ချစ်နိုင် (စိတ်ပညာ)
ဓေတ်သစ်မဂ္ဂဇင်း
အတွဲ(၂)၊ အမှတ်(၆)၊
၁၉၉၇၊ ဇူလိုင်လ

☆ ☆ ☆

အပျော်ဆုံး လူတစ်ယောက်

ကမ္ဘာပေါ်မှာ အပျော်ဆုံးသော လူတချို့ ရှိသည်။ ထိုသူတို့သည် မိမိ ရည်ရွယ်ရှေးရှုရာကို အောင်မြင်စွာ ရောက်ရှိကြပြီး မိမိဆန္ဒ ပြည့်ဝကြလေသည်။ ထိုအုပ်စုထဲတွင် ကျွန်တော်သည် တစ်ယောက်အပါအဝင် ဖြစ်သည်ဟု ဆိုချင်ပါသည်။ ဘဝင်မြင့်သည်ဟု ထင်ချင်ထင်ပါ။ အမှန်အတိုင်း တင်ပြပါရစေ။

ကျွန်တော် ၇ တန်းရောက်သောနှစ်မှာ ရန်ကုန်မှ ခဏပြန်လာသော အစ်ကိုဝမ်းကွဲတစ်ယောက်က ကျွန်တော့်အတွက် စာအုပ်တစ်အုပ် လက်ဆောင် ပေးသည်။

ပီမိုးနင်း၏ ဘဝတိုက်ပွဲ

မြန်မာပြည် စာအုပ်တိုက်က ထုတ်ဝေသည်။

တန်ဖိုး တစ်ကျပ်ခွဲ။

ပီမိုးနင်း၏ တိုက်ပုံနှင့် မောင့်ကျက်သရေခေါင်းပေါင်းနှင့် ခံ့ခံ့ညားညား ဝတ်၍ လက်ပိုက်ပြီး ထိုင်နေပုံကို မျက်နှာဖုံးအပြည့် ပန်းချီဦးသောင်းဟန်က ပုံတူရေးဆွဲထား၏။

ဤစာအုပ်သည် အပျင်းထူတတ်သော ကျွန်တော့်ကို စောစော အိပ်ရာ ထ,စေခဲ့၏။ စာကျက်ရမှာ သိပ်စိတ်မပါလှသော ကျွန်တော့်ကို စာတွေမရမချင်း မထတမ်း ကျက်အောင် နှိုးဆော်ခဲ့၏။ အချိန်၏ တန်ဖိုးကို နားလည်စေခဲ့၏။ ဘဝတစ်ခုကို ပြောင်းလဲစေပါ၏။

"သိပ်ကောင်းတာပဲ အစ်ကိုကြီးရယ်။ ဒီစာအုပ်ကလေးကို ဟိုလူဒီလူ၊ သူငယ်ချင်းတွေကို ဖတ်စေချင်လို့ ငှားရတာနဲ့တင် ကျွန်တော် အများကြီး ကုသိုလ်ရတယ်။ နောက်လည်း စာအုပ်တွေ ပို့ပေးပါဦးနော်"

ကျွန်တော်သည် ဤစာအုပ်ကို မြတ်မြတ်နိုးနိုးဖတ်၍ လေးလေးစားစား လိုက်နာသည်။ ပီမိုးနင်း၏ **ဘဝတိုက်ပွဲ** ဟူသော စာအုပ်ကလေးသည် ကျွန်တော့်ဘဝကို ပြောင်းလဲလိုက်ပါသည်။ မိုးနည်းရေရှား ရပ်ဝန်းဒေသ တောခေါင်ခေါင် ကျေးရွာကလေးတစ်ရွာက သဲတောဖုတ်တောထဲမှာ ဘာမှ ရည်မှန်းချက် မရှိခဲ့သော ကလေးတစ်ယောက်သည် ဘဝဟူသည် တိုက်ပွဲ ပါတကားဟု စတင်နားလည်သွားသည်။ အနိုင်မခံ အရှုံးမပေး ရုန်းကန် ကြိုးစားရမှာပါလားဟု အသိဝင်သွားသည်။ ယောင်ဝါးဝါးနှင့် စိတ်ကူးရရာ လျှောက်သွားနေလို့ ခရီးမတွင်၊ အသိအမြင်ကျယ်အောင် စာပေဖတ်ရှုလေ့လာမှ လူရာဝင်မည်၊ ခရီးတွင်မည်ဟု သဘောပေါက်သည်။

ကျွန်တော်သည် ပီမိုးနင်း၏ ဘဝတိုက်ပွဲထဲမှာပါသော စာပိုဒ်အချို့ ဝါကျအချို့ကို ဖတ်ရင်းဖတ်ရင်းနှင့် အလွတ်ရလာသည်။ သူငယ်ချင်း တွေကိုလည်း ရွတ်ဆိုပြသည်။ ကျွန်တော့်အစ်ကိုကိုလည်း ဆိုပြမိသည်။ အစ်ကိုက အံ့အားသင့်သွားသည်။

သူပေးသော စာအုပ်ကလေးကို ကျွန်တော် ဤမျှ အလေးအနက် နှစ်သက်မှန်း သိသွားသောအခါ ထင်းရှူးသေတ္တာနှင့် အလုံး ၂၀၊ ၃၀ မျှ စာအုပ်တွေကို ရန်ကုန်မှ ကြီးနီရွာသို့ ပို့ပေးခဲ့လေသည်။ သက်န်းကျွန်းမြို့နယ်၊ အလယ်တန်းကျောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဒိုး ဖြစ်ပါသည်။ သူသည် ရန်ကုန်မှာ ကျူရှင်ဆရာလည်း နှစ်အတော်ကြာကြာ လုပ်ခဲ့ဖူးသဖြင့် ဆရာမင်းကျော် စသည့် စာရေးဆရာတွေနှင့်လည်း ခင်မင်သည်။ မိတ်ဆွေ အပေါင်းအသင်းလည်း များသည်။ ထို့ကြောင့် သူ့ကျောင်းအတွက် စာကြည့်တိုက် ကြီးကို သူတကာထက် ကြီးမားထည်ဝါအောင် ထူထောင်ပေးခဲ့သကဲ့သို့ သူ့ဇာတိရွာ ကျွန်တော်တို့ရွာကလေးကိုလည်း စာအုပ်အချို့ ခွဲဝေပို့ပေးခဲ့ပါ လေသည်။

ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက်သည် အစ်ကိုကြီး ဖိုးကျော် (ဦး ကျော်ဒိုးကို ရွာမှ ဦးကြီး၊ ဘကြီးတွေက ချစ်စနိုးဖြင့် ဖိုးကျော်ဟု ခေါ်ကြပါ၏) ပို့ပို့ပေးသော စာအုပ်တွေကို စနစ်တကျ စာရင်းပေးထား၍ စာကြည့်တိုက်ကလေးတစ်ခု ထူထောင်ကြသည်။ စာအုပ်ပေါင်း သေတ္တာအလုံး ၃၀ ဆိုသည်မှာ တစ်ခါတည်း၊ တစ်လုံးတစ်ညီးတည်း ရသည် မဟုတ်ပါ။ အစ်ကိုကြီးဆီ လူသူလာလျှင် လာသလောက် ကျွန်တော်တို့ဆီ အကြွေ့ရှိသည့်

အခါမှာ သေတ္တာတစ်လုံးစာရှိလျှင် တစ်လုံး၊ နှစ်လုံးစာရှိလျှင် နှစ်လုံး တဖြည်းဖြည်း ပေးပို့လှူဒါန်းခြင်းမျိုး ဖြစ်ပါသည်။ စိတ်ရှည်ရှည်ဖြင့် ကျေးရွာ စာကြည့်တိုက်ကလေးကို ကျွန်တော်တို့ စတင်ထူထောင်ကြသည်။

စာကြည့်တိုက်ကလေး ရှိတော့ လူငယ်တွေ ဖဲဝိုင်း၊ ကက်ဝိုင်းနှင့် ကြက်ဝိုင်းများသို့ မရောက်တော့။ ထန်းရည်ဝိုင်း၊ အရက်ဝိုင်းသို့ မသွားကြတော့။ မဂ္ဂဇင်းအဟောင်းတွေကလည်း ကျွန်တော်တို့အဖို့တော့ မဖတ်ရသေးသဖြင့် အသစ်တွေသာတည်း။ လူကြီးမင်းတို့ သိသည့်အတိုင်း စာပေဆိုသည်မှာ ဖတ်ရင်းဖတ်ရင်းနှင့်ပင် ပို၍ပို၍ ဖတ်ချင်သိချင်လာလေလေ မဟုတ်လား။ ဆရာဇော်ဂျီ၏ ဘာသာပြန်ဝတ္ထုများကို ကျွန်တော် စွဲသည်။ မော်ဂလီ၏ ငွေမျက်ရည် စသော ဝတ္ထုတိုကိုဖတ်ရင်း မျက်ရည်ကျမိသည်။ စာပေ၏ အရသာကိုတွေ့ပြီ။ ငွေတာရီမဂ္ဂဇင်းဟောင်းများသည် ဖတ်၍ အကောင်းဆုံး ပင်ဖြစ်သည်။

၁၉၆၀ ကျော်စ ကာလဆီက ဖြစ်သည်။

ကျွန်တော်သည် အစ်ကိုကြီးဖိုးကျောက်ဆီသို့ လှူဒါန်းကြသော အမည်မသိ စာအုပ်အလှူရှင်များကို ကျေးဇူးတင်သည်။ ယခုတစ်ဖန် ကျွန်တော်က ရန်ကုန်မှာ ရောက်နေပြီး စာပေနယ်မှာ ကျင်လည်ရသည်။ ကျွန်တော့်ကို ခင်မင် လေးစားကြသူတွေက စာအုပ်တွေ လက်ဆောင်ပေးကြသည်။ အချို့ဆိုလျှင် ထောင်သောင်းချီ၍တန်သော စာအုပ်တွေကို အထုပ်ပေါင်းများစွာ ပေးအပ် လာသည်။ ကျွန်တော် ကြိုက်ရာပို့ပါ၊ ကြိုက်ရာသို့ လှူပါ။ ကျွန်တော်က ဆေးရုံ၊ ကျောင်း၊ ရှေ့တန်း၊ ဝေးလံသီခေါင်သော တပ်စခန်း စသည်များသို့ (မိမိစရိတ်ကျခံ လှူဒါန်း၍) ပို့ပေးသည်။

သြော်...ကျွန်တော့်ဇာတိရွာကလေးသို့လည်း ပို့ရပေဦးမည်။ ရွာဦးကျောင်း ဆရာတော်သို့ လျှောက်တင်ရသည်။

"တပည့်တော်က အလှူခံလို့ ရသမျှ၊ မိမိဝယ်ပို့ပေးနိုင်သမျှ စာအုပ်တွေ တဖြည်းဖြည်း ပို့၍ပေးပါရစေ။ ဆရာတော်က စာကြည့်တိုက်၊ စာဖတ်သင်း ကလေးဖြစ်မြောက်အောင် ဇောင့်ရှောက် တည်ထောင်ပေးတော်မူပါ ဘုရား"

ဆရာတော်က ဝါတော် ၂၀ ပင် မပြည့်သေးသော်လည်း အမြော်အမြင် ရှိသည်။ ကျေးရွာကို ရေရှည်အောင် ဆောင်ရွက်ပေးသကဲ့သို့ အရက်သေစာ အသောက်အစား နည်းပါးအောင်လည်း ဆုံးမ,သွန်သင်သည်။ ဆရာတော်က

ကြည့်ရှုစီစဉ်ပေးမည်ဟု ဆိုသည်။ ဟန်ကျပြီ။ ကျွန်တော့်ကို ပြည်ထဲရေး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က လစဉ် မဂ္ဂဇင်း ၅ အုပ်၊ ၆ အုပ် ပေးလေ့ရှိသည်။ ဒါလည်း မိမိရွာ စာကြည့်တိုက်သို့ (တစ်လဖတ်ပြီး)ပို့သည်။

ရွှေအောင်လံ ပျော်ဘွယ်စိုးမြင့်အောင်က စာအုပ်ပေါင်း ထောင်နှင့်ချီ၍ မဂ္ဂဇင်းဟောင်းများ လှူဒါန်းသည်။ စစ်ဆေးရုံ၊ စစ်ကျောင်းများအပြင် တစ်စုံစာကို မိမိဇာတိရွာ စာကြည့်တိုက်ကလေးသို့ ပို့လိုက်၏။

မိုးဂျာနယ်၊ သခင်အောင်ဖေကလည်း စာအုပ်ပေါင်း ထောင်ချီ၍ မဂ္ဂဇင်းဟောင်းများကို လှူဒါန်းခဲ့သည်။ ၃ ကြိမ်မျှပင် ရှိလေပြီ။ ကဲ- ဒီတစ်ခါ တစ်စုံစာကိုတော့ မိမိကျေးရွာ စာကြည့်တိုက်ကလေးသို့ ပို့ရဦးမည်။ ကျွန်တော်နှစ်သက်သမျှ စာအုပ်ကောင်းကလေးတွေကို ကျွန်တော့်မှာ နှစ်အုပ် ရှိလျှင် တစ်အုပ်ကို ဆရာတော့်လိပ်စာနှင့် ကားကြုံနှင့် ပို့နေပါသည်။

- ဆရာကြီး ဦးရွှေအောင် ရေးသမျှ၊ ရသမျှ။
- ဆရာချစ်ဝင်းစံ ရေးသမျှ၊ ရသမျှ။
- ဒေါက်တာမတင်ဝင်း ရေးသမျှ၊ ရသမျှ။
- နန္ဒာသိန်းဇံ ရေးသမျှ၊ ရသမျှ။
- ဖေမြင့် ရေးသမျှ၊ ရသမျှ။

စသည်ဖြင့်…

ကျွန်တော် ဝယ်နိုင်သမျှ ဝယ်၊ စုနိုင်သမျှ စုပြီး ကျေးရွာစာကြည့်တိုက် ထူထောင်ရေးအတွက် ပေးပို့လှူဒါန်းနေပါ၏။ ကျွန်တော်တို့ အထက်တန်း ကျောင်းသားဘဝ၊ စာကြည့်တိုက်သို့ အစ်ကိုကြီး ရန်ကုန်မှ ပို့လိုက်သည့် ထင်းရှူးသေတ္တာစာအုပ်တွေ ရောက်လာပြီဆိုလျှင် ပျော်လိုက်တာ။ သူငယ်ချင်း တစ်စု ဝိုင်းအုံစုဝေး၊ ဝမ်းသာအားရ။

အခုတော့ သူများတွေ ပျော်ပါစေ၊ ကျွန်တော်က ဒိုင်ခံ၍ ပို့ပေးနေသည်။ ကြီးနီရွာရှိ ကလေးတွေကို ကျွန်တော် နာမည်လည်း မသိ။ လူချင်းလည်း မတွေ့ရသည်မှာ ကြာပြီဖြစ်၍ ဆွေမျိုးမွေးချင်းအချို့မှအပ သိပ်မမှတ်မိ။ ရွာမှ ၇ တန်းအောင်ချိန်မှစပြီး ထွက်ခွာလာခဲ့သည်။ နှစ်ပေါင်း ၃၀ ကျော် ၃၅ နှစ်ရှိပြီ။ နောက်လူတွေကို မသိတော့ပါ။

သို့ရာတွင် ကျွန်တော့်ကို မွေးဖွားခဲ့သောရွာ ကျွန်တော့်ဇာတိရွာကို ကျွန်တော် ချစ်သည်။ ယာတောာ၊ သဲတောထဲတွင် ပျော်ပျော်ပါးပါး ကျွန်တော်တို့

ကစားခဲ့ကြသည်။ တစ်ရွာတည်းနေ တစ်ရေတည်းသောက်သည့် ဆွေမျိုးတွေ၊ သူငယ်ချင်းတွေ ကျန်ရစ်ခဲ့သည်။ သူတို့သားတွေ၊ သမီးတွေ၊ အသိပညာ ပွင့်လင်းကြပါစေ။

ကြီးနီရွာမှာ အလယ်တန်းကျောင်း ရှိနေရာမှ တွဲဖက်အထက်တန်းကျောင်း ဖွင့်လာအောင် ကျွန်တော် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကူညီဆောင်ရွက်ခဲ့သည်။ ကြီးနီရွာမှာ အဝီစိ စက်ရေတွင်းတစ်ခု တူးပေးအောင် သက်ဆိုင်ရာဌာန အကြီးအကဲများထံ ပန်ကြားတောင်းခံ၍ ဆောင်ရွက်ကူညီပေးခဲ့သည်။ လျှပ်စစ်မီးကတော့ ရပြီးသား။ ထရမ်စဖော်မာ မကြာခဏ ပျက်သဖြင့် မီးမကြာခဏ ပြတ်သည်ဟု သိရသည်။ ဒါတော့ ကျွန်တော်လည်း မတတ်နိုင်။

ရပ်ရွာအတွက် စီးပွားရေး၊ ကျန်းမာရေး စသည့် အချက်များမှာ ကျွန်တော် ဘာမျှ မထမ်းရွက်ပေးနိုင်သေးပါ။ ကျွန်တော်ကလည်း ဘာမျှ မဟုတ်ပါ။

စာပေနယ်မှာ ဆောင်းပါးရှင် တစ်ယောက်အနေနှင့်မူ ချစ်သူ ခင်သူ ပေါများပါသည်။ ထို့ကြောင့် ကျွန်တော့်ကို စာအုပ်လက်ဆောင်ပေးသူ၊ လှူသူတွေ ရှိပါသည်။ သူတို့ထံမှ ရသမျှကို ကျွန်တော့်စာတီရွာကလေးသို့ ဇော်ဘွားကြီးကုန်းရှိ အဝေးပြေးကားဂိတ်စခန်းမှတစ်ဆင့် တစ်ပတ်တစ်ခါ၊ တစ်လတစ်ခါ ပေးပို့နိုင်သမျှ ပေးပို့ရခြင်းကို အလွန်ကြည်နူးမိသည်။

ထန်းပင်၊ ထန်းတောများ ညို့ညို့အုံ့အုံ့ ဖုံးကွယ်ထားသော ကျွန်တော့် မွေးရပ်မြေ စာတီရွာကလေးသည် နောင်အနှစ် ၂၀၊ အနှစ် ၃၀ မှာ ယခုထက် ပိုမိုလှပလာမည်ဟု ယုံကြည်ပါသည်။ ဤရွာမှ ကလေးငယ်များသည် ကျွန်တော် ပို့ပေးသည့် စာအုပ်များကို ဖတ်ရှု၍ ကျွန်တော်တို့ထက် ပိုပြီး နိုင်ငံတော်နှင့် လူမျိုး၏အကျိုးကို ထမ်းဆောင်နိုင်စွမ်းရှိသူတွေ ဖြစ်လာပေလိမ့်မည်။ ထိုအချိန်မှာ ကျွန်တော်တို့က မရှိကြတော့ပါ။

သက်န်းကျွန်း အ–လ–က ကျောင်းအုပ်ဆရာကြီး ဦးကျောက်ဒိုး (ကျွန်တော့် အစ်ကိုဝမ်းကွဲ)က ချိုးထောင်ပေးသဖြင့် ကျွန်တော်သည် ဆောင်းပါးရှင် တစ်ယောက်ဟု ဖြစ်မြောက်လာခဲ့၏။ အစ်ကို့ကို ဘာမျှ ကျေးဇူးမဆပ်လိုက်ရသော်လည်း ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးပြုလိုသော သူ၏စေတနာကို လက်ဆင့်ကမ်း၍ ကျွန်တော်က ဆက်လက် ဆောင်ရွက်ပေးနေသဖြင့် (ကွယ်လွန်သူ) အစ်ကို ကျေနပ်ကြည်နူးပါလိမ့်မည်။ ကျွန်တော်သည် ပိမိုးနင်း၏

ဘဝတိုက်ပွဲ စာအုပ်ကလေး၏ ကျေးဇူးကြောင့် လူလူသူသူ ဖြစ်လာခဲ့၏။ (ဤစာအုပ်သာ မဖတ်ရပါက ကျွန်တော် လူနုံ၊ လူအ တစ်ယောက်အဖြစ်သာ ရှိပါလိမ့်မည်။) ယခုအခါ ကျွန်တော်သည် **ချစ်လို့ပြောတာမှတ်ပါ။** ပညာသည် **တန်ခိုးကို ဖန်ဆင်း၏။ မိမိကိုယ်မိမိ** တည်ဆောက်ခြင်း စသော လူငယ်များ အတွက် အကြံပြုချက်များကိုလည်း စာအုပ်တွေ ထုတ်ဝေနိုင်ခဲ့သည်။

ဒေါက်တာနိုင်ပန်းလှရှိရာ ဂျပန်နိုင်ငံကို စာဖြင့်၊ ဖုန်းဖြင့် အခါခါ ဆက်၍ တောင်းပန်ပန်ကြားကာ "**ရာဇာဓိရာဇ် အရေးတော်ပုံ**"ကို ကျွန်တော် ပုံနှိပ်ထုတ်ဝေခဲ့၏။ (၃)ကြိမ်တိတိ ပြန်လည်ရိုက်နှိပ်ရပါ၏။

ခဲယဉ်းခြင်း ရှိနိုင်မည်မဟုတ်သောကြောင့်ပေတည်း။ ထို့ကြောင့် "အာရောဂျ ပရာမာ လာဘာ"ဟု ဆိုကြရခြင်း ဖြစ်လေသည်။

ဘဝင်မြင့်သည်ဟု ဆိုချင်ဆို၊ ရူးသည်ဟု ပြောလိုကပြော၊ ကျွန်တော် ဝါသနာပါရာကို ဆန္ဒပြည့်ဝစွာ လုပ်ဆောင်နေခွင့်ရခြင်းအတွက် အတော် ပျော်ပါသည်။ ကျော်ကြားခြင်း၊ ချမ်းသာခြင်းထက် မိမိရည်ရွယ်သည်မှာ ရပ်ရွာကို နိုင်သမျှ၊ စွမ်းသမျှ အကျိုးပြုရန်သာ ဖြစ်ပါသည်။ ကျွန်တော် စိတ်ချမ်းသာသည်။ မကျော်ကြားခြင်း၊ မချမ်းသာခြင်းအတွက် ကျေနပ်သည်။ ကိုယ့်ဇာတိရွာကို စာကြည့်တိုက်ကလေး ထူထောင်ပေးပြီး စာအုပ်တွေ ပို့ပို့ပေးနေတာ ကျွန်တော်တစ်ယောက်သာ မဟုတ်ပါ။ **ရန်ကုန်မြို့တော်ဝန် ဦးကိုလေး၊** (ယခင်) ပညာရေး ဒုဝန်ကြီး **ဗိုလ်မှူးကြီးကြည်မောင်၊** ကျွန်တော့် မိတ်ဆွေ **ဦးစန်းမွှင့်** စသည့် စသည့် စေတနာရှင်များသည်လည်း မြောင်မြို့နယ်၊ ညောင်ဦးမြို့နယ်တို့မှ ချောင်ကျသည့် သူတို့မွေးရပ်ဇာတိရွာကလေးဆီသို့ မှန်မှန်ကြီး ပေးပို့လှူဒါန်းနေကြပါသတည်း။ သာဓုခေါ်၍ ပါဝင်လှူဒါန်း နိုင်ကြပါစေသတည်း။

ချစ်နိုင် (စိတ်ပညာ)
ရွှေအောင်လံရသစုံမဂ္ဂဇင်း
အမှတ် ၂၅၊ ၁၉၉၇၊ ဩဂုတ်လ

☆ ☆ ☆

ကံ ကံ၏အကျိုး

၁၉၉၅–ခုနှစ်၊ ဇူလိုင်လတွင် ကျွန်တော့်ကို ကုမ္ပဏီအဖွဲ့အစည်းတစ်ခု၏ အမှုဆောင်အရာရှိချုပ်ရာထူး ခန့်ထားခြင်း ခံရလေသည်။ ထိုလုပ်ငန်းသည် အနုပညာလုပ်ငန်း ဖြစ်သည်။ စာပေလုပ်ငန်းလည်း ဖြစ်သည်။ စီးပွားရေး လုပ်ငန်းလည်း ဟုတ်သည်။ လူထုဆက်ဆံရေးသဘောလည်း ပါသည်။ စာပေပြန့်ပွားရေးအတွက် ဝါဒဖြန့်ချိရေးဟု ဆိုချင်လည်း ဆိုနိုင်သည်ပင်။

နိုင်မာစွာ ထင်ရှားကျော်ကြားသော မဂ္ဂဇင်းကြီး ၂ စောင်၊ စာစောင် ၃ စောင်နှင့် ဂျာနယ် ၁ စောင်တို့ကို လစဉ်ပုံမှန် ထုတ်ဝေသည့်အပြင် ဆရာ ဇော်ဂျီ၏ ဘာသာပြန်ဝတ္ထုတိုများ၊ ရုပ်ပြနှင့် ကလေးစာပေများ၊ 'ပြည်မြန်မာ မှတ်စု'စသည့် လူကြိုက်များသော စာအုပ်အမျိုးမျိုးတို့ကိုလည်း ထုတ်ဝေခဲ့သော တိုက်ကြီးတစ်တိုက် ဖြစ်ပါ၏။ အကြီးအကဲအဖြစ် မိမိ တာဝန်ယူရစဉ်မှာ ဘာတွေ လုပ်သင့်သလဲ။ ဘာတွေ လုပ်နိုင်သလဲ။ အကဲခတ် လေ့လာကြည့်သည်။ အော့ဖ်ဆက် ပုံနှိပ်စက်ကြီးတွေလည်း ရှိပါသည်။ အတွေ့အကြုံ ရင့်ကျက်၍ လုပ်သက်များလှပြီဖြစ်သော အယ်ဒီတာ၊ မန်နေဂျာ၊ ဓာတ်ပုံပညာရှင်၊ ပန်းချီဆရာ၊ ဖလင်ဖလက်ကူးပညာရှင် စသည့် ဝါရင့်ပုဂ္ဂိုလ်တွေလည်း ရှိ၏။ လုံးချင်းစာအုပ်ကောင်းကောင်းတွေ ထုတ်ရမည်။

ကျွန်တော်သည် ပုံမှန်မဂ္ဂဇင်း၊ ဂျာနယ် စာစောင်အားလုံးကို အရည်အသွေး မြင့်မားအောင် ပထမ ကြိုးစားသည်။ စာနယ်ဇင်း ၆ မျိုး အရည်အသွေး မြှင့်တင်လိုက်ပြီးသောအခါ ဈေးကွက်ရှာဖွေရေးကို နယ်ပယ်အနှံ့ ကွင်းဆင်း၍ လေ့လာရသည်။ ထိုအခါ စာနယ်ဇင်းများမှာ ပြဿနာစရာတွေကိုလည်း ပိုမို သိရှိလာသည်။ လုံးချင်းစာအုပ် နယ်ပယ်မှာ ဘာတွေ ဈေးကွက်ရှိနေသည်

ကိုလည်း အခြေခံကျကျ မိမိ မြင်တွေ့ခဲ့ရသည်။ စောင်ရေများလည်း သိသာစွာ တက်စေခဲ့သည်။ ထုတ်ဝေသူနေရာမှ ကျွန်တော် အဓိက တွက်ဆ ရမည်မှာ အရင်းနှင့် အမြတ် ဖြစ်၏။ သို့သော် ထိုမျှနှင့် မပြီးသေးပေ။ ဂုဏ်သိက္ခာနှင့် အရှိန်အဝါကလည်း လိုသေး၏။ ဒါလည်း အဓိကတော့ မဟုတ်ပေ။ အရေးအကြီးဆုံးဟု မိမိက သတ်မှတ်သည့်အရာမှာ 'စားသုံးသူ'ခေါ် ဈေးကွက်လိုလားချက် (ဝါ) စာဖတ်သူ၏ လိုအင်ဆန္ဒ ဖြစ်သည်။ စာဖတ် ပရိသတ်က ဘာကို တောင့်တ,နေသနည်း။ ဘာတွေ ဖတ်ချင်ကြသနည်း။

အနောက်နိုင်ငံတွေမှာကဲ့သို့ Public Opinion Survey စာရင်း ကောက်သည့်အဖွဲ့မျိုးတွေနှင့် အပြေ ချက်ချင်းရအောင် လုပ်နိုင်စွမ်းလည်း မရှိ။ စာဖတ်သူတို့၏ သဘောထားကို မိမိလက်လှမ်းမီရာ စာပေဝါသနာရှင်များ၊ စာအုပ်ဆောင်း ရောင်းသူများ၊ စာအုပ်ဆိုင်များ၊ စာကြမ်းပိုးများ၊ စာရေးဆရာများ၊ စာပေအသိုက်အဝန်းမှ လူများနှင့် ရင်းနှီးစွာ ထိတွေ့၍ သတင်းယူရသည်။ အချက်အလက် စိစစ်ရသည်။ ဤအထဲမှ မိမိတိုက်နှင့် သင့်တော် ဆီလျော်မည့် စာအုပ်များကို ရွေးချယ်ထုတ်ဝေရလေသည်။

- **ဒေါက်တာတင်ထွန်းဦး**
  ရောဂါမဟုတ်သော ရောဂါများ၊
- **မစန္ဒာ**
  ဘဝအိပ်မက် ပန်းအိပ်မက်၊
- **ဒေါက်တာရဲနိုင်**
  အနောက်ကိုရွေ့ အရှေ့ကိုမျှော်၊
- **ရန်ကုန်ဘဆွေ**
  သေသော်မှတည့် ပြော်ကောင်း၏၊
- **ဒေါက်တာနိုင်ပန်းလှ**
  ရာဇာဓိရာဇ် အရေးတော်ပုံ၊
- **ဥာဏ်မြ**
  ကုန်းဘောင်ရှာပုံတော်၊
- **ကြိမ်းစ်လှကျော်**
  မောင်ရင်မောင် မမယ်မ၊

- **ဇော်ဂျီ**
  ဗေဒါလမ်း ကဗျာ၊
- **ဒေါက်တာမတင်ဝင်း**
  စာတိနှင့် အစဉ်အလာ၊
- **တက္ကသိုလ်ဘုန်းနိုင်**
  စိမ်းနေဦးမည့် ကျွန်တော့်မြေ

အစရှိသည်...။

ရိုက်ပြီးသား၊ ထွက်ပြီးသား စာအုပ်ဟောင်းတွေထဲမှ မိမိနှစ်သက်စွဲလမ်းနေသကဲ့သို့ စာဖတ်ပရိသတ် (အထူးသဖြင့် လူငယ်လူရွယ်များ) ဖတ်မိလျှင်လည်း ကြိုက်လောက်သော စာအုပ်တွေကို ရွေးချယ်ထုတ်ဝေသည်။ ကွန်ပျူတာမိတ်ဆက်၊ သိပ္ပံဝေါဟာရအဘိဓာန်၊ အာဆီယန် စသည့် ဗဟုသုတအကျိုးပြုစာအုပ်တွေလည်း အောင်မြင်စွာပင် ထုတ်ဝေနိုင်ခဲ့သည်။ အဟောင်းပင်ဖြစ်စေကာမူ ၁၀ နှစ်၊ အနှစ် ၂၀ ကြာပြီဖြစ်သောအခါ စာအုပ်က ရှားပါးသွားတတ်သည်။ ထို့ကြောင့် ရဲရဲဝံ့ဝံ့ပင် ပြန်လည်ပုံနှိပ် ထုတ်ဝေခဲ့သည်။ အကြိမ်ကြိမ် ထပ်မံရိုက်နှိပ်ရခြင်းကိုထောက်လျှင် မိမိ ရွေးချယ်ခဲ့သမျှ သိပ်မလွဲလှဟု အောက်မေ့ရပါသည်။ စေတနာသည် အကျိုးပေးစမြဲ။

မိမိစီစဉ်ခဲ့သော နောက်ဆုံးစာအုပ်မှာ **ကမ္ဘာ့ဖလ** ဖြစ်၏။

တင့်တယ်၏ ကမ္ဘာ့ဖလ။

ညနေစောင်းမှာ စာအုပ်ကို စ,ကိုင်လိုက်ရာ ည ၉ နာရီခွဲလောက်မှ လက်က ချနိုင်တော့သည်။ ဆုံးမှပင် သက်ပြင်းချ၍ ရပ်လိုက်ရတော့သည်။ ဝတ္ထုကိုဖတ်ပြီး ဆက်လက် တွေးတောဆင်ခြင်စရာတွေ ရင်ထဲမှာ လှိုင်းထ၍ ကျန်ရစ်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်ဆီက ရေးခဲ့သော ဝတ္ထုဖြစ်သည်။ မိမိ ၁၉၉၇ ခုနှစ်မှာမှ ဖတ်ရသည်။ အနှစ် ၂၀ နီးပါး ကြာပါသော်လည်း ရိုးမသွား။ ဖြူပါ့မသွား။ လတ်ဆတ်နေဆဲသာ။

စာရေးသူ ဆရာတင့်တယ်ကိုယ်တိုင်က စာရေးသက် အနှစ် ၄၀ ကာလအတွင်း သူရေးခဲ့သမျှထဲမှာ 'ကမ္ဘာ့ဖလ'ကို အားအရဆုံး၊ အကျေနပ်ဆုံးဖြစ်သည်ဟု ရေးသားဖူး၏။ ဗြိတိန်နိုင်ငံမှာ ရှိနေစဉ် ရေးခဲ့ ပို့ခဲ့သော ဝတ္ထုဖြစ်၏။ မိတ်ဒ်အင် အင်္ဂလန်ဟု ခေါ်နိုင်၏။ တင့်တယ်၏ ထင်ရှားကျော်ကြားသော ဝတ္ထုများစွာအနက်တွင် ကမ္ဘာ့ဖလဝတ္ထုသည် တမူထူးခြား၍

အလွန်တရာ ဆန်းကြယ်လေးနက်သည်ဟု မိမိထင်မြင်ပါသည်။ ကျွန်တော်ဖတ်၍ စွဲစွဲမြဲမြဲ ထိထိရှရှ ရှိလှသော ဤစာအုပ်ကို မျက်မှောက်ခေတ် (လူငယ်) စာဖတ်ပရိသတ် ဖတ်ရှုနိုင်ရန် တင်ဆက်ချင်ပါသည်။ ထို့ကြောင့် စာမူပိုင်ဆိုင်ခွင့်ရှိသူများကို ရှာဖွေဆက်သွယ်၍ ကမ္မဖလစာအုပ်ကို တောင်းရပါသည်။ မရပါ။ တစ်နှစ်နီးပါးကြာသော်လည်း ရှာမရလို့ဆိုပြီး မရ။ မိမိဘာသာ စာအုပ်အဟောင်းဆိုင်များကို ၆ လလောက် အချိန်စောင့်ပြီး ရှာဖွေခဲ့ရ၏။ ဝတ္ထု၏ အနှစ်သာရက ဘာလဲ။

အနောက်တိုင်းသားတို့က စကြဝဠာ၏ နိယာမဟု ဆိုတတ်ကြ၏။ အချို့ဘာသာဝင်တို့က ထာဝရဘုရားသခင်၏ အလိုတော်ဟု ဆိုတတ်ကြ၏။ အမျိုးမျိုး ခေါ်ဝေါ်သုံးစွဲကြပါသော်လည်း လူအတော်များများက ဤနိယာမကို နားလည်လက်ခံထားပြီး ဖြစ်ပါ၏။ ပညတ်အမည် ဘယ်သို့ပင် ကွဲလွဲစေကာမူ **ကံ ကံ၏အကျိုး** ဟူသော ကမ္မဖလ နိယာမနှင့် တစ်သဘောတည်း ဖြစ်ကြပါသည်။ ကောင်းတာလုပ်လျှင် တစ်ချိန်ချိန်တွင် တစ်နေရာရာ၌ ကောင်းကျိုးရမည်။ မကောင်းတာပြုလုပ်လျှင် တစ်ချိန်ချိန် တစ်နေရာရာမှာ မကောင်းတာဖြစ်ရလိမ့်မည်။ ကမ္ဘာ့လူသားအားလုံးက ကိုယ့်နည်းကိုယ့်ဟန်နှင့် လက်ခံထားကြပြီးဖြစ်ပါသည်။ မိမိစိုက်ပျိုးသော အပင်က အသီးအနှံကို မိမိရိတ်သိမ်းရလိမ့်မည်။ မုချမလွဲ။

သရက်ပင်စိုက်သူက သရက်သီး စားရမည်။

ကြက်ဟင်းခါးသီးစိုက်သူ ကြက်ဟင်းခါးသီးကို မိမိ ဆွတ်ခူးရလိမ့်မည်။

ဤကဲ့သို့ ရှင်းလင်းလွယ်ကူ၍ မြင်သာထင်ရှားလှသော နိယာမဝတ္ထုကို ဆရာတင့်တယ်သည် ဖတ်ချင်စဖွယ်ဖြစ်အောင် ရေးခြယ်ပြနိုင်ခဲ့ပါ၏။ စုံထောက်ဝတ္ထုတစ်ပုဒ်သဖွယ် ဖြစ်၏။ သူ့လိုပင် ကျွန်တော်တို့ ပြောပြချင်၏။ မပြောတတ်ပေ။

မိမိနှင့်အများသည် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန် အမှီသဟဲပြုနေကြပါသည်။ မကောင်းတာ စိတ်သဘောထား မထားရှိအပ်ပါ။ မမွေးမြူသင့်ပါ။

မိမိတို့၏ ကောင်းမှု မကောင်းမှုတို့သည် မိမိတို့ကိုသာ ရိုက်ခတ် အကျိုးပေးတတ်သည် မဟုတ်သေး။ ပတ်ဝန်းကျင်ကိုပါ စိတ်ချမ်းသာအောင် စိတ်ဆင်းရဲအောင် ဩဇာအရှိန်အဝါ သက်ရောက်စေတတ်ပါသည်။ လူသည်

အခြားသော လူ့အဖွဲ့အစည်းဝင်များနှင့်အတူ နေထိုင်ရပါသည်။ အဖွဲ့အစည်းနှင့် ခွဲ၍မရသော သဘောကို လက်ခံရပါမည်။ မိမိကိုယ်တိုင်လည်း အဖွဲ့အစည်း၏ ပြဌာ အရှိန်အဝါ လွှမ်းမိုးခြင်းကို ခံရသည်။ မိမိကလည်း လူ့အဖွဲ့အစည်းကို အနည်းနှင့်အများ ပြဌာအရှိန်အဝါ လွှမ်းမိုးလေသည်။ ထို့ကြောင့် ကိုယ်ကျင့်တရားကို သတိဖြင့် ထူထောင်၍ မကောင်းမှုရှောင် ကောင်းမှုဆောင်ကာ စိတ်ကို ဖြူအောင်ထားခြင်းအားဖြင့် မိမိကိုယ်တိုင် အကျိုးရှိရုံသာမက အခြားပုဂ္ဂိုလ်များစွာ၏ အကျိုးရှိရာကိုလည်း ဖြစ်စေရာ ရောက်ပါသည်။ စိတ်မယုတ်မာပါနှင့်။ ဒါသည် ပြည်သူ့သဘောထား မဟုတ်ပေလော။

ပဒိုင်းသီး ပဒိုင်းပင်တို့ကို မစိုက်ပျိုးပါနှင့်ဟု စေတနာဆုံး မထားရှိသင့်ကြောင်း ထုတ်ဝေသူအနေဖြင့် တင်ပြချင်ခဲ့သည်။ ဆရာတင့်တယ်၏ ဝတ္ထုသည် လှပသော သာကေတစ်ပုဒ် ဖြစ်ပေတော့သည်။ သို့ဖြစ်၍ ဆရာတင့်တယ်၏ ကမ္ဘာဖလ ဝတ္ထုကို မိမိထုတ်ဝေသူဘဝက ရွေးချယ်စီစဉ်ခဲ့ပါ၏။ နောက်ဆုံး စီစဉ်ခဲ့သော ဝတ္ထုမှာ **ရန်ကုန်ဘဆွေ** ရေးသားခဲ့သည့် **'မြန်မာပြည်သား'** ဖြစ်ပေသည်။ ထိုစာအုပ်သည် မိမိ စီမံဆောင်ရွက်ခဲ့သည့် ထုတ်ဝေသူဘဝတွင် နောက်ဆုံးစာအုပ်ပေတည်း။

စာဖတ်ပရိသတ် စာကောင်းပေကောင်းတွေ ဖတ်ရပါစေဟူသော စေတနာ အမှန်ဖြင့် မိမိဥာဏ်မီသမျှ၊ မိမိစွမ်းရည်ရှိသမျှ နှစ်နှစ်ခွဲသော ကာလအတွင်း အားသွန်ခွန်စိုက် ကြိုးပမ်း၍ ထုတ်ဝေသူဘဝ ခေတ္တဖြစ်ရစဉ် စာအုပ်ပေါင်း ၅၀ လောက် ထုတ်ဝေခဲ့ပါသည်။ ထိုစေတနာသည် တစ်ချိန်ချိန် တစ်နေ့ရာမှာ မိမိကို မလွဲမသွေ အကျိုးပေးလေမည် မဟုတ်ပါလား။ အမြဲမှန်သော ကမ္ဘာနိယာမတရား။ ယခုပင် ခံစားနေရသည်မှာ မိမိသည် လုပ်ပိုင်ခွင့်ရှိသော နေရာတွင် ရောက်ရှိခဲ့ရစဉ် တာဝန်ကို အများပြည်သူအတွက် စေတနာအပြည့်ဖြင့် လုပ်ဆောင်ခဲ့မိပါတကားဟု အားရကြည်နူးမှုပင် ဖြစ်ပါတော့သတည်း။

ချစ်နိုင် (စိတ်ပညာ)

ရန်သစ်မဂ္ဂဇင်း

အမှတ် (၆၀)၊ ၁၉၉၈၊ ဇူလိုင်လ။

☆ ☆ ☆

စာဖတ်သူ၏ ပီတိအရသာ

စာရေးဆရာ မင်းလူရေးသော "ချစ်မြားရှင် ချစ်စေသတည်း"ဆိုသော ဝတ္ထုကို တစ်စိမ့်စိမ့်ဖတ်ရင်း ကျွန်တော်သည် ဝတ္ထု၏ အရသာကို တငြိမ့်ငြိမ့် ခံစားနေမိလေသည်။ ဝတ္ထုအကြောင်းပြောရန် မရည်ရွယ်ပါ။ မင်းလူရေးသော ဝတ္ထုဖြစ်သဖြင့် ကောင်းမည်သေချာပါသည်။ ဤအချက်သည် ကျွန်တော်၏ ပုဂ္ဂလိက ယုံကြည်ယူဆချက်သာ ဖြစ်ပါသည်။ မှန်ချင် မှန်မည်၊ မှားချင် မှားမည်။

စကားစပ်၍ ဆက်လက်တင်ပြလျှင် မျက်မှောက်ခေတ် စာရေးဆရာများ အနက် မင်းလူကို ကျွန်တော်သည် "မော်"အောင်သူတစ်ဦးအဖြစ် အသိအမှတ် ပြုခဲ့မိပါသည်။ မင်းလူရေးသမျှ ဝတ္ထုအားလုံးကို တစ်အုပ်မကျန် ပိုက်စိပ်တိုက်၍ တွေ့အောင် ရှာဖွေပြီး ဖတ်ပါသည်။ မင်းလူကို ကျွန်တော် လေးလေးစားစားဖြင့် ကြိုက်နှစ်သက်ပါသည်။

အမည်မမှတ်မိသော ဆရာမင်းလူ၏ ဝတ္ထုတစ်ပုဒ်ဆိုလျှင် ဖတ်ရင်းနှင့်ပင် မျက်ရည်ကျမိပါသည်။ ကျွန်တော်တို့လို စာဖတ်များသည့် ယောကျ်ားသား တစ်ယောက်ကို မျက်ရည်တွေတွေကျလောက်အောင် ဆွဲဆောင်ရေးသားဖို့သည် အနုပညာမှော် ကျွမ်းလွန်းသဖြင့်သာ ဖြစ်ပါ၏။ မင်းလူ၏ ဝတ္ထုသုံးလေးပုဒ်ကို အပြီးပြန် ခေါင်းပြန် ဖတ်ပြီးသောအခါ ကျွန်တော်သည် မချီးကျူးဘဲ မနေနိုင်တော့ပါ။ ထို့ကြောင့် လွန်ခဲ့သော ဆယ်စုနှစ် တစ်ချိန်ဆီက ဆရာမင်းလူ ထံသို့ ချီးကျူးဝေဖန်စာတစ်စောင် ရေး၍ ပို့လိုက်မိပါသည်။ ဘယ်ဝတ္ထုသည် ဘယ်မျှကောင်းမွန်ကြောင်း၊ လူ့သဘာဝအဖွဲ့၊ လူ့စရိုက်အဖွဲ့အနွဲ့တွေ မည်မျှ ပီပြင်ကြောင်း၊ ကလေးငယ်တစ်ဦး၏ စိတ်ခံစားချက်နှင့် အတွေးကို ရေးဖွဲ့ရာတွင်

ဖွံ့ဖြိုးမှု စိတ်ပညာနှင့် ပညာရေးစိတ်ပညာတို့မှ အချက်အလက်များနှင့် မည်မျှကိုက်ညီကြောင်း စသည် ကျွန်တော်တတ်သမျှ မှတ်သမျှ အားပါးတရ ချိုးမွမ်းခဲ့မိ၏။

ဘာအကျိုးကိုမှ မမျှော်ကိုးပါ။

စာရေးဆရာဆီမှ ပြန်စာကိုလည်း မမျှော်လင့်ပါ။ ကျွန်တော် ရပ်ဝေး (ပြည်နယ်)တစ်နေရာမှ ရေးခဲ့ခြင်း ဖြစ်သဖြင့် ကျွန်တော်၏စာသည် တော်တော်ကြာမှ ရောက်ပါလိမ့်မည်။ အဲ–ရောက်,မရောက်ကိုလည်း ဆရာမင်းလူထံ တစ်ခါမှ အတည်ပြု မေးမြန်းခြင်း မပြုမိသေးပါ။ ထို့ကြောင့် ဆရာမင်းလူ ကျွန်တော်၏စာ ရ,မရ သေချာသောကိစ္စ မဟုတ်ပါပေ။ မည်သို့ပင်ဖြစ်စေ ဆရာမင်းလူကို ကျွန်တော် လေးစားရှိသေသည်။ သူ၏စာပေကို ယခုခေတ် ကျော်ကြားထင်ရှားကြသော ထိပ်ဆုံးတန်းဝတ္ထုအချို့ အချို့ထက် အများကြီး ပို၍ တန်ဖိုးထားသည်။

ဤခံစားချက်ရှိခဲ့သော စာဖတ်သူ၊ စာပေမြတ်နိုးသူ ကျွန်တော်သည် မမျှော်လင့်ပါဘဲနှင့် စာပေထုတ်ဝေရေးလုပ်ငန်းတစ်ခုကို ထုတ်ဝေသူ၊ အုပ်ချုပ်သူ အပြင် စာတည်းမှူးချုပ်(အယ်ဒီတာချုပ်)အဖြစ် သုံးနှစ်နီးပါး တာဝန်ပေးအပ် ခြင်းကို ခံခဲ့ရလေသည်။ မဂ္ဂဇင်းကြီးနှစ်စောင်၊ ဂျာနယ်တစ်စောင်နှင့် စာစောင် သုံးစောင်ကို လစဉ် ထုတ်ဝေနေသော ဧရာမတိုက်ကြီးတစ်ခု ဖြစ်ပါသည်။ အသိုက်အအုံ ကြီးမားပါ၏။

ထိုမဂ္ဂဇင်းများတွင် မင်းလူ၏ ဝတ္ထုကို ကျွန်တော် တစ်ပုဒ်မှ မတွေ့ခဲ့ရဖူးချေ။ မင်းလူသည် ဝတ္ထုတိုလည်း ကောင်းသည်၊ မဂ္ဂဇင်းဝတ္ထုရှည်လည်း ကောင်းသည်၊ လုံးချင်းဝတ္ထုလည်း အရေးကောင်းသူပင် ဖြစ်လေသည်။ ကျွန်တော် စာတည်းမှူး ချုပ် တာဝန် ထမ်းဆောင်စဉ်တွင် ထူးထူးခြားခြား အမှတ်တရလေးတွေတော့ လုပ်သွားချင်သည်။ မဂ္ဂဇင်း၊ ဂျာနယ် ထုတ်ဝေခြင်း ကိုယ်၌က စီးပွားရေး ငွေကြေး အမြတ်သက်သက်ထက် ဖန်တီး တီထွင်ရသော အရသာလည်း အမြတ်တစ်ခု ဖြစ်လေသည်။

ကိုယ်လုပ်ချင်ရာတွေ လုပ်ပြီး ငွေကြေးဆိုင်ရာ အရှုံးပေါ်နေလို့လည်း မဖြစ်ချေ။ ပထမ ငွေကြေးအရ အမြတ်ရ,ရမည်။ စီးပွားရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းဟူသမျှသည် အမြတ်များမှ တိုးပွား တိုးချဲ့နိုင်ပေမည်။ ဒုတိယ အရည်အသွေးလည်း မြင့်မားရမည်။ စာပေထုတ်ဝေသူ တစ်ယောက်

အနေဖြင့် ဘာတွေထုတ်ဝေရမည်နည်း။ စာဖတ်သူ အကျိုးရှိသော စာအုပ်တွေ ထုတ်ဝေရပေမည်။ စာဖတ်သူအကြိုက်ကျသော စာအုပ်မျိုးတွေကို ရွေးချယ် ထုတ်ဝေရမည်။ အကျိုးလည်းရှိ၊ အကြိုက်လည်းကျသည့် စာအုပ်မျိုးကို ထုတ်ဝေနိုင်လျှင် အောင်မြင်သော စာပေတိုက်ဟု မခေါ်နိုင်ပေလော။

- မစန္ဒာ၏ ဘဝအိပ်မက် ပန်းအိပ်မက်၊
- ဒေါက်တာရဲနိုင်၏ အနောက်ကိုရွေ့ အရှေ့ကိုမျှော်၊
- ဒေါက်တာမတင်ဝင်း၏ ဓာတ်နဲ့အစဉ်အလာ၊
- ဂျိမ်းစ်လှကျော်၏ မောင်ရင်မောင် မမယ်မ၊
- ဇော်ဂျီ၏ ဗေဒါလမ်း ကဗျာများ၊
- ဒေါက်တာနိုင်ပန်းလှ၏ ရာဇာဓိရာဇ် အရေးတော်ပုံ၊
- ဉာဏ်မြ၏ ကုန်းဘောင်ရှာပုံတော်၊
- ရန်ကုန်ဘဆွေ၏ သေသော်မှတည့် ဩဘ်ကောင်း၏နှင့် မြန်မာပြည်သား၊
- တက္ကသိုလ်ဘုန်းနိုင်၏ စိမ်းနေဦးမည့် ကျွန်တော့်မြေ၊
- တင့်တယ်၏ ကမ္ဘာဖလ

စသည့် လုံးချင်းစာအုပ် ၄၀ ကျော်ကို ကျွန်တော် စီစဉ်ထုတ်လုပ်နိုင်ခဲ့သည်။ အကြိမ်ကြိမ် အခါခါ ထပ်မံရိုက်နှိပ်နေရခြင်းက စာဖတ်ပရိသတ်၏ အလိုဆန္ဒနှင့် တစ်ထပ်တည်းကျကြောင်း ပြသရာ ရောက်ပါ၏။ စာပေတိုက် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို သိသိသာသာ ဖြည့်ဆည်းပေးနိုင်ခြင်းကလည်း ချက်ချင်း ကုသိုလ်ရသည်ဟု ဆိုနိုင်ပါ၏။ ဆုတွေ အမျိုးမျိုး ပေးဝေနိုင်သည်။

စာတည်းမှူးချုပ်တာဝန် ထမ်းဆောင်စဉ် ကျွန်တော် ကြည်နူးဝမ်းမြောက် ရသော ကုသိုလ်တစ်ခု၏ ပီတိကို မျှဝေပေးပါရစေ။ ကျွန်တော်နှစ်ပေါင်းများစွာ အလွန်တရာ ဖွဲ့လမ်းလေးစားခဲ့ရသော ဆရာမင်းလူထံမှ စာမူတောင်းပြီး မဂ္ဂဇင်းတွင် ဝတ္ထုရှည် ဖော်ပြနိုင်ခဲ့ခြင်း ဖြစ်ပါသတည်း။

ဆရာသုမောင်၊ ဆရာမောင်ဝဏ္ဏတို့ထံမှ စာမူများ မရ,ရအောင် တောင်းပြီး ကျွန်တော်၏ မဂ္ဂဇင်းမှာ တင်ဆက်နိုင်ခဲ့ခြင်းများပါတည်း။

"ဟာ့ကွာ၊ ဒါများ အဆန်းလားကွ"ဟု အချို့က ဆိုချင် ဆိုကြပါလိမ့်မည်။ အယ်ဒီတာကောင်းတို့မည်သည် စာကောင်းရေးသူများဆီက စာမူကောင်းရအောင် တောင်းရမည်၊ တောင်းတတ်ရမည်ဟူသော အဆိုအမိန့် ရှိသည်မဟုတ်ပါလား။

စာပေမြတ်နိုးသူတစ်ဦး အနေဖြင့် တာဝန်ကျေပွန်အောင် ထမ်းဆောင်ခဲ့ခြင်းသည် ဂုဏ်ယူကျေနပ်စရာတစ်ခု မဟုတ်ပါလား။

စာဖတ်သူ၏ ပီတိအရသာကို စာပေမြတ်နိုးကြသူချင်းတော့ စာနာခံစား၍ နားလည်ကြပါသည်။

ချစ်နိုင် (စိတ်ပညာ)
သုတစွယ်စုံ မဂ္ဂဇင်း
အမှတ်(၁၈၆)၊ ၁၉၉၈၊ မေလ

☆ ☆ ☆

ချစ်သောအနုပညာ

မြန်မာ့ရုပ်ရှင် ဒါရိုက်တာတွေထဲတွင် ကျွန်တော်အသည်းစွဲသော ပုဂ္ဂိုလ်များမှာ ရွှေဒုံးဘီအောင်၊ ဦးသုခ၊ ဦးချစ်ခင်နှင့် မောင်ဝဏ္ဏတို့ ဖြစ်ကြပါသည်။ ရှုမဝဦးကျော်၊ သာခု၊ ဝင်းဦးတို့ကို ကြိုက်တော့ ကြိုက်ပါ၏။ မောင်ဝဏ္ဏကိုကား အကြိုက်ဆုံးပင် ဖြစ်ပါသည်။

ဆရာမောင်ဝဏ္ဏသည် မောင်သာရ၏ "ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း" ဝတ္ထုကို မင်းသား မြတ်လေး၊ မင်းသမီး မြတ်မွန်တို့ဖြင့် ရိုက်ကူးခဲ့သည်။ ကျွန်တော်သည် ထိုဇာတ်ကားကို ၁၀ ကြိမ်မက အလွတ်ရအောင် ကြည့်ခဲ့၏။ ကြည့်တိုင်း ရင်ခုန်၏။

စာရေးဆရာ မြတ်ထန် (တပ်မဟာမှူး၊ ဗိုလ်မှူးကြီးတင်မောင်)ရေးသားသည့် "နောင်းတမြေ့မြေ့"ဝတ္ထုကို မင်းသားဇော်လွင်၊ သုမောင်၊ မင်းသမီးချိုပြုံးတို့နှင့် မောင်ဝဏ္ဏဒါရိုက်တာလုပ်၍ ရိုက်ကူးခဲ့သည်။ ကြည့်ဖူးသူတိုင်း ဒါရိုက်တာကို ချီးကျူးကြရပါလိမ့်မည်။ ဝတ္ထုကိုမှီသော ရုပ်ရှင်ဇာတ်ကားတစ်ခုဟု အသိအမှတ် ပြုကြ၏။

ဒါရိုက်တာ မောင်ဝဏ္ဏသည် ပါရမီရှင်တစ်ဦး ဖြစ်ပါ၏။ သူသည် စာလည်းရေး၏။ စာရေးလည်းကောင်းသူ ဖြစ်ပါ၏။ ထင်ရှား၏။ စာရေးရာတွင်မူ သူ့ထက် မင်းလူကို ကျွန်တော်ပိုပြီး စွဲလမ်းနှစ်သက်သည်။ ဒါရိုက်တာပညာအရာတွင်တော့ မောင်ဝဏ္ဏထက်ပိုပြီးကြိုက်သူဟူ၍ မရှိချေ။ ဤသည်မှာ မောင်ဝဏ္ဏနှင့် ကျွန်တော်သည် တစ်ခေတ်တည်းမှာ လူဖြစ်ကြရသည်။ သူလည်း လွတ်လပ်ရေးရသောနှစ်မှာ မွေးသည်။ ကျွန်တော်လည်း ထိုနှစ်မှာ မွေးသည်။ "သူက ရန်ကုန်မှာ ကြီးပြင်းသည်" ကျွန်တော်က

အညာမြေလတ်တောရွာမှာ ကြီးရသော်လည်း ဖြတ်သန်းရသော ရေဒီယို၊ သတင်းစာ၊ သီချင်း၊ ဓာတ်သဘင်ပွဲ၊ မင်းသား၊ ပြည်သူပြည်သားများ၏ အားတက်ခြင်း၊ စိတ်ပျက်ခြင်း၊ စိတ်ညစ်ခြင်း၊ ရယ်မောခြင်း စသည်တို့ အားလုံးကိုမှ ခေတ်ပြိုင် အတူတကွ ထိတွေ့ ခံစားကြရသည်။ သို့ဖြစ်၍ သူပြတာကို ကျွန်တော် နားလည်နိုင်သည်။ သူပြောသည်ကို ကျွန်တော် ခံစားနိုင်သည်။ အခြားအခြားသော ဒါရိုက်တာကြီးတွေထက် သူက သာသည်ဟု ကျွန်တော်မဆိုလိုပါ။ ကျော်ဆွေတို့ မြတ်လေးတို့ဆိုသည်ကလည်း အကယ်ဒမီရ ဒါရိုက်တာကြီးများပေပဲ။ ကျွန်တော်က မောင်ဝဏ္ဏကို ကြိုက်နှစ်သက်ရခြင်းမှာ ခေတ်ပြိုင်ခံစားမှု ပိုမိုထိစပ်သောကြောင့် ရင်ချင်းထိနေသဖြင့် ပိုပြီး နားလည်သည်ဟု ဆိုလိုပါ၏။ ခံစားမှု တစ်ထပ်တည်း ကျရန်ကား လုပ်ယူ၍မရ။

ယနေ့ မြန်မာ့ရုပ်သံမှာ "ခြေဖဝါးတော်နန"ဟူသော ဓာတ်ကား ပြန်လည် ပြသသည်။ ကြာပါပြီ။ ဤကားသည် ရုပ်ရှင်အနေနှင့် ဝင်ငွေမအောင်မြင်သော ဓာတ်ကားတစ်ကားဖြစ်၏။ ထိုခေတ်က ဇော်လွင်သည် ဒုတိယတန်းစား မင်းသားမျှသာ ဖြစ်ပါ၏။ စမ်းစမ်းအေးသည်လည်း ထိပ်ဆုံးတန်းကြီးတော့ မဟုတ်လှ။ မင်းသား မင်းသမီး၏ အမည်ကို ကြည့်ပြီး ရုံလှုဝင်အနည်းအများ ကွာခြားတတ်သော ထိုခေတ်အခါက လှုဝင်ကျဲလှသော ရုပ်ရှင်တစ်ကားဟု ဆိုရပါလိမ့်မည်။ ရုပ်ရှင်ဝေဖန်ရေးတွေ ရေးနေသော စိန်ခင်မောင်ရီကတော့ တစ်ချက် နှစ်ချက်လောက် ထောက်ပြသည်မှအပ အလွန်ချီးကျူးရမည့်ကားဟု ရေးခဲ့ပုံရပါ၏။

ခြေဖဝါးတော်နန။

ကျွန်တော်ကမူ ၃ ကြိမ်ထက်မနည်း ထပ်ခါထပ်ခါ ကြည့်ဖူးခဲ့ပါပြီ။ ကျွန်တော်ကမူ အပြစ်မမှတ်မိ။ နှစ်သက်မြိန်ယှက်စွာပဲ အရသာခံပြီး ကြည့်တတ်သည်။ ဝတ္ထုမူရင်းက အောင်လင်း၊ ဆရာအောင်လင်းရေးသားခဲ့ပြီး ရုပ်ရှင်အဖြစ် အောင်မြင်သော ဓာတ်ကားပေါင်းမှာ မရေမတွက်နိုင်အောင်ပင် များပြားလှသည်။ ရင်သပ်ရှုမော အံ့သြကြရမည်ဖြစ်၏။

ကျွန်တော်သည် ဆရာမောင်ဝဏ္ဏကို အနားမှသာ တွေ့ရပါက အခါခါ ထသွား၍ ကွန်ဂရက်ကျူလေးရှင်းတွေ ရှိတ်ကင်းတွေ လုပ်မိမှာ ဖြစ်ပါ၏။ ဤဓာတ်ကားကို ကြည့်ရင်းပင် တော်လိုက်တာ, တော်လိုက်တာနှင့် တဖွဖွ ပါးစပ်က ဖွင့်ဟမိပါ၏။ ဤအကြိမ်မှာ ၄ ကြိမ်မြောက်ကြည့်ခြင်းပါ။

ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်းဆိုလျှင် ရန်ကုန်ရှေ့ဆောင်ရုပ်ရှင်ရုံမှာပင် ၇ ခါတိတိ ကျွန်တော်ကြည့်၏။ ဧယျာကမ်းလှပန်းချီ သီချင်းကို ထိုစဉ်ကပင် အလွတ်ရ၏။ မာမာအေး ဆိုထားစဉ်ကတည်းက ကျွန်တော် ရ၏။ နောင်အခါ ရီရီသန့်ဆိုပြီး အသံသွင်းရာတွင်လည်း တစ်ပြည်လုံး နာမည်ကြီးလှ၏။

"ဘယ်ဝယ်ဆီ–တမ်းတကာ မှန်းဆကာ လွမ်းရပါမည်"

ထိုဇာတ်ကားထဲမှာ မြတ်မွန် စိတ်ဖောက်ပြန်နေစဉ်တွင် ရွှေရင်ဘောင်၊ ငွေရင်ဘောင်ကို ဝါးပတ္တလား၊ ပလွေနှင့် နောက်ခံတီး၍ လှေကလေးစီးသွားပုံကို လည်းကောင်း၊ ငရုတ်ဆုံကို အဆက်မပြတ် တဒုံးဒုံးထောင်း၍ သူ့စိတ်မှာ ရှုပ်ထွေးနောက်ကျိလာပုံကို သရုပ်ဖော်ပုံကိုလည်းကောင်း ကျွန်တော် အလွန် အံ့ဩစွာ စွဲလမ်းသည်။

ကျွန်တော်သည် ရုပ်ရှင်ဝေဖန်ရေးသမားတစ်ဦး မဟုတ်ပါ။ ကျွန်တော်သည် သူတစ်ပါး၏ အားနည်းချက်၊ ချွတ်ယွင်းချက်ကိုလည်း အဖြူပေါ် အမည်းတင်၍ မရေးတတ်ပါ။ ကောင်းတာကိုသာ ကောင်းကြောင်း ဖော်ထုတ် တင်ပြချင်ပါ သည်။ ဝေဖန်ဆွေးနွေးရလောက်အောင် အသိအမြင်ရှိသူဟုလည်း မိမိကိုယ်ကို မထင်ပါ။ ကျွန်တော်သည် သာမန်အနုပညာ ခံစားသူ၊ ပြည်သူပရိသတ်တစ်ဦး မျှသာ ဖြစ်ပါသည်။ ကျွန်တော်သည် အနုပညာကို ချစ်သည်။ အနုပညာရှင်ကို လေးစားသည်။

အောင်လင်း အနုပညာကိုချစ်ပုံအား ကျွန်တော် စိတ်နားဖြင့် နားလည်သည်။ သူ့ဝတ္ထုထဲမှာ ပါသည်လေ။

မောင်ဝဏ္ဏ အနုပညာကိုချစ်ပုံအား ကျွန်တော် စိတ်နားဖြင့် နားလည်သည်။ သူဖန်တီးသည့် ဇာတ်ကားထဲမှာ တွေ့နိုင်ပေသည်။ သက်သေခံ အထောက် အထားပြပါဟု ဆိုလျှင် အတော်ခက်ခဲသောကိစ္စ ဖြစ်၏။ ကျွန်တော်သည် အောင်လင်း၊ မောင်ဝဏ္ဏတို့ဖန်ဆင်းသော အနုပညာကို ကြည့်၍ နောင်လာ နောက်သား မျိုးဆက်သစ်လူငယ်များသည် ဤကဲ့သို့ ချစ်မြတ်နိုးသော စိတ်ဓာတ်ဖြင့် ဖန်တီးနိုင်ကြပါမည်လားဟု (အမှန်ပင် တိုးတက်သာလွန်စေ လိုသော စေတနာဖြင့်) စိုးရိမ်သောက ဖြစ်ပွားမိပါ၏။ အနုပညာကို ချစ်ကြ စေလိုသည်။

အနုပညာဆိုသည်မှာ ချစ်မြတ်နိုးအပ်သော အရာဖြစ်ပါသည်။ အနုပညာ ဆိုသည်မှာ မှော်ကဝေအတတ်ပညာတစ်မျိုး ဖြစ်ပါသည်။ သူ့ကို အမှီပြု၍

အသက်မွေးဝမ်းကျောင်းပြုကြရသဖြင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာတစ်ခုလည်း ဟုတ်ပါသည်။ သို့ရာတွင် ကျော်ကြားမှု၊ ကြွယ်ဝလိုမှု၊ ထင်ရှားပေါ်လွင်လိုမှု၊ ငွေကြေးရရှိလိုမှု သက်သက်ဖြင့် တိုင်းတာ၍ ဖန်ဆင်းရသည့် အရာမျိုးတော့ မဟုတ်ပါချေ။

ဆရာအောင်လင်း၏ ဝတ္ထုကို ဆရာမောင်ဝဏ္ဏက ဖန်တီးရိုက်ကူးခဲ့သော (လွန်ခဲ့သော နှစ်ပေါင်းအစိတ်ဆီက) ငွေကြေးအရ မအောင်မြင်လှသော ဇာတ်ကားဟောင်းတစ်ခုကို ကြည့်ရင်း ဘာပဲဖြစ်ဖြစ် အနုပညာသမား ဆိုသည်ကတော့ အတော်လေးစားစရာကောင်းပေတာပဲဟု စေ့စေ့တွေးရင်း ရေးရေးပေါ်လာမိပါသည်။

ချစ်နိုင် (စိတ်ပညာ)
အကောက်ခွန် နှစ်လည်မဂ္ဂဇင်း၊
အမှတ်(၁၈)၊ ၁၉၉၈၊ ဇန်နဝါရီလ။

☆ ☆ ☆

ဇော်ဂျီ၏ ကဗျာရသ

၅–၉–၉၇ ရက်နေ့၊ နေ့လယ် ၂ နာရီမှာ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၌ အခမ်းအနားတစ်ခု ကျင်းပသည်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းစိန် နာယကအဖြစ် အမှူးပြုသော မိဘမေတ္တာ လူမှုရေးအဖွဲ့က ရန်ကုန်တက္ကသိုလ်သို့ ဆရာဇော်ဂျီရုပ်ထု ပေးအပ်လှူဒါန်းပွဲ ဖြစ်၏။ ဒေါက်တာ တင်အောင်အေး၊ ဒေါက်တာမျိုးသန့်တင်၊ စာရေးဆရာ မြသန်းတင့်နှင့် ဦးသော်ကောင်းတို့က စကားအနည်းငယ်စီ ပြောကြားကြသည်။ ပါမောက္ခများ အချို့နှင့် တိုက်စိုး၊ မင်းယုဝေ၊ ဒေါက်တာကျော်စိန်၊ ဆရာဦးမောင်မောင်တင် စသော ပညာရှင်ကြီးများ တက်ရောက်ကြ၏။

အခမ်းအနား မစမီတွင် မြဝတီစာပေတိုက် စာတည်းမှူးချုပ် ဒုတိယ ဗိုလ်မှူးကြီးချစ်နိုင်က "ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာများ" ၄၁ ပုဒ်ကို မြန်မာ–အင်္ဂလိပ် နှစ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေသဖြင့် ဆရာဇော်ဂျီ၏ဇနီး ဆရာမကြီး ဒေါ်စောရင်သို့ ဉာဏ်ပူဇော်ခ ကျပ်ငွေ ၄၀၀၀၀ တိတိနှင့် စာအုပ်လက်ဆောင်များ ပေးအပ်ကန်တော့သည်။ အခမ်းအနားသို့ တက်ရောက် လာကြသော ပါမောက္ခများ၊ စာပေပညာရှင်များ ဝမ်းသာအားရ သာဓုခေါ်ကြ၊ ကြည်နူးရ၏။ ထိုနေ့မှာပင် စတင်ဖြန့်ချိသည်။

လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံသော ထိုအခမ်းအနားသည် ဘာမျှ ပကာသန မရှိလှပါ။ စာကြည့်တိုက်၏ ရည်ညွှန်းခန်းမထဲ၌ လူ ၅၀ ခန့် စုဝေးပြီး ဆရာဇော်ဂျီ(၁၉၀၇–၁၉၉၀)၏ ဂုဏ်ကျေးဇူးများကို အမှတ်တရ ပြောဆို ဆွေးနွေးကြလျက် ပညာရှိသူများ၊ လူသားအကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးသူ များအား နောက်လူတို့က မမေ့မဆ မမေ့မလျော့ သတိရခြင်း မှတ်တိုင်တစ်ခုပင်

ဖြစ်ပါ၏။

ထိုပွဲတွင် ဆရာတစ်ဦး ဖော်ပြသွားခဲ့သော အချက်တစ်ခုသည် စာရေးသူ၏ ရင်ထဲအထိ စွဲငြိခိုဝင်လာခဲ့၏။ ဆရာဇော်ဂျီ၏ **"ပိတောက်ပန်း"** ကဗျာဖြစ်ပါ၏။

"ပိတောက်ပန်း"ကဗျာကို ၁၉၂၀ ကျော်ကျော်ခုနှစ်ဆီက စပ်ဆိုခဲ့သဖြင့် ယခုအခါ နှစ်ပေါင်း ၇၀ ကြာလေပြီ။ လူ့ဘဝ၏ သက်တမ်းတစ်ခုမျှ ရှိလေပြီ။ လူသာဆိုလျှင် သေလျှင်သေ၊ မသေသော်မှ အိုရော်လှပါပြီ။ သို့သော် ပိတောက်ပန်း ကဗျာကလေးကား ကျွန်တော်တို့ရင်ထဲဝင် အမြဲအစဉ် သစ်လွင်နေ၏။

တစ်ကြိမ်ဖတ်လျှင် အသိအမြင်တစ်ခုတိုး၏။ နောက်တစ်ကြိမ်ဖတ်မိပြန်လျှင် နောက်ထပ်အတွေးသစ်တစ်ခု ရပြန်၏။ စကြာမှန်ပြောင်း ကြည့်ရဘိသကဲ့သို့ ရောင်စဉ်ဖြာ၏။ ဆရာဇော်ဂျီသည် ခေတ်စမ်းစာပေမှာ ဦးဆောင် ပါဝင်ခဲ့သူ တစ်ဦး ဖြစ်၏။

ဇော်ဂျီသည် ခေတ်စမ်း၏ အစ၊ အလယ်၊ အဆုံး လှုပ်ရှားခဲ့သူ ဖြစ်၏။ ထို့ကြောင့် ဥပမာတင်စားရလျှင် ငယ်ဖြူဟု ခေါ်နိုင်၏။ ဆရာတော် ဘဝအထိ ရောက်ရှိခဲ့၏။ အချို့ကား ကြီးတော့ လူထွက်သွားကြ၏။ မရေးတော့။ အချို့ကမူ အသက်ကြီးမှ ပင်စင်ယူမှ ရေးလာကြ၏။ တောထွက်ဟု ခေါ်ရမည်။ ဇော်ဂျီက ခေတ်စမ်းစာပေ လှုပ်ရှားမှု၏ အစိက ရေသောက်မြစ် သုံးသွယ်ကို မိန့်ခွန်းတစ်ခု၌ သုံးသပ်ဖော်ပြခဲ့ဖူးသည်။

(၁) English Romantic Movement.

(၂) ရာဘင်ဒြာနတ်တဂိုး၏ စာပေများ၊

(၃) အမျိုးသားစာဆိုကြီး သခင်ကိုယ်တော်မှိုင်း၏ စာပေများ။

ထိုရေစီးကြောင်းကြီးသုံးခုကို အမှီပြု၍ ခေတ်စမ်းစာပေ ပေါ်ထွန်းခဲ့သည်ဟု ရေးခဲ့ဖူး၏။ ခေတ်စမ်းအကြောင်းကို သူများတကာ ရေးသားသုံးသပ်တာတွေပဲ တွေ့ရပြီး ကိုယ်တိုင်ပါဝင်ခဲ့သူများက ခေတ်စမ်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ရေးသားခဲ့ဖူးခြင်း မတွေ့ရပါဟု ရေးဖူးသော ချက်ကိုစလိုဗက်/ချက်နိုင်ငံ၊ ပရပ်ဂ်မြို့တက္ကသိုလ်မှ မြသီဒါအတွက် သိစေလိုသော (ရှားပါးလှသည့်) အချက်တစ်ခုလည်း ဖြစ်ပါ၏။

အမေရိကန် ကဗျာဆရာ ရောဘတ်ဖရော့၏ "ကဗျာဆိုသည်မှာ ပီတိ နှစ်သက်မှုနှင့်စ,ပြီး ပညာအတွေးအခေါ်နှင့် အဆုံးသတ်၏"ဟုသော အဆိုအမိန့်

ကို ဆရာဇော်ဂျီ အလွန်နှစ်သက်၏။ မကြာခဏ ကိုးကားပြောဆိုလေ့ရှိ၏။

ဆရာသည် ကဗျာကို အတွေးအခေါ်လှပစွာဖြင့် သီကုံးတတ်၏။ အသံသာသာဖြင့် ချိုမြစွာ ရေးဖွဲ့တတ်၏။ အလွန်လှသော ကာရန်များဖြင့် မြန်မာဆန်စွာ ရေးစပ်၏။ အလွန်ထိမိသော နိမိတ်ပုံတို့ကို အသုံးပြုတတ်၏။ အကျယ်သိလိုသော် ဒေါက်တာကျော်စိန်၏ ဇော်ဂျီကာ (စာပေဗိမာန်ထုတ်) စာအုပ်ကို လေ့လာနိုင်ပါသည်။ နည်းယူမှီးလိုသော် မြဝတီစာပေတိုက်ထုတ် ဗေဒါလမ်းကဗျာကို ဖတ်ကြည့်စေလို၏။

ဆရာဇော်ဂျီ၏ ပိတောက်ပန်းဟူသော ကဗျာကို စာဖတ်သူ ဖတ်ဖူးပါလိမ့်မည်။ လေးပိုဒ်မျှသာ ပါ,ပါ၏။

(၁) သူငယ်ညီးလေ လောကီသားပေမို့၊ ကြွားချင်လှပေလိမ့်မယ်ဟု စာဆိုက စာဖတ်သူကို ပေးဝေသော အသိမှာ ခွင့်လွှတ်မှု၊ စာနာ နားလည်မှု၊ Forgiveness ခွင့်လွှတ်တတ်ရပါကလားဟူသော အမြင်အသိကို ရစေ၏။

(၂) ပိတောက်ရာသီ၊ ပိတောက်ပန်းတွေ လေပြည်မြူးသောအခါ ပိတောက်ပွင့်ဝေဝေနှင့် ပိတောက်ကိုင်းတွေသည် လူးကာလိမ့်ကာ ပျော်မြူးနေကြ၏။ သူတို့လို ဘယ်သူမြူးနိုင်ပါ့ဟု စာဆိုက ဆိုလိုက်၏။ မုဒိတာ အမြင်ပါ၏။ အားကျနှစ်သက်သံပါ၏။

(၃) မင်းတို့ပိတောက်တွေ တစ်ပင်လုံး၊ တစ်လမ်းလုံး၊ တစ်ရွာလုံး ဝါထိန်တောက်နေကြတာ ဘာသဘောလဲ။ တိုင်းပြည်ကြီး အေးချမ်းတော့မယ်၊ ဘေးမသမ်းဘဲ သာသနာတော် ပြန့်ပွားထွန်းကားတော့မယ် ဆိုတဲ့ နိမိတ်လား။ စာဆိုက မျှော်လင့်ချက်ကို ပေးလိုက်၏။ Hope, Expectation ကို တတိယပိုဒ်က ရရှိစေ၏။

(၄) ဩော်...ပျော်ပါစေ၊ မာလာပန်းတွေတောမှာ သူလည်း ပျော်ချင်ကြတယ်ထင်ပါရဲ့။ အခါအခွင့်လေးရခိုက်မှာ သူတို့ ဖူးကြ၊ ပွင့်ကြရရှာတယ်။ အခွင့်ကြုံလို့ တစ်ပုံဆန်းရတယ်။ ခများမှာ ပန်းရဲ့သဘာဝ။ မစူးချင်စမ်းပါနဲ့ကွယ်။ စာနာမှုကို စာဆိုက ပြသ၏။ Sympathy.

ကဗျာ ၄ ပိုဒ်မှာ အတွေးလေးခုကို စာဆိုက ပေးလိုက်၏။ ပိတောက်ပန်းဟူသော ကဗျာလေးကား အနှစ် ၇၀ ကျော် ကြာလေပြီ။ သို့ရာတွင် ယောင်း

နှမ်းမသွားချေ။

အဘယ်ကြောင့်ဆိုသော် ဖတ်ရသူ လူသားအားလုံးသို့ ခွင့်လွှတ်ခြင်း၊ နှစ်သက်ကြည်နူးခြင်း၊ မျှော်လင့်ခြင်းနှင့် စာနာခြင်းတို့ကို လှဲ့ဆော်တွေးခေါ် တတ်အောင် ဖွဲ့ဆိုခဲ့ခြင်းကြောင့်ပင် မဟုတ်ပါလား။

ချစ်နိုင် (စိတ်ပညာ)
မော်ကွန်းဂျာနယ်
အတွဲ(၁)၊ အမှတ်(၂၇)

☆ ☆ ☆

ဗေဒါလမ်းကို ဖြတ်သန်းခဲ့သူတစ်ဦး

၉ တန်း၊ ၁၀ တန်းရောက်တော့ လူပျိုပေါက်အရွယ်။ ကျွန်တော်တို့ ထိုအချိန်အခါ၌ ဆရာဇော်ဂျီ၏ ဗေဒါလမ်း ကဗျာများကို တွေ့ရ၊ ဖတ်ရ၊ အရသာ စ,ပြီးသိကြသည်။

တွေ့တိုင်းဘပျော်ပျော်နဲ့
ကျော်တိုင်းသာသူ့မှာလွမ်း
ချောင်းဗေဒါလမ်း။

တွေ့ကြ၊ ခင်ကြ၊ ချစ်ကြ။ ဟော...ထို့နောက်တော့ ဝေးကြရ၊ ဆွေးကြရ၊ ရင်နင့်ပူလောင်ခွဲခွာကြရ၊ အသည်းနချိန် ခံစားချက်တွေနှင့်လည်း ဟပ်မိသည်။ ငါတို့လိုပဲ ဗေဒါပင်လေးလည်း ဝမ်းနည်းကြေကွဲရှာမှာပဲ။ ခံစားချက် တပ်တူ ဟပ်မိတော့ စာပေအရသာ ကဗျာအရသာ ချိုမြစွဲနစ်။ ကဗျာကိုချစ်၊ စာကို ချစ်အောင် သူ ပျိုးထောင်ဈေဆော်ပေးခဲ့သည်။

နေလုံးရယ်နီ
တိမ်ပန်းချီနေသေးနဲ့
နတ်ရေးသည်သို့။

အလို...တန်ဖိုးရေးမထားသော သဘာဝလောက ပကတိပန်းချီကားချပ်ကို မြတ်နိုးတတ်၊ ရှုမြင်တတ်အောင် ဆရာဇော်ဂျီက ကျွန်တော်တို့ကို သင်ကြားပြသခဲ့သည်။ လောကအလှကို ပန်းချီကားပမာ မြင်တတ်အောင် ဆရာဖွဲ့ခဲ့၏။ ကျွန်တော်တို့ရေမြေကို အချစ်ပိုတတ်လာ၏။ ဒါတို့မြေ...ဒါတို့မြေ...၊ အလှဝေဆာ၊ တို့ဘိုးဘွားအမွေပါတကား။ တစိမ့်စိမ့်နှင့် ကြည့်လို့မဝဘေ။ လှပြီးရင်း လှလို့နေ။

မေခင်ဆိုသော ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက် ရှိသည်။ သူ့မှာ မွေးချင်းမရှိ၊ တစ်ဦးတည်းသော သမီးလေး။

သူနှင့်ကျွန်တော် ၁၀ တန်းမှာ တစ်ခန်းတည်းနေကြသည်။ သူက ရှေ့ခုံ၊ ကျွန်တော်က နောက်ခုံ။ သူ့မှာ အစ်ကိုမရှိ၊ မောင်မရှိ။ ကျွန်တော့်မှာ အစ်မ,မရှိ၊ နမ,မရှိ။ သူငယ်ချင်းနှစ်ယောက် မောင်နှမအရင်းပမာ ချစ်ကြသည်။

အသက် ၁၅ နှစ်၊ ၁၆ နှစ်။ စိတ်တူးယဉ်စ၊ ကဗျာတွေ စာတွေ ဝါးစားသလို အငမ်းမရဖတ်ကြ၊ သူဖတ်တာကိုယ့်ပြောပြ၊ ကိုယ်ကြိုက်တာ သူ့ပြောပြ။ ငြင်းကြခုံကြ၊ ကဗျာအကြောင်းတွေက ပြောလို့မကုန်။ သူကလည်း နားထောင်ချင်သည်၊ ကျွန်တော်လည်း ပြောပြချင်သည်။ ပြောလို့မဝတော့ စာတွေ ရေးကြသည်။ ဟ...ဘာစာတွေတုန်း။

ဗေဒါလမ်း (၁) အပေါ်

စံစားချက်၊

ဗေဒါလမ်း (၃)ကို

သုံးသပ်ချက်၊

ဗေဒါလမ်· (၁၀)နှင့်

မိမိအမြင်။

ဒါမျိုးတွေပါ။

ဝေးကွာခွဲခွာကြရသည့်အခါမှာလည်း ဆရာဇော်ဂျီ၏ ဗေဒါလမ်းတွေထဲကပဲ ကိုးကားပြီး ရေးသားလေ့ရှိပါ၏။

ချောင်းရေကဖောင်

ဘတောင်လေကသွေး၊

ရွက်လင်းယဉ်ဖြိုင်ဖြိုင်နဲ့

ပန်းတိုင်ကို

ပန်းခိုင်ဆိုက်အောင်

အာ..ရိုက်ပါ့လေး။

ကျွန်တော် ၁၀ တန်းအောင်သောနှစ်မှာ သူကျခဲ့ရှာသည်။ စာကြိုးစားဖို့ ကျွန်တော် သူ့ကို ထိုကဗျာမျိုး၏ အဓိပ္ပာယ်ကို ဖွဲ့နွဲ့ရှင်းလင်းပြီး အားပေးစာတွေ ရေးခဲ့၏။ လွန်ခဲ့သည့် အနှစ် ၃၀ ဆီက ကျွန်တော်တို့လို လူပျို အပျိုပေါက် အရွယ်တွေ၏ အသည်းစိုင်ကို ဆွဲကိုင်လှုပ်ခါစေခဲ့သော ကဗျာများမှာ ဤဆရာ

ဇော်ဂျီ၏ ဗေဒါလမ်းကဗျာများ ဖြစ်ပါသည်။ ကျွန်တော်တို့ကို စာပေမြတ်နိုး လာစေခဲ့၏။ မျိုးချစ်စိတ်ဓာတ် ရင့်သန်စေခဲ့၏။ လူ့သဘာဝ လူ့သဘောတို့ကို ယောနိသောမနသိကာယဖြင့် ရှုမြင် ဆင်ခြင်တတ်အောင် လေ့ကျင့်ပျိုးထောင် ပေးခဲ့။ ကျေးဇူးကြီးမားပါသည်။

ဘဲအုပ်က တစ်ရာနှစ်ရာ
မဗေဒါက တစ်ပင်တည်း
အယက်အကန်ခံလို့
ဗေဒါပျံ့ အံကိုခဲ
ပန်းပန်လျက်ပဲ။

ဟိုဘက်မှာလည်း အနုမြူလက်နက်ပိုင်ဆိုင်သော လူဦးရေ မတန်တဆ များပြားလှသည့် အင်အားကြီးနိုင်ငံ။

ဒီဘက်မှာလည်း အနုမြူလက်နက် ပိုင်ဆိုင်သော လူဦးရေ မတန်တဆ များပြားလှသည့် အင်အားကြီးနိုင်ငံ။

ဟိုး...အဝေးကလည်း မိမိကို မလိုမုန်းထား၊ ယက်ချင် ကန်ချင်နေသော အနုမြူလက်နက် သုံးဖူးသည့် မဟာ့မဟာ အင်အားကြီးနိုင်ငံ။

လူဦးရေ သန်း ၅၀ ပင် မပြည့်သော မိမိတို့လူမျိုးကို အနာဂတ်မှာ ဆက်လက် ရပ်တည် ရှင်သန်စေရန်မှာ 'ဗေဒါပျံ့လို အံကိုခဲ'၍ ပန်းပန်နိုင်အောင် ကြိုးစားကြရမည်။ အမျိုးသား အချင်းချင်း သွေးမကွဲသင့်။ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို မဖြစ်မနေ တည်ဆောက်ထူထောင်ရမည်။

မဗေဒါကို ပမာတင်စား၍ အမြင်ရှင်းသည်။ လှိုင်းတွေဖုံးခဲ့ဖူးပြီ။ အုန်းလက်ကြွေနှင့်လည်း ဆောင့်ခဲ့ရသေးသည်။ ဘဲအုပ်၏ အယက်အကန်လည်း ခံရမည်။ ဖွဲ့ရှိရမည်။ အံကို ခဲရဦးမည်။ ဤအသိအမြင် (လောကအမြင်)မျိုးကို လွယ်လွယ်ရှင်းရှင်း ပေးဝေသော ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာများကို မြန်မာအင်္ဂလိပ် ယှဉ်တွဲလျက် ပုံနှိပ်ထုတ်ဝေမည်။ ဗေဒါလမ်းကဗျာများကို ယခင်က စာတွဲအကြိမ်အထိ ရိုက်နှိပ်ထုတ်ဝေဖူးသည်ဟု မှတ်သားမိပါသည်။ အနီ၊ အဝါ၊ ရေပြင်၊ နေလုံးနီနီ၊ ရွက်လှေငယ်တစ်စင်းပုံလည်း ရှိသည်။ ဂျီအောင်စိုးလက်ရာ၊ မရမ်းနု၊ ခရမ်းနု၊ ဗေဒါရောင်လွင်လွင်နှင့် ဗေဒါပွင့်၊ ဒါပင်ပုံနှင့် ၁၉၇၀ ဆီကလည်း တစ်ကြိမ်ရိုက်သေးသည်။ မည်သူ့လက်ရာ မှတ်မိ။

ဤတစ်ကြိမ်မှာ ယခင်အခါများက မပါဖူးခဲ့သည့် အပုဒ်ရေနံ့ပါတ်(၄ ပါ ပြည့်စုံအောင် ရှာဖွေစုဆောင်းပြီး ထည့်ထားသည်။ ပထမ ထူးခြာ ချက်။ အမေ့သားအမည်ခံ တပ်မတော်အငြိမ်းစား အရာရှိတစ်ဦး(ဦးဝင်းဖေ)ထံ ပန်ကြားတောင်းခံ၍ အင်္ဂလိပ်ကဗျာ ဘာသာပြန်ပါ ယှဉ်တွဲရိုက်နှိပ်သည်။ အင်္ဂလိပ်ဘာသာသို့ သာမန်အဓိပ္ပာယ် ပြန်ဆိုထားခြင်း မဟုတ်။

ရစ်သမ်ကိုက်ညီအောင် ခက်ခက်ခဲခဲ အင်္ဂလိပ်လို စပ်ဆိုပြုထားခြင်း ဖြစ်၏။ အကဲခတ်ကြည့်ပါ။ ဤသည်ကား ဒုတိယထူးခြားချက်ဖြစ်၏။

ကာကွယ်ရေးဝန်ကြီးဌာန၊ မြဝတီစာပေတိုက်မှ အဖိုးနှုန်းချိုသာစွာဖြင့် ရိုက်နှိပ်ထုတ်ဝေရန် စီမံ၏။ မြန်မာစာဆို ဆရာဇော်ဂျီ၏ မြန်မာဆန်သော အတွေးအခေါ် အယူအဆကို မြန်မာ့နှာ၊ မြန်မာ့နှလုံးသားဖြင့် လူငယ်များ ခံစားထိတွေ့နိုင်ပေမည်၊

မော်ဒန်ကဗျာများ ကြိုးစားဖန်တီးနေကြသည့် လူငယ်ကဗျာဝါသနာရှင်များ အတွက်လည်း အကျိုးပြုစေလိမ့်မည်ဟု မျှော်လင့်ရပါသည်။ မြန်မာ့အတွေး အခေါ်နှင့် ကဗျာသဘောကို စူးစမ်းလေ့လာချင်သော (အင်္ဂလိပ်ဘာသာမှ တစ်ဆင့်) နိုင်ငံခြားသားများ၊ မြန်မာခေတ်ပညာတတ်များအတွက်လည်း အသုံးကျမည်ဟု ယူဆရပါသည်။

ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာများသည် မြန်မာလူမျိုး၊ မြန်မာစာဆို အတွက် ဂုဏ်ယူစရာ မှတ်တိုင်တစ်ခု ဆိုသည်ကား အငြင်းပွားစရာမရှိဟု ထင်မြင်မိပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

ချစ်နိုင်(စိတ်ပညာ)

မဟာမဂ္ဂဇင်း၊ အတွဲ(၁)၊ အမှတ်(၁၂)

၁၉၉၇၊ မေလ

☆ ☆ ☆

ဗေဒါနှင့် ကျွန်တော်

မိုးနည်းရေရှားဒေသ၏ အလယ်ဗဟိုတည့်တည့်လောက်မှာရှိသော ခြောက်သွေ့လှသည့် ကျွန်တော့်ဇာတိရွာ ပတ်ဝန်းကျင်မှာ ဗေဒါ မရှိပါ။ သဲကန္တာရနီးနီး ရေရှားလှပြီး ယာတော၊ ထန်းတောများသာ ပေါပါ၏။ မြို့က သူငယ်ချင်းတွေက ကျွန်တော်တို့ကို ကန်ရေသောက် မြက်ခြောက်စားတွေဟု နောက်ပြောင်လေ့ ရှိပါ၏။ နိမ်ပြောရမှ စိတ်အလိုကျသူများ သူတို့စိတ်ချမ်းသာအောင် ခေါ်ပါစေ။ ကျွန်တော် မနာပေ။

ကျွန်တော်တို့ ဝတ္ထုဖွဲ့စကာလလောက်မှာ ဆရာအောင်လင်း၏ ဗေဒါကို ဖတ်ရ၏။ မောင့်မမငြိမ်းကို ဖတ်ရ၏။ အရိုင်းစံပယ်ကို ဖတ်ရ၏။ ထိုဝတ္ထုများသည် ရုပ်ရှင်အဖြစ် ၃–၄–၅ ကြိမ်ထက်မနည်းအောင် အခါခါ ရိုက်ကူးခဲ့ကြပြီး ဖြစ်ပါ၏။ ဗေဒါသည် လွင့်ချင်ရာလွင့်၍ မြောချင်ရာမြောပါသည့် သင်္ကေတ နိမိတ်ပုံဟု ခံစားခဲ့ရသည်။ ဗေဒါပင်ကိုတော့ မမြင်ဖူးသေး။

မန္တလေးတက္ကသိုလ်သို့ ရောက်သောအခါ၌မူ တက္ကသိုလ်ပတ်ဝန်းကျင်ရှိ မြောင်းတွေထဲမှာလည်းကောင်း၊ ကွင်းပြင်ရှိ ရေအိုင် ရေကန်တွေထဲမှာ လည်းကောင်း ဗေဒါတွေကို နီနီးနားနားပင် တွေ့မြင်လာရ၏။ ထိုအချိန်မှာ ကျွန်တော်သည် ရန်ကုန်တက္ကသိုလ် ကလောင်ရှင်အသင်းမှ ထုတ်ဝေခဲ့သော ဆရာဇဂ္ဂျီအောင်စိုး၏လက်ရာ အဖုံးဝါဝါနှင့် ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာ ၃၂–ပုဒ်ကို ဖတ်ဖူးပါလေပြီ။ ၁၉၆၂ ခု၊ ဩဂုတ်လအထိ ဆရာဇော်ဂျီသည် ဗေဒါလမ်းကဗျာ ၃၂–ပုဒ် စပ်ဆိုဖွဲ့နွဲ့ခဲ့၏။

ဆရာ၏ ဗေဒါလမ်း အမှတ်(၁၀)၊ ပန်းပန်လျက်ပဲကို ခံစားပြီး ဝတ္ထု ဖန်တီးရေးဖွဲ့သော ခင်နှင်းယု၏ ပန်းပန်လျက်ပါဝတ္ထုသည် အောင်မြင်သည်။

ဒါရိုက်တာ ဦးချင်ခင် ထိုဝတ္ထုကို ပန်းပန်လျက်ပါအမည်နှင့်ပင် ကောလိပ်ဂျင်နေဝင်း၊ မြတ်လေး၊ ကြည်ကြည်ဌေးတို့နှင့် ရိုက်ကူးရာ အထူးပင် အောင်မြင်ထင်ရှားသည်။ ထိုရုပ်ရှင်ထဲမှာ ဓာတ်ဝင်သီချင်းအဖြစ် စန္ဒရားချစ်ဆွေ တေးသံသွင်းခဲ့သော ပန်းပန်လျက်ပဲကဗျာသည်လည်း လူတိုင်း၏ နှလုံးသားအထိ ခံစားချက် ရိုက်ခတ်စေလေသည်။

ညိုပြာပြာ လတာပြင့်ခြေရင်း
လှိုင်းတက်ရာ ဗေဒါတက် လှိုင်းသက်ရာဆင်း။
ဆင်းရလဲမသက်သာ
အုန်းလက်ကြွေ ရေပေါလော၊ မျှောစုန်လို့လာ။
အဆင်းနဲ့အလှ ဗေဒါမ အထွေး
အုန်းလက်ကြွေ သူ့နံဘေး ဆောင့်ခဲ့ရသေး။
ဆောင့်ခဲ့လဲ မသက်သာ
နောက်တစ်ချီ ဒီတမလုံးက ဖုံးလိုက်ပြန်ပါ။
မြုပ်လေပေါ့ ပေါ်မလာ၊ မဗေဒါအလှ
တစ်လံကွာ လှိုင်းအကြွ ပေါ်လိုက်ပြန်ရ။
ပေါ်ပြန်လဲ မသက်သာ
ချောင်းအဆွယ် မြောင်းငယ်ထဲက ဘဲထွက်လို့လာ။
ဘဲအုပ်ကတစ်ရာနှစ်ရာ ဗေဒါကတစ်ပင်တည်း
အယက်အကန်ခံလို့ ဗေဒါပျံ့ အံကိုခဲ
ပန်းပန်လျက်ပဲ။

မသက်မသာဖြစ်စရာ မည်သို့သောအခြေအနေကို ဖြတ်သန်းရစေကာမူ လောကဓံကိုအံခဲ၍ ပန်းပန်လျက်ပဲ ဆိုသော အားမာန်သတ္တိကို ကျွန်တော်တို့ ဝေမျှခံစား၍ ရရှိလေသည်။ ဆရာဇော်ဂျီသည် ၁၉၇၀ ခုနှစ်အထိ နောက်ထပ် ဗေဒါလမ်းကဗျာ ၈ ပုဒ်ကို ငွေတာရီမဂ္ဂဇင်း၌ ထုံ့ပိုင်းထုံ့ပိုင်း ရေးခဲ့သည်။ ၁၉၈၁ ခုနှစ် ဖျာပုံစာပေလုပ်သားမဂ္ဂဇင်းတွင် ရေးပေးခဲ့သော ဗေဒါလမ်းကဗျာကား အမှတ်(၄၁)အဖြစ် ဆရာ၏ ဗေဒါဆိုင်ရာ နောက်ဆုံးကဗျာ ဖြစ်ခဲ့ပါတော့၏။ ပထမကဗျာ (၁၉၃၆-ခု)မှ နောက်ဆုံးကဗျာ (၁၉၈၁ ခု) အထိ နှစ်ပေါင်း ၄၀ ကျော်အတွင်း ဗေဒါလမ်းကဗျာ ၄၁-ပုဒ်ကို စိတ်ရှည်စွာဖြင့် နှလုံးသားမှ ယိုစိမ့်ကျလာမှ ရေးချလိုက်၊ အတွေး၊ အငွေ့ကလေး တွေ

တဖြည်းဖြည်း အေးခဲပြီး အရည်ဖြစ်လာမှ တစ်ပေါက် နှစ်ပေါက် ကျသည်ကို စိမ်ပြေနပြေ ခံပြီး ရေးဖွဲ့လိုက်။ ဆရာကြီး၏ ဖွဲ့နှင့် အားထုတ်မှု စေတနာမှာ အံ့သြအတုယူလောက်စရာ ဖြစ်ပါသည်။

ဗေဒါလမ်းကဗျာများ ရေးဖွဲ့ဖြစ်ခြင်းနှင့် စပ်လျဉ်း၍ ဆရာဇော်ဂျီ ပြောပြသည်ကို ဝင်းငြိမ်း မှတ်တမ်းတင်ထားသည်မှာ အောက်ပါအတိုင်း ဖတ်ရှုခဲ့ရသည်။

"ဆရာ့အလုပ်ခွင်ဖြစ်တဲ့ တက္ကသိုလ်စာကြည့်တိုက်ကို နေ့စဉ်နေ့တိုင်း ခြေလျင်သွားပြီး ခြေလျင်ပြန်လေ့ရှိပါတယ်။ ဒီလို နေ့စဉ်သွားလာနေရတာကို တွေးမိလာတယ်။ အလုပ်တွင်းမှာလည်း လူအမျိုးမျိုး၊ အဖြစ်အပျက် အမျိုးမျိုးနဲ့ ကြုံဆုံ ဆက်ဆံတုံ့ပြန်နေရလို့ ခံစားမှု အမျိုးမျိုး ရနေခြင်းသာပါတကားလို့ တွေးမိလာတယ်။ အသွားနဲ့အပြန် နှစ်ခုကြားမှာ အဖန်တလဲလဲ ကျင်လည်နေရခြင်းသာပါတကားလို့လည်း တွေးမိပါတယ်။ တစ်ခါ ဆရာငယ်ငယ်က သွားလာပျော်ရွှင်ခဲ့ဖူးရာဖြစ်တဲ့ ဒီအတက်အကျရှိတဲ့ ချောင်းကို သတိရလာတယ်။ ဒီရေအတက်အကျအလိုက် စုန်ဆန်နေတတ်တဲ့ ဗေဒါပင်၊ ဗေဒါပန်းတွေကိုလည်း သတိရလာတယ်။ ကဗျာရေးချင်စိတ် ပေါက်လာတဲ့အခါ ဆရာ့အတွေ့အကြုံ အဆက်အဆံ၊ အတုံ့အပြန် ရှိခဲ့ဖူးတာတွေကို ဒီချောင်းအမှုအရာ၊ ဗေဒါပင်၊ ဗေဒါပန်းအမှုအရာတွေနဲ့ တင်စားပြီး ဆရာမှတ်မိတဲ့ ခံစားမှုအသိနဲ့ ဗေဒါလမ်း ကဗျာတွေကို ထုံ့ပိုင်းထုံ့ပိုင်း ရေးနိုင်ခဲ့တာပဲ..."

ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာများနှင့် ပတ်သက်၍ စာရေးဆရာ မြဇင်က ဤသို့ သုံးသပ်ဖော်ပြခဲ့၏။

"ဒီချောင်းတွင် တက်လိုက် ဆင်းလိုက် ကျင်လည်မှု၊ လှုပ်ရှားရသော ဗေဒါကို ဆန့်ထားနိမိတ်ပုံအဖြစ် အသုံးပြုလျက် ဆရာဇော်ဂျီသည် ဘဝကို သုံးသပ်သည်။ လူမှုအဆောက်အဦကို ဝေဖန်သည်။ လူဟူသောအဖြစ်ကို ဆန်းစစ်သည်။ နိမိတ်ပုံဖြင့် ဘဝကို ထင်ဟပ်သော စာကောင်းပေကောင်း ပြုစုနိုင်ကြောင်း ဆရာဇော်ဂျီက လက်တွေ့ပြသည်"

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ တာဝန်ထမ်းဆောင်ခဲ့သော ဆရာမကြီး ဒေါ်မြင့်သန်းနှင့် ဆရာမကြီးဒေါ်မြမြသန်းတို့က မြန်မာကဗျာလမ်းကြောင်း၌ မှတ်တိုင်တစ်တိုင်ဟု ဆိုခဲ့သည်။

"စင်စစ်မှာ ဗေဒါလမ်းကဗျာစုသည် လူ့ဘဝခရီးလမ်းဖွဲ့ဖြစ်သည်ဟု ဆိုချင်ပါသည်။ ထို့ကြောင့် ပရိသတ်အဖို့မှာ ကဗျာစုသည် လူ့ဘဝခရီး၌ သူသူငါငါ တွေ့တတ်၊ ကြုံတတ်၊ ခံစားတတ်ကြသော အကောင်း, အဆိုးတို့ကို သတိပြုနိုင်ကြအောင်၊ မေတ္တာ စေတနာအင်အား ပွားများနိုင်ကြအောင် နှိုးဆော်ရာရောက်သည်ဟု ထင်ပါသည်။ ဗေဒါလမ်းကဗျာစုသည် ခေတ်သစ်မြန်မာကဗျာဖြစ်ပေါ်လာမှုလမ်းကြောင်းတွင် မှတ်တိုင်တစ်တိုင် ဖြစ်သည်ဟု ဆိုချင်ပါသည်"

စာကို တိုတိုနှင့် ဆိုလိုရင်းသာ ထိထိမိမိ ကျစ်လျစ်စွာ ရေးသားလေ့ရှိသော ဆရာတိုက်စိုးက အောက်ပါအတိုင်း မှတ်ချက်ပြုလေသည်။

"စာဆို ဆရာဇော်ဂျီသည် မြစ်ထဲ ချောင်းထဲတွင် တွေ့ရမြဲ၊ မြင်ရမြဲ အခြင်းအရာကိုမှီ၍၊ မှီရာမှ ကျော်၍ အမြင်အသိတစ်ခုကို ရခဲ့ဟန်ရှိလေသည်။ ဇော်ဂျီသည် ထိုအကြောင်းကို ကဗျာဖတ်လို၊ နာလိုသူမှန်သမျှအား မိမိကဲ့သို့ အမြင်ပေါက်ကာ နှစ်သိမ့်ရအောင် ရေးဖွဲ့ပြ၊ သီဆိုပြသည့် လက္ခဏာရှိပေသည်။ ထိုကဗျာစုကို ပကတိသဘောအတိုင်း ဖတ်မည် နာမည်ဆိုလျှင်လည်း ကောင်းပါ၏။ စာတတ်သွင်း၍ ဖတ်ကြည့်၊ နာကြည့်ပါမူကား အရသာစုံ ခံစားနိုင်မည် ဖြစ်ပေသည်"

ကဗျာဆရာ တက္ကသိုလ်မင်းမော်ကမူ ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာများ အဘယ်ကြောင့် မယှဉ်သာအောင် ထိပ်တန်း၌ ရှိရသည့်အကြောင်းရင်းကို ဤသို့ သုံးသပ်လေသည်။

"ကဗျာအပုဒ် ၄၁ ပုဒ်ကို ၄၁ နှစ်ကြာအောင် ရေးရင်း စောင့်ရင်း၊ စောင့်ရင်း ရေးရင်း လုပ်နိုင်ခဲ့သော ဆရာ၏ သည်းခံစိတ်မျိုးသည်လည်းကောင်း၊ စိတ်ရှည်မှုမျိုးသည်လည်းကောင်း၊ မည်သည့်အခြား ကဗျာဆရာ၌မျှ ကျွန်တော် မကြားဖူးခဲ့၊ မသိဖူးကြောင်းကို ရိုးသားစွာ ဝန်ခံချင်ပါသည်။ ဝန်ခံရင်းနှင့် ကဗျာရေးရာ၌ စိတ်ရှည်နိုင်သော၊ သည်းခံနိုင်သော၊ ဆရာ၏စိတ်မျိုးကိုလည်း ဦးမညွတ်ဘဲ မနေနိုင်အောင် ဖြစ်ရပါတော့သည်။ ဤသို့သော စိတ်ရှည်မှု၊ သည်းခံမှု၊ အလိုလောဘ နည်းမှုကြောင့်လည်း ဆရာ၏ ဗေဒါလမ်းကဗျာများနှင့် ယှဉ်နိုင်သည့် ကဗျာများကို နှစ်ဆယ်ရာစုနှစ်အတွင်း အရိပ်မျှပင် မတွေ့ရသေးခြင်း ဖြစ်ရာ၏ဟု ကျွန်တော်ထင်မိပါသည်"

ကျွန်တော်တို့သည် မြစ်ဝကျွန်းပေါ် ရှခင်းများနှင့် စိမ်းပါသည်။ လမု၊ လတာ၊ ဗျိုက်တော၊ ကျွဲစားကျက် စသည်တို့နှင့် မရင်းနှီးပေ။ သို့သော် အတွေးဖြင့် ခံစား၍ရသည်။ နိမိတ်ပုံအဖြစ်လည်း ခံစား၍ရသည်။ ၁၀ တန်းအောင်ပြီး အတန်းထဲက သူငယ်ချင်းတွေနှင့် ခွဲရသောအခါ ကျွန်တော့် ရင်ထဲ၌ ဆရာဇော်ဂျီ၏ ချောင်းတစ်ခွင်ကဗျာ နိဂုံးပိုဒ်က ပဲ့တင်ထပ်၍ နေလေတော့သည်။

"ရောက်ပြန်လျှင် ပျော်၊
ကျော်ပြန်တော့ သူလွမ်း
ရောက်တိုင်း တပျော်ပျော်နဲ့
ကျော်တိုင်းသာ သူ့မှာလွမ်း၊
ချောင်း ဗေဒါလမ်း။"

ကျွန်တော် တက္ကသိုလ်ရောက်ချိန်တွင် သူငယ်ချင်းအချို့က ဆယ်တန်းမှာ ကျခဲ့သည်။ သူတို့ကို စာရေး၍ အားပေးသည်။ စာကြိုးစားဖြစ်အောင် တိုက်တွန်းသည်။ လူ့ဘဝမှာ ၁၀ တန်းလေးတော့ အောင်မှ လူရာဝင်မှာဟု အလေးအနက် ပြောသည်။ သူငယ်ချင်းများဆီသို့ စာရေးရာတွင် အမြဲလိုလို ကူးရေးပြီးထည့်ပေးသော ကဗျာတစ်ပိုင်းတစ်စမှာ ဆရာဇော်ဂျီ၏ ဗေဒါလမ်း (၁) နောက်ဆုံးပိုဒ် ဖြစ်ပါသည်။

"ချောင်းရေကဖောင်၊ တောင်လေကသွေး။
ရွက်လင်းယဉ်မြိုင်မြိုင်နဲ့
ပန်းတိုင်ကို ပန်းခိုင်ဆိုက်အောင်
အားစိုက်ပါလေး။"

ဤကဗျာသည် ကျွန်တော်တို့ကို ရည်မှန်းချက်ထား၍ ရည်မှန်းချက်ဆီသို့ မရောက် ရောက်အောင် လုံ့လဝီရိယဖြင့် ကြိုးစားတတ်အောင် ညွှန်ပြပေးခဲ့၏။ ဆရာဇော်ဂျီ၏ ကျေးဇူးသည် ကြီးမားလှပါသည်။

ချစ်နိုင် (စိတ်ပညာ)
၁၈-၉-၉၇

☆☆☆

နှစ်ဆယ်ရာစု စာဆိုတစ်ဦး

မှန်သည့်အတိုင်း ဝန်ခံရလျှင် ကျွန်တော်သည် မြသန်းတင့်ရေးသမျှကို အကုန်မဖတ်ဖူးပေ။ စစ်နှင့် ငြိမ်းချမ်းရေးကို ပုဂံစာအုပ်တိုက်က သုံးကျပ်တန် အတွဲတွေခွဲ၍ ထုတ်စဉ်ကလည်း အကုန်မဖတ်ရ။ ဘဝတက္ကသိုလ်က ၂ တွဲခွဲပြီး ထုတ်ဝေစဉ်ကလည်း တစ်ပိုင်းတစ်စမျှသာ ဖတ်ရ၏။ အစအဆုံး မပြီးခဲ့ပေ။ ဂေါ်ကီ၏ ဘဝတက္ကသိုလ်ကိုလည်း မူရင်း အင်္ဂလိပ်ဘာသာနှင့်တွဲ၍ နည်းနည်းသာ တိုက်ဆိုင်ပြီး သင်ခန်းစာသဘော မှတ်စုထုတ်ရင်း ဘာသာပြန်နည်း လေ့လာသည့်အနေနှင့် အနည်းငယ်ပဲ ဖတ်မိသည်။ အပြီးထိ မရောက်။ ခန်းဆောင်နီအိပ်မက်ကို အတွဲအားလုံး အငှားဆိုင်မှယူပြီး ဖတ်ဖို့ တစ်လခန့် ကြိုးစားပါသော်လည်း အာရုံမဝင်စားနိုင်။ မပြီးခဲ့။ မတိုးပေ။

လေရူးသုန်သုန်လည်း ထိုနည်းတူ။ ရေးရန်မဆိုထားဘိ၊ ကုန်အောင်ဖတ်ရန်ပင် ဝေးကွာလှပါ၏။

မာယာဘုံ၊ ဓားတောင်ကိုကျော်နှင့် ထားကျွန်မလင်၊ ကျွန်တော် ဆက်၍ ရေးချင်သော ဝတ္ထုများ၊ လိုက်ခဲ့တော့ မြနန္ဒာ စသည့် ဝတ္ထုများကိုတော့ အခါခါ အထပ်ထပ် ဖတ်ဖြစ်၏။ ဘာကြောင့်ရယ်မသိ။ သူ၏ မြန်မာဝတ္ထုများကိုလည်းကောင်း၊ ခရီးသွားမှတ်တမ်းနှင့် အက်ဆေးများကိုလည်းကောင်း၊ ကျွန်တော် အတော်စွဲလမ်းသော်လည်း တဂိုး၏ ကဗျာများ အပါအဝင် စာကောင်း ပေကောင်း သူ့လက်ရာ ဘာသာပြန်များကို မိမိအာရုံက မစူးစိုက်နိုင်ခဲ့ကြောင်း ဝန်ခံရပါမည်။ မိမိ ဉာဏ်မမီဟု ဆိုရပါလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ဆရာကြီးမြသန်းတင့်သည် အမျိုးသားစာပေဆု (၅)ကြိမ် တိုင်တိုင် နိုင်ငံတော်အစိုးရက ချီးမြှင့်ခဲ့ရသည့် မျက်မှောက်ခေတ်၏ စာဆို

တော်ကြီးတစ်ဦးဟူသော မှတ်တိုင်ကိုကား မည်သူကမှ ငြင်းပယ်နိုင်မည် မဟုတ်ချေ။ မြန်မာစာပေသမိုင်းတွင် ၂၀ ရာစု၏ ထူးချွန်ထူးခြားသော စာပေပညာရှင်တစ်ဦး ဖြစ်သည်ကား အလွန်တရာ ခိုင်မာစွာ သေချာပါသည်။

၁။ စစ်နှင့်ငြိမ်းချမ်းရေး (၁၉၇၃)
၂။ လေရူးသုန်သုန် (၁၉၇၈)
၃။ ခန်းဆောင်နီအိပ်မက် (၁၉၈၉)
၄။ သုခမြို့တော် (၁၉၉၂)
၅။ အချစ်မိုးကောင်းကင် (၁၉၉၅)

ဆရာကြီး သိန်းဖေမြင့်၊ မြသန်းတင့်၊ သာခု၊ တင့်တယ်၊ သော်တာဆွေ၊ ရှုဝံ၊ ကျော်အောင်၊ ဗန်းမော်တင်အောင်၊ သခင်မြသန်း၊ ခင်နှင်းယု၊ တက္ကသိုလ် ဘုန်းနိုင်၊ မောင်သာရ၊ ရန်ကုန်ဘဆွေ စသည့် စာရေးဆရာကြီးများမှာ ကျွန်တော်တို့ ဆယ်ကျော်သက်ဘဝက အရှုးအမူး စွဲလမ်းခဲ့ရဖူးသော ကလောင်ရှင်ကြီးတွေ ဖြစ်ကြ၏။ မိုးဝေမဂ္ဂဇင်းတိုက်ဆီသို့ ရစ်သီရစ်သီနှင့် စာရေးဆရာ နတ်နွယ်နှင့် မင်းကျော်ကို မြင်ဖူးချင်သဖြင့် ကျွန်တော် ရောက်ဖူးသည်။ ပက်လက်ကုလားထိုင်ပေါ်မှာ ဆရာမြသန်းတင့်ကို ကိုယ်တစောင်းမြင်ရသည်။ ဓာတ်ပုံ၊ ပန်းချီ စသည်မြင်ဖူးပြီးဖြစ်သဖြင့် ဆရာမြသန်းတင့်ပဲဆိုတာ သိနေသည်။ သူ့အသံကို နားထောင်ချင်သေးသည်။ ဆရာမြသန်းတင့်က မင်းကျော်ကို ပြောသံကို ကြားရသည်။ ကွဲကွဲရှရှဖြင့် တိုးတိုးသာ ပြော၏။ မသဲကွဲ။ အင်းလေ၊ မင်းသားလို အဆိုတော်လို အသံအောင်အောင်ဝါဝါဖြင့် ချိုချိုကြည် ကြည် ဘယ်ဟုတ်မလဲ။ စာရေးဆရာပဲ အသံလှဖို့ရာ မလိုပါ။ ရုပ်ကတော့ အညာသားရုပ်ပီသ၏။ လက်ပြင်လည်း အနည်းငယ်ကိုင်းသည်။ မည်းလည်း မည်း၏။ ပိန်လည်းပိန်၏။ မျက်မှန်သည် ပုလင်းဖင်ပိတ်သဖွယ် ထူလွန်း၏။

၁၉၇၀–ခုနှစ်ဆီက ကျွန်တော် ဆရာမြသန်းတင့်ကို ပထမဦးဆုံးအကြိမ် လူကိုယ်တိုင် မြင်တွေ့ခဲ့ရဖူးခြင်းသည် အမှတ်တရ ရှိလှပါသည်။ သူသည် မိမိတို့စိတ်ကူးထဲရှိ စံပြဓာတ်လိုက်တစ်ဦးပင် ဖြစ်၏။

နှစ်ပေါင်း ၂၅ နှစ်မျှကြာခဲ့ပြီးနောက် ၁၉၉၅ ခုနှစ်သို့ ရောက်သောအခါ ကျွန်တော်သည် နယ်စွန်နယ်ဖျား တောင်ပေါ်ဒေသများ၌ အနှစ် ၂၀ မျှ တာဝန်ထမ်းခဲ့ပြီးပြီဖြစ်၍ ရန်ကုန်သို့ တာဝန်ဖြင့် ရောက်လာရ၏။ ကျွန်တော် သွားရောက်တွေ့ဆုံသော စာရေးဆရာကြီးများမှာ...နတ်နွယ်၊ မောင်သာရ၊

စာဆိုတော်ကြီးများထံမှာ နီးစပ်စွာ ချဉ်းကပ်ခွင့်ရခဲ့ခြင်းအတွက် ကျေနပ်၍ မဆုံးပါ။

ဝမ်းသာခြင်းများသည် ဝမ်းနည်းခြင်းဖြင့် အဆုံးသတ်ရပါလေပြီ။ ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ဆရာကြီးမြသန်းတင့် ကွယ်လွန်သည်။ မကွယ်လွန်မီ ဆေးရုံသို့ ဝန်ကြီးဦးဝင်းစိန် ၂ ခေါက်သွားရောက် အားပေး ကြည့်ရှုခဲ့သည်။ ဆေးဖိုးဝါးခ ကျပ်တစ်သိန်းလည်း ပေးခဲ့သည်ဟု ဆရာကြီး၏ ဇနီးက မိမိကိုပြောသည်။ ကျွန်တော်ကား ဆေးရုံသို့ မရောက်လိုက်ရပါ။ ဆရာကြီးများထံမှ အနီးကပ် ပညာဆည်းပူးခွင့်ရလေစွဟု ဝမ်းသာ၍မှ အရှိန် မရမီ ဝမ်းနည်းကြေကွဲစွာ ကြုံရပါတော့သည်။ အမျိုးသားစာပေ (ဘာသာပြန် ဆိုင်ရာ) ဆုပေါင်း ၅ ကြိမ်တိတိ ရရှိခဲ့ဖူးသူဟူ၍ ဆရာမှလွဲ၍ မရှိခဲ့။ နောင်တွင်လည်း ပေါ်ပေါက်ဖွယ်ရာ ခက်ခဲပါ၏။

ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုရှည်၊ ဘာသာပြန်များစွာ စာပေရတနာသိုက်မှာ မြန်မာစာပေအတွက် ဖြည့်တင်းပေးခဲ့သည့် စာဆိုတော်ကြီးတစ်ဦးကား အသက် ၆၉ နှစ်အရွယ်၌ ကွယ်လွန်သွားရှာခဲ့လေပြီ။ ကျွန်တော်တို့အတွက် ထားရစ်ခဲ့သော စာပေပညာနှင့် အနုပညာအမွေတို့ကား တန်ဖိုးအနဂ္ဃပါတည်း။

ချစ်နိုင် (စိတ်ပညာ)

☆ ☆ ☆

တက္ကသိုလ်ဘုန်းနိုင်နှင့် မြသန်းတင့်။

ဆရာကြီးသော်တာဆွေ၊ သာရ၊ ဗန်းမော်တင်အောင်နှင့် မောင်သက်နောင်ဟူသော ကျွန်တော်(စာရေး ပေရေးဘဝကတည်းက) စွဲလမ်းခဲ့ရသည့် စာရေးဆရာကြီးတွေကား မရှိကြတော့ပေ။

ဆရာမြအိမ်သို့ ကျွန်တော် ပထမဦးဆုံးအကြိမ် ရောက်ရှိဖူးခြင်းသည် ၁၉၉၅ ခု ဩဂုတ်လ၏ နေ့ရက်တစ်ခုမှာ ဖြစ်ပါသည်။ ထိုအချိန်မှာပင် တိုက်ဆိုင်စွာ ဒေါက်တာမျိုးသန့်တင်နှင့် သုရဇော်က ဝင်လာကြပြီး ဆရာကို မြတ်မိခင် လူမှုရေးအဖွဲ့မှာ ပါဝင်ပါရန် လာရောက်တင်ပြဆွေးနွေးသော ပထမဦးဆုံးအကြိမ်နှင့် တိုးနေပါ၏။ နောက်တစ်နှစ်နီးနီးအကြာမှာ ဆရာလည်း မြတ်မိခင်လူမှုရေးအဖွဲ့တွင် ပါဝင်သည်။ ကျွန်တော်လည်း မြတ်မိခင် လူမှုရေးအဖွဲ့တွင် ပါဝင်သည်။ ဝတ္ထုရှည်ပြိုင်ပွဲတွေကို အကဲဖြတ် အမှတ်ပေးကြသည်။ ဆွေးနွေးကြသည်။ ငြင်းခုံကြသည်။ တိုင်ပင်ကြသည်။ ဝတ္ထုတိုတွေကို ရွေးချယ်ဆုပေးရန် ဖတ်ရှုပေးကြရသည်။ သူ့ကျွန်မခံပြီ ရုပ်ရှင်အတွက် လိုအပ်၍ အကူအညီ တောင်းပါက အကြံအား ဉာဏ်အား ဖြည့်ဆည်းအားပေးခဲ့ကြသည်။

မြတ်မိခင်လူမှုရေးအဖွဲ့တွင် ဥက္ကဋ္ဌက ဒေါက်တာမျိုးသန့်တင် ဖြစ်၍ အတွင်းရေးမှူးက ဆရာသုရဇော် ဖြစ်၏။ သူတို့နှင့်အတူ ဆရာမြသန်းတင့်၊ ဆရာတက္ကသိုလ်ဘုန်းနိုင်၊ ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)၊ ဆရာမ နုနုရည်(အင်းဝ)နှင့် ဝတ်လုံတော်ရကြီး ဦးဆန်းထွန်းတို့ ပါဝင်ကြသည်။ နိုင်ငံရေးမဟုတ်၊ စီးပွားရေးမဟုတ်။ လူမှုရေးအကျိုးပြုလုပ်ငန်းတွေကို နာယကဝန်ကြီး ဦးဝင်းဖြိန်၏ လမ်းညွှန်ဦးဆောင်မှုများဖြင့် ဆောင်ရွက်ကြရန် ဖြစ်သည်။ ထင်ပေါ်ကျော်ကြားရန် မရည်ရွယ်သဖြင့် ငွေကြေးတန်ဖိုး မညီမျှအထိ အကျိုးပြုခဲ့သည်ကို ဤနေရာတွင် မဖော်ပြလိုပါ။

ဆရာကြီးမြသန်းတင့်၊ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင် တို့ကဲ့သို့သော "တိုင်းကျိုးပြည်ပြု" ပုဂ္ဂိုလ်ကျော်ကြီးများနှင့် တစ်စားပွဲတည်းထိုင်၍ စည်းဝေး၊ တစ်စားပွဲတည်းထိုင်၍ ရေနွေးကြမ်းသောက်၊ တစ်ခရီးတည်းသွားခဲ့ကြရခြင်းသည် ၂ နှစ်မျှ ရှိပါလိမ့်မည်။ ကျွန်တော့်ဘဝမှာ ဂုဏ်ယူစွာဖြင့် ကြည်နူးသာယာခဲ့ရသော အချိန်ကာလ တစ်ခုပါတည်း။ အမြော်အမြင်လည်း ကြီးမား၊ ဝီရိယစွမ်းအင်လည်း မြင့်မား၊ လောဘ၊ ဒေါသနှင့် မာန်မာနလည်း နည်းပါးကြသည့် စေတ်ရှေ့ဆောင်

ဆွဲဆောင်မှုလည်း ရှိပါသည်။

သို့သော်...

"အုပ်စုစစ်အေးတိုက်ပွဲက ၁၉၉ဝ လောက်မှာ ပြီးသွားပြီ။ သူတို့က အခုထိအောင် ဆိုဗီယက်ရုရှားတို့ ယူကရိန်းတို့ကို လူကြမ်းလူဆိုးလုပ်ပြီး ဇာတ်ထုပ်တွေက ရိုက်နေတုန်းပဲနော်"

တက္ကသိုလ်ကျောင်းသူ ဖြစ်နေသည့် ကျွန်တော်၏ သမီးကြီးထံမှ စကား တစ်ခွန်း ထွက်လာပါသည်။

"ဒါဟာ ၁၉၉ဝ တစ်ဝိုက်က ရိုက်ခဲ့တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့သမီးရယ်"

စီအိုင်အေနှင့် အမ်အိုင်ဖိုက်တို့က ဇာတ်လိုက်ကျော်။ ကေဂျီဘီနှင့် တရုတ်ကွန်မြူနစ်တို့က လူဆိုး၊ လူကြမ်း၊ လူမိုက်။ ငထွားအတွေ့ပုံမျိုးဖြင့် ထိုးကြကြိတ်ကြ ပစ်ကြခတ်ကြ။ နောက်ဆုံးကျ စီအိုင်အေ သူလျှိုမင်းသားက နိုင်ပွဲရ၊ အဆုံးသတ်၊ ဤကဲ့သို့ ပုံသေနည်းဖြင့် ဖော်စပ်ထားသော ဟောလိဝုဒ် အမေရိကန်ဇာတ်ကားပေါင်းသည် သောင်းဂဏန်း သိန်းဂဏန်းပင် ရှိပါရှာမည်။ အရှေ့အုပ်စုသည် ရန်သူလူကြမ်း။ သူတို့အနောက်အုပ်စုက မင်းသား။

ဤကဲ့သို့ ရုပ်ရှင်၊ ဗီဒီယို စသည့် လူထုဆက်ဆံရေး စစ်မျက်နှာတွင် "ဝါဒဖြန့်" အနှစ်သာရ ပါးပါးလေးထည့်ပြီး ကြည့်ချင်စဖွယ်၊ အားကျချင်စဖွယ်၊ အတုယူချင်စရာ အသွယ်သွယ်တို့ဖြင့် ဖမ်းစား ဆွဲဆောင်သဖြင့် သူတို့ အောင်မြင်မှုတွေလည်း အများကြီးရခဲ့ပြီးပြီ။

အရှေ့ဥရောပ ပြိုကွဲသွားသည်။

ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားသည်။

အရှေ့ဥရောပနိုင်ငံအချို့သည် နေတိုးစစ်စာချုပ်အဖွဲ့ဝင် သူ့ညြဇာခံဘဝ အထိ ရောက်ရှိကာ ဒူးထောက်သွားကြရသည်။

သေနတ်တစ်ချက်မှ မဖောက်ရချေ။

ဗုံးတစ်လုံးမှ မပစ်လိုက်ရပေ။

ရေဒီယို၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် တီဗွီ၊ ရုပ်ရှင်ဟူသော လူထု ဆက်သွယ်ရေး မီဒီယာများမှာတော့ စစ်စားရိတ်ကဲ့သို့ အဆပေါင်းများစွာ ငွေကြေးအကုန်အကျခံ၍ သုံးစွဲပြီး စိတ်ဓာတ်ရေးရာ ထိုးစစ်ဆင်ခဲ့သည်။ ထိုပရိယာယ်နည်းဗျူဟာတို့သည် အမှန်တကယ်ပင် ထိရောက်အောင်မြင်ခဲ့၏။ ကွန်မြူနစ်စနစ်ပေါ်တွင် အော့နလုံးနာ ရွံရှာကာ အနောက်တိုင်းပုံစံ ဒီမိုကရေစီမှပဲ

အချက်ပေးသံ

၉-၁၀-၉၇ (ကြာသပတေးနေ့) ည ၉ နာရီခွဲခန့်တွင် FORTUNE HUNTER ဇာတ်လမ်းတွဲမှ RED ALART(ကြမ္မာဆိုးအန္တရာယ် အချက်ပေးသံ) ဆိုသော ဇာတ်လမ်းကို ကြည့်ရှုလိုက်ရလေသည်။ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်မှ တင်ဆက်နေသော အဆင့်အတန်းရှိသော ဇာတ်လမ်း၊ ဇာတ်ထုပ်များ ထဲမှ တစ်ခုအပါအဝင်ဖြစ်သည်ဟု ဆိုနိုင်သည်။ အဆင့်အတန်းရှိသည်ဟု ဆိုရခြင်းမှာ ဇာတ်ကောင်၊ ဇာတ်လမ်းကြောရိုး၊ အရုပ်၊ အသံ၊ ဆက်တင်၊ ဇာတ်ကွက်အချိတ်အဆက် စသည်တို့ ခမ်းခမ်းနားနား၊ စေ့စေ့စပ်စပ်ဖြင့် ငွေကုန်ကြေးကျခံကာ ကြီးကြီးပမ်းပမ်း ရိုက်ကူးထားကြောင်း ထင်ရှားသဖြင့် ဆိုရခြင်း ဖြစ်ပါသည်။ စုံထောက်ဇာတ်ကွက်တွေ ဖြစ်သည်။ သူလျှိုဇာတ်လမ်း တွေ ဖြစ်သည်။ လျှို့ဝှက်သည်းဖိုရသ ပါသည်။ နောင်ကျိန်ခေါ် ထိုးကြိတ်ပစ်ခတ် ခန်းတွေ ပါသည်။ ဖျော်ဖြေရေးအနေနှင့်လည်း ထိရောက်သည်။ ကြည့်ကောင်း သည်။

အလုပ်ရှိနေသဖြင့် အစ,အဆုံး မကြည့်လိုက်ရသော်လည်း ထိုနေ့ည ဖော်ကျွန်းဟန့်တား ဇာတ်လမ်းမှာ ဆိုဗီယက် ရုရှားနိုင်ငံမှ ဗိုလ်မှူးကြီးအဆင့်ရှိ အမျိုးသမီးကို မင်းသမီးထားကာ ဆိုဗီယက်ပြည်ထောင်စုမှာ ယခင်ကပါခဲ့သော ယူကရိန်းပြည်နယ် (ယခုတော့ သီးခြားတိုင်းပြည်)မှ ယူကရိန်းဗိုလ်ချုပ်တစ်ဦးက ဆိုဗီယက်မှ ခွဲထွက်ဖို့ အမေရိကန် တက်ဆက်ပြည်နယ် ဒါးလက်စ်မြို့အား အဆိပ်ဓာတ်ငွေ့ဗုံးဖြင့် ဖျက်ဆီးမည်ဟု ခြိမ်းခြောက်၍ အကြပ်ကိုင်သူ လူကြမ်းအဖြစ် သရုပ်ဖော်ထားသည်။

ဇာတ်လမ်းက ကြည့်လို့ကောင်းပါသည်။

ဤနေရာတွင် အမြွက်မျှ ဖော်ပြရပါမည်။ သူသည် ဘွဲ့ရ၊ အရာရှိတစ်ဦး ဖြစ်သည်။ ယူကရိန်းနယ်သား ဖြစ်သည်။ သူ့ဇနီးက ရုရှားမ ဖြစ်သည်။ လတ်တလော ထိုအချိန်မှာ ၁၉၉၁ ခုနှစ် ဆိုဗီယက်ပြည်ထောင်စုကြီး အစိတ်စိတ်အမွှာမွှာ ပြိုကွဲပြိုလဲသွားသဖြင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ဒေးကြောင်ကြောင်နှင့် မင်တက်မိကာ စိတ်ဓာတ်ကျနေသည့်ကာလဟု ဆိုရမည်။ တောင်ကြီးကတော့ ပြိုလေပြီ။ မြေစာမြက်မျှသာ ဖြစ်သော သူတို့လည်း ပြတ်ကြေရတော့မည်။ သူ ကြိုသိသည်၊ သူ ဘာလုပ်ရမလဲ မသိ။ ယူကရိန်း ပြန်ပို့မှာလား၊ ရုရှားတပ်ထဲ ဆက်ထားမှာလား။ သူ မဝေခွဲတတ်။

သူသည် စစ်ထဲဝင်မယ်လုပ်တော့ သူ့အမေက တားခဲ့၏။ အမျိုးမျိုး တားမြစ်ခဲ့၏။ အမေ့စကား နားမထောင်ဘဲ စစ်တပ်ထဲ ဝင်ခဲ့မိသည်မှာ မှားလေပြီလော။ သူ့ စိတ်ညစ်သည်။

ဟာ...ဒီအချိန်မှာ အဲဒါတွေ ပြန်မတွေးနေနဲ့လေ၊ ကျွန်တော်က အားပေးမိသည်။

ဆိုဗီယက်စစ်သံမှူးရုံးမှ ယူကရိန်းနယ်သားအရာရှိလေးနှင့် သူ့ဇနီးရုရှားမတို့ ဇနီးမောင်နှံကိုကြည့်၍ ကျွန်တော်သည် အနာဂတ်မှာ မရေမရာဖြစ်သောအခါ လူသည် အတော်တုန်လှုပ်ထိတ်လန့်တတ်ပါတကားဟု သနားစာနာခဲ့မိသည်။ ကြာပါပြီ။ ၅ နှစ်ကျော်မျှ ကြာခဲ့ပါပြီ။ ယခုအခါမှာတော့ ထိုယူကရိန်းစစ်သံ အရာရှိငယ်သည် တစ်နေရာရာမှာ ရှိကောင်း ရှိနေပါလိမ့်မည်။

ယူကရိန်းက စစ်ဗိုလ်စစ်သားတွေ အများကြီး ထွက်သည်ဆို၏။ ယူကရိန်းမှာ တပ်ချထားမှုကလည်း များသည်ဆို၏။ ထိုစဉ်ကာလ၌ ယူကရိန်းက ဆိုဗီယက် ရုရှားတပ်တွေ ရုပ်သိမ်းပေးပါ၊ ဘာညာ နေ့စဉ်သတင်းစာတွေ၌ ပြဿနာတွေ ပွက်လောရိုက်နေချိန် ဖြစ်၏။ သြော်...ယူကရိန်းစစ်ဘက်အရာရှိတစ်ဦး စိတ်ညစ်ညူးရသည်လည်း အဆိုးမဆိုသာ။ တိုင်းပြည်ဖရိုဖရဲ ပြိုကွဲခြင်း၏ ပရိဒေဝအားဒုက္ခ၏ ဆိုးဝါးမှုမှာ ကြောက်စရာ။

ယူကရိန်းတွေ၊ ရုရှားတွေ မိုးမီးလောင်အောင် ခြေထိုးနောက်ယှက်ခဲ့သော အနောက်အုပ်စုကတော့ တဟားဟားဖြင့် အောင်ပွဲခံနေလိမ့်မည် ဖြစ်ပါ၏။ ကွဲကြစမ်း၊ ပြိုကြစမ်းဟု အော်ဟစ်နေပေလိမ့်မည်။

စစ်ပညာရပ်နှင့်ပတ်သက်၍ ရေးလွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်က ရေးပေါက်ခဲ့သော "အမရကောသ" ကျမ်းသည် ထင်ရှား၏။ မူရင်း သက္ကတ

တကယ့်အားကိုးရာ အစစ်အမှန်တရားအဖြစ် ထင်ယောင်မြင်ယောင်အောင် အနုပညာအမျိုးမျိုးဖြင့် လှည့်စားနိုင်ခဲ့၏။

ယခုပင်ကြည့်။ Red Alartဟုသော ထိုနေ့ညပြသခဲ့သည့် ဓာတ်လမ်း၌ ရုရှားနှင့် ယူကရိန်းကို သွေးခွဲထား၏။ လူကြမ်းက ယူကရိန်းဗိုလ်ချုပ်။ မင်းသမီးက ရုရှားဗိုလ်မှူးကြီး။ သူတို့ ပဋိပက္ခ ဖြစ်ကြသည်။ လူကြမ်းက မင်းသမီးပါးကို ဖြန်းခနဲ ဖြန်းခနဲ ရိုက်ချလိုက်သည်။

"ယူကရိန်းနိုင်ငံထူထောင်ရင် နင့်ကို ဗိုလ်ချုပ်ရာထူးတိုးပေးမယ်၊ ငါ့ဘက်က ပါဝင်ပါ"

မင်းသမီးက ငြင်းပယ်သည်။

"ရာထူးယူမလား၊ အသေခံမလား ဒါပဲ"

ယူကရိန်းလူကြမ်းက မင်းသမီးကို ဖမ်းချုပ်ပြီး အနိုင်ကျင့်သည်။ မည်သို့ဖြစ်စေ နောက်ဆုံးမှာတော့ အပြေးအလွှား၊ အထိုးအကြိတ်၊ အပစ်အခတ်တွေပြီးတော့ လူကြမ်းသေပြီး အမေရိကန်ဓာတ်လိုက်ကျော်နှင့် ရုရှားမင်းသမီးသည် လူဆိုးတို့လက်မှ လွန်မြောက်ခဲ့ကြလေသည်။

ဩော်...ယူကရိန်းဗိုလ်ချုပ် သိပ္ပံပညာရှင်ကြီးဟာ လူဆိုးလူကြမ်း ဗီလိန်ကြီးဖြစ်ရရှာပေသတည်း။ ဟုတ်တာ, မဟုတ်တာ အပထား၊ ယူကရိန်းပြည်သားဟု သရုပ်ဆောင်ထားသော မှတ်ဆိတ်ဖြူနှင့် ထိုလူကြမ်းသည် အမြင်ကပ်စရာ မုန်းစရာရုပ် ပီသပါပေ၏။ ကြည့်ရှုရသူ တီဗွီပရိသတ် သန်းပေါင်းများစွာအား ထိုအမြင် ရရှိသွားစေပါ၏။ ယူကရိန်းသားတွေက ရိုင်းပုံရရဲ့။

၁၉၉၂–ခုနှစ်တွင် ကျွန်တော်သည် နိုင်ငံခြားတိုင်းပြည်တစ်ခုသို့ ပညာသင်တစ်နှစ် သွားရောက်ခဲ့ရလေသည်။ ထိုအချိန်တွင် ထိုနိုင်ငံ၌ ရောက်ရှိနေသော ဆိုဗီယက်စစ်သံအဖွဲ့မှ ဗိုလ်မှူးတစ်ယောက်နှင့် ညှိခံပွဲ ၃–၄ ခု၌ တွေ့ဆုံစကားပြောခဲ့ဖူးပေသည်။ ထိုအရာရှိသည် မြန်မာပြည်အကြောင်းကိုလည်း မမေးပါ။ ကျွန်တော်တို့နေထိုင်ရာ နိုင်ငံအကြောင်းကိုလည်း မပြောပါ။ သူနှင့်ကျွန်တော် ပြောဖြစ်သော အကြောင်းအရာမှာ သူ့အကြောင်းသာလျှင် ဖြစ်ပါ၏။ သူ့ဘဝ အကျဉ်းအတည်း။

ကျွန်တော်ကလည်း စိတ်ဝင်စား၏။

သူကလည်း ပြောပြချင်နေ၏။

ဘာသာဖြင့် ဖြစ်၏။ ကျမ်းကိုပြုစုသူ အမရိုဟ ဆရာကို အစွဲပြု၍ အမရကောသကျမ်းဟု ခေါ်သည်ဆို၏။ ဝိကြမာဒိတျမင်း လက်ထက်တွင် ပေါ်ပေါက်၍ ထင်ရှားကျော်ကြားသော ပညာရှိဟု သိရ၏။ အမရကောသ ကျမ်းကို ဟိန္ဒူ၊ ဘင်္ဂါလီ၊ အင်္ဂလိပ်၊ မြန်မာ စသည်တို့ဖြင့် စီရင်သော ဘာသာဋီကာကျမ်းများစွာ ရှိလေသည်။ မြန်မာနိုင်ငံတွင်လည်း ၁၈၈၈ ခုနှစ် ခန့်တွင် မောင်းတောင် ဆရာတော်က "အမရကောသနိဿယ"ကို စီရင်ခဲ့၏။ ၁၉၁၄ ခုနှစ်တွင် မန္တလေးအဘယာရာမ ဆရာတော် အဂ္ဂမဟာဘိဝံသက "အမရကောသ နိဿယ"ကို ရေးသားစီရင်ခဲ့၏။ သတိပြုစရာမှာ ကျွန်ဘဝ၌ ဤကျမ်းစာတွေကို ပညာရှိဆရာတော်တွေက ပြုစုခဲ့ခြင်းဟူသော အချက်ပင်။

အမရကောသကျမ်းပါ စစ်ပညာများအနက် မင်းတို့၏ အင်္ဂါ ၇ ပါး၊ မင်း၏ ဂုဏ် ၆ ပါး၊ ဥပါယ် ၄ ရပ်၊ စစ်အင်္ဂါ ၄ ပါး၊ စစ်တပ်ရာထူးအဆင့်၊ စစ်လက်နက်၊ စစ်ချီ၊ စစ်ဖြန့် စသည်တို့ ပါဝင်ကြ၏။ ဥပါယ် ၄ ရပ်ကို စစ်ပညာကျမ်းတိုင်းလိုလိုကပင် စစ်ရေးပညာရပ်များနှင့် တန်းတူထား၍ ဖော်ပြလေ့ရှိ၏။ ဥပါယ်(၄)ရပ်ဆိုသည်မှာ...

၁။ ဘေဒဥပါယ် - ရန်သူကိုအကွဲကွဲ အပြားပြားဖြစ်အောင် သွေးထိုးလှုံ့ဆော် ခွဲခြားခြင်း၊ သင်းခွဲခြင်း။

၂။ ဒဏ္ဍဥပါယ် - တိုက်ခိုက်ထိုးနှက်ခြင်း၊ ချေမှုန်းခြင်း၊ ဖိနှိပ်ခြင်း။

၃။ သာမဥပါယ် - ချီးမွမ်းခြင်း၊ မြှောက်စားခြင်း၊ သိမ်းသွင်းခြင်း။

၄။ ဒါနဥပါယ် - ပေးကမ်းခြင်း၊ ထောက်ပံ့ခြင်း။

ဤနည်းပရိယာယ်တို့ကို ခေါ်ပါသည်။

မဟာဗျူဟာ စစ်အင်အားလွန်နိုင်ငံကြီးအချို့သည် ငွေကို ရေလိုသုံး၍ ဘေဒဥပါယ်ကိုလည်း ရေဒီယို၊ ရုပ်ရှင်၊ တီဗီ၊ ဂီတတို့ဖြင့် သွေးခွဲနေကြပါ၏။

ဒါနဥပါယ်ဟုခေါ်နိုင်သော သူတို့နိုင်းစေသမျှ နာခံဟုပ်ဝပ်သူများကို ဒေါ်လာငွေကြေး ပေးကမ်းထောက်ပံ့နေ၏။ သြစာခံ ဖြစ်စေ၏။

ဥပါယ်တမည်ဖြင့် ကျွန်ပ်တို့၏ မျက်စိများ၊ နားများထဲသို့ ကမ္ဘာ့အင်အားလွန်နိုင်ငံကြီးတစ်ခုက သူ့အလိုကျ လိုက်နာလိုက်လျောလာအောင် အမြဲတစေ သွေးဆောင်နေသော "ယဉ်ကျေးမှုစစ်မျက်နှာ"အခြေအနေကိုတော့ ၂၁ ရာစုမှာ တိုင်းပြည် ပခုံးပြောင်းတာဝန်ယူလာကြမည့် လူငယ်လူရွယ်အပေါင်း သတိရှိကြစေချင်သည်။

ဘာသာဖြင့် ဖြစ်၏။ ကျမ်းကိုပြုစုသူ အမရိ်ဟ ဆရာကို အစွဲပြု၍ အမရကောသကျမ်းဟု ခေါ်သည်ဆို၏။ ဝိကြမာဒိတျမင်း လက်ထက်တွင် ပေါ်ပေါက်၍ ထင်ရှားကျော်ကြားသော ပညာရှိဟု သိရ၏။ အမရကောသ ကျမ်းကို ဟိန္ဒူ၊ အင်္ဂလိ၊ အင်္ဂလိပ်၊ မြန်မာ စသည်တို့ဖြင့် စီရင်သော ဘာသာဋီကာကျမ်းများစွာ ရှိလေသည်။ မြန်မာနိုင်ငံတွင်လည်း ၁၈၈၈ ခုနှစ် ခန့်တွင် မောင်းတောင် ဆရာတော်က "အမရကောသနိဿယ"ကို စီရင်ခဲ့၏။ ၁၉၁၄ ခုနှစ်တွင် မန္တလေးအဘယာရာမ ဆရာတော် အဂ္ဂမဟာပဏ္ဍိတက "အမရကောသ နိဿယ"ကို ရေးသားစီရင်ခဲ့၏။ သတိပြုစရာမှာ ကျွန်ဘဝ၌ ဤကျမ်းစာတွေကို ပညာရှိဆရာတော်တွေက ပြုစုခဲ့ခြင်းဟူသော အချက်ပင်။

အမရကောသကျမ်းပါ စစ်ပညာများအနက် မင်းတို့၏ အင်္ဂါ ၇ ပါး၊ မင်း၏ ဂုဏ် ၆ ပါး၊ ဥပါယ် ၄ ရပ်၊ စစ်အင်္ဂါ ၄ ပါး၊ စစ်တပ်ရာထူးအဆင့်၊ စစ်လက်နက်၊ စစ်ချီ၊ စစ်ဖြန့် စသည်တို့ ပါဝင်ကြ၏။ ဥပါယ် ၄ ရပ်ကို စစ်ပညာကျမ်းတိုင်းလိုလိုကပင် စစ်ရေးပညာရပ်များနှင့် တန်းတူထား၍ ဖော်ပြလေ့ရှိ၏။ ဥပါယ်(၄)ရပ်ဆိုသည်မှာ...

၁။ ဘေဒဥပါယ် - ရန်သူကိုအကွဲကွဲ အပြားပြားဖြစ်အောင် သွေးထိုး လှုံ့ဆော် ခွဲခြားခြင်း၊ သင်းခွဲခြင်း။

၂။ ဒဏ္ဍဥပါယ် - တိုက်ခိုက်ထိုးနှက်ခြင်း၊ ချေမှုန်းခြင်း၊ ဖိနှိပ်ခြင်း။

၃။ သာမဥပါယ် - ချိုးမွမ်းခြင်း၊ ချော့ကော်စားခြင်း၊ သိမ်းသွင်းခြင်း။

၄။ ဒါနဥပါယ် - ပေးကမ်းခြင်း၊ ထောက်ပံ့ခြင်း။

ဤနည်းပရိယာယ်တို့ကို ခေါ်ပါသည်။

မဟာဗျူဟာ စစ်အင်အားလွန်နိုင်ငံကြီးအချို့သည် ငွေကို ရေလိုသုံးကာ ဘေဒဥပါယ်ကိုလည်း ရေဒီယို၊ ရုပ်ရှင်၊ တီဗီ၊ ဂီတတို့ဖြင့် သွေးခွဲနေကြပါ၏။

ဒါနဥပါယ်ဟုခေါ်နိုင်သော သူတို့ရိုင်းစေသမျှ နာခံပျပ်ဝပ်သူများကို ခေါ်လာ ငွေကြေး ပေးကမ်းထောက်ပံ့နေ၏။ ဩစာခံ ဖြစ်စေ၏။

ဥပါယ်တမည်ဖြင့် ကျွန်ုပ်တို့၏ မျက်စိများ၊ နားများထဲသို့ ကမ္ဘာ့အင်အားလွန် နိုင်ငံကြီးတစ်ခုက သူ့အလိုကျ လိုက်နာလိုက်လျောလာအောင် အမြဲတစေ သွေးဆောင်နေသော "ယဉ်ကျေးမှုစစ်မျက်နှာ"အခြေအနေကိုတော့ ၂၁ ရာစုမှာ တိုင်းပြည် ပန်းပြောင်းတာဝန်ယူလာကြမည့် လူငယ်လူရွယ်အပေါင်း သတိရှိကြ စေချင်သည်။

အသံဝိဇ္ဇာ အာစရိယနှစ်ဦး

လောကမှာ ဆရာသုံးမျိုး ရှိပါသည်။ သင်ဆရာမှသာ ဆရာမဟုတ်။ မြင်ဆရာလည်း ဆရာဖြစ်၏။ ကြားဆရာလည်း ဆရာဖြစ်၏။ ထို့ကြောင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူ၍ ဆရာသုံးဦး ရှိ၏။

ဂီတပညာမှာ ကြားဆရာများဖြင့် ရင့်ကျက်ဖွံ့ဖြိုးရသည်ဖြစ်၏။ ဆရာကြီး စိန်ဗေဒါ သင်ကြားပြသပေးခဲ့ဖူးသော ဆိုင်းဆရာဟူ၍ ယခုအခါ လက်ချိုး ရေတွက်၍ရအောင် နည်းပါးပါးရှာမည်။ မန္တလေးမှာ ရှိလှမှ သုံးလေးငါးယောက် ထက် မပိုတန်ရာ။ ဆိုင်းပညာနှင့် ပတ်သက်ပါက ဦးစိန်ဗေဒါ၏ တီးကွက်၊ တီးလက်၊ အဆက်အချိတ်၊ စိတ်ကူးစိတ်သန်းတို့ကိုကား အောင်မြင်ထွန်း ပေါက်လိုသော ဂီတပညာရှင်တိုင်းက အခါခါ အထပ်ထပ် (သဘောမပေါက် မချင်း) လေ့လာသုံးသပ် ဆည်းပူးအပ်သည်သာ ဖြစ်၏။ ဂီတလောက၏ အာစရိယဆရာဟု ခေါ်ရပါလိမ့်မည်။

ဆိုင်းသမားချင်း ပြောသည့် စကားနှင့်ဆိုလျှင် စိန်ဗေဒါတို့၊ ဦးဟန်ပတို့ ဆိုသည်ကား ဆိုင်းဘုရားတွေပင်။

ကျွန်တော်သည် ဂီတာဝါသနာရှင် ဖြစ်၏။ ဂီတကို ခုံမင်၏။ ကုလား သီချင်းလည်း ကြိုက်ပါ၏။ တရုတ်သီချင်းများကိုလည်း နှစ်သက်ပါ၏။ ဂျပန်သီချင်းများကိုလည်း သဘောကျပါ၏။ ဗီယက်နမ်နိုင်ငံ၊ ဟန္နိုင်မြို့ကို ရောက်ရှိခဲ့စဉ်က ရေပေါ်ရုပ်သေး ကြည့်ခဲ့ရ၏။ ဗီယက်နမ် ကျေးလက်ရိုးရာ သီချင်းများကို အထူးပဲ စွဲမက်အားကျမိပါ၏။

ဂီတ၏ သံစဉ်လှပမှုကို ခံစားနားလည်တတ်အောင် မို့ချသင်ကြားခဲ့ကြ ကုန်သော 'ကြားဆရာ'တွေ များစွာရှိပါ၏။ မောင်မောင်ညွန့်၊ တွံ့တေးသိန်းတန်၊

ဟာသ်ာတထွန်းရင်မှ စိုင်းထီးဆိုင်၊ ဗဒင်၊ တွံတေးစိုးအောင်အထိ များလှပါ၏။ သူတို့နှင့် လူချင်း တစ်ယောက်ကိုမှ မသိမမြင်ရဖူးသော်လည်း ကျွန်တော်က သူတို့ တေးများကို အခါခါ အထပ်ထပ် နားဆင်ယဉ်ပါးခဲ့ရကား ဆရာသမားဟု အမှတ်ထားပါ၏။

မိမိအဖို့ ဦးစိန်အောင်မင်းနှင့် ဦးမြကြီးတို့ကိုတော့ အဦးဆုံး စင်အမြင့်မှာ တင်သင့်သည့် ဆရာနှစ်ဦးဟု ဆိုရလိမ့်မည်။ ကျွန်တော်တို့ရွာမှာ ဓာတ်စက်၊ ဓာတ်ပြားတွေ ရောက်စမှာပင် စိန်အောင်မင်း၏ ချင်းဖဝေး၊ ပဒုကသလ စသော ဓာတ်ထုပ်တွေပါခဲ့သည်။ ကိုမြကြီး၊ စိန်စိန်တို့၏ သီချင်းဘောက်ပြားတွေ ပါခဲ့သည်။

ကျွန်တော်တို့ အသက်(၁၀)နှစ်အရွယ်မှာ ရွာလယ်ကောင်က သူကြီးအိမ်မှာ NEC ကြံ့ခိုင်ရေး ရေဒီယို ရောက်ရှိလာသည်။ မြန်မာ့အသံက လွှင့်သည့် သီချင်းတွေမှာလည်း ကိုမြကြီး သီချင်းတွေနှင့် မေလှမြိုင်၏သီချင်းတွေကို ကျွန်တော် အလွန်ကြိုက်၏။

လှလေးငါးယောက်မျှ လက်ဆန့်ကား၍ ဖက်ရလောက်သည့် (သက်တမ်း အနှစ် ၂၀၀ ကျော်မည့်) ရွာတောင်ဘက်က မန်ကျည်းပင်ကြီးပေါ် တက်ပြီး မန်ကျည်းရွက်၊ မန်ကျည်းဖူးခူးနေစဉ် သီချင်းအော်ဆိုပြီဆိုလျှင် ကိုမြကြီးသီချင်း၊ မေလှမြိုင်သီချင်း။

ဝဿန်ခါမိ လရာသီ အစချီ ကိုမြကြီး၏ မိုးသီချင်းသည် ကျွန်တော့်ရင်ထဲမှာ ယနေ့ထိတိုင် ရစ်ဝဲနေဆဲ။ နောက်လူတွေ မူဟန်တစ်မျိုးစီကွဲ၍ ဆိုကြပါ၏။ မူရင်း ကိုမြကြီး၏ အလှည့် အဝိုက် အဟဲ အချဲ့တွေကို မမီဟု မိမိထင်သည်။ ကိုမြကြီး၏ ဆိုဟန်ဆိုပေါက်က မိုင်ကုန်ပဲ။ ပါးနပ်လိမ္မာလွန်းသဖြင့် အရသာ ပေါ်လွင်စွာ လှပနေ၏။ လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ကျော်က ဆိုဟန် ကျွန်တော်တို့ ဆယ်ကျော်သက်ဘဝ၊ ညအခါ လသာသာမှာ မယ်ဒလင်၊ တယော၊ ဝါးပတ္တလား စသည်တို့ဖြင့် ဆိုခဲ့၊ တီးခဲ့ကြသော တေးများ။ အနှစ် ၂၀ ကျော်သော်လည်း အချစ်မပြယ်သော တေးများပါတည်း။

ဝဏ္ဏကျော်ထင် ဓာတ်ဆရာဦးစိန်အောင်မင်းကတော့ ရုပ်ချောသည့်နေရာမှာ ကံဓာတ်ဆရာက တစ်သက်စာ မင်းသားလုပ်စားပေရော့ဟု မွေးဖွားပေးလိုက်သို့ ဖြစ်သလို အသံအရာတွင်လည်း ပါရမီကြီးမားလှပါ၏။

သူ့အသံသည် ချိုလည်းချို၏။ ကြည်လည်းကြည်၍ ရှင်းလည်းရှင်း၏။ ဦးရွှေကိုးညို၊ ဦးအောင်မောင်းနှင့် ဦးဖိုးစိန်တို့ထက် သူ့အသံက ကရုဏာသံပါ၏။ အသံအရာမှာ မေတ္တာသံပါသည်။ စိန်အောင်မင်း၏ ပင်ကိုသံ ဥပဓိရုပ်တွင် မေတ္တာစာတ်က ကြည်ကြည်လွင်လွင် ပါဝင်နေသည်။

ယာခင်းထဲ ကွင်းပြင်ထဲမှာ ကျွန်တော်တို့သည် မြက်ရိပ်ရှင်း၊ ပေါင်းကောက်ရှင်း ပါးစပ်ထဲပေါ်ရာ သီချင်းတွေကို အော်ဆိုကြသည်။ နေမည်မှုပူပူ စိတ်ထဲ ၇ ပူမှန်းမသိ။ ချေးဘယ်မျှရွဲရွဲ စိတ်ထဲက မပင်ပန်း။

"ယာတောအလယ်မှာ...ငါပြောမယ် ရွှေရှင်ဘုရင်နဲ့...နင် ဆင်ခြင်ဦး နင်ဆင်ခြင်ဦး...ဟုံး...ဟုန်"

မြေပဲခင်း၊ နှမ်းခင်းထဲမှာ စိန်အောင်မင်း၏ ဓာတ်ပြားဆယ်ချပ်စာကို အစအဆုံးပဲ အော်ဟစ်သီဆိုနေမိ၏။ ယနေ့အထိလည်း မမေ့သေးပါ။ အခါပေါင်းများစွာ ဓာတ်စက်၊ ဓာတ်ပြားများကို နားထောင်ခဲ့ရပြီး တောသဘာဝ အခါပေါင်းများစွာ ဤကဲ့သို့ တကျော်ကျော် ဟစ်အော် သီဆိုခဲ့ကြသည် မဟုတ်ပါလော။

ကျွန်တော်တို့ ယာသမား၊ ထန်းသမား၊ တောသူတောင်သားတို့၏ (လွန်ခဲ့သော အနှစ် ၄၀ နီးပါးဆီက) အပန်းဖြေဆေး၊ ပျော်ရွှင်ရေး ဖျော်ဖြေပေးမှုတွေ။ ကျေးဇူးလည်းတင်ပါ၏။ နေပူ၍ ပူမှန်းမသိခဲ့။ မောပေမယ့်လည်း မောရကောင်းမှန်းမသိ။

မင်းသားဦးစိန်အောင်မင်းနှင့် အဆိုတော်ကိုမြကြီးတို့ကို လူချင်းမမြင်ဖူးသော်လည်း ကျွန်တော်အသက်ဆယ်နှစ်ကျော်ကျော် တောသားကလေးဘဝကပင် ချစ်ခင်လေးစားခဲ့သည်။ ခင်တွယ်ခဲ့မိသည်။ ယနေ့တော့ ကျွန်တော် ဤပုဂ္ဂိုလ်နှစ်ဦးကို လူချင်းတွေ့ရ၊ မြင်လိုက်ရချေပြီ။ ဂီတအရာ ပါရမီရှင်နှစ်ဦးပါ။ မိမိအတွက်မူ အာစရိယနှစ်ဆူဟုပင် ဆိုရပေလိမ့်မည်။ (ကြားဆရာများပါ)

မြန်မာနိုင်ငံဂီတအစည်းအရုံး အဆောက်အဦသစ်ဖွင့်ပွဲကို ၇-၆-၉၈ (တနင်္ဂနွေ)နေ့ နံနက် ၈ နာရီ ၁ မိနစ်တိတိတွင် ဓမ္မဒါနလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၌ ကျင်းပသည်။ မိုးပျံပူဖောင်းများက ဓာတ်ကြိုးနှင့် ထိမိ၍ ဝုန်း...ခနဲ။ ဝုန်းခနဲ ပေါက်ကွဲသံကဲ့သို့ မြည်ဟိန်းသွားသည်။ မီးတောက်ကြီးများ ကြောက်မမန်းလိလိ ပွင့်သွားသည်။ နိမိတ်ကောက်ရလျှင်တော့ ဂီတစွမ်းအားပြည့်ထွန်းကား၍ ဘုန်းတောစာ ထွန်းတောက်ဦးမည်ဟု ယူရလိမ့်မည်။

ခမ်းနားဝင့်ထယ်သော လေးထပ် ဂီတအစည်းအရုံး အဆောက်အဦသည် သားနားလှပါ၏။ မြန်မာနိုင်ငံ ဂီတပညာရှင်များ၏ တိုင်းကျိုး ပြည်ပြု လုပ်ငန်းများ ပိုမိုတိုးတက်မြင့်မားစွာ ဆောင်ရွက်နိုင်ကြမည့် အလားအလာလည်း ဖြစ်ပါ၏။

ကျွန်တော်ချစ်သော စိန်အောင်မင်းနှင့် ကိုမြကြီးကို မျက်စိရှေ့မှောက်မှာ မြင်တွေ့ခွင့်ရခဲ့သည်။ မြို့နှင့်ဝေးလံလှသော ကျေးရွာကလေးတစ်ရွာက တောသား ကလေးငယ်တစ်ဦး၏ ရင်ထဲမှာ မြင်ချင် တွေ့ချင်ခဲ့သော သူ အားကျခဲ့ရသည့် ပုဂ္ဂိုလ်နှစ်ဦးကို (စွဲလမ်းတတ်သော သာမန်ပရိသတ်၏ ဖြူစင်သော မေတ္တာဖြင့်) ယနေ့ တွေ့ခွင့်ရခြင်းသည် သူ့ဘဝတစ်သက်တာ ကြည်နူး၍ မဆုံးပါ။ ဦးစိန်အောင်မင်းနှင့် ကိုမြကြီးတို့ကား အသက် ၈၀ နီးပါး ရှိလာကြပြီလား မသိပါ။ စရာ၏ .လက္ခဏာအရေးအကြောင်းများကို မြင်ရ၏။ သို့ရာတွင် သူတို့ပြုစု ဖျော်ဖြေခဲ့သော သာမန်လူထုထဲက လူပေါင်းများစွာ ယနေ့အထိ စွဲလမ်းတွယ်တာစွာ ချစ်ခင်နေကြဆဲ။ ရှာမှရှားသည့် ဓာတ်ပြားထဲက လူတွေကို အရှင်လတ်လတ် မြင်တွေ့ခွင့်ရသည်။ မိမိသည် ကံကောင်းပေစွ။ ရွာက မိမိတို့အိမ်ဘေးမှ မသောင်းတင်၊ မရီစိန်၊ မတင်ဝင်း၊ မရွှေကျီးတို့သာရှိလျှင် "ဒီပုဂ္ဂိုလ်မျိုးတွေကို မင်းလိုသာ အနီးကပ်မြင်ခွင့်ရလျှင် ငါဖြင့် လူဖြစ်ရကျိုး နပ်ကဲ့ကွာ"ဟု ဆိုကြမှာ သေချာ၏။

အာစရိယ၊ မြင်ဆရာနှစ်ပါးအား ဝမ်းသာအားရ ကြည်နူးစွာ ကြည့်မြင်ခွင့် ရခဲ့ခြင်းအတွက် ဂီတအစည်းအရုံး အဆောက်အဦသစ်ဖွင့်ပွဲကို မိမိအား ဖိတ်ကြားခဲ့ကြသည့် မိတ်ဆွေတို့ကို ကျေးဇူးစကားဆိုပါ၏။ ပရိသတ်ထဲမှ သာမန်ပရိသတ်တစ်ဦး၏ ခံစားချက်ကို အမှန်အတိုင်း တင်ပြခြင်း ဖြစ်ပါသည်။ ဂီတသမားတို့သည် တိုင်းသူပြည်သားတို့အဖို့ "ကြားဆရာတွေ" ဖြစ်ကြပါစေ သတည်း။

ချစ်နိုင် (စိတ်ပညာ)
အလင်းတန်းဂျာနယ်
အမှတ်(၃)၊ အမှတ်(၄)၊ ၁၉၉၈၊ ဇွန်လ

☆ ☆ ☆

နှစ်နှစ်ခွဲခရီးတို

အယ်ဒီတာ့စားပွဲ၌ ကျွန်တော်ထိုင်ရလိမ့်မည်ဟု ဘယ်သောအခါ ကာလကမှ မတွေးတောမိဖူးပေ။ အယ်ဒီတာအလုပ်သည် စက်ရုပ်သဖွယ် မဂ္ဂဇင်း၊ ဂျာနယ်များ အမြဲမပြတ်ထွက်အောင် မရပ်မနား လှုပ်ရှားရသည်ဆိုသော အချက်ကိုတော့ ကျွန်တော် မြင်သည်။ စယ်စက်သလို ပြေးပြေးလွှားလွှား အချိန်လုပြီး ထုတ် လုပ်နေကြရသော အယ်ဒီတာတွေကို ကျွန်တော် တွေ့ဖူးသည်။ အယ်ဒီတာ့ စားပွဲပေါ်သို့ ကျွန်တော်၏စာမူ တင်ပြပေးခဲ့သော်လည်း အယ်ဒီတာအလုပ်ကို ကျွန်တော်ကိုယ်တိုင် ထိုင်၍ လုပ်တိုင်ခွင့် ရလာလိမ့်မည်ဟု အိပ်မက်ပင် မမက်ဖူးခဲ့ချေ။

ကြံရွယ်သော်လည်း လွဲချော်တတ်ပြီး မကြံရွယ်သော်လည်း ဖြစ်ပေါ်လာ တတ်သော လောကကြီး၏ သရော်တော်တော် စီမံဖန်တီးတတ်သည့် သဘော သဘာဝအတိုင်း ၁၉၉၅ ခုနှစ်၏ မိုးသဲသဲမဲမဲ ရွာသွန်းနေသည့် ဇူလိုင်လနေ့တွင် ကျွန်တော်သည် အယ်ဒီတာစားပွဲ၌ အလုပ်လုပ်ရန် တာဝန်ပေးအပ်ခြင်းကို ခံခဲ့ရလေ၏။ ကျရာနေရာ၊ ရောက်ရာ ဒေသ၌ မိမိစွမ်းအားရှိသမျှ ကြိုးစား၍ လုပ်ဆောင်မည်ဟု ခံယူထားသည့်အတိုင်း စောင်ရေ ထိုး၍ကျဆင်းနေသော မဂ္ဂဇင်း ၂ စောင်နှင့် စာစောင် ၃ ခုတို့ကို လက်ခံ လွှဲပြောင်းယူသည်။ စောင်ရေတစ်သောင်းမျှ ထုတ်ဝေလျက်ရှိသော ဂျာနယ်တစ်စောင်ကိုလည်း လက်ခံယူရသည်။ လစဉ် စောင်ရေတစ်သိန်းကျော် အဆက်မပြတ် ထုတ်ဝေ နိုင်အောင် ကွပ်ကဲကြိုးကြပ်ရသည်။

ပထမအချက်မှာ စာမူခ အလွန်တရာ နည်းလွန်းနေခြင်းကို တွေ့ရှိရသည်။ ဘယ်သူမှ ဝင်မရေးချင်လောက်အောင် နည်းနေသည်။ အခြားမဂ္ဂဇင်းများက

အဖုံးဆောင်းပါးကို ၅၀၀၀–၆၀၀၀ နှင့် ဖလင်တစ်လိပ်ပေးပြီး ခရီးစရိတ်ပါ ဆောင်းပါးရှင်ကို ထောက်ပံ့နေသော အချိန်တွင် မိမိမဂ္ဂဇင်း၊ ဂျာနယ်မှ စာမူခမှာ ၂၀၀–၃၀၀–၄၀၀ မျှသာ ရှိနေသည်။ ထို့ကြောင့် စာမူခများကို ၅၀၀–၆၀၀–၇၀၀ ဟု ပြောင်းလဲတိုးမြှင့်ပြီး ပေးသည်။ တစ်ပုဒ် ၂၀၀ မျှသာ ပေးနေသော ကဗျာစာမူခကို တစ်ပုဒ် ၅၀၀ ပေးလိုက်သည်။

ကာတွန်းများကိုလည်း အများနည်းတူ တစ်မျက်နှာလျှင် ၅၀၀ နှုန်းသို့ တိုးပေးလိုက်သည်။ ပန်းချီသရုပ်ဖော်ပုံများကိုလည်း နာမည်ကြီး ပန်းချီဆရာကြီးများအား ယခင်က ၂၀၀၀ ပေးနေခဲ့ရာမှ သူတို့က မရေးချင်ကြတော့ အဆက်ပြတ်သွား၏။ လေးစားစွာ ဖိတ်ခေါ် ဆွေးနွေး၍ ၃၀၀၀မှ ၄၀၀၀ အထိ ပေး၍ ပုံအပ်သည်။

စက္ကူဈေးနှုန်း စသည့် ကုန်ကျစရိတ် အဘက်ဘက်က တက်လာချိန်တွင် စာမူခ၊ ပန်းချီခကို အချို့တိုက်က မိမိကဲ့သို့ ၂ ဆမျှ တိုးမြှင့်ပေးချင်သော ဆန္ဒမရှိခဲ့ပေ။ မိမိကမူ စာရေးသူအဖြစ် လွယ်အိတ်တစ်လုံး လွယ်ပြီး လှုပ်ရှားခဲ့သော ၁၀ နှစ်ကျော်ကာလကပင် စာပေနယ်ထဲကို အောက်ခြေမှစပြီး ဝင်ခဲ့ရသူ ဖြစ်သည်။ စာရေးသူအချင်းချင်းကို ကိုယ်ချင်းစာသည်။ စာနာသည်။ နားလည်သည်။ ဤကဲ့သို့ ခံစားချက်နီးကပ်သဖြင့် စာမူခ၊ ပန်းချီခများကို ၂ ဆလောက် တိုးပေးခြင်းပင် ဖြစ်၏။ ချစ်ခင်မေတ္တာကြောင့် စာရေးဆရာ၊ ကဗျာဆရာတွေ များစွာက စာမူပေးလာကြ၏။

မဂ္ဂဇင်းနှင့် စာစောင်တို့၏ ရောင်းဈေးတန်ဖိုးလည်း ၁၉၉၅ ခုနှစ်အတွင်းမှာပင် ၁၅ ကျပ်မှ ၃၀ ကျပ်သို့ တိုးမြှင့်သတ်မှတ်သည်။ အကျိုးအမြတ်မှာ စာရေးသူများ သိသာစွာ တိုးပွားကျယ်ပြန့်လာသကဲ့သို့ စာဖတ်ပရိသတ်ကလည်း သိသိသာသာ တိုးတက်ဖတ်ရှုလာသည်။ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုလာသည်။ စောင်ရေ ၁၄၀၀ ရှိသော မဂ္ဂဇင်းသည် ၃၄၀၀ ဖြစ်လာသည်။ စောင်ရေ ၂၀၀၀ ရှိသော မဂ္ဂဇင်းသည် ၄၅၀၀ ဖြစ်လာ၏။ ရင်းနှီးသုံးစွဲရသော ငွေကြေးတိုးလာသကဲ့သို့ ဝင်ငွေကလည်း သိသာစွာ တိုးလာသဖြင့် အကျိုးအမြတ်ရခဲ့သည်။ ထို့ကြောင့် ဇာတ်ပုံဆုများကိုလည်း ၅၀၀ဝိ/–ခန့် ပထမဆုကို ပေးရာမှ ၃၅၀၀ဝိ/–အထိ တိုးလိုက်သည်။ ဝတ္ထုတိုပြိုင်ပွဲ ကျင်းပပေးပြီး ပထမဆုကို ၃၅၀၀ဝိ/–၊ ဒုတိယဆုကို ၃၀၀၀ဝိ/–၊ တတိယ ၂၅၀၀၀ နှင့် အထူးဆုများ ၉ ဆုကို ၅၀၀ဝိ/–ကျပ်စီ ပေးနိုင်၏။ ဝတ္ထုတစ်ပုဒ်ကို

၅၀၀ဝိ/-ဥဏ်ပုဓော်၍ ဖော်ပြပေးနေခြင်း ဖြစ်၏။

စာပေနှင့် အနုပညာရှင်များ၏ ဂုဏ်ကို မိမိ အယ်ဒီတာစားပွဲမှာ ခေတ္တ ထိုင်၍ အလုပ်လုပ်ရစဉ်မှာ မြှင့်တင်မည်ဟု ရည်ရွယ်ခဲ့သည်။ ဆက်ဆံတွေ့ရသမျှ မေတ္တာရှေ့ရှု အကျိုးပြုခဲ့သည်။ ကျွန်တော်နှင့် အငြင်းအခုံ ဖြစ်ခဲ့ရဖူးသော စာရေးဆရာ မရှိ။

ကျွန်တော်နှင့် အမျက်အအိုဖြစ်ရဖူးသော ပန်းချီဆရာ မရှိ။

ကျွန်တော်နှင့် မကြေမလည်ဖြစ်ရဖူးသော ကဗျာဆရာ၊ ကာတွန်းဆရာ ဟူ၍ မရှိ။

ဘဝဆိုသည်မှာ အလွန်တရာ တိုတောင်းလှသည်။ ရန်ဖြစ်နေရလောက် အောင် ကြီးကျယ်သောပြဿနာဟူ၍ မည်သူနှင့်မျှ မရှိခဲ့။ ခွန်းကြီးခွန်းငယ် ပြောစရာပြဿနာပင် မပေါ်ခဲ့။ မေတ္တာဖြင့်သာ နှောင်ဖွဲ့ကြသည်။ မိတ်ဆွေ ကောင်းတွေ များစွာ တိုးပွားလာခဲ့၏။

စေတနာမှန်သော ကံတရားကြောင့် ကျွန်တော် အယ်ဒီတာ့စားပွဲခုံမှ ထွက်ခွာခဲ့ရသောအခါ ကျွန်တော်၏စိတ်သည် ကြည်လင်ပေါ့ပါး၏။ လုပ်နိုင် သမျှသော လုပ်သင့်လုပ်ထိုက်သည့်အလုပ်များကို ကျွန်တော် ထမ်းဆောင်ခဲ့ လေပြီ။

လုံးချင်းစာအုပ်ကောင်းတွေလည်း ထိထိရောက်ရောက် ရွေးချယ်ထုတ်ဝေ ပေးနိုင်ခဲ့ပြီ။ တစ်တိုက်လုံး၏ ဝန်ထမ်းသက်သာချောင်ချိရေးကိုလည်း သိသာစွာ ထောက်ပံ့ကူညီပေးနိုင်ခဲ့သည်။ ငွေကြေးအမြတ်ကို ပဓာန မထားသော်လည်း ငွေကြေးအမြတ်တွေက အလိုလိုရခဲ့သည်။ အကြိမ်ကြိမ်ရိုက်ရသော လုံးချင်း ဝတ္ထုတွေက တစ်အုပ်လျှင် ၅ သိန်းမှ ၁၀ သိန်းအထိ အမြတ်ရရှိလာခဲ့သည်။ တိုက်ဝန်ထမ်းများအားလုံးအတွက် ကား၊ ဝတ်စုံစရိတ်၊ ဆုကြေး၊ အချိန်ပိုဆုငွေ စသည်တို့ ထောက်ပံ့နိုင်သဖြင့် အားလုံးကလည်း ဝမ်းသာကျေနပ်ကြ၏။ ပျော်ရွှင်ကြ၏။

မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များကို မူလထက် များစွာ ပို၍ကောင်းအောင် လုပ်ဆောင်နိုင်သည်ဟုတော့ မိမိ မထင်ပါ။ မိမိစွမ်းအားရှိသမျှ မစိုမကပ် ကြိုးစားခဲ့သည်ကမူ သေချာပါသည်။ စေတနာဖြူစင်ထက်သန်စွာ မရပ်မနား အားထုတ်ခဲ့သည်ကိုတော့ တာဝန်ခံနိုင်ပါသည်။

၂ နှစ် ၄ လ ကာလမျှသာ အချိန်ပိုင်း အခြားတစ်ခုတွင် ကျွန်တော် ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ၊ ပန်းချီ၊ ဓာတ်ပုံပေါင်းများစွာ ရွေးချယ်ခဲ့ရ၏။ တည်းဖြတ်ခဲ့ရ၏။ ဖြတ်တောက်ခဲ့ရ၏။ ပယ်ခဲ့ရ၏။ ကျွန်တော် စိတ်ရှင်းသည်။ မည်သူ့ကိုမျှ မတရားသဖြင့် မပိတ်ပင်ခဲ့ပါ။ မည်သူ့ကိုမှ မတရားသဖြင့် အခွင့်အရေး ပိုမပေးခဲ့ပါ။ မိမိနားလည်သမျှ တရားမျှတစွာဖြင့် ဆုံးဖြတ်ခဲ့ပါသည်။ ထို့ကြောင့် အမှားနောင်တ မရှိခဲ့ရ။

အယ်ဒီတာလုပ်ခဲ့စဉ် ကာလအတွင်း မည်သူ့ကိုမှ အမုန်းအမျက်ဖြင့် နာစေ သာစေ မထိုးနှက်ခဲ့။ ဖြူစင်ဖြောင့်မတ်စွာဖြင့် စာပေအကျိုးအတွက် ကြိုးစားဆောင်ရွက်ခဲ့ပါသည်။ အယ်ဒီတာစားပွဲမှ ကျွန်တော်၊ ထ၍ ထွက်ခဲ့ရချိန်တွင် ကျွန်တော်၏စိတ်သည် ကြည်လင်စွာပင် ပေါ့ပါးနေပါ၏။ မိမိ၏ ရိုးသားသော စေတနာကြောင့် ချီးမြှင့်မှုများကို ရသမျှ အကျိုးရှိအောင် ထမ်းဆောင်ခဲ့ပြီးပြီ။ ဘာပဲဖြစ်ဖြစ် ကျေနပ်အားရသည်။

အယ်ဒီတာစားပွဲကို ထားရစ်ခဲ့ရပြီ။ ရင်ထဲမှာ လွမ်းဆွတ်သလိုလိုတော့ ခံစားမိပါသည်။

ချစ်နိုင် (စိတ်ပညာ)
ပေါ်ပြူလာဂျာနယ်
အတွဲ(၂)၊ အမှတ်(၇)၊

☆ ☆ ☆

ကြော်ငြာအလှ တော်ရှာကြ

"My heart will go on"ကိုယ့်နှလုံးဟာ ထာဝစဉ်ရှင်သန်နေမှာပါဟူ၍ အမည်ရသော အဆွေးသီချင်းတစ်ပုဒ်ကို နိုင်ငံခြားအသံလွှင့်၊ ရုပ်မြင်သံကြား ဌာနများက မကြာခဏ လွှင့်ထုတ်ပြသ,သဖြင့် ကြည့်ရှုရပါသည်။ တိုင်တန်းနစ် အမည်ရှိ ကမ္ဘာ့ရွှေစင်ဆု(၁၁)ဆု ဆွတ်ခူးရရှိခဲ့သည့် ဇာတ်ကားထဲမှ ဇာတ်ဝင် တေးသီချင်းတစ်ပုဒ်လည်း ဟုတ်ပါသည်။ ဆယ်လင်ဒီယွန်၏ ကြေကွဲစရာ အလွမ်းရသသီချင်းတစ်ပုဒ်အဖြစ် အလွန်တရာ လူကြိုက်များကြကြောင်း သိရပါသည်။ အမေရိကန်ပြည်ထောင်စုရှိ တီဗွီနှင့် ရုပ်ရှင်ကြည့် ပရိသတ်သည် ဤတေး၊ ဤသီချင်းတေးသွားကို ထပ်ခါထပ်ခါ မရပ်မနားပင် (မကြားချင် အဆုံး) ကြားကြရသည်ဟု ဆိုပါ၏။ အလွန်ချစ်စရာကောင်းတဲ့ သီချင်းတစ်ပုဒ် ပါဟု စာရေးဆရာမဂျူးက ၁၉၉၈၊ မတ်လထုတ် English For Allစာအုပ် မှာ ရေးသားခဲ့ပါ၏။

ကျော်ကြားလောက်အောင် အမှန်တကယ်ပင် ကောင်းလှပါသည်ဟု ကျွန်တော်က ထောက်ခံချင်ပါသည်။ ဂီတအနုပညာသည် ဘာသာလူမျိုး မခွဲခြားပါ။ နားအရသာကို နှလုံးသားဖြင့် ခံစားတတ်သူအားလုံးအတွက် ရသကို ပေးပါသည်။ ဤအချက်ကို အထောက်အကူပြုသော သာဓကတစ်ရပ်ကို တင်ပြလိုပါသည်။

ကျွန်တော်၏ မိတ်ဆွေတစ်ဦးမှာ ရပ်ဝေးမြေခြား၌ သင်္ဘောသားအလုပ်လုပ် နေသော သားလူပျိုတစ်ဦး ရှိပါသည်။ ထိုသားက အိမ်မှ မကြာခဏ မှာသော အရာများအနက် မြန်မာကြော်ငြာ ဗွီဒီယိုအခွေလည်းပါ၏။ မြန်မာ့ရုပ်မြင်သံကြား တို့မှာ လွှင့်ထုတ်ပြသသည့် ကြော်ငြာများကို လာသမျှ အခွေကူး၍ ဖမ်းထား

ရသည်။ တစ်ခွေစာ ပြည့်ပြီဆိုလျှင် ထိုသဘော်သားထံ ပို့ပေးရသည်။ ကုန်းပေါ်နှင့်ဝေးလျက် ကမ်းမမြင် လမ်းမမြင် သမုဒ်ပြင်ကြီးထဲက ကုန်တင်သဘော်ပေါ်က အခန်းကျဉ်းကလေးထဲမှာ ဗွီဒီယိုပဲ အဖော်ဖြစ်၏။ ဗွီဒီယိုအခွေတွေ ဖွင့်ကြည့်ပြီး ပျော်ပြေကြရ၏။ ပျော်ရွှင်ရ၏။

မြန်မာရုပ်ရှင်၊ မြန်မာဗွီဒီယိုဇာတ်ကား၊ မြန်မာ MTV နှင့် မြန်မာတေးသီချင်းခွေတို့ကို မတောင်းဘဲ မြန်မာတီဗွီကြော်ငြာ အပိုင်းအစတွေကို စုကူးပြီး ပို့ပေးရသည်ဆိုတော့ ထူးဆန်းသည်။

"မြန်မာရုပ်ရှင်၊ ဗွီဒီယိုအခွေ၊ သီချင်းခွေတွေ ယူသွားဖူးပါတယ်။ ကြာကြာမကြည့်ချင်ဘူးတဲ့ဗျာ။ မြန်မာတီဗွီကြော်ငြာအခွေထဲက အပိုင်းအပိုင်းလေးတွေကိုတော့ မြန်မာ၂ ယောက် ၃ ယောက်က ကြိုက်သလို တခြားနိုင်ငံသား ၉ ယောက် ၁၀ ယောက်ကလည်း အလွန်သဘောကျကြဆိုပဲ"

"ဗျာ မြန်မာကြော်ငြာတွေကို"

'ဟုတ်ပါ့ဗျာ၊ ထက်ထက်မိုးဦး၊ မေသန်းနု၊ နန္ဒာလှိုင်၊ စိုးမြတ်နန္ဒာ၊ လှအဥ္စလီတင့်၊ ခိုင်သင်းကြည်တို့ရဲ့ ကြော်ငြာတွေ ဖွင့်ပြရင် သူတို့သဘော်သားတစ်စုဟာ သီချင်းတွေ လိုက်ဆိုပြီး အတော်ပျော်ကြတယ်ဆိုပဲ"

"ဟုတ်ရဲ့လားဗျာ။ ကျွန်တော်ဖြင့် ခုမှ ကြားဖူးတော့တာပဲ၊ ထူးဆန်းလိုက်တာ"

"ဘာဆန်းမှာလဲ သူငယ်ချင်းရ၊ ကျွန်တော်တို့အိမ်မှာ အဘိုးအဘွားတွေကအစ၊ စကားပြောတတ်စ ကလေးတွေအထိ ကြော်ငြာသီချင်းတွေကို နှစ်နှစ်ခြိုက်ခြိုက် လိုက်ဆိုနေကြတာပဲဟာ..."

ကျွန်တော်၏ ဦးနှောက်အတွင်း လျှပ်စီးလက်သကဲ့သို့ လျှပ်တစ်ပြက်အလင်းတစ်ခု ဝင်းလက်တောက်ပသွားပါသည်။ တစ်ခါက ကျွန်တော်၏ မိတ်ဆွေတစ်ဦးက ပြောဖူးပါသည်။ သူ့နေအိမ်မှာ လေဖြတ်၍ ကိုယ်တစ်ပိုင်း မလှုပ်နိုင်သော ဦးလေးတစ်ဦး ရှိသည်။ စကားကိုပင် ပီသအောင် မပြောနိုင်ရှာတော့ပါ။ သို့ရာတွင် အပြုအစုကောင်းသဖြင့် အသက်ရှည်သည်။ တီဗွီမှာ ကိုကြီးယိုစုံလာလျှင် အင်းအင်းနှင့် ပြုံးပြုံးကြီး သဘောကျနေတတ်သည်ဆို၏။ ထို့ကြောင့် ကိုကြီးယိုစုံကြော်ငြာကို ဗွီဒီယိုတစ်ခွေစာလုံး အဆက်မပြတ်ကူးယူပြီး ဦးလေးကို အဆက်မပြတ် ပြထားပေးရသောဟူ၏။ ထက်ထက်မိုးဦးက

ကိုကြီး ကိုကြီးနှင့်ခေါ်လျှင် အဘိုးကြီးက အင်း...အင်းနှင့် အသံထွက်လာတတ်သည်ဆို၏။ ထိုဦးလေးက လူပျိုကြီးဆိုပဲ။

ဪ...ဂီတ၏စွမ်းအားသည် အံ့ဩစရာ ကြီးမားလိုက်လေခြင်း။ အနုပညာမှော်။

မြန်မာတီးဝိုင်းကြော်ငြာသီချင်းတွေကို နိုင်ငံခြားသား သင်္ဘောသားတွေ အထူးနှစ်ခြိုက်ကြမည်ဆိုသည်ကလည်း ဖြစ်လောက်၏။ မြန်မာကြော်ငြာများကို စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ တရုတ်နှင့် အနောက်တိုင်းမှာကြည့်ရသည့် ကြော်ငြာများနှင့် သတိထား၍ နှိုင်းယှဉ်ကြည့်စေလိုပါသည်။ မြန်မာကြော်ငြာသည် ပစ္စည်းကောင်းကြောင်း အဓိက မထားပါ။ ဂီတနှင့် အလှအပ ရသမြောက် ဖို့ကို ဦးစားပေးထားပါသည်။ မြန်မာကြော်ငြာများအားလုံးသည် မြူးမြူးရွှင်ရွှင်နှင့် ကြည်ကြည်လင်လင်၊ ပျော်ပျော်ပြုံးပြုံး အနှစ်သာရ ပါကြသည်ကို တွေ့ရပါလိမ့်မည်။

ယိုစုံကြော်ငြာများ၊ ရွှေဆိုင်ကြော်ငြာနှင့် ဆပ်ပြာမှုန့်၊ ခေါက်ဆွဲ၊ အချိုရည်၊ ချိုချဉ်၊ ဆေးကြော်ငြာတို့သည် ရောင်းလိုသည့်ပစ္စည်း ကောင်း၊မကောင်းတော့ တိကျစွာ မဖော်ထုတ်နိုင်ပါ။ သို့ရာတွင် ကြည့်ရသည်မှာ အလွန်ပျော်စရာကောင်းသည်ကတော့ သေချာပါ၏။ မြန်မာကြော်ငြာ ဒါရိုက်တာများနှင့် သရုပ်ဆောင်များ အနုပညာ“စ”သည် အိမ်နီးချင်းနိုင်ငံများမှ အနုပညာရှင်များနှင့် “မှ”ကွဲသည်။ “ဟန်”ကွဲပြားခြားနားသည်။ ဂုဏ်ယူစရာပင် ဖြစ်၏။ ထို့ကြောင့် ကြော်ငြာခေါင်းချုပ်စုပြီး ကူးထားသည့်အခွေကို နိုင်ငံခြားသင်္ဘောလိုက်နေသည့်သားထံသို့ ပို့ပေးနေရသည်ဆိုသော မိတ်ဆွေ၏စကားကို ကျွန်တော်ယုံပါသည်။

မဆီမဆိုင် ဝင်ပြီး အသားယူသည်ဟု ဆိုချင်လည်း ဆိုပါ။ အရှေ့တောင်အာရှနိုင်ငံတွေချင်း အတူတူ ကြော်ငြာအနုပညာပြိုင်ပွဲသာ ယှဉ်ပြိုင်ဆင်နွှဲရလျှင် မြန်မာအနုပညာရှင်တွေ ထိပ်ဆုံးကနေမှာပဲဟု ကျွန်တော်က အတတ်ယောရဲ၏။ ဗေဒင်ဆရာလည်း မဟုတ်ဘဲနှင့်။ ဆန္ဒစွဲ၊ လူမျိုးစွဲ။ ကိုယ့်ငါးချဉ်ကို ကိုယ်ချဉ်ရန်ကောဟု မေးငေါ့လျှင်လည်း ပြုံးဖြီးဖြီးကြီးနှင့် ခံယူပါမည်။ မြန်မာတို့၏ ပင်ကိုယဉ်ကျေးမှု အနုပညာ ရေခံမြေခံကောင်းသည့်ဖြင့် မြန်မာတို့ ဖန်တီးထုတ်လုပ်သော ကြော်ငြာဂီတနှင့် သရုပ်ဆောင်များသည် အဆင့်အတန်းမှီနိမ့်ကြပါဟု တင်ပြလိုပါသည်။ အများစုသည် နိုင်ငံတကာအဆင့်အတန်းမီ

ပါသည်။ (အချို့ကတော့ လိုသေးသည်)"မြန်မာတီဗွီကြော်ငြာသမားတွေ"ကို တော်ကြောင်း၊ ကောင်းကြောင်း ကြော်ငြာပေးရသည့်အတွက် ကျွန်တော့်မှာ ဘာအဖိုးအခမှ မရသည်ကိုတော့ နိဂုံး၌ ဖော်ပြပါရစေ။ ဖြူစင်ရိုးသားစွာဖြင့် အမှန်အတိုင်း ထုတ်ဖော်နေခြင်း ဖြစ်ပါ၏။

ချစ်နိုင် (စိတ်ပညာ)
ပေါ်ပြူလာဂျာနယ်
အတွဲ(၁)၊ အမှတ်(၂၃)၊ ၁၉၉၈

☆ ☆ ☆